# တရားမျှတမှုဆီသို့ . . .




AJAR
ASIA JUSTICE AND RIGHTS

TRANSITIONAL JUSTICE IN BURMA

# တရားမျှတမှုဆီသို့ . . .

## အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု မိတ်ဆက်နှင့် တူးဖော်ရမည့် အမှန်တရားများ

AJAR
ASIA JUSTICE AND RIGHTS
TRANSITIONAL JUSTICE BURMA

# Contents – မာတိကာ


6 စကားဦး

မြန်မာ့နောက်ခံသမိုင်းကြောင်း

8 လွတ်လပ်ရေးမရခင်ကာလ (၁၉၄၈ မတိုင်ခင်ကာလ)

12 လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ (၁၉၄၈ – ၁၉၆၂)

18 ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းယူခြင်း

25 ၈၈၈၈ အရေးတော်ပုံ

29 ၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲအလွန်ကာလ

31 ၂၀၂၀ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ကာလ

Case Study – 1

36 လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြည်လည်ရှာဖွေပေးရမည့် တရားမျှတမှု

38 လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြန်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၁)

42 လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြန်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၂)

44 လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြန်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၃)

46 လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြန်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၄)

**Case Study – 2**

48 **နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု**

50 နိုင်ငံတော်က ဝမ်းနည်းသည့် နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် ကျူးလွန်ခဲ့သည့် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု (၁)

54 နိုင်ငံတော်က ဝမ်းနည်းသည့် နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် ကျူးလွန်ခဲ့သည့် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု (၂)

58 နိုင်ငံတော်က ဝမ်းနည်းသည့် နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် ကျူးလွန်ခဲ့သည့် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု (၃)

61 နိုင်ငံတော်က ဝမ်းနည်းသည့် နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် ကျူးလွန်ခဲ့သည့် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု (၄)

64 နိုင်ငံတော်က ဝမ်းနည်းသည့် နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် ကျူးလွန်ခဲ့သည့် စစ်ကောင်စီ၏ စစ်ရာဇဝတ်မှု (၅)

**Case Study – 3**

68 **အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု**

70 အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၁)

75 အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၂)

78 အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၃)

82 အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၄)

Case Study – 4

86 ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု

88 ကရင်နီပြည်နယ်(ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၁)

92 ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၂)

95 ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၃)

Case Study – 5

98 စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု

100 စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု(၁)

102 စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၂)

105 စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၃)

108 စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု(၄)

Case Study – 6

114 စစ်ကောင်စီကျူးလွန်သည့် မကွေးတိုင်းမှ ရွာလှည့် လူသတ်၊ မီးရှို့မှုများ

116 စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းအတွင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ(၁)

118 စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းအတွင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၂)

122 စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းအတွင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၃)

125 စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းအတွင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ(၄)

## Case Study – 7


**128** **အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ**

130 အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုရှာမလဲ (၁)

134 အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုရှာမလဲ (၂)

138 အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုရှာမလဲ (၃)

144 အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုရှာမလဲ(၄)


## Case Study – 8


**148** **အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန်ကြိုးပေးသတ်ဖြတ်မှု**

150 အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန်ကြိုးပေးသတ်ဖြတ်မှု (၁)

153 အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန်ကြိုးပေးသတ်ဖြတ်မှု (၂)

158 အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန်ကြိုးပေးသတ်ဖြတ်မှု (၃)

164 အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန်ကြိုးပေးသတ်ဖြတ်မှု(၄)

**170** **အကိုးအကားများ**

## Introduction ▬ စကားဦး

မြန်မာနိုင်ငံသမိုင်းတွင် စစ်အာဏာရှင် အဆက်ဆက်သည် ဆိုးရွား ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ကြခဲ့ကြသည်။ အသွင်ကူးပြောင်းခဲ့သည် ဟုဆိုနိုင်သည့် ၂၀၁၀ ကာလ နောက်ပိုင်းတွင်လည်း ခေတ်အဆက်ဆက် ခိုင်မာစွာ အမြစ်တွယ်ခဲ့သည့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရခဲ့မှုများကြောင့် ခေတ် အဆက်ဆက် မြန်မာပြည်သူများ ကြုံတွေ့ခံစားခဲ့ရသည့် နာကျင်မှုများအတွက် တရား မျှတရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ထိုသို့သော အခြေအနေများ ထပ်မံမကြုံတွေ့စေရန်အတွက် ပဋိပက္ခများနှင့် အာဏာရှင်စနစ်များ အဆုံးသတ်သည့်အချိန်တွင် ဦးစားပေးလုပ်ကိုင်ရမည့် အရာများစွာရှိသည့်အနက် အတိတ်ကာလအတွင်း ရာဇဝတ်မှုများ မည်သည့်အတွက်ကြောင့်ဖြစ်ခဲ့သည်၊ မည်သူတို့ တွင် တာဝန်ရှိသည်၊ ထိုကဲ့သို့အဖြစ်ဆိုးများ နောက်တစ်ဖန် မဖြစ်ပွားရန် မည်သို့ တားဆီးကြမည် စသည့်မေးခွန်းများအတွက် အကောင်အထည်ဖော် လုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသည် ဖိနှိပ်ခဲ့သည့်အစိုးရများ အုပ်ချုပ်သည့် ကာလများအတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းပြီး နာကျင် ခံစားနေရသည့် ပြည်သူလူထုအား ပြန်လည်ကုစားပေးသည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူပေးနိုင်မည့် နည်းနာများဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် လွတ်လပ်ပြီး တာဝန်ခံမှုရှိသည့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်မည်ဆိုပါက အတိတ်ကာလမှ အဖြစ်အပျက်များနှင့်ပတ်သက်၍ အမှန်တရားများအား ရှာဖွေဖော်ထုတ်ခြင်း၊ အပြစ်ကျူးလွန်သူများအား တရားစွဲဆိုခြင်း၊ ကျူးလွန်ခံရသူများအား ပံ့ပိုးခြင်းနှင့် ထိုကဲ့သို့ အဖြစ်ဆိုးများ ထပ်မံ မဖြစ်ပွားစေရန်အတွက် အာဏာရှင်များကို အထောက်အပံ့ပေးနေသည့် အင်စတီကျူးရှင်း(Institution) များအား ပြုပြင်ပြောင်းလဲမှု ကဲ့သို့သော လုပ်ငန်းစဉ်များအား လုပ်ဆောင်ရမည် ဖြစ်သည်။

ထိုကဲ့သို့သော အသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းစဉ်များ လုပ်ကိုင်ရာတွင် သက်ဆိုင်ရာနိုင်ငံရေးခေါင်းဆောင်များမှ လုပ်ငန်းစဉ်များအားလုံးကို တာဝန်ယူ ဆောင်ရွက်နိုင်မည် မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများ လိုအပ်နိုင်သည်။ ထို့ကြောင့် အရပ်ဘက်အဖွဲ့အစည်းများသည် အမှုမှန် အမှန်တရားပေါ်ပေါက်ရေး အတွက် အဖြစ်အပျက်များအား မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အစိုးရက အမှန်တရားကော်မရှင် ဖွဲ့စည်းနိုင်ခြင်း

မရှိသည့်အခါ အရပ်ဘက်အဖွဲ့အစည်းများက ဦးဆောင်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုး ဆောင်ရွက်ခြင်း စသည့် အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များအားလုံးအတွက် ပံ့ပိုး ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

ကျွန်ုပ်တို့၏ Case Study Reference Book သည် မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သည့် လူ့အခွင့်ရေး ချိုးဖောက်မှုပုံသဏ္ဍာန်များနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု နည်းနာများအား ပေါင်းစပ် တင်ပြထားသည့် ဖြစ်စဉ်အလိုက် ရေးသားတင်ပြထားမှုများဖြစ်သည်။ ဤစာအုပ်တွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သည့် ဆိုးရွားပြင်းထန်သည့် အမှု(၈)မှုအား တင်ပြထားပြီး၊ ဖြစ်ရပ် တစ်ခုချင်းစီတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်နည်း လုပ်ဟန်များအား တင်ပြထားပါသည်။ ကျွန်ုပ်တို့ ဝန်ခံလိုသည်မှာ ဖြစ်ရပ်တခုချင်းစီအား ဖော်ထုတ်ရာတွင် လူကိုယ်တိုင် သွားရောက်မေးမြန်းနိုင်ခြင်းမရှိဘဲ သတင်းမီဒီယာများ၏ ဖော်ပြချက်များကိုသာ ကိုးကား အသုံးပြုခဲ့ရသည့်အတွက် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် မြေပြင်အခြေအနေနှင့် အနည်းငယ်ကွဲလွဲနိုင်ပါသည်။ နောက်ထပ်အရေးကြီးသည့်အချက်မှာ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပြည်သူလူထု၏ သဘောဆန္ဒများဖြင့် လုပ်ဆောင်ရမည် ဖြစ်သော်လည်း ကျွန်ုပ်တို့၏ ရေးသားတင်ပြမှုများတွင် ပြည်သူလူထု၏ သဘော ဆန္ဒများအား စုဆောင်း မေးမြန်းနိုင်ခြင်းလည်း မရှိခဲ့ပါ။ ဤစာအုပ်၏ အဓိက ရည်ရွယ်ချက်များမှာ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် သက်ဆိုင်သည့် အသိပညာများအား မြန်မာပြည်သူလူထုအတွင်း ပိုမိုရရှိပြီး အနာဂတ် အသွင်ကူးပြောင်း သည့်ကာလတွင် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတရေး လုပ်ငန်းစဉ်များ၌ ပံ့ပိုး ကူညီနိုင်ရေး၊ နိုင်ငံရေးခေါင်းဆောင်များနှင့် သက်ဆိုင်သူများက ဖက်ဒရယ်ဖွဲ့စည်းပုံ ရေးဆွဲသည့်အခါ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတရေး လုပ်ငန်းစဉ်များအား သိမြင်ပြီး ထည့်သွင်းရေးဆွဲနိုင်စေရန်တို့ အတွက်ရည်ရွယ်ပါသည်။

အတိတ်ကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် ပိုမိုမျှတသောအနာဂတ်ကို ပုံဖော်နိုင်မည်ဟုလည်း ယုံကြည်ပါသည်။ မြန်မာ ပြည်သူလူထုတရပ်လုံးနှင့် လက်တွဲပြီး တရားမျှတမှုရှိသည့် လူ့အဖွဲ့အစည်းသစ်ဆီသို့ အတူတူ လျှောက်လှမ်းကြပါစို့။

***ဤ တရားမျှတမှုဆီသို့ (Transitional Justice Case Study Reference Book) သည် Asia Justice And Rights(AJAR) နှင့် Tagu Society တို့ ပူးတွဲရေးသားထုတ်ဝေခြင်းဖြစ်သည်။***

# မြန်မာ့နောက်ခံသမိုင်းကြောင်း

## လွတ်လပ်ရေးမရခင်ကာလ (၁၉၄၈ မတိုင်ခင်ကာလ)

### ကိုလိုနီခေတ်မြန်မာနိုင်ငံ


မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့အုပ်ချုပ်ရေးစနစ်ကို ဆယ်စုနှစ်ပေါင်းများစွာ ဆက်တိုက်တော်လှန်ခဲ့ပြီး ကိုလိုနီစနစ်ကို နိုင်ငံအတွင်းမှ အမြစ်ဖြုတ်ကာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည့် နိုင်ငံတနိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန္တပိုစာချုပ်ချုပ်ဆိုပြီးသည့် အချိန်မှစ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိသော အချိန်ထိ ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ သက်တမ်းသည် နှစ်ပေါင်း ၁၄၂ နှစ်မျှ ကြာမြင့်ခဲ့သည်။ ယင်းသမိုင်းကာလ ၁၄၂ နှစ် အတွင်း ဒုတိယကမ္ဘာစစ်ပွဲကြီးဖြစ်ပွားစဉ်က ဖက်ဆစ်ဂျပန်များ ကြားဖြတ်စိုးမိုးသွားသော သုံးနှစ် (၁၉၄၂-၄၅) ကာလသည်လည်း ပါဝင်သည်။

မြန်မာတို့သည် ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရှုံးနိမ့်ခဲ့၍ အင်္ဂလိပ်တို့ကို အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီနယ်များ ပေးလိုက်ရကာ၊ ၁၈၅၂ ခုနှစ် ဒုတိယ စစ်ပွဲတွင် အောက်မြန်မာနိုင်ငံတလွှား တောင်ငူမြို့များအထိ ပေးလိုက်ရပြီးလျှင် ၁၈၈၅ ခုနှစ် တတိယစစ်ပွဲအပြီးတွင်မူ အထက်မြန်မာနိုင်ငံတခုလုံး ပေးအပ်လိုက်ရလေသည်။

ထိုသို့ အင်္ဂလိပ်အစိုးရ၏ သိမ်းပိုက်ခြင်းကို ခံရသည့်အခါတိုင်း အင်္ဂလိပ်တို့ကို လက်နက်လက်ရုံးဖြင့် တော်လှန်သူများ ရှိခဲ့သည်ချည်း ဖြစ်လေသည်။ အင်္ဂလိပ်- မြန်မာ

ပထမစစ်ပွဲတွင် မြန်မာများ ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ရခိုင်နှင့် တနင်္သာရီ စသည်တို့ကို အင်္ဂလိပ်များ လက်သို့ ပေးအပ်ခဲ့ကြရသော်လည်း အရှုံးပေးလိုစိတ်ကား မရှိကြချေ။ ထို့ကြောင့် မြန်မာတို့သည် ရခိုင်နှင့် တနင်္သာရီတို့တွင် အင်္ဂလိပ် အုပ်ချုပ်ရေးကို မူတည်သော တော်လှန်မှုများကို ပြုလုပ်ခဲ့ကြသည်။ ထိုတော်လှန်တိုက်ခိုက်မှုများကြောင့် အင်္ဂလိပ်များသည် ရခိုင်နှင့် တနင်္သာရီတို့ကို လက်လွှတ်ပစ်ရတော့မလောက် အခြေအနေထိပင် ဆိုက်ခဲ့ရလေသည်။

ခရစ်နှစ် ၁၈၅၂ ခုနှစ်၌ ဖြစ်ပွားသော အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အောက်မြန်မာနိုင်ငံတလွှားကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရသောအခါ ရခိုင်၊ တနင်္သာရီနယ်များနှင့် အောက်မြန်မာနိုင်ငံကို တလုံးတစည်းတည်း ပူးပေါင်း၍ ဗြိတိသျှ - အိန္ဒိယအင်ပါယာအတွင်းသို့ ထည့်သွင်းအုပ်ချုပ် ခြင်းခံခဲ့ရသည်။ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်ချုပ်ခြင်းပြုသောအခါ ယခင် ရခိုင်နှင့် တနင်္သာရီနယ်များကို သိမ်းပိုက်အုပ်ချုပ်ရစဉ်ကထက် ကြီးမားပြင်းထန်သော ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားထကြွမှုကြီးများကို ရင်ဆိုင်ရသည်။ ၎င်း လှုပ်ရှားထကြွမှုများကို အားပေးထောက်ခံခြင်းပြုသော အလားတူ လှုပ်ရှားထကြွမှုကြီးများသည်လည်း အင်္ဂလိပ်လက်အောက်ခံ ရခိုင်နှင့် တနင်္သာရီနယ်များတွင် ဖြစ်ပွားပေါ်ပေါက်လာကြသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ သာယာဝတီ၊ ပြည်၊ ပဲခူးနှင့် တောင်ငူနယ်များတွင်လည်း ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ကြသည်။




ခရစ်နှစ် ၁၈၈၅ ခုနှစ် အင်္ဂလိပ် - မြန်မာ တတိယစစ်ပွဲ၌ သီပေါဘုရင် ပါတော်မူပြီးသည့်နောက်တွင်ကား မြန်မာနိုင်ငံတဝန်းလုံးတွင် အုံကြွတော်လှန်ခဲ့ကြလေသည်။ သီပေါဘုရင်ပင် မန္တလေးမြို့မှနေ၍ အညံ့ခံကြရန် အမိန့်ထုတ်လျက်နှင့် အညံ့မခံကြဘဲ သင့်ရာသင့်ရာ ခေါင်းဆောင်များ၏ နောက်မှနေကာ အင်္ဂလိပ်များကို တညီတညာတည်း တော်လှန်ခဲ့ကြသည်။ မြန်မာနိုင်ငံ မြစ်ဝှမ်းဒေသ တဝိုက်တွင်နေထိုင်ကြသော လူမျိုးအကြီးအကဲများ၊ ခေါင်းဆောင်များသည်လည်းကောင်း၊ အောက်မြန်မာနိုင်ငံတွင် ကရင်အမျိုးသားများ၊ မွန်အမျိုးသားများ၊ ရခိုင်အမျိုးသားများ စသည်တို့ကလည်းကောင်း၊ တောင်တန်းဒေသတွင် နေထိုင် ကြသော ရှမ်း၊ ချင်း

နှင့် ကချင်လူမျိုး အကြီးအကဲများနှင့် ခေါင်းဆောင်များသည် လည်းကောင်း၊ မိမိတို့ စုရုံးရမိသမျှသော အင်အားဖြင့် အင်္ဂလိပ်တပ်များကို ရှုပ်ရှုပ်ချွံချွံ ခုခံ တိုက်ခိုက်ခဲ့ကြသည်။ ယင်း ထကြွလှုပ်ရှားမှုများသည် ဗဟိုမှ ဦးစီးချုပ်ကိုင်ခြင်းနှင့် စနစ်တကျစုစည်းပေါင်းစပ်ခြင်းသာ မရှိသော်လည်း အရှိန်ပြင်းထန်၍ တနိုင်ငံလုံး၏ လက္ခဏာကို ဆောင်သောကြောင့် အင်္ဂလိပ်အစိုးရသည် ဆယ်နှစ်ခန့်မျှ ပြင်းပြင်းထန်ထန်နှင့် ခဲခဲယဉ်းယဉ်း နှိမ်နင်းခဲ့ရသည်။

ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်နှင့် ၁၉၂၃ ခုနှစ် ကြားကာလ သုံးနှစ်အတွင်း မြန်မာနိုင်ငံတွင် မကြုံစဖူး ကြီးမားပြင်းထန်သော ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားရေးလွတ်လပ်ရေး တိုက်ပွဲများ ပေါ်ပေါက်လာသည်ကို တွေ့ရှိရသည်။ ထိုလွတ်လပ်ရေးတိုက်ပွဲများတွင် မြို့နေ လူလတ်တန်းစားများ၊ ကျောင်းသားလူငယ်များ၊ ရဟန်း သံဃာများနှင့် တောင်သူလယ်သမားများအထိ လူတန်းစားမျိုးစုံပါဝင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်လည်း ရှိခဲ့သည်။ ဆရာတော် ဦးဥတ္တမ အမှူးပြုသော သံဃသမဂ္ဂ အဖွဲ့ချုပ်ကြီးများ၊ ရန်ကုန်ကောလိပ် သပိတ်ကြီးမှ အစပြုလိုက်သော ကိုလိုနီပညာရေးစနစ်ဆန့်ကျင်မှု ပထမ ကျောင်းသားသပိတ်နှင့် ဝံသာနုအသင်းအဖွဲ့များသည် ယင်းကာလတွင် ပေါ်ပေါက်လာသော လူထုအဖွဲ့အစည်းများနှင့် လှုပ်ရှားမှုများဖြစ်သည်။ ၁၉၂၀ ဒီဇင်ဘာလ ၅ ရက် (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီးများက ဦးဆောင်ပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြပြီး ထိုနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသပိတ်ကြီးကြောင့် ကိုလိုနီ ဆန့်ကျင်ရေး စိတ်ဓာတ်များ ပိုမိုနိုးကြားလာခဲ့ပြီး ' ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး' (General Council of Burmese Association) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ထို့နောက် ခရစ်နှစ် ၁၉၃၀ – ၃၁ ခုနှစ်များတွင် ကြီးမားပြင်းထန်သော ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီး တခုဖြစ်သော တောင်သူလယ်သမားများ၏ သူပုန်ထမှုကြီး ဖြစ်ပွားခဲ့သည်။ ယင်းတောင်သူလယ်သမား သူပုန်ထကြွမှုကြီးသည် သာယာဝတီနယ်မှ စတင်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများအထိ ကြီးမား ကျယ်ပြန့်သွားသည်ကို တွေ့ရသည်။ အင်္ဂလိပ်တို့သည် တောင်သူလယ်သမားများ၏ ပုန်ကန်ထကြွမှုကြီးကို ၂ နှစ် ခန့် မျှ ခဲခဲယဉ်းယဉ်း နှိမ်နင်းခြင်းများ ပြုခဲ့ကြရပြီး တောင်သူလယ်သမားခေါင်းဆောင်များကို ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ခရစ်နှစ် ၁၉၂၃ – ၁၉၃၂ ခုနှစ်အတွင်း ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများကို ဦးဆောင်ခဲ့သော ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးသည် မတရားအသင်း ကြေညာခံရပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့ရသည်။ ထို့သို့ ပြိုကွဲသွားပြီးနောက် ကိုလိုနီဆန့်ကျင်ရေး အမျိုးသား လွတ်လပ်ရေးတိုက်ပွဲများကို ဆက်လက်ဦးဆောင် တိုက်ပွဲဝင်မည့် နိုင်ငံရေး အဖွဲ့တဖွဲ့ ဖြစ်သည့် "တို့ဗမာ အစည်းအရုံး" ပေါ်ပေါက်လာခဲ့သည်။ ထို့ အဖွဲ့အစည်းကို နိုင်ငံရေး အမြော်အမြင်ရှိသော လူလတ်တန်းစား ပညာတတ်လူငယ်များက ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲများအတွက် အလုပ်သမား၊ တောင်သူလယ်သမားနှင့် ကျောင်းသားလူငယ်များကို အကျယ်ပြန့်ဆုံး စည်းရုံးနိုင်ခဲ့သည်။

ဤသို့ဖြင့် မြန်မာတို့သည် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို မရအရ ကြိုးပမ်းခဲ့ကြရာ ဝိုင်အမ်ဘီအေ အသင်းများသည်လည်းကောင်း၊ ဂျီ စီ ဘီ အေ အသင်းကြီးသည်လည်းကောင်း၊ ကျောင်းသားသပိတ်များသည်လည်းကောင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ

ခေါင်းဆောင်သော တောင်သူလယ်သမားများ၏ တော်လှန်ရေးကြီးသည်လည်းကောင်း၊ တို့ဗမာအစည်းအရုံးသည်လည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် သခင်ဘိုးလှကြီး ခေါင်းဆောင်သော ရေနံမြေအလုပ်သမားလှူပ်ရှားမှုကြီးအပါအဝင် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံသည်လည်းကောင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်းသည်လည်းကောင်း၊ ဗမာ့တော်လှန်ရေးပါတီသည်လည်းကောင်း၊ မြန်မာ့သမိုင်းတွင် ထင်ရှားသောမှတ်တိုင်ကြီးများ ဖြစ်လေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်

၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလေရာ လွတ်လပ်ရေးကို တော်လှန်ပုန်ကန်ယူမှသာ ရရှိနိုင်မည်ဟု ယူဆထားသော မြန်မာမျိုးချစ်ခေါင်းဆောင်တို့အတွက် အခွင့်အရေးကြီးတခုဖြစ်လာခဲ့သည်။ သို့သော် ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ရန်မှာ လက်နက်သည် အဓိက ဖြစ်လာ၍ တို့ဗမာအစည်းအရုံးကြီးသည် မည်သည့်နည်းဖြင့်ဖြစ်စေ လက်နက်အင်အားတောင့်တင်းသော နိုင်ငံခြားနိုင်ငံကြီး တခုခု၏ အကူအညီကို ရှာဖွေခဲ့ကြသည်။ ထိုသို့ရှာဖွေကြရင်း ဂျပန်စစ်ဌာနချုပ်နှင့် ဆက်သွယ်မိပြီးလျှင်၊ သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း ခေါင်းဆောင်သည့် နောင်အခါ ရဲဘော်သုံးကျိပ်ဟု အမည်တွင်လာမည့် မြန်မာမျိုးချစ်လူငယ် သုံးကျိပ်တို့သည် ဂျပန်နိုင်ငံတွင် လျှို့ဝှက်စွာ စစ်သင်တန်းများ တက်နိုင်ခဲ့ကြလေသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ တွင် အရှေ့အာရှ စစ်ပွဲကြီး စတင်ဖြစ်ပွားခဲ့၍ ထိုလ ၂၆ ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊အိုင်၊အေ)ကို စတင်ဖွဲ့စည်းခဲ့ကြသည်။

ဂျပန်တပ်မကြီးများသည် ယိုးဒယားနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တိုက်ခိုက်ချီတက်လာရာတွင် ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဗမာ့



ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီ၊အိုင်၊အေ) စစ်ကြောင်းတခုတွင် ကြိုဆိုထောက်ခံကြသော ပြည်သူများနှင့် မှတ်တမ်းတခု

လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့်အတူ စစ်ကြောင်းသုံးကြောင်းဖြန့်ခွဲ၍ ရဲဝံ့စွာ လိုက်ပါ တိုက်ခိုက်ခဲ့ကြသည်။ သို့သော် ပြည်တွင်း၌ စစ်ပွဲများကို အောင်နိုင်ပြီးကြသောအခါ ဂျပန်စစ်အာဏာပိုင်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ထားရှိခဲ့ကြသော ကတိကဝတ်များကို လျစ်လျူရှုခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်တကွ မျိုးချစ်မြန်မာ ဟူသမျှတို့ကလည်း မူလက ထားရှိသည့် ကတိအတိုင်း လွတ်လပ်ရေးကို ချက်ချင်း မကြေညာသဖြင့် ဂျပန်အပေါ်၌ မကျေမနပ်ဖြစ်ခဲ့ကြသည်။ မြန်မာပြည်တွင်းရှိ ဂျပန်တပ်များက ဗမာ့တပ်မတော်အပေါ် မတရားပြုမူရုံမျှမက၊ ဂျပန်ဗဟိုစစ်ဌာနချုပ်ကပါ ယခင်က လျာထားချက်များကို ချိုးဖောက်လျက် မြန်မာပြည်အား သိမ်းပိုက်ထားရန်နှင့် အခိုက်အတန့်အတွင်း စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ကြေညာခဲ့သည်။ မြန်မာနိုင်ငံသားများသည်လည်း ဖက်ဆစ်ဂျပန်တို့၏ ကျေးကျွန်များကဲ့သို့ ဖိနှိပ်ညှင်းပန်းမှုဒဏ်ကို အမျိုးမျိုးခံခဲ့ကြရသည်။ ထိုကြောင့် တရားမျှတမှုလည်းမရှိ၊ မိမိတို့ ရည်ရွယ်ချက်ပန်းတိုင်သို့ မရောက်မီ လည်လှီးခံရမည်ကဲ့သို့ ဖြစ်လာသောအခါ ဂျပန်စစ်တပ်ကို စိတ်နာကာ ထ၍တော်လှန်ရန်ပင် စီစဉ်ခဲ့ကြပြီး အချိန်အခါ မဟုတ်သေးကြောင်း ဖျောင်းဖျ နားချခြင်း ခံရသဖြင့် တော်လှန်ရန် အကြံကို ရွှေ့ဆိုင်းခဲ့ကြရသည်။

**ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး အဖွဲ့**

ခရစ်နှစ် ၁၉၄၄ ခုနှစ်တွင် ဖက်ဆစ်ဂျပန်တို့၏ ရက်စက်ယုတ်မာမှုများကို သည်းမခံနိုင်တော့ဘဲ ပြန်လည်တိုက်ထုတ်ရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လက်နက်ကိုင်တပ်မတော်၊ သခင်စိုး၊ သိန်းဖေ၊ သခင်သန်းထွန်းတို့ ဦးဆောင်သော ကွန်မြူနစ်ပါတီ၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်းနှင့် သခင်ချစ်တို့ ဦးဆောင်သော ပြည်သူ့အရေးတော်ပုံပါတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အာရှလူငယ်များ အစည်းအရုံး၊ ကရင်အမျိုးသားများနှင့် အခြား လူမျိုးစု အဖွဲ့အစည်းများ ပါဝင်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖတပလ) အဖွဲ့ကြီးကို အောင်မြင်စွာ လျှို့ဝှက် ဖွဲ့စည်းခဲ့ကြသည်။

ခရစ်နှစ် ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှလက်နက်ကိုင်တပ်များမှ မြန်မာနိုင်ငံ၌ တပ်စွဲထားသော ဖက်ဆစ်ဂျပန်တပ်များကို စစ်ဆင်တိုက်ခိုက်ခဲ့ကြပြီး ၁၉၄၅ မတ်လ ၂၇ ရက်နေ့တွင် ဗမာ့တပ်မတော်သည် ပြည်သူ့တပ်မတော်ဟူသော အမည်ကို ခံယူကာ ဂျပန်တို့အား စစ်ကြေညာ၍ စတင်တိုက်ခိုက်ခဲ့ကြသည်။ ရခိုင်တိုင်းတွင်မူကား အခြေအနေအရ ဦးပညာသီဟနှင့် ကိုညိုထွန်းတို့ ကြီးမှူး၍ ထိုရက်မတိုင်မီကပင် ဂျပန်တို့ကို တိုက်ခိုက်ခဲ့ကြပြီး၊ အနောက်မြောက်တိုင်းမှူး ဗိုလ်မှူးဗထူး ကြီးမှူးသည့် ဗမာ့တပ်မတော် တပ်ရင်း တပ်ခွဲများသည် အခြေအနေအရ နားလည်မှုဖြင့် မတ်လ ၈ ရက်နေ့ကပင် ဂျပန်တို့ကို စစ်ကြေညာကာ စတင်တိုက်ခိုက်ခဲ့ကြသည်။

ဩဂုတ်လတွင် ဂျပန်တို့ ခြွင်းချက်မရှိ လက်နက်ချပြီးနောက် မြန်မာပြည်တိုက်ပွဲမှာ ပြီးဆုံး သွားလေသည်။ ထိုနောက် မြန်မာပြည် ဗြိတိသျှမြို့ပြ အုပ်ချုပ်ရေး အရာရှိများက မျိုးချစ်ဗမာ့တပ်မတော်အပေါ် ဖိနှိပ်လိုစိတ် ရှိလာပြီး အမြန်ဆုံးဖျက်သိမ်း၍ မြန်မာတို့လက်ဝယ်မှ လက်နက်ခဲယမ်း မီးကျောက်များကို အပူတပြင်းသိမ်းယူရန် ပြုလုပ်လာခဲ့ကြသည်။ ၁၉၄၅၊ မေလ ၁၇ ရက်နေ့တွင် စက္ကူဖြူကြေညာစာတမ်းကို ထုတ်ပြန်လာပြီး မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေးပေးအပ်ရလျှင်လည်း တောင်တန်းဒေသများကို မြန်မာပြည်မနှင့် ခွဲခြမ်း၍ ဗြိတိသျှဘုရင်ခံက အုပ်ချုပ်ကျွန်ပြုရန် စီမံထားခဲ့ကြသည်။ ထိုသို့ ဖိနှိပ်လာမှုများကြောင့် အမျိုးသားလွတ်မြောက်ရေးကို ဆက်လက် တိုက်ပွဲဝင်ရန်အတွက် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကြီးအား

''ဖက်ဆစ်ဆန့်ကျင့်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး (ဖဆပလ)'' အဖြစ် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော နေသူရိန် လူထုစည်းဝေးပွဲကြီး၌ တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခဲ့ကြသည်။ ထိုအချိန်ကာလများတွင် ဖဆပလ အဖွဲ့ချုပ်ကြီးသည် ကိုလိုနီဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးအတွက် ပြည်သူလူထု၏ တခဲနက်ထောက်ခံအားပေးမှုကို ရရှိခဲ့ကြသည်။

ဗြိတိသျှကိုလိုနီတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေး မပေးလိုဘဲ ဆက်လက်အုပ်ချုပ်နိုင်ရန် အမျိုးမျိုးကြိုးစားခဲ့ကြသည်။ဖက်ဆစ်ဂျပန်ကိုအောင်မြင်စွာ တော်လှန်ပြီးသည့်နောက်တွင် ကိုလိုနီ နယ်ချဲ့စနစ်ကို တော်လှန်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်တပ်မှထွက်၍ ဖဆပလ ဥက္ကဋ္ဌ အဖြစ်ဆက်လက် တာဝန်ယူခဲ့သည်။ ၁၉၄၇ ဖေဖော်ဝါရီလတွင် မြန်မာပြည်မနှင့် တောင်တန်းဒေသများကို ပြန်လည်ပူးပေါင်းခြင်းပြုလုပ်ရန်အတွက် ပင်လုံ ညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များအကြား လွတ်လပ်ရေးကို အတူတကွ ရယူကြရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဖ ဆ ပ လ အစိုးရသည် လွတ်လပ်တော့မည် ဖြစ်သော မြန်မာနိုင်ငံကို ပြည်မသား၊ တောင်တန်းသားတို့၏ ဆန္ဒအတိုင်း မည်သို့ မည်ပုံ ဖွဲ့စည်းသင့်သည် အုပ်ချုပ်သင့်သည်တို့ကို ပြည်မဒေသ၊ တောင်တန်းဒေသတို့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဆွေးနွေးလိုသဖြင့် ၁၉၄၇ ခုနှစ်တွင် တိုင်းပြု ပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ပြည်သူအများက ယုံကြည်၍ ရွေးကောက်တင်မြှောက်လိုက်သော ပြည်မနှင့် တောင်တန်း ကိုယ်စားလှယ် အမတ်များပါဝင်သည့် တိုင်းပြုပြည်ပြု လွှတ်တော် အစည်းအဝေးများတွင် တိုင်းပြည်ကို ဥပဒေဖြင့်သာ အုပ်ချုပ်စေလိုသည်ဟု လည်းကောင်း၊ ရှမ်းလူမျိုးစု၊ ကရင်လူမျိုးစု၊ ကချင်လူမျိုးစု၊ ကယား (ကရင်နီ)လူမျိုးစုတို့သည် ပြည်နယ် အသီးသီးဖွဲ့လျက် ပြည်မနှင့်ပေါင်း၍ ပြည်ထောင်စုနိုင်ငံ တည်ထောင်စေလိုသည်ဟုလည်းကောင်း၊ နိုင်ငံတော်သမ္မတကို ငါးနှစ်တကြိမ် တင်မြှောက်ခြင်းဖြင့် သမ္မတနိုင်ငံလည်းဖြစ်စေလိုသည်ဟု လည်းကောင်း၊ တောင်သူလယ်သမား အလုပ်သမားတို့ပါဝင်သော ပြည်ထောင်စု တိုင်းသူပြည်သားများ အားလုံး၏ အကျိုးအတွက် တိုင်းသူပြည်သားများ၏ ဆန္ဒအရ တိုင်းပြည်ကို အုပ်ချုပ်စေလိုသည်ဟု လည်းကောင်း အများသဘောတူ ဆုံးဖြတ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်တံဆိပ်တို့ကိုလည်း အများသဘောတူ ဆုံးဖြတ်၍ သတ်မှတ်ခဲ့ကြသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲနေသော ကာလအတွင်း ၁၉၄၇ ခုနှစ် ဇူလိုင်လတွင် ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ ခေါင်းဆောင်၊ တောင်တန်းဒေသခေါင်းဆောင် အချို့တို့သည် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့ကြရသည်။ သို့ရာတွင် ဖဆပလ ဒုတိယဥက္ကဋ္ဌ ဦးနုသည် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ အခြေခံဥပဒေကို ဆက်လက် ရေးဆွဲစေရာ အောင်မြင်ပြီးစီးခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံကို တည်ထောင်ပြီဟု ကမ္ဘာသို့ ကြေညာနိုင်ခဲ့ကြသည်။

## လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ (၁၉၄၈ – ၁၉၆၂)

### ပြည်တွင်း ပဋိပက္ခများ

ပြည်သူလူထုတရပ်လုံး၏သွေးချွေးများနှင့်ရင်းကာအားထုတ်ကြိုးပမ်းမှုများကြောင့် ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာသို့ ကြေညာနိုင်ခဲ့ပြီး ဖဆပလ ပါတီမှ အာဏာကို ရယူကာ လွတ်လပ်သော မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဦးနုက တာဝန်ယူခဲ့သည်။ လွတ်လပ်ရေး ရယူပြီးနောက် ဖဆပလအဖွဲ့ချုပ်ကြီးအတွင်း သဘောထား ကွဲလွဲမှုများ ရှိလာခဲ့ပြီး ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်။ ဖဆပလအဖွဲ့ချုပ်နှင့် ဗမာပြည် ကွန်မြူနစ်ပါတီတို့ကြား လွတ်လပ်ရေးအပေါ် သဘောထား ကွဲလွဲမှုများ ကြီးမားစွာဖြစ်ပေါ် လာခဲ့ ကြသည်။ ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ အဖွဲ့မှ ထုတ်ပယ်ခဲ့ကြပြီး ၁၉၄၈ ခု မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်ပါတီဝင်များကို လိုက်လံ ဖမ်းဆီးရာမှ စတင်ကာ ကွန်မြူနစ်ပါတီ တောခိုသွားခဲ့ပြီး ပြည်တွင်းစစ်မီးသည် စတင် တောက်လောင်ခဲ့ရသည်။ ပြည်သူ့ရဲဘော်အဖွဲ့တွင်လည်း သဘောထားကွဲလွဲမှုများကြောင့် ရဲဘော်ဖြူ၊ ရဲဘော်ဝါ ဟူ၍ နှစ်ခြမ်းကွဲခဲ့ပြီး ၁၉၄၈ ဇူလိုင် ၂၉ တွင် ရဲဘော်ဖြူတို့ တောခိုသွားခဲ့ကြပြီး လက်နက်ကိုင် တော်လှန်ရေးကို စတင်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကရင်တိုင်းရင်းသားတို့၏ တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ပြီး ကရင် အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) ကိုဖွဲ့စည်းခဲ့ကြသည်။ KNDO အဖွဲ့ကိုဖွဲ့စည်းခြင်း၊ ဖဆပလအစိုးရက ကရင်တို့အား အယုံအကြည်နည်းခြင်းတို့ကြောင့် ကရင်နှင့်ဗမာ တိုင်းရင်းသားတို့၏ ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ ထိုတင်းမာမှုများကို လျော့ကျစေရန်အတွက် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် ဦးစီး၍ ကရင်–ဗမာ ချစ်ကြည်ရေးပွဲများ

ပြုလုပ်ပေးခဲ့သည်။ သို့သော် ကရင် - ဗမာ လူမျိုးရေး ပဋိပက္ခများ ပိုမိုကြီးထွားလာခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စောဘဦးကြီး ဦးဆောင်သော ကရင် အမျိုးသား ကာကွယ်ရေး အဖွဲ့(KNDO)က စတင် ပုန်ကန်ခဲ့ကြသည်။

ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များ (KNDO) သည် အင်းစိန်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး သမိုင်း ခဝဲခြံအထိ ထိုးစစ်ဆင်နိုင်ခဲ့ကြသည်။ နယ်မြို့ များကိုလည်း ပြည်သူ့ရဲဘော်တပ်ဖွဲ့များက သိမ်းယူနိုင်ခဲ့ပြီး အချို့မြို့များကို ကွန်မြူနစ်ပါတီတပ်ဖွဲ့များက သိမ်းယူနိုင်ခဲ့ကြသည်။ ထိုအကြောင်းကြောင့် ဝန်ကြီးချုပ်ဦးနုသည် ကရင်လူမျိုး တပ်မတော်သားများအား ဖြုတ်ချခဲ့သည်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းနေရာတွင် ဗိုလ်ချုပ်နေဝင်းအား ခန့်အပ်ခဲ့သည်။ ရာထူးမှအနားယူခံရသော ကရင်စစ်သားတို့သည် KNDO သို့ဝင်ရောက်ခဲ့ကြပြီး ၁၉၄၉ ဇန်နဝါရီ ၃၁ တွင် ကရင်အမျိုးသားအစည်းအရုံးသည် မြန်မာအစိုးရအား စစ်ကြေညာခဲ့သည်။

တနင်္သာရီတိုင်းဒေသ (ယခု မွန်ပြည်နယ်) တွင်လည်း မွန်အမျိုးသား ကာကွယ်ရေး အဖွဲ့ (MNDO) ပေါ်ပေါက်လာပြီး ထကြွခဲ့ကြသည်။ ပအိုဝ်း တိုင်းရင်းသားတို့သည်လည်း ထကြွခဲ့ကြသည်။ ရခိုင်ဒေသတွင် မူဂျာဟစ် သူပုန်များထကြွခဲ့ကြသည်။ ထို့ပြင် တပ်မတော်မှလည်း တပ်သားအချို့သည် လက်နက်များယူ၍ တောခိုခဲ့ကြသည်လည်း ရှိခဲ့သည်။ ဝန်ကြီးချုပ် ဦးနု ဦးဆောင်သည့် ဖဆပလ အစိုးရသည် ရန်ကုန်မြို့ကိုသာ ထိန်းချုပ်ထားနိုင်သည့် အခြေအနေမျိုးထိရောက်ခဲ့ပြီး "ရန်ကုန်အစိုးရ" ဟု ခေါ်ဆိုခြင်း ခံခဲ့ရသည်။ ဖဆပလ အစိုးရသည် ရန်ကုန်မြို့ကို ကာကွယ်နေရင်း တဖက်တွင် တန်ပြန် ထိုးစစ်များ ဆင်နွှဲလာခဲ့ပြီး ၁၉၅၂ - ၅၃ ခုနှစ် ကာလများတွင် နယ်မြို့ တော် တော်များများကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြသည်။

ဗိုလ်ချုပ်နေဝင်း ဦးစီးသည့် ၁၉၅၈ စစ်အာဏာသိမ်းမှုကြောင့် စစ်တပ်သည် နိုင်ငံရေးအာဏာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး၊ နောင်မြန်မာ့သမိုင်းတွင် ၁၉၆၂၊ ၁၉၈၈၊ ၂၀၂၁ စစ်အာဏာသိမ်းမှုတို့၏ ရှေ့ပြေး ပထမဆုံးအကြိမ် အာဏာသိမ်းမှု ဖြစ်ခဲ့သည်။

## ၁၉၅၈ ခုနှစ် စစ်တပ်အာဏာသိမ်းယူခြင်း



ခရစ်နှစ် ၁၉၅၈ ခုနှစ်တွင် ဖဆပလ အတွင်း၌ မပြေလည်မှုများ ပေါ်ပေါက်လာခဲ့ သည်။ ၁၉၅၈ ဇူလိုင်လတွင် ဦးနု နှင့် ဦးတင် တို့ ခေါင်းဆောင်သော သန့်ရှင်းဖဆပလနှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်သော တည်မြဲဖဆပလ ဟူ၍ နှစ်ဖွဲ့ ကွဲခဲ့ကြပြီး အစိုးရကို ကြိုးကိုင်နိုင်ရန် ထိုနှစ်ဖွဲ့လုံးက ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၅၈ ဩဂုတ်တွင် ဦးနုသည် ထိုသို့ နိုင်ငံရေးတင်းမာမှုများ

ကြောင့် ရသုံးခန့်မှန်းခြေစာရင်းကို လွှတ်တော် မခေါ်ယူတော့ဘဲ အရေးပေါ်အာဏာဖြင့် အတည်ပြုလိုက်သည်။ ထိုအကြောင်းကြောင့် တည်မြဲအမတ်များက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည်ဟုဆိုကာ ထိုသို့အတည်ပြုခြင်းကို ဆန့်ကျင်ရုံသာမက တပ်မတော်ကိုပါ အာဏာသိမ်းယူရန်တိုက်တွန်းခဲ့ကြသည်။ ဦးနုသည် နိုင်ငံတော်အာဏာကို စစ်တပ်မှ သိမ်းယူရန် အစီအစဉ်ကို သိရှိခဲ့ရသောအခါ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်မောင်မောင်တို့ လာရောက် တွေ့ဆုံကြသောအခါတွင် ကမ်းလှမ်းမှုတခု ပြုလုပ်ခဲ့သည်။ ထိုကမ်းလှမ်းမှုမှာ နိုင်ငံတော်အာဏာကို မသိမ်းယူသင့်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် ခန့်ပေးမည်ဖြစ်ကြောင်းနှင့် အစိုးရအသစ်ကို သန့်ရှင်း ဖဆပလ အဖွဲ့ဝင်များ မပါဝင်ဘဲ ဖွဲ့စည်းနိုင်ကြောင်း၊ စစ်တပ်အနေဖြင့် နောက် ၆ လ အကြာတွင် လွတ်လပ်သော ရွေးကောက်ပွဲကို ကျင်းပပေးရန် စသည့် ကတိတို့ပေးလျှင် စစ်တပ်ကို အာဏာလွှဲပေးမည်ဟု ကမ်းလှမ်းခဲ့ပြီး ဗိုလ်နေဝင်းသည်လည်း ထိုကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ဝန်ကြီးချုပ်ဦးနုသည် ပါလီမန်အထူးအစည်းအဝေးပွဲ ခေါ်ယူခဲ့၍ ဗိုလ်ချုပ်နေဝင်းအား ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် စစ်တပ်လက်ထဲသို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့ရသည်။ ဥပဒေအတွင်း ဒီမိုကရေစီ အင်အားစုများနှင့် ကျောင်းသားသမဂ္ဂများသည် တပြည်လုံးအနှံ့စည်းရုံး သိမ်းသွင်းခဲ့ပြီး စစ်အာဏာသိမ်းမှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ထိုသို့ဖြင့် ၁၉၅၈ စစ်အာဏာသိမ်းမှုကြောင့် စစ်တပ်သည် နိုင်ငံရေးအာဏာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး နောင်မြန်မာ့သမိုင်းတွင် ၁၉၆၂၊ ၁၉၈၈၊ ၂၀၂၁ စစ်အာဏာသိမ်းမှုတို့၏ ရှေ့ပြေး ပထမဆုံးအကြိမ် အာဏာသိမ်းမှုဖြစ်ခဲ့သည်။

**အိမ်စောင့်အစိုးရ (၁၉၅၈ – ၁၉၆၀ )**

၁၉၅၈ အောက်တိုဘာ ၂၈ မှစ၍ ဗိုလ်ချုပ် နေဝင်းသည် အာဏာရရှိခဲ့၍ အိမ်စောင့်အစိုးရကို ဖွဲ့စည်းပြီး စတင်အုပ်ချုပ်ခဲ့သည်။ ထိုအစိုးရအဖွဲ့တွင် ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး တပ်မတော်မှ အနားယူပြီးဖြစ်သော အရာရှိ ၁၄ ဦး ပါဝင်သည်။အိမ်စောင့်အစိုးရသည်နိုင်ငံကိုအတင်းအကျပ်အုပ်ချုပ်ခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ရုပ်သိမ်းခဲ့သည်။ ကွန်မြူနစ်ပါတီကို ထောက်ခံသူဟုဆိုသူ လူအယောက် ၄၀၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များ၊ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များအပါအဝင် ၁၅၃ ယောက်တို့ကို ကိုကိုးကျွန်း အကျဉ်းထောင်သို့ပို့ခဲ့သည်။ ဗိုလ်တထောင်၊ ကြေးမုံနှင့် ရန်ကုန်နေ့စဉ် သတင်းစာတိုက်များကို ပိတ်ချခဲ့သည်။ ကျောင်းသားသမဂ္ဂများအပေါ်လည်း ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများ ပြုလုပ်လာခဲ့သည်။ ထိုသို့ဖိနှိပ်မှုများကြောင့် ၁၉၅၈ စက်တင်ဘာ ၃၀ တွင် တက္ကသိုလ်ကျောင်းသားများသည် အိမ်စောင့်အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများ ကို ပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်အမတ် မဟုတ်သောသူများသည် ဝန်ကြီးချုပ်တာဝန်ကို ၆ လ အထိသာ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် ၁၉၅၉ ဖေဖော်ဝါရီတွင် အိမ်စောင့်အစိုးရသည် ဥပဒေပုဒ်မ ၁၁၆ ကို ပြင်ဆင်ရန် ကြိုးစားခဲ့သည်။ ထိုအဆိုကို အများပြည်သူများက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသော်လည်း ပါလီမန်အတွင်း၌ တည်မြဲ ဖဆပလမှ အမတ်ဦးရေ များသဖြင့် ထိုပုဒ်မ ၁၁၆ ကို ပြင်ဆင်နိုင်ခဲ့ပြီး အိမ်စောင့်အစိုးရ၏ သက်တမ်းကို တိုးမြှင့်ခဲ့သည်။ ၁၉၅၉ ဧပြီလတွင် ရှမ်းပြည်နယ်ဒေသ၏ ကိုယ်ပိုင် အုပ်ချုပ်ရေးကို လျှော့ချခဲ့ပြီး ပြည်မ၏အုပ်ချုပ်မှုပုံစံအတိုင်း ပြောင်းလဲခဲ့သည်။ ၁၉၆၀ တွင် အိမ်စောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက် နှင့် ဝန်ကြီးချုပ် ဦးနု

အစိုးရသည် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ဦးနုဦးဆောင်သော သန့်ရှင်းဖဆပလက အနိုင်ရရှိခဲ့သည်။

**ပထစ အစိုးရ ( ၁၉၆၀ – ၁၉၆၂)**

၁၉၆၀ ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ က အနိုင်ရရှိခဲ့ပြီး ပါတီအမည်ကို “ပြည်ထောင်စုပါတီ” (ပထစ) ဟူ၍ အမည်ပြောင်းခဲ့သည်။ ရွေးကောက်ပွဲကာလ၌ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ပထစအစိုးရသည် နိုင်ငံရေးလမ်းစဉ်သစ်များကို ချမှတ်ခဲ့ပြီး ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သည့်အတွက် အခြားဘာသာခြားများက ကန့်ကွက်ခဲ့ကြသည်။ ထိုအကြောင်းကြောင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) စတင်ပုန်ကန်ထကြွခဲ့သည်။

၁၉၆၁ ဖေဖော်ဝါရီ ၂၅ တွင် ရှမ်းပြည်နယ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အဆို တင်သွင်းခဲ့ပြီး ဇွန်လတွင် တောင်ကြီးမြို့၌ ညီလာခံတရပ် ကျင်းပခဲ့ရာ တိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံတွင် လွှတ်တော်နှစ်ရပ် အာဏာတူရေး၊ ပြည်မကို ပြည်နယ်အဖြစ်ဖွဲ့စည်းပေးရေး၊ ပြည်နယ်များ အာဏာပိုမိုရရှိရေး စသည်တို့ကို တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဦးနုသည် ၁၉၆၂ ဖေဖော်ဝါရီ ၂၄ ရက် မှစ၍ ဖက်ဒရယ်မူအတွက် ဖက်ဒရယ်နှီးနှောဖလှယ်ပွဲကို ကျင်းပပေးခဲ့သည်။ မတ်လ ၁ ရက်နေ့ ထိုနှီးနှောဖလှယ်ပွဲ၌ ဖက်ဒရယ်မူမရပါက ပြည်ထောင်စုမှ နုတ်ထွက်မည်ဖြစ်ကြောင်းနှင့် ပြည်နယ်များ အားလုံး သူပုန်ထမည်ဖြစ်ကြောင်း ကောလာဟလ သတင်းအများများ ပျံ့နှံ့လာခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မြန်မာ့ တပ်မတော်သည် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။

## ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းယူခြင်း

### တော်လှန်ရေးကောင်စီ (စစ်တပ်)က အာဏာသိမ်းခြင်း

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော်သည် ပထစ အစိုးရလက်ထဲမှ နိုင်ငံတော် အာဏာကို အတင်းအဓမ္မ သိမ်းယူခဲ့ပြီး ဝန်ကြီးချုပ် ဦးနု၊ သမ္မတဟောင်း စဝ်ရွှေသိုက် စသော နိုင်ငံရေးသမားများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ မြန်မာ့တပ်မတော်သည် နိုင်ငံတော်မတည်ငြိမ်မှုကို အကြောင်းပြပြီး "ပြည်နယ်တွေခွဲထွက်တော့မယ်၊ ပြည်ထောင်စု ပြိုကွဲတော့မယ်" ဟု သတင်းအမှားများ ဖန်တီးကာ ရည်ရွယ်ချက်ရှိရှိ အာဏာသိမ်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်သည် နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက် ဗိုလ်ချုပ်နေဝင်း ဦးဆောင်ပြီး အဖွဲ့ဝင် ၈ ဦးပါဝင်သော တော်လှန်ရေးကောင်စီအစိုးရစာရင်းကို ကြေညာကာ ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပါလီမန်ကို ဖျက်သိမ်းခဲ့ပြီး တော်လှန်ရေးကောင်စီကသာ အာဏာရပ်အားလုံးကို ချုပ်ကိုင်ကာ စစ်အာဏာရှင်စနစ်ကို စတင်ခဲ့သည်။ ထို့ကြောင့် မြန်မာပြည်သူများသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေး ရပြီးချိန်မှစပြီး ၁၉၅၈ ခုနှစ် အထိသာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပါလီမန်ဒီမိုကရေစီခေတ်ကို ထိတွေ့ခံစားခွင့်ရခဲ့သည်။

### ၁၉၆၂ ခုနှစ်၊ ဆဲဗင်း ဇူလိုင် အရေးတော်ပုံ

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် စစ်တပ် အာဏာသိမ်းယူခြင်းကို ကျောင်းသားသမဂ္ဂ၊ လူမျိုးစု တိုင်းရင်းသားအဖွဲ့တချို့နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးစီးသော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) တို့က အဓိက ဆန့်ကျင်ခဲ့ကြသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ)၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂ

(တကသ)၊ ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂ (ရကသ) သမဂ္ဂကြီး ၃ ခု စုစည်းပြီး တော်လှန်ရေး ကောင်စီ စစ်အာဏာသိမ်းမှုကို အကြီးအကျယ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၁၉၆၂ ခုနှစ် မေလ ၉ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ် နေဝင်း လက်မှတ်ရေးထိုးပြီး ရန်ကုန်၊မန္တလေး တက္ကသိုလ်အက်ဥပဒေများကို ဖျက်သိမ်းသော ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် မေလ ၁၀ ရက်တွင် ဗိုလ်ချုပ်နေဝင်းက တက္ကသိုလ်ကောင်စီဝင်များကို ဒဂုံရိပ်သာသို့ခေါ်၍ (၁) ဆရာများ အကျင့် ပျက်သည် (၂) ကျောင်းသားများကြား နိုင်ငံရေး ပယောဂများဝင်သည်ဟု စွပ်စွဲကာ အစိုးရကိုယ်စားလှယ်၊ စီးပွားရေးအဖွဲ့များမှ ကိုယ်စားလှယ်၊ တက္ကသိုလ်ဌာနအသီးသီးမှ ပါမောက္ခများနှင့် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ် အချို့ပါဝင်သော တက္ကသိုလ် အမှုဆောင်ကောင်စီကို ဖျက်သိမ်းခဲ့သည်။ ၁၉၆၂ မေလ ၁၇ ရက်နေ့တွင် စစ်ဗိုလ်ချုပ်များ ပါဝင်သည့် တက္ကသိုလ်ကောင်စီအသစ်ကို ပြန်လည် ဖွဲ့စည်းခဲ့ပြီး ကျောင်းဆောင်ကော်မတီမှ ကျောင်းသား ကိုယ်စားလှယ်များကိုလည်းထုတ်ပယ်ခဲ့သည်။ ထိုသို့သော လုပ်ရပ်များသည် တက္ကသိုလ် အုပ်ချုပ်ရေးအား တော်လှန်ရေးကောင်စီမှ ထပ်မံအာဏာသိမ်းခြင်းဖြစ်ကြောင်း သမဂ္ဂမှ အပြင်းအထန်ဝေဖန်ခဲ့သည်။ ထို့နောက် ဇွန်လ ၁၈ ရက်တွင် ကျောင်းသား ကိုယ်စားလှယ်တယောက်မျှ မပါရှိသည့် ရန်ကုန်တက္ကသိုလ်ကျောင်းဆောင် ကော်မတီက ကျောင်းဆောင်နေ ကျောင်းသားများကို မတရား ချုပ်ချယ်သော ကျောင်းဆောင်စည်းကမ်း (၂၂) ချက်ကို ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ဇူလိုင်လဆန်းမှစ၍ အဆောင်အချို့တွင် သပိတ်နှင့် စာဖတ်အသင်း အမှုဆောင်သစ်ရွေးပွဲများနှင့် တွဲကာ ကျောင်းသားထု အစည်းအဝေးပွဲများ ကျင်းပခဲ့ကြသည်။ ဇူလိုင်လ ၆ ရက်နေ့တွင် တော်လှန်ရေးကောင်စီက တက္ကသိုလ်ဆီးနိတ်နှင့် ကျောင်းဆောင်ကော်မတီကို ၎င်းတို့စိတ်တိုင်းကျ ပြင်ဆင် ဖွဲ့စည်းခဲ့ကြပြန်သည်။ ဇူလိုင်လ ၆ ရက်နေ့ ရွှေဘိုဆောင် အစည်းအဝေးတွင် ကန့်ကွက်သည်ဟု ဆုံးဖြတ်ရုံမကတော့ဘဲ ကျောင်းသားထုသည် ကြွေးကြော်သံများအော်ဟစ်၍ အဆောင်အပြင်ထွက် လှည့်လည် ငြိမ်းချမ်းစွာ အကြမ်းမဖက် ဆန္ဒပြခဲ့ကြသည်။



၁၉၆၂ ခုနှစ်၊ ဆဲဗင်း ဇူလိုင် အရေးတော်ပုံ မှတ်တမ်းအချို့

ဇူလိုင်လ ၇ ရက်နေ့ နေ့လယ် (၁) နာရီတွင် သမဂ္ဂ အစည်းအဝေးခန်းမ၌ ကျောင်းသားထု အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးမှ ကျောင်းသားများက အင်မတန် ဖိနှိပ်ချုပ်ချယ်သော စည်းကမ်းအမျိုးမျိုးကို ကန့်ကွက်ကြောင်း တခဲနက် ဆုံးဖြတ်ခဲ့ကြသည်။ တက္ကသိုလ်အက်ဥပဒေများ ရုပ်သိမ်းခဲ့ခြင်းကိုလည်း ကန့်ကွက်ခဲ့ကြသည်။ ထို့နောက် အစည်းအဝေးအပြီးတွင် သမဂ္ဂရှေ့မှစတင်၍ ကျောင်းဝန်းအတွင်း၌ပင် ကြွေးကြော် သံများ ကြွေးကြော်ကာ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ ဘွဲ့နှင်းသဘင်ရှေ့၌ ငြိမ်းချမ်းစွာပင် လူစုခွဲလိုက်ကြ သည်။ ထိုသို့လူစုခွဲပြီးနောက် နေ့လယ် (၂) နာရီခွဲ အချိန် လောက်တွင် ရဲကား ၂ စင်း တကာသထဲသို့ ဝင်ရောက် လာခဲ့ပြီး ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးလိုက် ကြသည်။ ကျန်ရဲအချို့သည် တကာသကို ဝင်စီးလိုက်ပြီး တချို့က တကာသနှင့် ကပ်နေသော ဦးကာအိမ်သို့ ပြေးဝင် နေရာယူလိုက်ကြသည်။ထိုအချိန်တွင်ကျောင်းသားတို့က အော်ရင်းဟစ်ရင်း လူစုမိသွားသည်။ ကျောင်းသားများ သည် အဓိပတိလမ်းတံခါးကြီးကို ပိတ်ပစ်သည်။ ကျောင်း သားတချို့က သထုံဆောင် ဂိတ်တံခါးကို သော့ခတ်ပြီး ပိတ်လိုက်သည်။ ထို့နောက် ကျောင်းသားများသည် တကာသဝင်းထဲဝင်ရန် ကြိုးစားကြသည်။ ဒိုင်းကိုယ်စီ ကိုင်ထားသော ရဲများက တန်းစီပိတ်ဆို့ပြီး ကျောင်းသား များကို နံပါတ်တုတ်နှင့် ရိုက်သူကရိုက်၊ မျက်ရည်ယိုဗုံး သေနတ်ကိုင်သော ရဲများက မျက်ရည်ယိုဗုံးများနှင့် ပစ်ခတ်ခဲ့သည်။ ကျောင်းသားတချို့၏ ရင်ဘတ်သို့ထိမှန် ခဲ့၍ လဲသူလဲ ကွဲသူကွဲ ဖြစ်ကုန်လေသည်။ ကျောင်းသား များက လဲကျသူတချို့ကို မချီသွားပြီး၊ ကျန်ကျောင်းသား ထုက ရဲများကိုဖိတိုက်လေတော့သည်။ ခဲများ၊ ပုလင်းများ၊ တုတ်များ စသည့် ရရာလက်နက်များနှင့် ရဲများကို ပစ်ပေါက်တိုက်ခိုက်ကြတော့သည်။ ကျောင်းသားထု အင်အားများလာသဖြင့် ရဲများ၏ တိုက်ခိုက်မှုကို မမှုတော့ ဘဲ တိုး၍တိုး၍ တိုက်ခိုက်ကြလေတော့သည်။ ရဲများ လည်း အထိနာလာလေသည်။ ကျောင်းသားများလည်း သွေးရဲရဲ သံရဲရဲဖြစ်လာလေသည်။

ညနေ (၄) နာရီခန့်တွင်မူကား မည်သည့် နေရာမှ စောင့်ဆိုင်းသည်မှန်း မသိရသည့် တပ်ရင်း(၄)မှ စစ်သား အပြည့်တင်လာသော စစ်ကား ၂ စီး တက္ကသိုလ်ရိပ်သာ လမ်းပေါ်ရောက်လာပြီး တက္ကသိုလ်ဆေးရုံရှေ့မှစ၍ တက္ကသိုလ်ဓမ္မာရုံထိ တိုင်အောင် တပ်ဖြန့်ကာ တက္ကသိုလ် ဝန်း တခုလုံးကို ပိတ်ဆို့ထားလိုက်သည်။ ၎င်းစစ်သားများ သည် စစ်မြေပြင်တွင် မည်သည့်အခါကမျှ အသုံးမပြု ရသေးသည့် ဂျီသရီး/G3 အမည်ရှိ ချေမှုန်းရေး ရိုင်ဖယ် များကို ကိုင်ဆောင်ထားပြီး အသင့်နေရာယူထားသော စစ်သားများသည် စစ်မြေပြင်မှ ရန်သူကို ချေမှုန်းသည့် ပမာ ဂျီသရီး ချေမှုန်းရေး ရိုင်ဖယ်များနှင့် မန္တလေးဆောင်၊ ရာမညဆောင်နှင့် အဓိပတိလမ်းမတစ်လျှောက်ရှိ ကျောင်းသားထုသို့ အတွဲလိုက် မရပ်မနား ပစ်ခတ်ကြလေ သည်။ ပစ်ခတ်မည်ဟု မထင်မှတ်ထားသော ကျောင်းသား အများစုသည် မှင်သက်လျက် နေရာမှာပင် ကွယ်လွန် ခဲ့ရလေသည်။ အချို့မှာလည်း ပြေးရင်းလွှားရင်း ထိမှန် ကုန်ကြသည်။ ကျောင်းသားအချို့ကလည်း နီးစပ်ရာ အဆောင်များပေါ်သို့ တက်ပြေးကြသည်။ ထိုသို့တက်ပြေး သူများအား စစ်သားများက ဒူးထောက်၍ မလွတ်တမ်း ပစ်ခတ်သောကြောင့် မန္တလေးဆောင် လှေကားရင်းတွင် အလောင်းချင်း ထပ်ခဲ့ရပေသည်။ ဘေးဘက်ရှိ စာကြည့် တိုက်ဝင်းထဲမှ ရပ်ကြည့်သူများကိုပါ ပစ်ခတ်ခဲ့သော ကြောင့် စာကြည့်တိုက်ဝင်းပင်တွင် သေဆုံးဒဏ်ရာရသူ ၄၀ မျှရှိသည်။ ချေမှုန်းရေးရိုင်ဖယ်များနှင့် ၃-၄ မိနစ် ခန့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အချို့မှာ သမဂ္ဂ အဆောက်အဦ အတွင်းထဲသို့ ခိုဝင်ကြသည်။ ပြီးနောက် ဒဏ်ရာရ ကျောင်းသားများကိုပါ သမဂ္ဂအဆောက်အဦအတွင်းသို့ ရွှေ့ပြောင်းလာကြသည်။ တကာသ ရင်ပြင် ရှေ့ရှိ ဆန္ဒပြ ကျောင်းသားများကို စစ်သားများသည် မိမိတို့ ရန်သူပမာ

ပစ်ခတ်ချေမှုန်းပြီးနောက် ကျောင်းဆောင် အခန်းများကို တခန်းချင်း ဝင်ရောက် ရှင်းကြပြန်သည်။ သို့သော် သမဂ္ဂ အဆောက်အဦကိုမူကား ဒဏ်ရာရ ကျောင်းသားများကို သယ်ပြီးလျှင် ပြတင်းပေါက်များအားလုံးကို အလုံပိတ်လိုက်သောကြောင့် ဝင်မရှင်းနိုင်ဘဲ ဝိုင်းရံသာဝိုင်းထားလိုက်ကြရသည်။ ထိုနေ့ညတွင် ဗိုလ်ချုပ်နေဝင်းသည် ဗမာ့အသံရေဒီယိုမှ မိန့်ခွန်းပြောကြားခဲ့ပြီး ကျောင်းသားများကို " ဓားဓားချင်း တုတ်တုတ်ချင်း ရင်ဆိုင်မယ် " ဟု စိန်ခေါ်ခဲ့သည်။ ထိုမိန့်ခွန်းထဲတွင် အခြားအရေးကြီးသော အချက်တချက်ဖြစ်သည့် "တကာသ အဆောက်အအုံကို ကွန်မြူနစ်တွေက သံရုံးသဖွယ် အကာအကွယ်ယူပြီး ဌာနချုပ် လုပ်နေကြတယ်။ အဲ့ဒါကို ဘယ်လိုမှ ခွင့်မပြုနိုင်ဘူး" ဆိုသည့် အချက်လည်းပါဝင်ခဲ့သည်။ ထိုပြောကြားချက်သည် တော်လှန်ရေးကောင်စီ၏ မဟုတ်မမှန် လိုရာဆွဲ ပြောသော ပြောကြားချက်များသာဖြစ်သည်၊

ထို့နောက် ဇူလိုင်လ ၈ ရက် မနက်အစောပိုင်းတွင် ကိုလိုနီခေတ်တွင် တည်ဆောက်ထားခဲ့သော မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသော ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီးကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီအစိုးရသည် ဒိုင်းနမိုက်များ အသုံးပြု၍ မိုင်းခွဲဖျက်ဆီးလိုက်ကြသည်။ ဒဏ်ရာရ ကျောင်းသားများ အပါအဝင် ခိုနားနေကြသော အခြားကျောင်းသားများသည်လည်း တကာသ အဆောက်အအုံနှင့်အတူပါသွားခဲ့ကြပြီး အသက် ဆုံးရှုံးခဲ့ကြသည်။ ထိုအဖြစ်အပျက်သည် အာဏာသိမ်း စစ်အစိုးရ၏ ကျောင်းသားထုအပေါ် လူမဆန်သော ရက်စက်ယုတ်မာမှုဖြစ်ပြီး ပြည်သူလူထုတရပ် လုံးမှ ကန့်ကွက် ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် မြန်မာ့သမိုင်း ( ၁၉၆၂ – ၁၉၈၈ )**

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) က အုပ်ချုပ်ခဲ့သဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဟုလည်းခေါ်သည်။ ၁၉၆၂ မှ ၁၉၇၄ အတွင်း တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်အသွင် ကူးပြောင်းရေးကို ဆောင်ရွက်ခဲ့ပြီး ၁၉၇၄ တွင် မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ဖြင့် စတင် အုပ်ချုပ်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့၊ ရတနာပုံ ရေတပ်စခန်းတွင် ကျင်းပသည့် တပ်မှူးများ ညီလာခံမှ တော်လှန်ရေးကောင်စီ၏ မူဝါဒ သဘောထားအဖြစ် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်" ကို ချမှတ်လိုက်သည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီသည် နိုင်ငံတော် အာဏာအရပ်ရပ်ကို လုံးဝချုပ်ထိန်းပြီး သူတို့ အလိုကျ တိုင်းပြည်ကို စီမံ စိုးပြင်းနိုင်ဖို့ ပထမဆုံး ခြေလှမ်းအဖြစ် ဧပြီလ ၃၀ ရက်နေ့တွင် "ဗမာပြည် စာနယ်ဇင်း ကောင်စီ" ကို ဖွဲ့စည်းကာ လူထု၏ နား မျက်စိသဖွယ် ဖြစ်နေသည့် စာနယ်ဇင်းလောကကို ထိန်းချုပ်လိုက်သည်။

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)– The Burma Socialist Programme Party (BSPP) ကို ဖွဲ့စည်းရန် ပါတီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကာ၊ အမြုတေပါတီ အဖြစ် စတင် ဖွဲ့စည်းခဲ့သည်။ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် နိုင်ငံတွင်းရှိ ဘဏ်အားလုံးကို ပြည်သူပိုင်အမည်တပ်ပြီး စစ်တပ်က သိမ်းယူလိုက်သည်။ ထို့နောက်တွင် ပြည်သူ လူထု သမ္မာ အာဇီဝဖြင့် လုပ်ကိုင်စားသောက်နေသည့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် ဈေးဆိုင်များကို စစ်တပ်မှ လက်နက်အားကိုးဖြင့် အတင်းအဓမ္မ လိုက်လံ သိမ်းယူ လေတော့သည့်။ နောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းနှင့် ဈေးဆိုင်များကိုသာမက ကောက်ပဲ

သီးနှံ ရောင်းဝယ်ခြင်းကိုပါ စစ်တပ်က ချုပ်ကိုင်လာသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရပြီးနောက် ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရသော်လည်း ပါလီမန် ဒီမိုကရေစီနှင့် ဈေးကွက် စီးပွားရေး အသီးအပွင့်ကို ခံစားခဲ့ရ၍ အရှေ့တောင်အာရှတွင် စီးပွားရေးအလားအလာ အရှိဆုံးအဖြစ် ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများက တလေးတစား အလေးထားခဲ့ရသည်။ သို့သော် မြန်မာ့စီးပွားရေးသည် စစ်တပ်က ပြည်သူပိုင် အမည်ခံကာ သိမ်းပိုက်ခဲ့ပြီးနောက် ဦးဆောင်သူ စစ်တပ်အရာရှိများ၏ အကျင့်ပျက် လာဘ်စားမှု၊ စီးပွားရေး နားလည် တတ်ကျွမ်းခြင်း မရှိမှု၊ အလွဲလွဲ အချော်ချော် စီမံခန့်ခွဲမှုများကြောင့် အရှေ့တောင်အာရှတွင် စာတတ်မြောက်မှု အမြင့်မားဆုံးဟု ဆိုသည့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံ (LDC, Least Development Country) စာရင်း ဝင်ခဲ့ရ သည်။

၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် တော်လှန်ရေးကောင်စီ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ပြီး အကျဉ်းထောင် အသီးသီး၌ ဖမ်းဆီး ချုပ်နှောင်ထားသည့် နိုင်ငံရေးသမားများ၊ နှစ်ကျန် လကျန် ရာဇဝတ် အကျဉ်းသားများကို လွှတ်ပေးကာ ထောင်ခါခဲ့သည်။ ဇွန်လ ၁၁ ရက်နေ့တွင် တောတွင်းလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း အားလုံးကို တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးအတွက် လာရောက် ဆွေးနွေးကြရန် ဖိတ်ခေါ်လိုက်သည်။ တဆက်တည်း လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အားလုံးကို ဖမ်းဆီးနိုင်ရန် ဆင့်ဆို ထုတ်ထားသည်များကိုလည်း ရုပ်သိမ်းခဲ့သည်။ တောတွင်း လက်နက်ကိုင် တော်လှန်ရေး အင်အားစုများကလည်း တော်လှန်ရေးကောင်စီကြေညာချက်ကို ဝမ်းမြောက် ဝမ်းသာ ကြိုဆိုခဲ့ကြပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးကို လိုလားသည့် ပြည်သူလူထုများကလည်း ငြိမ်းချမ်းရေး ကြိုဆိုမှု ကော်မတီများ ဖွဲ့ပြီး ငြိမ်းချမ်းရေး ဆွေးနွေးရန် ရောက်လာကြသည့် တောတွင်း လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း ကိုယ်စားလှယ်များကို သောင်းသောင်း ဖြဖြ ကြိုဆိုခဲ့ကြသည့်အပြင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အောင်မြင်ရေးအတွက် ၆ ခရိုင် (ရန်ကုန်၊ အင်းစိန်၊ သာယာဝတီ၊ ပဲခူး၊ ဟံသာဝတီနဲ့ မအူပင်) ငြိမ်းချမ်းရေး ဆန္ဒပြပွဲများ အုန်းအုန်းကျွက်ကျွက် ဆင်နွှဲခဲ့ပြီး၊ ထောက်ခံပွဲများပါ ပြုလုပ်ခဲ့ ကြသည်။

၁၉၆၃ ခုနှစ်၊ ဩဂုတ်လတွင် တော်လှန်ရေးကောင်စီအစိုးရသည် ထင်ရှားသည့် နိုင်ငံရေး ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများကိုလည်း နိုဝင်ဘာလထဲတွင် ရပ်ဆိုင်းလိုက်သည်။ ကျောင်းသားများကလည်း ငြိမ်းချမ်းရေးကို ထောက်ခံသည့် လှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများကို ကျောင်းဝင်းများတွင် လုပ်ဆောင်လာသောကြောင့်၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့က စပြီး ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်နှင့် ပုသိမ်ကောလိပ်တို့ကို အကန့်အသတ်မရှိ ပိတ်ပစ် လိုက်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပ နေစဉ်အတွင်း ထောက်ခံဆန္ဒပြပွဲများမှာ ပါဝင်လှုပ်ရှားခဲ့ကြသည့် အစိုးရအမှုထမ်း အရာထမ်းများ၊ ကျောင်းသားများ၊ နိုင်ငံရေးသမားများ၊ ရဟန်း သံဃာများကို ဖမ်းဆီးခဲ့ပြီး စုစုပေါင်း နိုင်ငံရေးသမား နှင့် တက်ကြွ လှုပ်ရှားသူ စုစုပေါင်း ၁,၂၀၀ လောက်ကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။

၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် "အမျိုးသားစည်းလုံးညီညွတ်မှု ကာကွယ်ရေး ဥပဒေ" ကို ပြဋ္ဌာန်းကာ၊ မဆလ ပါတီမှအပ အခြား နိုင်ငံရေး ပါတီများနှင့် အသင်းအဖွဲ့ အားလုံးကို ဖျက်သိမ်းခိုင်းခဲ့ပြီး အဆိုပါ ပါတီ၊ အသင်းအဖွဲ့ များ၏ ပိုင်ဆိုင်မှုအားလုံးကိုလည်း သိမ်းယူလိုက်ကြသည်။ တပါတီ အာဏာရှင် စနစ် ပီပီပြင်ပြင်

စတင် အသက်သွင်းလိုက်ပြီး မြန်မာပြည်မထဲမှ နိုင်ငံရေး အရ အတိုက်အခံပြု လှုပ်ရှားနေမှုများကို ရပ်တန့် သွားအောင် တော်လှန်ရေးကောင်စီအစိုးရက လုပ်လိုက်ခြင်းလည်း ဖြစ်သည်။

ထို့နောက် မေလထဲတွင် ပြည်သူ လူထု သုံးစွဲနေသော ကျပ် ၁၀၀ တန်နှင့် ကျပ် ၅၀ တန် ငွေစက္ကူများကို တရားမဝင်ကြောင်း ကြေညာပြီး တနိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူလူထု လက်ထဲက ငွေများကို သိမ်းယူလိုက်သည်။ ၁၉၆၉ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ မြန်မာပြည်အနှံ့ ဖမ်းဆီး ထိန်းသိမ်းထားသည့် နိုင်ငံရေးသမားများကို ကိုကိုးကျွန်း ပို့ကာ ဖိနှိပ်မှုများကို စတင်ခဲ့သည်။ ခံယူချက်ပြင်းထန်ခိုင်မြဲသည့် နိုင်ငံရေးအကျဉ်းသားတို့သည် စုပေါင်းပြီး တညီတညာတည်း ရဲဘော် ၈ ယောက် ကျဆုံးခဲ့ရသည့် ၅၃ ရက် အစာငတ်ခံ ဆန္ဒပြပွဲကြီး ဆင်နွှဲပြီး မဆလ၏ ကိုယ့်စရိတ် ကိုယ်ရှာစားပြီး တကျွန်းမှာ ချုပ်နှောင်ထားမည့် "ကိုယ်ထူ ကိုယ်ထ စီမံကိန်း" ကို ရိုက်ချိုး တွန်းလှန် နိုင်ခဲ့ကြသည်။ ၃ နှစ် နီးပါး အကြာတွင် ကိုကိုးကျွန်းစီမံကိန်းကို ဖျက်သိမ်းနိုင်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများကို ပြည်မ ပြန်ပို့ ပေးခဲ့ရသည်။

၁၉၇၀ တွင် မဆလ အမြုတေပါတီကို ပြည်သူ့ပါတီအဖြစ် အသွင်ပြောင်းခဲ့ပြီး ပါတီ စည်းရုံးရေး အနေဖြင့် မူလတန်းကျောင်းသားများကို "တေဇလူငယ်"၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းသားများကို "ရှေ့ဆောင်လူငယ်"၊ တက္ကသိုလ် ကျောင်းသားများကို မဆလ၏ ပင်မ လူငယ် အစည်းအရုံး ဖြစ်သည့် "လမ်းစဉ်လူငယ်" များအဖြစ် စည်းရုံးသိမ်းသွင်းကာ နောင်တချိန်တွင် မဆလ တင်းပြည့် ပါတီဝင် ဖြစ်လာနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ခဲ့ကြသည်။

၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၈ မှ ဇူလိုင် ၁၁ ရက် အထိ ကျင်းပသည့် မဆလ ပါတီ၏ ပထမ အကြိမ် ကွန်ဂရက် (ပါတီညီလာခံ) ကနေ အဖွဲ့ဝင် ၁၅၀ ပါဝင်သည့် ဗဟိုကော်မတီကို ရွေးချယ် ခန့်အပ်ခဲ့ပြီး စစ်တပ်အရာရှိ ၁၁၉ ဦး ပါဝင်လာခဲ့သည်။ ဇူလိုင်လ ၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကို မဆလ ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အဖွဲ့ဝင် ၉၇ ဦး ပါဝင်သည့် "မြန်မာနိုင်ငံ အခြေခံ ဥပဒေသစ် ရေးဆွဲရေး ကော်မရှင်" ကို ဖွဲ့စည်းလိုက်သည်။ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်စန်းယုကို တာဝန်ပေးကာ၊ စစ်တပ်က တပ်မှူးကြီး ၃၄ ဦး ကိုလည်း ပါဝင်စေခဲ့သည်။

မြန်မာသမိုင်းတွင် မဆလ စစ်အုပ်စုကြီးစိုးခဲ့သည့် နှစ်ကာလကို နှစ်ပိုင်းခွဲကြည့်နိုင်ပြီး ပထမကာလ အဖြစ် ၁၉၆၂ – ၁၉၇၄ အထိ တော်လှန်ရေးကောင်စီ စစ်အာဏာသိမ်းကာလနှင့် ၁၉၇၄ – ၁၉၈၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) မှ ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသုံးပြုပြီး အုပ်ချုပ်ခဲ့သည့် ကာလတို့ဖြစ်သည်။ စစ်အာဏာရှင် အစိုးရလက်အောက်တွင် မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးအကျပ်အတည်းများစွာကို ပေါ်ပေါက်ခဲ့ပြီး ပြည်သူလူထုတရပ်လုံးသည် အထွေထွေအကျပ်အတည်းများကြုံကာ ဘက်ပေါင်းစုံ ကနေ ချွတ်ခြုံကျသွားခဲ့ရသည်။

## ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တော်လှန်ရေး ကောင်စီနှင့် မဆလ က ဦးဆောင် ရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းကို အတည်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲ တခု ကျင်းပခဲ့ပြီး ၁၉၇၄ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းကို လူထု ထောက်ခံမဲ ၉၀.၁၉ ရာခိုင်နှုန်းဖြင့် အတည်ပြု လိုက်ကြောင်း တရားဝင် ကြေညာခဲ့သည်။ ဆိုရှယ်လစ် ဒီမိုကရေစီကို အခြေခံသည့် မဆလ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၇၄) အရ မဆလ တပါတီတည်းသာ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ခွင့် ရှိသည်။

အသစ် ရွေးချယ်ပြဋ္ဌာန်းလိုက်သည့် ၁၉၇၄ အခြေခံဥပဒေအရ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄၅၀ ဦး ပါဝင်သည့် ပြည်သူ့ လွှတ်တော် (People's Assembly) ရွေးကောက်ပွဲများကို စတင် ကျင်းပခဲ့ပြီး ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက ပြည်သူ့လွှတ်တော်ကို အာဏာ အပ်နှင်းလိုက်သည်။ ထိုနေ့မှာပင် တော်လှန်ရေး ကောင်စီကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ကြသည်။

မတ်လ ၄ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်က ဦးနေဝင်းကို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခဲ့သည်။ ၁၉၇၄ အခြေခံဥပဒေအရ ကျင်းပ သည့် ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲများ တွင် မဆလ ပါတီဝင်တို့ကသာ ကြီးကြပ်ကြပြီး မဆလပါတီက တင်သွင်းသည့် ကိုယ်စားလှယ် တဦးတည်းသာ ဝင် ရောက်ယှဉ်ပြိုင်ခွင့် ပြုခဲ့ပြီး ပြည်သူလူထုအနေနှင့် တခြား ရွေးချယ်စရာ အခွင့်အလမ်းမရှိသည့် မဲပေးရုံ သက်သက် ဟန်ပြ ရွေးကောက်ပွဲများ ဖြစ်ခဲ့ကြရသည်။

ပြည်သူ့ဆန္ဒကို ပျက်ရယ်ပြု ဖိနှိပ်အုပ်ချုပ် ခဲ့ခြင်း ကြောင့် စစ်အာဏာရှင်အစိုးရနှင့် မဆလ တပါတီ အာဏာရှင်အစိုးရတို့ကို တော်လှန် အန်တုသည့် လှုပ်ရှား မှုများ အဆက်မပြတ် ပေါ်ပေါက်ခဲ့ကြသည်။ ၁၉၆၉ ကျွန်းဆွယ် အရေးအခင်း၊ ၁၉၇၀ ရန်ကုန် တက္ကသိုလ် နှစ် (၅၀) ရွှေရတုသဘင်၊ ၁၉၇၄ မေ – ဇွန် အလုပ်သမား အရေးတော်ပုံ၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့် ဈာပန အရေး တော်ပုံ၊ ၁၉၇၅ ဇွန် ရွှေတိဂုံ အရေးတော်ပုံနှင့် ၁၉၇၆ မတ် မှိုင်းရာပြည့် အရေးတော်ပုံ (ငြိမ်းချမ်းရေး ဖခင် ဆရာကြီး သခင် ကိုယ်တော်မှိုင်း အသက် ရာပြည့် အထိမ်းအမှတ် လှုပ်ရှားမှု) များ ဖြစ်ပွားခဲ့ကြရသည်။ တော်လှန်ရေး ကောင်စီနှင့် မဆလ အာဏာပိုင်တို့သည် ကျောင်းသား လူထု လှုပ်ရှားမှုတို့ကို ကျောင်းများ ပိတ်ခြင်း၊ ပါဝင်သည့် ကျောင်းသားများကို ကျောင်းထုတ်ခြင်း၊ ဖမ်းဆီးထိန်း သိမ်းခြင်း၊ စစ်တပ်ဖြင့် ပစ်ခတ် နှိမ်နင်းခြင်း စသည့် သွေးထွက် သံယို အကြမ်းဖက် ဖြေရှင်းနည်းများဖြင့်ပင် ၎င်းတို့ သက်တမ်း တလျှောက် ဖြေရှင်းခဲ့ကြသည်။

မြန်မာသမိုင်းတွင် မဆလ စစ်အုပ်စု ကြီးစိုးခဲ့ သည့် နှစ်ကာလကို နှစ်ပိုင်းခွဲကြည့်နိုင်ပြီး ပထမ ကာလ အဖြစ် ၁၉၆၂ – ၁၉၇၄ အထိ တော်လှန်ရေး ကောင်စီ စစ် အာဏာသိမ်းကာလနှင့် ၁၉၇၄–၁၉၈၈ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) မှ ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသုံးပြုပြီး အုပ်ချုပ်ခဲ့သည့် ကာလ တို့ဖြစ်သည်။ စစ်အာဏာရှင် အစိုးရ လက်အောက်တွင် မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးအကျပ်အတည်း များစွာကို ပေါ်ပေါက်ခဲ့ပြီး ပြည်သူလူထုတရပ်လုံးသည် အထွေထွေအကျပ် အတည်းများကြုံကာ ဘက်ပေါင်းစုံ ကနေ ချွတ်ခြုံကျသွားခဲ့ရသည်။ ထိုသို့သော အထွေထွေ ကျပ်တည်းမှုများကြောင့် ၁၉၈၈ တွင် လူထုအုံကြွမှုကြီး ဖြစ်ပေါ် လာခဲ့ပြီး ပြည်သူတရပ်လုံးသည် လှည်းနေ လှေအောင်း မြင်းဇောင်း မကျန် ပူးပေါင်းပါဝင်ကာ မဆလ ပါတီကို ဖြုတ်ချနိုင်ခဲ့ကြသည်။

## ၁၉၈၈ (၈၈၈၈ – ရှစ်လေးလုံး) အရေးတော်ပုံ

### ၁၉၈၈ (၈၈၈၈–ရှစ်လေးလုံး) အရေးတော်ပုံ

စစ်အာဏာရှင်အစိုးရဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) လက်အောက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (LDC) အဖြစ်သို့ ပြောင်းလဲသွားခဲ့ရပြီး အဘက်ဘက်တွင် ဆုတ်ယုတ်လာခဲ့ကာ ပြည်သူလူထုတရပ်လုံးသည် အထွေထွေအကျပ်အတည်းများစွာကို ခံစားလာခဲ့ရသည်။ ထိုသို့သော အခက်အခဲများ ရှိနေချိန် ၁၉၈၇ နှစ်လယ်လောက်တွင် မဆလအစိုးရ သည် ၇၅ ကျပ်တန်၊ ၂၅ ကျပ်တန် စသော ငွေစက္ကူများကို တရားမဝင် ငွေစက္ကူများအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်ကြောင့် တိုင်းပြည်၏အခြေအနေသည် ပိုမိုဆင်းရဲ ကျပ်တည်းမှုများ ဖြစ်ပေါ်လာခဲ့ပြီး ပြည်သူလူထု၏ ဘဝသည် ပိုမိုကျပ်တည်းခြင်းသို့ရောက်ရှိခဲ့ကြသည်။ အဆိုပါ အထွေထွေ ကျပ်တည်းမှုများကြားတွင် ရှစ်လေးလုံး အရေးတော်ပုံကြီး စတင်မြစ်ဖျားခံရာ ဖုန်းမော် အရေးအခင်းစတင်ဖြစ်ပွားခဲ့သည်။

၁၉၈၈ ခု၊ မတ်လ ၃ ရက်နေ့တွင် ရန်ကုန် စက်မှုတက္ကသိုလ်၌ ကျောင်းသားလှုပ်ရှားမှု စတင်ဖြစ်ပွားခဲ့သည်။ ရပ်ကွက်တွင်းမှ လူငယ်များနှင့် စက်မှုတက္ကသိုလ်မှ ကျောင်းသားအချို့ အငြင်းပွားမှုဖြစ်စဉ်တွင် သက်ဆိုင်ရာ အာဏာပိုင်များမှ မှန်မှန်ကန်ကန် ဖြေရှင်းမှုမရှိခဲ့ခြင်းမှ စတင်ကာ ကျောင်းသားများ အုံကြွဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ မဆလ အစိုးရသည် ဆန္ဒပြ ကျောင်းသားများကို အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ပြီး စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးခဲ့ရပြီး ဒဏ်ရာရရှိခဲ့သော ကျောင်းသား ကိုစိုးနိုင် ဆေးရုံတွင် ကျဆုံးခဲ့ရသည်။ ထိုအဖြစ်အပျက်များကြောင့် ကျောင်းသားထုသည် မကျေနပ်မှုများ ပိုမိုဖြစ်ထွန်း လာခဲ့ရသည်။

အရေးအခင်းဖြစ်ပွားပြီးနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထိုစဉ်က မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက "နောင်ကို ဆူဆူပူပူ လုပ် မယ်ဆိုမသက်သာဘူးမှတ်"ဟု တိုင်းသူပြည်သားများအား ခြိမ်းခြောက်ပြောဆိုခြင်း၊ ပြည်သူပြည်သားများ၏ အထွေထွေကျပ်တည်းမှုများ ထွက်ပေါက်မဲ့လာခြင်း၊ အစိုးရမှ ပြေလည်အောင်ဖြေရှင်းနိုင်ခြင်းမရှိဘဲ အင်အား သုံးဖြေရှင်းရာတွင် ထိခိုက်သေဆုံးသူကျောင်းသားပြည် သူများ အလွန်အမင်း များပြားလာခြင်း၊ လူမဆန်စွာ ရက် စက်နှိမ်နင်းခြင်းများကြောင့် တစ်ပြည်လုံး အုံကြွဆန့်ကျင် မည့်နေ့အဖြစ် ဤနေ့ကိုရွေးချယ်သတ်မှတ်၍ လှည်းနေ လှေအောင်းမြင်းဇောင်းမကျန် တစ်တိုင်းပြည်လုံး ဆန့် ကျင်ဆန္ဒပြခဲ့ကြသောကြောင့် ရှစ်လေးလုံး အရေးတော်ပုံ နေ့ဟူ၍ မှတ်တမ်းတင်ခဲ့ရခြင်းဖြစ်သည်။ ၈၈၈၈ အရေး အခင်းမှာ ရန်ကုန်မြို့တွင် ကျောင်းသားများက ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် နေ့တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ကန့်ကွက်ဆန္ဒပြပွဲများသည် တစ်နိုင်ငံလုံးသို့ ပြန့်နှံ့သွား ခဲ့သည်။ သိန်းပေါင်းများစွာသော ရဟန်းသံဃာများ၊ ကလေးငယ်များ၊ တက္ကသိုလ်ကျောင်းသားများ၊ အိမ်ရှင်မ များနှင့် ဆရာဝန်များသည် အစိုးရကို ဆန့်ကျင်ဆန္ဒပြ ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နေ့တွင် စစ်တပ်မှ အာဏာသိမ်းကြောင်း ကြေညာခဲ့ပြီး သပိတ် အင်အားစုအားလုံးကို အပြင်းအထန် ဖိနှိပ် ချေမှုန်းခဲ့ကြ သည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့– နဝတ (State Law and Order Restoration Council – SLORC) ကို စစ်တပ်မှ ဖွဲ့စည်းခဲ့ကြသည်။ စစ်တပ် အာဏာသိမ်းမှုကြောင့် ကျောင်းသားအများစုသည် ထိုင်း –မြန်မာ နယ်စပ်၊ တရုတ် –မြန်မာနယ်စပ်ရှိ တိုင်းရင်းသား လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးနယ်မြေများသို့ တိမ်းရှောင်သွားခဲ့ရပြီး လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားခဲ့ကြသည်။




၁၉၈၈ (၈၈၈၈–ရှစ်လေးလုံး) အရေးတော်ပုံ မှတ်တမ်းတခု

ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးကြောင့် မဆလ (ဝါ) တပါတီအာဏာရှင်စနစ် ကျဆုံးသွားခဲ့ရပြီး ကျောင်းသားပြည်သူလူထုတောင်းဆိုမှုဖြစ်သော ပါတီစုံ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးရန် ဆိုသည့် တောင်းဆိုချက်ကို အာဏာသိမ်းစစ်တပ်သည် လက်ခံလိုက်ရသည်။ ပါတီစုံ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်၊ နိုင်ငံရေးပါတီများ တည်ထောင်နိုင်သည်ဟု တရားဝင်ကြေညာခဲ့ရသည်။

၎င်းအကျပ်အတည်းကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးလောကသို့ စတင် ဝင်ရောက်လာခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ (NLD)ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ စစ်အစိုးရက စီစဉ်ဆောင်ရွက်သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် သူမ၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။ သို့သော် စစ်အစိုးရသည် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန် ငြင်းဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တွင် အကျယ်ချုပ် ချထားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင်များနှင့် ပါတီဝင်များကိုလည်း ဖမ်းဆီးထောင်ချခြင်း၊ သတ်ဖြတ် ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ရှစ်လေးလုံးတော်လှန်ရေးအရှိန်သည် တတိုင်းပြည်လုံးရှိ ပြည်သူလူထုတရပ်လုံးကို စစ်အာဏာရှင် ဆန့်ကျင်ရေး စိတ်ဓာတ်များကို နိုးကြားလာစေခဲ့ပြီး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တတိုင်းပြည်လုံး ပါဝင်ခဲ့ကြသော အရေးတော်ပုံဖြစ်ခဲ့သည်။ နှစ်ပေါင်း ၃၀ နီးပါး တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော တပါတီ အာဏာရှင်စနစ်သည်လည်း ရှစ်လေးလုံးအရေးတော်ပုံကြီးကြောင့်ကျဆုံးသွားခဲ့ရသည်။

## ၁၉၉၆ – ၉၈ ကျောင်းသားလှုပ်ရှားမှု

ရှစ်လေးလုံးအရေးတော်ပုံကြီး အပြီးကာလများတွင်လည်း စစ်အာဏာရှင်စနစ်တိုက်ပွဲများ ပုံစံမျိုးစုံဖြင့် ဆက်လက်တည်ရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရခြင်းခံခဲ့ရပြီး စစ်အစိုးရက ဆုသွားယူခွင့် မပေးဘဲ တားဆီးပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နော်ဝေနိုင်ငံသို့ ဆုသွားရောက်ယူပါက နိုင်ငံအတွင်းသို့ ပြန်လည် ဝင်ရောက်ခွင့်ကို စစ်အစိုးရမှ ပိတ်ပင် တားဆီးမည် ဆိုသော သဘောထားများကြောင့် ကျောင်းသားများက စစ်အစိုးရကို ဆန့်ကျင်သော ဆန္ဒပြလှုပ်ရှားမှုများရှိခဲ့ပြီး နိုဘယ်ဆုအရေးအခင်း ဖြစ်ပွားခဲ့သည်။ ထို့ပြင် ၁၉၉၆ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စက်မှုတက္ကသိုလ် ကျောင်းသားများကို ဖမ်းဆီး ရိုက်နှက်မှုများကြောင့် ကျောင်းသားလှုပ်ရှားမှုပေါ်ပေါက်ခဲ့သည်။ ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျောင်းသားများ စုရုံးခဲ့ပြီး ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံတွင် ထိုင်သပိတ်ဆင်နွှဲခဲ့ကြကာ မတရားမှုဆန့်ကျင်ကြ၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ မတရားတဲ့ အစိုးရ အလိုမရှိ စသဖြင့် ကြွေးကြော် တောင်းဆိုခဲ့ကြသည်။ ထိုလှုပ်ရှားမှုများသည် ရှစ်လေးလုံး အရေးတော်ပုံ စိတ်ဓာတ်ကို ဆက်လက်ကိုင်စွဲပြီး စစ် အာဏာရှင်စနစ်ကို ဆက်လက်တိုက်ထုတ်ရန်ကြိုးပမ်းခဲ့ကြသော နိုင်ငံရေး လှုပ်ရှားမှုများလည်းဖြစ်သည်။

## ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး

ရွှေဝါရောင်တော်လှန်ရေးသည် ၂၀၀၇ ခုနှစ် ဩဂုတ်၊စက်တင်ဘာ၊အောက်တိုဘာလများတွင် ဖြစ်ပေါ်ခဲ့သော အစိုးရဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုဖြစ်ရပ်များဖြစ်သည်။ ကန့်ကွက်ဆန္ဒပြမှုများ ရုတ်တရက် ဖြစ်ပေါ်လာရခြင်း အဓိကအကြောင်းရင်းမှာ စစ်အာဏာရှင်အစိုးရဖြစ်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်



၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး မှတ်တမ်းတခု

ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ၏ ထုတ်ပြန် ကြေညာခြင်း မရှိသော ဆုံးဖြတ်ချက်ဖြစ်သည့် လောင်စာဆီ ထောက်ပံ့ ထုတ်ပေးခြင်းအား ရပ်ဆိုင်းလိုက်ခြင်းဖြစ်ပြီး ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းကို ၆၆ ရာခိုင်နှုန်းအထိ ရုတ်တရက် တိုးမြှင့်စေခဲ့ပြီး ဘတ်စ်ကားများအတွက် သဘာဝ ဓာတ်ငွေ့ဈေးနှုန်းသည် ရက်သတ္တပတ် မပြည့်မီ ငါးဆ မြှင့်တက်စေခဲ့ခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။.

ကန့်ကွက်ဆန္ဒပြမှုများကို အမျိုးသမီးများ အပါ အဝင် အတိုက်အခံနိုင်ငံရေးလှုပ်ရှားသူများ၊ ကျောင်းသား များနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဦးဆောင်ခဲ့ကြပြီး အကြမ်းမဖက်သော လှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့ကြ ခြင်းဖြစ်သည်။ ကန့်ကွက်ဆန္ဒပြ မှုများသည် အစပိုင်းတွင် စစ်အာဏာရှင်အစိုးရမှ အလျင်အမြန်နှင့် ရက်စက် ကြမ်း တမ်းစွာ ကိုင်တွယ် ဖြေရှင်းခဲ့ပြီးနောက် ဒါဇင်ပေါင်းများစွာ သော ကန့်ကွက်ဆန္ဒပြသူများ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရ သည်။ စက်တင်ဘာ ၁၈ ရက်နေ့မှ စတင်၍ ကန့်ကွက် ဆန္ဒပြမှုများကို ထောင်ပေါင်းများစွာသော ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များမှ ဦးဆောင်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက်နေ့တွင်အစိုးရ၏ ထပ်မံ ဖြိုခွင်းခြင်းကို မခံရမီ အချိန် အထိ ကန့်ကွက်ဆန္ဒပြမှုများ တတိုင်းပြည်လုံးနီးပါးတွင် ဖြစ်ပွားခဲ့သည်။ စစ်အာဏာရှင်များသည် ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြသော ဘုန်းတော်ကြီးများအပါအဝင် ကျောင်းသားပြည်သူတရပ်လုံးကို ရက်စက်စွာ ပစ်ခတ် နှိမ်နှင်းခြင်းများ ပြုလုပ်ခဲ့ပြီး အများအပြားလည်း ဖမ်းဆီး ခြင်းခံခဲ့ရသည်။

ရွှေဝါရောင်တော်လှန်ရေးကို ထောက်ခံသည့် လှုပ်ရှားမှုများသည်လည်း နိုင်ငံတကာတွင် ပေါ်ပေါက် လာခဲ့ပြီး စစ်အာဏာရှင်များအတွက် ကြီးမားသော အခက်အခဲများကို ရင်ဆိုင်လာခဲ့ရသည်။ အမေရိကန်နှင့် အီးယူနိုင်ငံများမှ စစ်အစိုးရအပေါ် အရေးယူမှုများ ပြု လုပ်ခဲ့ကြပြီး ဒီမိုကရေစီရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်း လဲရေးများ ပြုလုပ်ရန် ဖိအားပေးတိုက်တွန်းမှုများရှိလာခဲ့ သည်။ ရွှေဝါရောင် တော်လှန်ရေးကြောင့် စစ်အစိုးရသည် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ရပြီး နိုင်ငံရေး ပြောင်းလဲမှုများကို ပြုလုပ်ပေးခဲ့ရသည်။

## ၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲ အလွန်ကာလ

### ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၉၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ဗိုလ်ချုပ်စောမောင်ထံမှ ဗိုလ်ချုပ်သန်းရွှေက အာဏာလွှဲယူခဲ့ပြီးနောက် အခြေခံဥပဒေတရပ်ကို ရေးဆွဲရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံကို ခေါ်ယူကျင်းပခဲ့သည်။ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက် တွင် နဝတကို ဖျက်သိမ်းကာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အမျိုးသားညီလာခံ စတင်ကျင်းပချိန်မှ ၁၄ နှစ် အကြာ ၂၀၀၈ ခုနှစ်တွင် ညီလာခံကို ကျင်းပပြီးစီးခဲ့ပြီး အခြေခံဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့သည်။ ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နှင့် ၂၄ ရက် များတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ထို ဆန္ဒခံယူပွဲမတိုင်မီ မြန်မာနိုင်ငံအတွင်းသို့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့၍ လူပေါင်း သိန်းချီသေဆုံးပြီး ဆိုးရွားစွာ ပျက်စီးမှုများ ရှိခဲ့သော်လည်း စစ်ခေါင်းဆောင်များသည် မဲပေးပွဲကျင်းပခဲ့ကြသည်။ ထိုသို့သော အဖြစ်အပျက်များကြောင့်၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု ထောက်ခံမှုကို မရရှိသော စစ်အာဏာရှင်များရေးဆွဲ၍ တဖက်သတ် အတည်ပြုထားသော အခြေခံဥပဒေ အဖြစ် သမိုင်းတွင်သွားခဲ့သည်။

၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအရဟုဆိုကာ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO) များအား စစ်တပ်လက်အောက်ခံ ပြည်သူ့စစ်အဖွဲ့ ဖြစ်စေ၊ နယ်ခြားစောင့်တပ် (BGF) ဖြစ်စေ ပြောင်းလဲ ဖွဲ့စည်းရန် ၂၀၀၉ ခုနှစ်တွင် နအဖက ဖိအားပေးခဲ့သည်။ တချို့သော ERO များသည် ပြည်သူ့စစ်အသွင်၊ BGF အသွင်ပြောင်းလဲခဲ့ကြ သော်လည်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကဲ့သို့ သော ERO

တို့က စစ်တပ်၏ ဖိအားပေးမှုကို ငြင်းဆန်ခဲ့သဖြင့် စစ်ရေး အရ တင်းမာမှုများ ရှိလာခဲ့သည်။

## ၂၀၁၀ ရွေးကောက်ပွဲနှင့် အစိုးရသစ်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး စစ်ဗိုလ်ချုပ် ဟောင်းလည်းဖြစ်၊ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သူ ဦးသိန်းစိန်နှင့် စစ်ယူနီဖောင်းချွတ်များဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲအပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်တွင်မှ NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နအဖက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ခေါ်ယူခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ဦးသိန်းစိန် ဦးဆောင်သည့် စစ်ယူနီဖောင်းချွတ်များ ဦးဆောင်သော အစိုးရအဖွဲ့ကိုဖွဲ့စည်းသည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၁ ထုတ်ပြန်ကာ ငြိမ်းချမ်း ရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့ပြီး ဒေါ်အောင် ဆန်းစုကြည်၏ NLD ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရာနှုန်းပြည့်နီးပါး အနိုင်ရရှိကာ လွှတ်တော်များအတွင်း NLD အမတ် ၄၀ ကျော် ရောက်ရှိသွားခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ERO (၈) ဖွဲ့နှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်အကြား တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက် တွင် ပြည်ထောင်စုလွှတ်တော်အတွင်း ၎င်း လက်မှတ်ရေး ထိုးခြင်းအား ထပ်မံအတည်ပြုခဲ့သည်။

## ၂၀၁၅ ရွေးကောက်ပွဲနှင့် NLD အစိုးရ

NCA အရ ဖြစ်ပေါ်လာသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက် တွင် ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော NLD ပါတီဦးဆောင်သည့် သမ္မတ ဦးထင်ကျော်၏ အစိုးရ အဖွဲ့ကို အာဏာလွှဲအပ်ပေးခဲ့သည်။ သမ္မတ ဦးထင်ကျော် အစိုးရလက်ထက်၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၁ ရာစုပင်လုံ အစည်းအဝေးအဖြစ် နာမည် ထပ်ပေါင်းကာ ကျင်းပခဲ့သည်။ ပထမအကြိမ် ၂၁ ရာစု ပင်လုံ အစည်း အဝေးတွင် NCA လက်မှတ်မရေးထိုးရသေးသော ERO များမှ ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ပြီး မိန့်ခွန်း များ ပြောကြားခဲ့သည်ကို ရုပ်မြင်သံကြားမှ တဆင့် ထုတ်လွှင့်ပြသခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန် ပြည်သစ်ပါတီ (NMSP)၊ လားဟူဒီမိုကရက်တစ် အစည်း အရုံး (LDU) တို့နှင့် အစိုးရ၊ တပ်မတော်၊ လွှတ်တော် အကြား NCA လက်မှတ် ရေးထိုးခဲ့သည်။ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်တွင် နိုင်ငံတော် သမ္မတဦးထင်ကျော် တာဝန်မှ အနားယူခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းမြင့်က နိုင်ငံတော်သမ္မတ ဖြစ်လာသည်။ NLD ဦးဆောင်သော အစိုးရသက်တမ်း (၅) နှစ်အတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ – ၂၁ ရာစုပင်လုံ အစည်းအဝေး (၄)ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၃) ခုနှင့်အတူ သဘော တူညီမှု အချက်ပေါင်း ၇၁ ချက် ရရှိခဲ့သည်။ အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ်များအား ပြည်ထောင်စု လွှတ်တော်တွင် အတည်ပြုခဲ့ပါသည်။

## ၂၀၂၀ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ကာလ

### ၂၀၂၁ စစ်ကောင်စီက အာဏာသိမ်းခြင်းနှင့် မြို့ပြ အကြမ်းမဖက် အာဏာဖီဆန်မှုများ

၂၀၂၀၊ နိုဝင်ဘာ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) က မဲ မသမာမှုများပြုလုပ်သည် ဆိုသော အကြောင်းပြချက်ဖြင့် ၂၀၂၁၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းယူခဲ့သည်။ ပြည်သူလူထုသည် အာဏာသိမ်းမှုကို လက်မခံကြောင်း ပြသသည့်အနေဖြင့် နေ့စဉ် ည (၈) နာရီမှစ၍ (၁၅) မိနစ်ကြာ သံပုံးတီးကာ ၎င်းတို့၏ ဆန္ဒကို စတင်ထုတ်ဖော်ပြသခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများသည်လည်း အာဏာသိမ်း စစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ခြင်း မပြုရန်အတွက် အကြမ်းမဖက်အာဏာ ဖီဆန်ခြင်း Civil Disobedience Movement (CDM) လုပ်ဆောင်ကာ အာဏာသိမ်းမှုကို တုံ့ပြန်ခဲ့ကြသည်။

သို့သော် အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူလူထု၏ ဆန္ဒထုတ်ဖော်မှုများကို လျစ်လျူရှုကာ ၎င်းတို့ အာဏာချုပ်ကိုင်နိုင်ရေးကိုသာ ဆက်လက်လုပ်ဆောင်နေသောကြောင့် ဖေဖော်ဝါရီ ၆ ရက်နေ့မှ စ၍ မန္တလေးမြို့တွင် ဒေါက်တာ တေဇာဆန်း ဦးဆောင်သော ပြည်သူများက လမ်းမပေါ်ထွက်လာကာ အကြမ်းမဖက်သော နည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများပြုလုပ်ခဲ့ကြသည်။ ထိုဆန္ဒပြမှုများသည် အချိန်တိုအတွင်း မြန်မာနိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့သွားခဲ့ပြီးနောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများမှ စစ်အာဏာရှင်ကို တွန်းလှန်သော လူထုတော်လှန်ရေးအသွင်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုတော်လှန်ရေးကို **“နွေဦး တော်လှန်ရေး”** ဟု ပြည်သူလူထုက အမည်ပေးခဲ့ကြသည်။




နွေဦးတော်လှန်ရေးကာလတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုအပေါ် စစ်တပ်၏ လက်နက်ဖြင့် အကြမ်းဖက်နှိမ်နင်းမှု မှတ်တမ်းတခု

စစ်တပ်က အာဏာသိမ်းလိုက်ခြင်းသည် လူငယ်များ၏ နိုင်ငံရေးခံယူချက်ကို ခံစားမှုများနှင့်အတူ ပြင်းထန်စွာအပြောင်းအလဲဖြစ်စေခဲ့သည်။ နိုင်ငံရေးကို စိတ်ပါဝင်စားမှုနည်းပါးသော၊ မိုဘိုင်းဂိမ်း ဆော့ရင်း၊ ကျောင်းတက်ရင်း ဘဝကို ပေါ့ပေါ့ ပါးပါး ဖြတ်သန်းနေကြသည့် လူငယ်များသည် အာဏာသိမ်းပြီးနောက် သူတို့၏ လွတ်လပ်ခွင့်များကို ပြန်လည်ရရှိရန်နှင့် ရွေးကောက်ပွဲတွင် ၎င်းတို့ ရွေးချယ်ခဲ့သော အစိုးရကို ပြန်လည်ရရန်အတွက် လမ်းပေါ်သို့ အံ့နှင့်ကျင်းနှင့် ထွက်လာခဲ့ကြသည်။ ထိုလူငယ်များကို Generation Z (သို့မဟုတ်) Gen Z ဟု ပြည်သူများက အတိုခေါ်ကြသည်။

ဘာသာပေါင်းစုံနှင့် လူမျိုးပေါင်းစုံ ရောယှက်နေသည့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်အမြစ်ပြတ် ရေးသာဘုံရည်မှန်းချက်အဖြစ် လူငယ်များကြား လက်ခံလိုက်ကြပြီးနောက် စုံလင်ကွဲပြားသော ဘာသာ၊ လူမျိုးများသည်လည်း ခိုင်ခိုင်မာမာ လက်တွဲနိုင်ခဲ့ကြသည်။ စစ်တပ်သည် သူတို့၏ အစဉ်အဆက် ကိုင်စွဲခဲ့သော လက်နက်ဖြစ်သည့် ဘာသာရေးနှင့် လူမျိုးရေး သွေးခွဲမှုများ၊ မှိုင်းတိုက်မှုများကို တော်လှန်ရေး အစောပိုင်းကာလများတွင် သုံးစွဲခဲ့သေးသော်လည်းထိုအရာများသည် ခေတ်သစ်လူငယ် (Gen Z) များကြား တိုးမပေါက်နိုင်တော့ဘဲ ပိုမိုစည်းရုံးမှုကိုသာ ဖြစ်စေခဲ့သည်။ သို့ရာတွင် စစ်တပ်သည် သူတို့၏ အာဏာတည်မြဲရေးအတွက် ဘာသာရေးခေါင်းဆောင်များကို ပစ်မှတ်ထား စည်းရုံးမှုများကို အရင်ထက်ပိုမို၍ ထင်ထင်ပေါ်ပေါ် လုပ်ဆောင်လာကြသည်ကိုတွေ့ရသည်။

## ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်တပ်သည် နိုင်ငံတော် အာဏာကို သိမ်းယူခဲ့ပြီး နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် နိုင်ငံရေးခေါင်းဆောင် အချို့ကို ဖမ်းဆီးခဲ့သည်။ ထိုအချိန်တွင်

လွှတ်တော်တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသော ရွေးကောက်ခံ ကိုယ်စားလှယ် အယောက် ၄၀၀ ခန့်ကို နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာ၌ အကျယ်ချုပ်ချခဲ့သည်။ ဆိုရှယ်မီဒီယာအသုံးပြုသူများသည် ထိုကိုယ်စားလှယ်များကို ရိပ်သာအတွင်း၌သာ လွှတ်တော်အစည်းအဝေးစတင်ရန် ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ တပ်မတော်သည် ထိုကိုယ်စားလှယ်များအား ၂၄ နာရီအတွင်း စည်ပင်ဧည့်ရိပ်သာမှ ထွက်ခွာရန် အမိန့်ပေးခဲ့သည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် NLD လွှတ်တော်အမတ်အယောက် ၇၀ တို့သည် စစ်အစိုးရကို ဆန့်ကျင်သောအားဖြင့် လွှတ်တော် အစည်းအဝေး စတင်သကဲ့သို့ သစ္စာဆိုကတိပြုခဲ့ကြသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ် ၃၀၀ ကျော်ပါဝင်သည့် အွန်လိုင်းဇွန်းမ် (Zoom Meeting) အစည်းအဝေးကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw, CRPH) ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဥပဒေကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်နေ့အထိ နောက်ထပ် ၅ နှစ်သက်တမ်းတိုးခဲ့ပြီး၊ဆန္ဒပြမှုများအား စစ်အစိုးရက ဖြိုခွင်းမှုများနှင့် ပတ်သက်၍ အကြမ်းဖက်မဖြိုခွင်းရန် ထုတ်ပြန်ခဲ့ကာ ဝန်ထမ်းများ၏ အာဏာဖီဆန်ရေး လှုပ်ရှားမှုများကို ထောက်ခံခဲ့သည်။ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် တအောင်း (ပလောင်) အမျိုးသားပါတီနှင့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီတို့မှ ကိုယ်စားလှယ်နှစ်ဦးကို ကော်မတီဝင်များအဖြစ် ထပ်မံပေါင်းထည့်ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ၂၀၂၁ ခုနှစ် မတ်လ ၃၁ရက်က ကြေညာခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) က ဧပြီလ ၁၆ ရက်နေ့တွင် ကြေညာချက်အမှတ် ၂၃/၂၀၂၁ ကို ထုတ်ပြန်၍ အတည်ပြု ဖွဲ့စည်းလိုက်သော ကြားကာလ ညီညွတ်ရေး အစိုးရဖြစ်သည်။ အစိုးရအဖွဲ့တွင် ၂၀၂၀ ရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအစုအဖွဲ့ ကိုယ်စားလှယ်များ၊ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြပွဲများမှ ထင်ရှားသူများ ပါဝင်သည်။

နိုင်ငံတကာအနေဖြင့် ၎င်းတို့အား မြန်မာ နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုကြရန် NUG က တောင်းဆိုထားခဲ့ကြပြီး အောက်တိုဘာလ ၅ ရက်တွင် ပြင်သစ်နိုင်ငံ အထက်လွှတ်တော်က အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။အောက်တိုဘာ ၇ ရက်တွင်လည်း ဥရောပ ပါလီမန်က အမျိုးသားညီညွတ်ရေးအစိုးရနှင့်ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီကို မြန်မာနိုင်ငံ၏ တခုတည်းသော တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ရုပ်သံလိုင်းအဖြစ် ပြည်သူ့အသံ ရုပ်သံလိုင်း (Public Voice TV–PVTV) ကိုလည်း ထုတ်လွှင့်ခဲ့ပြီး၂၀၂၁ မေလ ၅ ရက်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းလိုက်ကြောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်မှ စတင်ပြီး နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ က ကြေညာခဲ့သည်။ တရားမဝင် စစ်အုပ်ချုပ်ရေး ယန္တရားတခုလုံးကို အပြီးတိုင် ဖျက်သိမ်းရန်လိုအပ်လာသော အခြေအနေအရပ်ရပ်ကြောင့် ပြည်ထောင်စု

မြန်မာနိုင်ငံတော်တဝန်းလုံးအား အရေးပေါ် အခြေအနေအဖြစ် စက်တင်ဘာလ ၇ ရက်နေ့မှ ပြည်သူ့ အုပ်ချုပ်ရေးအာဏာ ပြန်လည်ထူထောင်နိုင်သည့် အချိန်အထိ သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ထို့အပြင် စက်တင်ဘာလ ၇ ရက်နေ့မှစတင်ကာ ရက်အကန့်အသတ်မရှိ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်းနှင့် အလုပ်ဆင်းရန် မလိုအပ်ကြောင်း NUG ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းကလည်းထုတ်ပြန်ကြေညာခဲ့သည်။အမျိုးသားညီညွတ်ရေးအစိုးရက ပြည်သူ့ခုခံတွန်းလှန်စစ်စတင်ကြောင်းကြေညာပြီးသည်နှင့် တပြိုင်နက် မြန်မာနိုင်ငံတဝန်းစစ်ရေးလှုပ်ရှားမှုများ အရှိန်အဟုန် မြင့်မားလာသည်။

## စစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွင်းမှုများ

စစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ဒုတိယအပတ်မှ စတင်ကာ ဆန္ဒပြစစ်ကြောင်းများကို အကြမ်းဖက်ဖြိုခွင်းရန်အတွက် တဆင့်ချင်း ကြိုးစားလာခဲ့သည်။ ပထမအစောပိုင်းတွင် အသံဗုံးများ၊ မျက်ရည်ယိုဗုံးများနှင့် ရာဘာကျည်သေနတ်များကို အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် မည်သည့် ဆန္ဒပြစစ်ကြောင်းကိုမဆို ကျည်အစစ်များအသုံးပြုဖြိုခွင်းခဲ့သည်။ ကျည်အစစ်သုံးဖြိုခွင်းမှုများတွင် လက်ဖြောင့်တပ်သားများကို အသုံးပြုကာ ဆန္ဒပြသူများ၏ ဦးခေါင်းကို အသေချာချိန်ရွယ်၍ ပစ်ခတ်သတ်ဖြတ်မှုများပြုလုပ်ခဲ့ပြီး ထိုအဖြစ်အပျက်မှာ စစ်တပ်၏ ပြည်သူလူထုအပေါ် ရက်စက်မှုများ၏ ပြယုဂ်များပင်ဖြစ်သည်။


စစ်တပ်၏ အကြမ်းဖက်ဖြိုခွင်းခဲ့မှုများထဲတွင် သေဆုံးမှု အများဆုံးရှိခဲ့သော ဖြိုခွင်းမှုများထဲမှာ မတ်လ ၁၄ ရက်နေ့လှိုင်သာယာအကြမ်းဖက်ဖြိုခွင်းမှုတွင် (၅၈) ဦးခန့်၊ မတ်လ ၂၇ ရက်နေ့ မန္တလေး အကြမ်းဖက်ဖြိုခွင်းမှုတွင် (၅၀) ဦးခန့်၊ မတ်လ ၂၉ ရက်နေ့ တောင်ဒဂုံအကြမ်းဖက်ဖြိုခွင်းမှုတွင် (၁၇) ဦးခန့်နှင့် ဧပြီလ ၉ ရက်နေ့ ပဲခူးအကြမ်းဖက် ဖြိုခွင်းမှုတွင် (၈၂) ဦးခန့်အထိ လက်နက်မဲ့ဆန္ဒပြ ပြည်သူလူထုကို ရက်စက်စွာ အကြမ်းဖက်ဖြိုခွင်းခဲ့သည်။

## ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ

ထိုအကြမ်းဖက်မှုများ ဖြစ်ပေါ်ပြီးသည့် နောက်တွင် လူငယ်များသည် မြို့ပြများကို စွန့်ခွာကာ တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသော နယ်မြေများတွင် စစ်သင်တန်းများ တက်ရောက်ခဲ့ကြပြီး လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းကို ရွေးချယ်ခဲ့ကြသည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဒေသအသီးသီးတွင် တည်ထောင်ခဲ့ကြပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းဖြင့် စစ်တပ်ကို ပြန်လည်ခုခံစစ်အသွင်ဖြင့် ရင်ဆိုင် တိုက်ခိုက်ခဲ့ကြသည်။

## စစ်ကောင်စီ၏ စစ်ကြောင်းထိုးခြင်းများ


ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်နီ ပြည်နယ် (ကယားပြည်နယ်)၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အရှေ့ခြမ်း)၊ တနင်္သာရီတိုင်းတို့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်တို့ကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်များသည်ပြည်သူလူထုနေထိုင်သော ကျေးရွာရပ်ကွက်များကို စစ်ကြောင်းထိုးခြင်းများ ပြုလုပ်ပြီး ပြည်သူလူထုပိုင်ဆိုင်သော အိုးအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ၊ အပြစ်မဲ့ ပြည်သူလူထုနှင့် ကလေးငယ်များကိုပါ မကျန် ဖမ်းဆီးသတ်ဖြတ်ခြင်းများ စသည့် စစ်ရာဇဝတ်မှုများကို ပေါ်ပေါ်တင်တင် ကျူးလွန်ခဲ့ကြသည်။


ပြန်လည်စုစည်းစစ်ဆေးရမည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကို အရေအတွက် အများဆုံး
သတ်ဖြတ်ခဲ့မှုရှိသည့် နေ့ရက်များ (၂၀၂၁၊ ဖေဖော်ဝါရီလ ၁ မှ ဇူလိုင်လ ၃၁ ရက်နေ့ အထိ)
စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၁၊ ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၃၁)

CASE STUDY-1

# လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြည်လည်ရှာဖွေပေးရမည့် တရားမျှတမှု

အခင်းဖြစ်ပွားခဲ့ရာ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာပြ မြေပုံ




## ဖြစ်ပွားရာဒေသ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊
ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာအုပ်စု

## ဖြစ်ပွားသည့်အချိန်

၂၀၂၂၊ စက်တင်ဘာ ၁၆၊
နေ့လယ် (၁၂) နာရီ ဝန်းကျင်

## နောက်ခံအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းစစ်ကောင်စီက ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များသည် ကျေးရွာများကို အခြေစိုက်ပြီး အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်နေသည်ဟူသော အကြောင်းပြချက်ဖြင့် မြေပြင်စစ်ကြောင်းများသာမက လေတပ်ရဟတ်ယာဉ်များကိုပါ သုံးကာ ဒေသခံ PDF များကို ထိုးစစ်များဆင်နွှဲနေသည်။ စက်တင်ဘာ (၇) ရက်နေ့ လေကြောင်းထိုးစစ်ကြောင့် ကန့်ဘလူမြို့နယ်တွင် ဒေသခံများထွက်ပြေးခဲ့ကြရပြီး လူပေါင်း (၁၀၀) ခန့်လည်း ပိတ်မိနေခဲ့ရသလို စက်တင်ဘာ (၁၅) ရက်နေ့ အချက်အလက်များအရလည်း မုံရွာတမြို့နယ်တည်းတွင်ပင် စစ်ဘေးရှောင် (၁၀၀၀၀) နီးပါးအထိရှိလာခဲ့သည့် အခြေအနေဖြစ်သည်။

## ကျူးလွန်ခံရသူ

လက်ယက်ကုန်းကျေးရွာမှ ကလေးငယ်များနှင့် အရပ်သားများ

## ကျူးလွန်သူ

စစ်ကောင်စီ မြေပြင်တပ်ဖွဲ့ဝင်များ ခလရ (၃၆၈) ၊ မုံရွာလေတပ်စခန်းမှ တပ်ဖွဲ့ဝင်များ (သို့မဟုတ်) မိတ္ထီလာလေတပ်စခန်းမှ တပ်ဖွဲ့ဝင်များ

# လက်ယက်ကုန်းရွာမှ ကလေးငယ်များအတွက် ပြည်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၁)

## ဖြစ်စဉ်အကျဉ်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့ မွန်းလွဲ (၁) နာရီ ဝန်းကျင်တွင် စစ်ကောင်စီတပ်များက ရုရှားနိုင်ငံထုတ် Mi – 35 ရဟတ်ယာဉ်ဖြင့် လက်ယက်ကုန်းရွာထဲသို့ အလစ်အငိုက် ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ရွာထဲတွင် မကြာသေးမီက ဖွင့်လှစ်ထားသော ကျေးရွာ စာသင်ကျောင်းပေါ်သို့ လက်နက်ကြီး (၂) လုံးကျရောက်ပေါက်ကွဲခဲ့ပြီး (၇) နှစ် အရွယ်ကလေး နှစ်ဦးနှင့် (၁၄) နှစ်အရွယ် ကလေးတဦးအပါအဝင် ကလေး (၇) ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။

စစ်ကောင်စီတပ်များသည် တနာရီခန့် ကြာအောင် လေကြောင်းမှ ပစ်ခတ်မှုများ ပြုလုပ်ပြီးနောက် တပြိုင်နက် ရဟတ်ယာဉ်(၂) စင်းပေါ်မှ ခလရ (၃၈၆)၏ အင်အား (၈၀) ကျော် ဆင်းလာပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ရွာထဲသို့ ဝင်ရောက်လာခဲ့သည်။ ထို့နောက် ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်း ဆေးပေးခန်းအနီးရှိ စာသင်ကျောင်းသို့ ဝင်ရောက်ကာသေဆုံးသွားသည့်ကလေးအလောင်းများကိုယူဆောင်ပြီးစာသင်ကြားပေးနေသည့် လုပ်အားပေးဆရာမ (၂) ဦးနှင့် ဒဏ်ရာရထားသည့် ကလေးများအပါအဝင် (၂၁) ယောက်ကိုလည်း ရေဦးမြို့သို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ထိုထဲမှ ဒဏ်ရာပြင်းထန်စွာ ရထားသည့် ကလေး (၂) ဦး မှာ ရေဦးမြို့အရောက်တွင် သေဆုံးသွားခဲ့သည်။

စစ်ကောင်စီ မြေပြင်တပ်များ၏ အလစ်ငိုက်ဝင်ရောက်တိုက်ခိုက်မှုတွင် ကျေးရွာအတွင်း နွားကျောင်းနေသည့် အမျိုးသမီး တဦးအပါအဝင် အမျိုးသား (၂) ဦး သည်လည်း လက်နက်ကြီး ထိမှန်သေဆုံးခဲ့ရပြီး ကင်းစောင့်ပေးနေသည့် လူငယ်(၄)ဦးကိုလည်း ဖမ်းဆီး သတ်ဖြတ်သွားခဲ့သည်။ ထို့နောက် စစ်ကောင်စီတပ်များသည် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ဖြစ်သူ ကိုအောင်စောထွေးကိုလည်း ကလေးငယ်များနှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားကာ ရေဦးသို့ အသွား လမ်းတွင် ထပ်မံ သတ်ဖြတ်ခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ကလေးငယ်များအပြင် အရပ်သား (၇) ဦးမှာလည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။

## လက်ယက်ကုန်းစာသင်ကျောင်းအတွင်းမှ အနိဌာရုံမြင်ကွင်းများ

လက်နက်ကြီးပစ်ခတ်သံများရပ်သွားပြီးနောက် ခြင်းကြားများလွယ်ထားပြီး စစ်ဖိနပ်စီးထားသည့် စစ်သားများ ဘုန်းကြီးကျောင်းအတွင်းသို့ ဝင်လာပြီး စာသင်ကျောင်းအတွင်းမှလူများ အားလုံးထွက်လာရန် အမိန့်ပေးသည်။ ကျောင်းဝင်းအတွင်းမှ ကလေးများသည် ကြောက်လန့်တကြား ထွက်လာခဲ့ကာ တဦးမှာ မျက်လုံးကျွတ် ထွက်ဒဏ်ရာမှသည် လက်များဖွာလန်ကြဲနေသည်အထိ ဒဏ်ရာပြင်းထန်ခဲ့သည်။

စာသင်ကျောင်းမှ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေသည့် ဆရာမ ဒေါ်အေးမြင့်၏ပြောပြချက် အရ ကလေးများသည် အပြင်းအထန်ရရှိထားသော ဒဏ်ရာများ၏ ဝေဒနာများကို စစ်သားများရှေ့တွင် မငိုနိုင်၊ မငိုရဲဘဲ အံကြိတ်ခံခဲ့ရကြောင်း ပြောပြသည်။ ဒဏ်ရာအပြင်းအထန်ရရှိထားသော ကလေးများထဲမှ တဦးဖြစ်သည့် မောင်ဘုန်းတေဇကို မိခင်ဖြစ်သူက ခေါ်ယူရန် တောင်းပန်သည့်အခါ ခေါ်ယူခွင့်ရခဲ့သော်လည်း လက်နှင့် ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံး ဒဏ်ရာရထားသည့် ကလေးငယ်က နာကျင်မှုများကြောင့် သူ့ကို သတ်လိုက်ဖို့ ဆန္ဒတခုတည်းကိုသာ ထပ်ခါထပ်ခါ တောင်းဆိုနေသည်ဟု ဆရာမဒေါ်အေးမြင့်၏ ပြောကြားချက်အရသိရသည်။ ခန္ဓာကိုယ် တခုလုံး ပြာနှမ်းနေသည့် ကလေးငယ်ကို အောက်ဆီဂျင်ပေးကာ ကုသပေးသော်လည်း မအောင်မြင်ဘဲ သေဆုံးခဲ့ရသည်။ သေဆုံးသွားခဲ့သည့် ကလေးငယ်အလောင်းကို မိခင်ဖြစ်သူက ကိုယ်တိုင်သင်္ဂြိုဟ်ခွင့်ပြုဖို့ ပြန်ပေးရန် တောင်းပန်သော်လည်း စစ်သားများကသေမသေအတည်ပြုချက်ရယူရဦးမည်ဟု အကြောင်းပြကာ ငြင်းပယ်ခဲ့သည်။

ထို့နောက် စစ်ကောင်စီတပ်သားများသည် ကျောင်းသူကျောင်းသားများနှင့် ကျောင်းဝင်းအတွင်း ရှိနေသူအားလုံးကို တနေရာတည်းတွင်စုဝေးရန်နှင့် တဖက်သို့ လှည့်နေကြရန် အမိန့်ပေးပြီးနောက် လက်နက်ကြီးပစ်ခတ်မှုကြောင့် တစစီဖြစ်နေသည့် သေဆုံးသွားသော ကလေးငယ်များ၏ ခန္ဓာကိုယ် အပိုင်းအစများကို စစ်သားအချို့က ကောက်ယူပြီး ပီနံအိတ်ဖြင့် ထုတ်ကာ ယူဆောင်သွားခဲ့သည်။





## ဖမ်းဆီးခေါ်ဆောင်ခံလိုက်ရသူများ


စစ်ကောင်စီတပ်များက ကလေးငယ်များအပါအဝင် အရပ်သား (၂၀) ကျော်ကို ရေဦးမြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် စက်တင်ဘာ ၁၇ ရက်နေ့တွင် ရေဦးမြို့နယ် သုသာန်တွင် ကလေးငယ် (၇) ဦး၏ ရုပ်အလောင်းများ အားစစ်ကောင်စီတပ်များက လာရောက်သင်္ဂြိုဟ်သွားသောကြောင့် ဖမ်းဆီးခံကလေးများ၏ မိဘများအတွက် စိုးရိမ်မှု ပိုမို မြင့်တက်လာခဲ့သည်။ ယောကျ်ားလေး (၄) ဦး၊ မိန်းကလေး (၃) ဦးနှင့် ကျား၊ မ မခွဲခြားနိုင်သော ပိန်အိတ်ဖြင့် ထည့်ထားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ထိုနေ့ နံနက် (၆) နာရီတွင် လာရောက်သင်္ဂြိုဟ်သွားကြောင်း ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင် တဦး၏ စကားကို ကိုးကား ၍ မီဒီယာများက ဖော်ပြသည်။

စစ်တပ်သည် ဖမ်းဆီးခေါ်ဆောင်သွားသည့် ကလေး (၁၂) ဦးနှင့် အရပ်သားများထဲမှ မျက်စိဒဏ်ရာပြင်းထန်သည့် ကလေးတဦးကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ကျန်သူများကို ရက်သတ္တ (၂) ပတ် ကြာသည်အထိ မိသားစုဝင်များနှင့် တွေ့ခွင့်မပေးဘဲ ထိန်းသိမ်းထားခဲ့သည်။

## စစ်ကောင်စီအကြောင်းပြသော တိုက်ခိုက်သည့်အကြောင်းအရင်း

လက်ယက်ကုန်းကျေးရွာသို့ ဝင်ရောက်တိုက်ခိုက်သည့် ကိစ္စနှင့်ပတ်သက်၍ စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) နှင့် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ ကျေးရွာအတွင်းရောက်ရှိနေကြောင်း သတင်းပေးချက်အရ ဝင်ရောက်ရှင်းလင်းမှုများ လုပ်ဆောင်ခဲ့ရသည်ဟု ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့သည်။ စစ်ကောင်စီပြောရေးဆိုခွင့်ရှိသူက ကလေးများနှင့် ဒေသခံပြည်သူများရှိနေသော ဘုန်းကြီးကျောင်းဝင်းအတွင်းကို ပစ်ခတ်မှုများလုပ်ဆောင်ခဲ့သည်ဟု ပြောကြားသွားခဲ့သော်လည်း စာသင်ကျောင်းအတွင်းရှိ ကလေးများနှင့် ဒေသခံများ၏ ထိခိုက်သေဆုံးခဲ့သည့် အခြေအနေများကို ထည့်သွင်းပြောကြားသွားခြင်းမရှိပါ။ စစ်ကောင်စီသည် ၎င်းတို့ တိုက်ခိုက်မှုကြောင့် ကလေးငယ်များ သေဆုံးမှုကို ဝန်မခံဘဲ ကလေးငယ် (၂) ဦးသာ ဒဏ်ရာပြင်းထန်ကြောင်း ပြောကြားထားကာ ရက်သတ္တ(၂) ပတ်ကျော်ကာလ အချိန်အထိ ဖမ်းဆီးခေါ်ဆောင်သွားသော ကလေးများနှင့် အရပ်သားပြည်သူတို့၏ ကျန်းမာရေး အခြေအနေအမှန်ကို ဖုံးကွယ်ထားခဲ့သည်။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် လက်ယက်ကုန်းကျေးရွာဖြစ်စဉ်ကို မီဒီယာများမှ ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များကို ပြန်လည်စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခုအဖြစ်အပျက်သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများ ကို ထိုက်သင့်သည့် အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီးလိုအပ်ပါသည်။


စစ်ကောင်စီ၏ လေကြောင်းတိုက်စစ်ဆင်မှုကြောင့် သေဆုံးမှုများ (မေလ - ဇူလိုင်၊ ၂၀၂၂)
၂၀၂၂ မေလမှ ဇူလိုင်လအတွင်း စစ်ကောင်စီက လေကြောင်းအသုံးပြု တိုက်ခိုက်ခြင်းကြောင့် စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စုစုပေါင်း (၂၈) ဦး အသက်သေဆုံးခဲ့ရသည်။ ထိုကိန်းဂဏန်းများတွင် မြေပြင်စစ်ကြောင်းတိုက်ခြင်းကြောင့် သေဆုံးရသူများ၏ အရေအတွက်မပါဝင်ပါ။ ထိုအချက်အလက်များကို မီဒီယာများက တင်ဆက်သော သတင်းများမှ ရယူထားခြင်းဖြစ်သည်။ သေဆုံးခဲ့ရသူများအတွက် တရားမျှတမှုပြန်လည်ရှာဖွေရေးနည်းလမ်းများတွင် ရာဇဝတ်ကောင်များအား ရာဇဝတ်မှုဆိုင်ရာများဖြင့်တရားစွဲဆိုခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ပြီး တိကျခိုင်မာသည့် သက်သေအထောက်အထားများ Concrete Evidence လိုအပ်မည်ဖြစ်ပြီး သေဆုံးသူများနှင့် ပတ်သက်သော အချက်အလက်အမှန်များ ရနိုင်သမျှရရှိစေရန် စုဆောင်းထားရှိရမည်ဖြစ်သည်။
လေကြောင်းတိုက်ခိုက်မှု အမျိုးအစားအလိုက် သေဆုံးသူ ရာခိုင်နှုန်း
လေကြောင်းနှင့် လက်နက်ကြီးများပစ်ခတ်မှု 4%
လေကြောင်းနှင့် စစ်ကြောင်းများ ပူးပေါင်းစစ်ဆင်မှု 32%
လေကြောင်းစစ်ဆင်မှု 64%
ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သေဆုံးသူများ
၂ ဦး
စစ်ကိုင်းတိုင်း
၂၅ ဦး
ချင်းပြည်နယ်
ကရင်ပြည်နယ်
၁ ဦး
(မေလ - ဇူလိုင်၊ ၂၀၂၂)

## အမှန်တရားရှာဖွေဖော်ထုတ်ခြင်းနှင့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း

စစ်ကောင်စီနှင့် ၎င်းတို့၏ တပ်ဖွဲ့ဝင်များသည် စစ်ရေးပစ်မှတ်မဟုတ်သည့် လက်ယက်ကုန်းကျေးရွာရှိ ကလေးငယ်များအပါအဝင် ပညာသင်ကြားနေသည့် စာသင်ကျောင်းကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ စစ်ရာဇဝတ်မှုကို ဆိုးဆိုးဝါးဝါး ကျူးလွန်လိုက်ခြင်းဖြစ်သည်။ ကျူးလွန်သည့် စစ်ကောင်စီတပ်ဖွဲ့ဆိုင်ရာ အချက်အလက်များ၊ ကိုယ်ထိလက်ရောက်ကျူးလွန်သည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ အချက်အလက်များ၊ ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး အမိန့်ပေးစေခိုင်းသည့် အရာရှိများ၏ အချက်အလက်များ၊ သေဆုံးသွားသော ကလေးများ၏ ကိုယ်ရေးအချက်အလက်များ၊ သေဆုံးမှုနှင့် သက်ဆိုင်သော အချက်အလက်များ၊ အခင်းဖြစ်ပွားရာ ကျောင်းဝင်းပတ်ဝန်းကျင်၏ အချက်အလက်များကို စနစ်တကျ စုဆောင်းသိမ်းဆည်းထားရန်မှာ အထူးအရေးကြီးသည်။ ယင်းအချက်အလက်များ အားကောင်းခိုင်မာစေရန်အတွက် များစွာအရေးကြီးသည်။ ထိုဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ဟု ခေါ်ဆိုနိုင်သည်။

လက်ယက်ကုန်းကျေးရွာတွင် စစ်ကောင်စီက ချိုးဖောက်လိုက်သည့် စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ (Truth) ဟုခေါ်သည့် အမှုမှန် အမှန်တရား ပေါ်ပေါက်ရေးသည် ပထမဆုံး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် ဖြစ်သည်။ စစ်ရာဇဝတ်မှု ဖြစ်စဉ်အတွင်း ဖြစ်ပျက်ခဲ့သည်များအား တိကျမှန်ကန်စွာ ရှာဖွေဖော်ထုတ်ခြင်းသည် ခိုင်မာတိကျသော မှတ်တမ်းဖြစ်စေကာ ဝေဝါးပြီး မရေမရာ ဖြစ်နေသည့် အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း ဖြစ်စေပါသည်။ ကျူးလွန်ခဲ့သည့် ဖြစ်စဉ်အား စစ်ရာဇဝတ်မှုအဖြစ် သိရှိနားလည်ခြင်းသည် အလားတူချိုးဖောက်မှုများအား ထပ်မံဖြစ်ပွားခြင်း မရှိစေရန် တားဆီးပေးသကဲ့သို့ တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးအတွက်လည်း အထောက်အကူပေးနိုင်သည့် ပထမဆုံးခြေလှမ်း လည်း ဖြစ်ပါသည်။

သေဆုံးသူများနှင့် သက်ဆိုင်သော အချက်အလက်အမှန်များ ရရှိရန်အတွက် မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ကို အရေးတကြီးဆောင်ရွက်ရမည်ဖြစ်သည်။ မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) တွင် အချက်အလက်များစုဆောင်းခြင်း၊ စုဆောင်းထားသည့် အချက်အလက်များကို စိစစ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ ပါဝင်သည်။ အချက်အလက်များစုဆောင်းရာတွင် အဖြစ်အပျက်များ (Events)၊ ကျူးလွန်ခံရသူများ (Victims) နှင့် ကျူးလွန်သူများ (Perpetrators) စသည့်ဖြင့် သတ်မှတ်ထည့်သွင်းသိမ်းဆည်းခြင်းများ ပါဝင်သည်။ အစိုးရများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် အစုအလိုက် အပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှန်ကန်စွာ မှတ်တမ်းတင်နိုင်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး လုပ်ဆောင်နိုင်ပါသည်။

# ပြည်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၂)

အရပ်ဘက်အဖွဲ့အစည်း (CSO) များအချင်းချင်း ပူးပေါင်း၍လည်း မှတ်တမ်းကောက်ယူခြင်း (Documentation) လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်သည်။ ထိုသို့ စုဆောင်းမှုများ အားကောင်းစေရန်အတွက်နှင့် အထောက်အပံ့ကောင်းများရရှိနိုင်ရေးအတွက် အချက်အလက် စုဆောင်းရေးနှင့် သက်ဆိုင်သော ကော်မတီတခုဖြစ်စေ၊ အဖွဲ့အစည်း တခုဖြစ်စေ သတ်မှတ်ဖွဲ့စည်းပေးဖို့ လိုအပ်သည်။ တောင်အာဖရိကနိုင်ငံတွင် အပါးသိုက် (Apartheid) စနစ်အောက်နှင့် တော်လှန်ရေးကာလအတွင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမှန်တရားနှင့်ပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (Truth and Reconciliation Commission) ကို အာဖရိက အမျိုးသားညီညွတ်ရေးအစိုးရက ဖွဲ့စည်းခဲ့ဖူးသည်။ အဆိုပါ အမှန်တရားနှင့်ပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (Truth and Reconciliation Commission) ကို လူ့အခွင့်အရေးအဖွဲ့များက (Human Rights Documentation Project) အနေဖြင့် ညွန့်ပေါင်းဖွဲ့၍ အချက်အလက်များရှာဖွေပံ့ပိုးခဲ့ဖူးသည်။ မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) သည် နောင်တချိန် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရုံးတင်စစ်ဆေးအပြစ်ပေးခြင်းနှင့် ကျူးလွန်ခံရသူများကို ပြန်လည်ကုစားပေးခြင်းတို့တွင် သက်သေအထောက်အထားများ အဖြစ် အရေးကြီးသော နေရာတွင်ပါဝင်ပါသည်။ ထို့အပြင် ပြည်သူလူထုအနေဖြင့် အချက်အလက်များရယူနိုင်သည့် မော်ကွန်းတိုက်လည်းဖြစ်လာနိုင်သည်။ မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) သည် အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှုရှာဖွေရာတွင် အရေးကြီးသောလုပ်ငန်းစဉ်တခုလည်း ဖြစ်ပါသည်။

မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) နှင့် သတင်းတင်ဆက်ခြင်းသည် ခြားနားသော သဘောတရားရှိသည်။ သတင်းတင်ဆက်ခြင်းသည် ဖြစ်စဉ်(သို့မဟုတ်) ဖြစ်ရပ်တခုတွင် ယခင်က မဖြစ်ဘူးသော၊ ထူးခြားသော၊ လူအများစိတ်ဝင်စားနိုင်သော အကြောင်းအရာများကိုသာ ရွေးချယ်တင်ဆက်သည်။ သို့သော် အချက်အလက်စုဆောင်းခြင်းသည် တိကျသော၊ ခိုင်မာသော သက်သေထောက်ထားများကို စုဆောင်းခြင်းဖြစ်သည်။ ထို့ကြောင့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) သည် အမှန်တရားရှာဖွေဖော်ထုတ်ရာတွင် အရေးကြီးသော လုပ်ငန်းစဉ်တခုဖြစ်ပါသည်။

နွေဦးတော်လှန်ရေးဖြစ်စဉ်တွင် စစ်ကောင်စီက ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်သတ်ဖြတ်မှုများကို မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ကို စနစ်တကျ ပြုလုပ်ထားဖို့ လိုအပ်ပါသည်။ Asia Justice and Rights (AJAR), Network for Human RIghts Documentation – Burma (ND Burma), Assistance Association for Political Prisoners (AAPP) တို့သည် အချက်အလက် စုဆောင်းခြင်းနှင့် ပတ်သက်၍ ကာလရှည်ကြာ လုပ်ဆောင်လာခဲ့သည့် အဖွဲ့အစည်းများဖြစ်ပြီး ယခုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

## တရားမျှတမှု ပြန်လည်ရှာဖွေခြင်း

စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုကျူးလွန်ခြင်း ခံထားရသည့် လက်ယက်ကုန်းရွာမှ ကလေးငယ်များ အတွက် တရားမျှတမှုဖော်ဆောင်ခြင်း၏ နောက်တစ်ဆင့်မှာ ကျူးလွန်ထားသူများကို တရားစွဲဆိုခြင်းဖြစ်သည်။ တရားစွဲဆိုခြင်းများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ နောက်ထပ်အစိတ်အပိုင်း (သို့မဟုတ်) မဏ္ဍိုင်တစ်ခုဖြစ်သည်နှင့်အညီ ၎င်း၏ရည်ရွယ်ချက်များမှာ ပြစ်မှုကျူးလွန်သူများက တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန်၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ရှိစေရန်၊ နှစ်ဦးနှစ်ဖက်ကြား သင့်မြတ်မှုကို ပြန်လည်တည်ဆောက်နိုင်ရန်နှင့် အနာဂတ်တွင် ယင်းသို့သော ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန် စသည့် ရည်ရွယ်ချက်များစွာရှိသည်။ တရားစွဲဆိုခြင်းသည် ပြစ်မှုကျူးလွန်ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကိုအပြစ်ပေးခြင်းအားဖြင့် လည်းကောင်း၊ ကျူးလွန်ခံခဲ့ရသူများကြုံတွေ့ခဲ့ရသည့် ဒုက္ခဆင်းရဲများအား အသိအမှတ်ပြုခြင်းအားဖြင့် လည်းကောင်း၊ ကျူးလွန်ခံရသူများ၏ တရားမျှတမှုအတွက် တောင်းဆိုချက်များအား အရေးယူ ဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။

ထို့အပြင် ကျူးလွန်ခံရသူများအား ပြန်လည်ကုစားပေးရန်နှင့် ဥပဒေပိုင်းဆိုင်ရာတာဝန် ဝတ္တရားများအား ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းပေးခြင်း၊ စုပေါင်း အပြစ်အဖြစ်ခံယူခြင်း (အားလုံး၏ အပြစ်ဖြစ်သည်ဟု သတ်မှတ်ခြင်း) ကို ဆန့်ကျင်ပြီး လူပုဂ္ဂိုလ် တဦးချင်း၏ တာဝန်ရှိမှုကို ဆုံးဖြတ်ပေးခြင်း၊ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် အစဉ်အလာအား တိုက်ဖျက်ပေးခြင်း စသည်ဖြင့် ရည်ရွယ်ချက်များစွာ ရှိပါသည်။

အသားအရောင်ခွဲခြားခြင်းကြောင့် နာမည်ကြီးခဲ့သည့် တောင်အာဖရိကနိုင်ငံတွင် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် (Truth and Reconciliation Commission) ကို နယ်လ်ဆင်မဲန်ဒဲလား၏ ခွင့်ပြုချက်ဖြင့် ဒက်စ်မွန်တူးတူး က ဦးဆောင်ကာ ၁၉၉၆ တွင် ခေ့(ပ်)မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ ထိုကော်မရှင်ဖွဲ့စည်းရန်အတွက် ၁၉၉၄ အထွေထွေရွေးကောက်ပွဲဖြင့် အာဏာရလာခဲ့သည့် မဲန်ဒဲလားအစိုးရက အမျိုးသား ညီညွတ်မှုနှင့် ပြန်လည်သင့်မြတ်မှု မြှင့်တင်ရေးဥပဒေကို ၁၉၉၅ တွင် ဥပဒေအမှတ် (၃၄) အဖြစ်ပြဋ္ဌာန်းခဲ့ပြီး ထိုကော်မရှင်သည် ၁၉၉၆ မှ ၂၀၀၃ ခုနှစ်အထိ ၇ နှစ်သက်တမ်းကြာမြင့်ခဲ့သည်။ ထိုကော်မရှင်၏ ရည်ရွယ်ချက်များမှာ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သက်ဆိုင်သည့် ကျူးလွန်ဖောက်ဖျက်သူများကို မှတ်တမ်းများဖြင့် သက်သေခံထားရှိရန်၊ အချို့ရာဇဝတ်မှုများမှ ကျူးလွန်သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ ရာဇဝတ်မှုများထဲမှ နစ်နာခဲ့သူများကို လျော်ကြေးပေးရန်နှင့် ပြန်လည်ကုစားပေးသည့် လုပ်ငန်းများလုပ်ဆောင်

## ပြည်လည်ရှာဖွေပေးရမည့် တရားမျှတမှု (၃)

ပေးရန် တို့ဖြစ်သည်။ တောင်အာဖရိက၏ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို ကော်မရှင်နာ (၁၇) ဦးဖြင့် ဖွဲ့စည်းထားပြီး အမျိုးသား (၉) ဦးနှင့် အမျိုးသမီး (၈) ဦးတို့ ပါဝင်သည်။ ထိုကော်မရှင်၏ လုပ်ငန်းများကို ကော်မတီ (၃) ခုဖွဲ့စည်း လုပ်ဆောင်သည်။ ထိုကော်မတီများထဲမှ ပထမဆုံး ကော်မတီဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှု စုံစမ်းစစ်ဆေးရေးကော်မတီ (Human Rights Violation Committee) သည် ၁၉၆၀ မှ ၁၉၉၄ ခုနှစ်များအတွင်း တောင်အာဖရိကတွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခဲ့ရာတွင် အမှုပေါင်း (၂၁၀၀၀) ခန့်၏ အချက်အလက်များကို ရယူနိုင်ခဲ့သည်။ ထိုသို့ ကော်မရှင်က စုဆောင်းရရှိထားသော အချက်အလက်များဖြင့် တရားစွဲဆိုခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

လက်ယက်ကုန်းကျေးရွာ အဖြစ်အပျက်တွင် စစ်ကောင်စီတပ်များ၏ လေကြောင်းမှ တိုက်ခိုက်မှုများနှင့် မဆင်မခြင် နယ်မြေရှင်းလင်းခြင်းတို့ကြောင့် ကလေးငယ် (၇) ဦးအပါအဝင် အရပ်သား စုစုပေါင်း (၁၂) ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြရသည်။

ယင်းသို့ကျူးလွန်ခံရသူများ၏ တရားမျှတမှုအတွက် ကျူးလွန်သူများကို နောင်တချိန်တွင် တရားစွဲဆိုကာ ထိုက်သင့်သည့် ပြစ်ဒဏ် ကျခံစေရမည်ဖြစ်သည်။ ထိုသို့ နောင်တချိန်တွင် ပြစ်ဒဏ်များကျခံစေရန်အတွက် ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုသင့်သည့် အမှုများကို ပြည်တွင်းတွင် တရားစွဲဆိုသွားရမည်ဖြစ်သည်။ ပြည်တွင်းတရားရုံးများတွင် တရားစွဲခြင်းခြင်းမပြုလုပ်နိုင်သေးသည့် လက်ရှိအခြေအနေတွင် ပြစ်မှုကျူးလွန်သူများကို International Criminal Court (ICC) ကဲ့သို့သော နိုင်ငံတကာခုံရုံးများသို့ ပို့ဆောင်နိုင်ရန် Independent Investigative Mechanism for Myanmar (IIMM) ကဲ့သို့သော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ အလားတူ နိုင်ငံတကာတရားစွဲဆိုခွင့် အာဏာကိုအသုံးပြုပြီး အခြားပြည်ပနိုင်ငံများတွင်လည်း ကျူးလွန်သူများကို တရားစွဲဆိုခြင်းကို ပြုလုပ်နိုင်သည်။ ယခုကဲ့သို့သော အဖြစ်အပျက်နှင့် အလားတူအဖြစ်အပျက်များ ထပ်မံမဖြစ်ပွားစေရန်လည်း ကျူးလွန်သူများအနေဖြင့် အာမခံချက်များ ထားရှိပေးရန် လိုအပ်သည်။ ထိုမှသာ အကျူးလွန်ခံရသူများသည် ဥပဒေအောက်သို့ စိတ်လုံခြုံစွာဖြင့် နေထိုင်နိုင်ပြီး ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု (Criminal Justice) ကို ရရှိမည်ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း

လက်ယက်ကုန်းကျေးရွာ အဖြစ်အပျက်တွင် စစ်ကောင်စီတပ်များ၏ လေကြောင်းမှ တိုက်ခိုက်မှုများနှင့် မဆင်မခြင် နယ်မြေရှင်းလင်းခြင်းတို့ကြောင့် ကလေးငယ် (၇) ဦးအပါအဝင် အရပ်သား စုစုပေါင်း (၁၂) ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြရသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ယခုကဲ့သို့သော စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းမှာ ကျူးလွန်ခွင့်အာဏာပေးအပ်ထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေများအရဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများအရဖြစ်စေ စစ်တပ်သည် တသီးတခြားတည်းရှိနေသည့် အဖွဲ့အစည်းတခုဖြစ်သည်။ စစ်တပ်သည် စစ်တပ်တွင်းပင်လျှင် တပ်တွင်းဥပဒေများကို စစ်ခေါင်းဆောင်များလိုရာ ထုတ်ပြန်နိုင်သလို စီမံအုပ်ချုပ်မှုများတွင်လည်း အထက်အောက် တာဝန်ရှိသူများသည် စစ်မိန့်ဖြင့် တင်းကြပ်သည့် အမိန့်ပေးမှု ယန္တရားကို တည်ဆောက်ကာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်သည်ကိုတွေ့ရသည်။

လက်ယက်ကုန်းကျေးရွာ အဖြစ်အပျက်ကဲ့သို့သော စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းမျိုး နောင်တချိန်မဖြစ်ရန် ပြုလုပ်ဆောင်ရွက်ရမည့် အရေးကြီးသည့်လုပ်ဆောင်ရန်မှာ စစ်တပ်ကို ပြုပြင်ပြောင်းလဲရန်ဖြစ်သည်။ ခေတ်အဆက်ဆက် စစ်အာဏာရှင်တို့ စစ်တပ်ကို ကိုင်စွဲအုပ်ချုပ်ခဲ့သည့် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေအပါအဝင် လက်ရှိကျင့်သုံးနေသည့် ဥပဒေ ၁၄ ခု လုံးအား ပြန်လည်သုံးသပ် ပြင်ဆင်သင့်သည်။ တပ်မတော်အက်ဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်သည် မည်သို့သောသူကိုမဆို ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ပြီး နိုင်ငံသားမဖြစ်သူကိုပင်လျှင် ကာကွယ်ရေးဦးစီးချုပ် ဖြစ်သူက တပ်မတော်တွင် စစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်သည်အထိ အလွန့်အကျွံ အာဏာပေးထားမှုများသည် စစ်အာဏာရှင်စနစ်ဖြစ်လာစေရန် ဥပဒေအရ တရားဝင်အားပေးထားသကဲ့သို့ဖြစ်နေသလို၊ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သန့်ထားသည့် ဥပဒေများလည်း ပြဋ္ဌာန်းမထားသည်ကိုတွေ့ရသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်တွင် ဆန္ဒရှိသလောက် တာဝန်ထမ်းဆောင်ခြင်းကလည်း နိုင်ငံတော်တွင် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရန်အတွက် တွန်းအားဖြစ်စေသည်။

ထို့ကြောင့် စစ်တပ်ကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် စစ်တပ်တွင်းကျင့်သုံးနေသည့် ဥပဒေ ၁၄ ခု လုံးတွင်မှ စစ်အာဏာရှင်စနစ်ကို အားပေးထားသည့် ဥပဒေပုဒ်မများကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာကာ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း စစ်တပ်ဘက်မှ ကိုယ်စားလှယ်များသာပါဝင်သည့် အစုအဖွဲ့များက ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အရပ်ဘက် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် အစုအဖွဲ့များက ဦးဆောင်မှုပြုကာ ပြုပြောင်းလဲခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ စစ်အာဏာရှင် စနစ်ကို အားပေးထားသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းဆောင်ရွက်ခြင်းနှင့် တပြိုင်နက်တွင် ပြည်သူများကို

အကာအကွယ်ပေးသည့် ဥပဒေများကိုလည်း မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

မျက်မှောက်ကာလ စစ်ကောင်စီက အာဏာသိမ်းယူခဲ့သည့် အချိန်မှစ၍ စစ်ကောင်စီကျူးလွန်နေသော ရာဇဝတ်မှုများကို စစ်ကောင်စီ၏ ခါးပိုက်ဆောင်အဖွဲ့များဖြစ်သည့် စစ်တပ်နှင့် ရဲ အပါအဝင် ပျူစောထီးကဲ့သို့သော လူမိုက်အဖွဲ့များကသာ ကျူးလွန်နေသည်ဟု ထင်ရသော်လည်း အမှန်စင်စစ်တွင် စစ်ကောင်စီ၏ ရာဇဝတ်မှုများကို ဖုံးကွယ်ပေးနေသည့် အရပ်ဘက်မှ ဆရာဝန်များ၊ စစ်ကောင်စီ၏ ဖိနှိပ်ရေးယန္တရားတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှသည် စစ်ကောင်စီကို လာဘ်ပေးလာဘ်ယူပြုလုပ်ကာ ပံ့ပိုးပေးနေကြသည့် စီးပွားရေးသမားများ၏ အခန်းကဏ္ဍများကိုပါ ပြုပြင်ပြောင်းလဲရေးတွင် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်သည်။


စစ်တပ်၏ အုပ်ချုပ်မှုယန္တရားတွင် တင်းတင်းကြပ်ကြပ်ကျင့်သုံးလာခဲ့သော အာဏာရှင်ဆန်ဆန် လုပ်ပိုင်ခွင့်ရှိသူက အမိန့်ပေးစေခိုင်းသည့် စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရေးသည်လည်း ထည့်သွင်းဆောင်ရွက်သင့်သည့် အချက်တခုဖြစ်သည်။ နိုင်ငံတော်တွင် အမိန့်ပေးစေခိုင်းကာ မိမိ၏ လက်အောက်ငယ်သားကို တာဝန်ပေးခြင်းကို စစ်တပ်တွင်းတွင် သာမက စစ်တပ်မှ ပြောင်းရွှေ့လာခဲ့သည့် အရပ်ဘက်အုပ်ချုပ်ရေးယန္တရားများတွင်လည်း တွေ့ရသည်။ စစ်ကောင်စီက အာဏာသိမ်းယူခဲ့သည့် ကာလမှစ၍ စစ်တပ်က စစ်ရာဇဝတ်မှုများကို အမိန့်ပေးသူ၊ ထပ်မံ အမိန့်ချသူ၊ ကျူးလွန်သူများ အဆင့်လိုက် ကျူးလွန်နေကြသကဲ့သို့ အရပ်ဘက်အုပ်ချုပ်ရေးယန္တရားများတွင်လည်း တာဝန်ယူထားသူ အဆင့်ဆင့်သည် စစ်တပ်နှင့် နီးစပ်သော စီးပွားရေးသမားများ၏ အထောက်အပံ့အမျိုးမျိုးကို ရယူနေခြင်းက ဝန်ထမ်းလောကတွင် အရိုးစွဲနေသည့် အကျင့်ပျက်ခြစားမှုရောဂါသည် အဆိုးဝါးဆုံးသော အခြေအနေတစ်ခုသို့ ရောက်ရှိလာခဲ့စေသည်။ ပြည်သူများသည် နိုင်ငံကူးလက်မှတ်တစ်ခုရရှိရန်အတွက်ပင် တရားဝင်ကုန်ကျသင့်သည့် ပမာဏမှာ သုံးသောင်းခွဲမျှသာဖြစ်သော်လည်း ပွဲစားများနှင့် အကျင့်ပျက်ဝန်ထမ်းတို့၏ စီမံခန့်ခွဲမှုကြောင့် လေး၊ ငါးသိန်း အကုန်အကျခံကာ ဆောင်ရွက်နေကြရသည်။ စီးပွားရေးလောကတွင်လည်း စစ်ကောင်စီ၏ အုပ်ချုပ်မှုအောက်တွင် မလုပ်ကိုင်ချင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထွက်သွားကြသော်လည်း စစ်ကောင်စီဆီမှ စီးပွားရေး အခွင့်အလမ်းများ လိုချင်နေသည့် စီးပွားရေးသမားများသည်လည်း စစ်ကောင်စီအား ကျပ်သိန်းရာ၊ ထောင်ချီသည့် အမျိုးမျိုးသော ထောက်ပံ့မှုများပေးကာ ချဉ်းကပ်နေကြသည်ကိုတွေ့ရ သည်။

ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲရေးတွင် ဥပဒေဆိုင်ရာ အသေးစိတ်သော ပြုပြင်ပြောင်းလဲမှုများအပြင် အုပ်ချုပ်မှုယန္တရားတွင် အရိုးစွဲနေသည့် အမိန့်ဖြင့် တာဝန်ပေးခြင်းအစား အမိန့်ဖြင့် မစေခိုင်းရဘဲ တာဝန်နှင့် ဝတ္တရားအရသာ ဆောင်ရွက်သည့် အုပ်ချုပ်မှုယန္တရားပေါ်ပေါက်စေရေးအတွက် ဦးတည်၍ ပြုပြင်ဆောင်ရွက်မှသာလျှင် လက်ယက်ကုန်းကျေးရွာ အဖြစ်အပျက်ကဲ့သို့သော ဆိုးဝါးလှသည့် စစ်ရာဇတ်မှုမျိုး ထပ်မံမပေါ်ပေါက်ရန်အတွက် အာမခံနိုင်မည်ဖြစ်သည်။

# CASE STUDY-2

## နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု

အခင်းဖြစ်ပွားခဲ့ရာ အနန့်ပါ နားနေစခန်းပြ မြေပုံ




### ဖြစ်ပွားရာဒေသ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊
ဖားကန့်မြို့နယ်၊ အနန့်ပါ နားနေစခန်း

### ဖြစ်ပွားသည့်အချိန်

၂၀၂၂၊ အောက်တိုဘာ (၂၃) ရက်နေ့၊
ည (၉) နာရီခန့်

## နောက်ခံအခြေအနေ

KIA တပ်မဟာ(၉) ထိန်းချုပ်သည့် ကချင်ပြည်နယ်၊ ဖားကန့်ခရိုင်၊ အနန့်ပါတွင် KIO/KIA ဖွဲ့စည်းခြင်း (၆၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အောက်တိုဘာ (၂၂)၊ (၂၃) ရက်များတွင် တေးဂီတပွဲကျင်းပနေချိန် ဖြစ်သည်။ စစ်ကောင်စီသည် နိုင်ငံအနှံ့ ခုခံမှုများကြောင့် မြေပြင်တပ်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စွမ်းရည်ပိုင်း အင်အားများကျဆင်းနေချိန်တွင် သာလွန်အင်အားအဖြစ် အဆင်ခြင်မဲ့စွာ လေကြောင်းကို အသုံးပြု တိုက်ခိုက်နေသည့် အခြေအနေဖြစ်သည်။

## ကျူးလွန်ခံရသူ

KIA အမှတ် (၉) တပ်မဟာမှ ထိပ်ပိုင်းအရာရှိ (၄) ဦး၊ အနုပညာရှင်များ၊ စီးပွားရေး သမားများနှင့် အရပ်သားများ အပါအဝင် သေဆုံးသူ (၆၂) ဦးနှင့် ဒဏ်ရာရရှိသူ တစ်ရာ ကျော်

## ကျူးလွန်သူ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးတွင် အခြေပြုသည့် အမှတ် (၆၂) တိုက်ခိုက်ရေး လေတပ်အုပ်စု၊ ဦးဆောင်သူနှစ်ဦးမှာ
ဒုဗိုလ်မှူးကြီး ဇော်မြင့်ထွန်း (လေ – ၂၆၁၆)၊
ဒုဗိုလ်မှူးကြီး ကျော်မိုးအေး (လေ – ၄၂၉၁)

# နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု (၁)

## ဖြစ်စဉ်အကျဉ်း

အောက်တိုဘာ (၂၃) ရက်နေ့၊ ည (၉) နာရီခန့် အနန့်ပါဒေသတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIO/ KIA) တည်ထောင်သည့် (၆၂) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂီတ ဖျော်ဖြေပွဲ ကျင်းပနေစဉ် စစ်ကောင်စီ တံတားဦးလေတပ်စခန်းတွင် အခြေပြုသည့် အမှတ် (၆၂) တိုက်ခိုက်ရေးလေတပ်အုပ်စုမှ YAK – 130 ရုရှားလုပ် တိုက်လေယာဉ်(၃) စင်းက အလစ်ဝင်ဝင် ဗုံးကြဲ တိုက်ခိုက်ရာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အမှတ် (၉) တပ်မဟာမှ ထိပ်ပိုင်း အရာရှိ (၄) ဦး၊ အနုပညာရှင်များ၊ စီးပွားရေးသမားများနှင့် အရပ်သားများ အပါအဝင် စုစုပေါင်း (၆၂) ဦး သေဆုံးခဲ့ရပြီး လူပေါင်းရာချီ ဒဏ်ရာရရှိခဲ့ရသည်။ ထို့အပြင် အနန့်ပါဒေသ အဝင်အထွက် လမ်းများကို စစ်ကောင်စီတပ်များက ပိတ်ဆို့ထားသောကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသခွင့်မရသည့်အတွက် သေဆုံးသူဦးရေသည် (၆၂) ဦးထက် ပိုတိုးလာနိုင်သည့် အခြေအနေဖြစ်သည်။

ထိုဖြစ်စဉ်တွင် စစ်ကောင်စီသည် စစ်ဖြစ်ပွားနေခြင်းမရှိသည့် အခြေအနေတွင် အရပ်သားများစုဝေးနေသည်ကို သိလျက်နှင့် လေတပ်မှ တိုက်ဂျက်လေယာဉ် (၃) စင်းကို အသုံးပြုကာ ဗုံးကြဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဂျီနီဗာ သဘောတူညီချက်ကို ချိုးဖောက်ကာ စစ်ရာဇဝတ်မှုကို ကျူးလွန်လိုက်ခြင်း ဖြစ်သည်။ စစ်ကောင်စီ လေတပ်၏ ဂျက်လေယာဉ်(၃) စင်းသည် ရာချီသည့်အရပ်သားများ ဂီတပွဲကျင်းပနေရာ ပွဲခင်း အလယ်ကို ဦးတည်ကာ ဗုံး(၃)လုံးထက်မနည်း ကြဲချခဲ့သည်။ ကချင်ပြည်နယ်အခြေစိုက် သတင်းဌာနများ ထုတ်ပြန်သည့် ဓာတ်ပုံများအရ ဗုံးကြဲချခံရသည့်နေရာတွင် အဆောက်အအုံများ၊ ယာဉ်များ ရစရာမရှိအောင် ပျက်စီးနေသည်ကိုတွေ့ရသည်။

## ပြန့်ကြဲနေသည့်အလောင်းများ

ဖားကန့်၊ အနန့်ပါဒေသတွင် ဗုံးကြဲခံရသည့် အောက်တိုဘာ (၂၃) ရက်နေ့ပြီး နောက်တရက်တွင် ထွက်ပေါ်လာသည့် ဓာတ်ပုံများထဲ၌ ဗုံးအကြဲခံရပြီး သေဆုံးသွားသူများ၏ အလောင်းများကို မြင်မကောင်းအောင်တွေ့ရှိရကာ မည်သူမည်ဝါဖြစ်သည်ကိုပင် ခွဲခြားရခက်နေပြီး အများစုမှာ ကိုယ်လက်ခန္ဓာ မပြည့်စုံဖြစ်နေသောအလောင်းများဖြစ်သည်။ ထိုဓာတ်ပုံများ ထွက်ပေါ်လာသည့် အချိန်ထိပင် သေဆုံးသည်အရေအတွက် အတိအကျကို အတည်ပြုရန် ခက်ခဲနေဆဲဖြစ်သည်။

စစ်အတွင်း၊ တိုက်ပွဲအတွင်းမဟုတ်ဘဲ ခုခံကာကွယ်နိုင်စွမ်းမရှိသော လူပေါင်း (၆၂) ဦးနှင့် လူပေါင်းရာချီဒဏ်ရာရစေခဲ့သည့် ဗုံးအမျိုးအစားမှာ ပေါင် (၅၀၀) ဗုံးလည်းဖြစ်နိုင်သလို ပေါင် (၁၀၀၀) ဗုံးလည်း ဖြစ်နိုင်ကြောင်း CDM ဗိုလ်ကြီးတဦး၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြကြသည်။ ထိုဗုံးများကို တင်ဆောင်နိုင်သည့် လေယာဉ်မှာလည်း ရုရှားထုတ် YAK – 130 ဂျက်လေယာဉ်အမျိုးအစားဖြင့်တင်ဆောင်နိုင်ပြီး တံတားဦးလေဆိပ်မှ မောင်းနှင်လာပါက ဗုံးလာကြဲခဲ့သော နေရာသို့ မိနစ် (၃၀) ခန့်ဖြင့် အရောက်လာနိုင်သည်ကို တွေ့ရသည်။



## သယ်ယူခွင့်မရသည့် ဒဏ်ရာရသူများ

ဗုံးကြဲခံရပြီး သုံးရက်ကြာသည်အထိ ဖားကန့်၊ မြစ်ကြီးနားမှ အနန့်ပါသို့ ကားဖြင့် သွားနိုင်သည့် အဓိကလမ်းများကို စစ်ကောင်စီက ပိတ်ဆို့ထားပြီး ဖြတ်သန်းခွင့်မပေး၍ သေဆုံး၊ ဒဏ်ရာရ အခြေအနေအသေးစိတ် အတည်မပြုနိုင်သေးဟု ကူညီကယ်ဆယ်ရေးလုပ်နေသူ အချို့၏ ပြောကြားမှုကို ကိုးကား၍ မီဒီယာများက ဖော်ပြကြသည်။

မိုင် ၂၀ ဝန်းကျင်ရှိ အနန့်ပါနှင့် ဖားကန့် လမ်းတဝက်ခန့်တွင်ရှိသည့် ကံစီးရွာ၊ ကံစီးရွာနှင့် နှစ်မိုင်ခန့်သာဝေးသည့် အောင်ဘာလေရွာတို့တွင် တပ်စွဲထားသည့် စစ်ကောင်စီက ကားဖြတ်သန်းခွင့် ပိတ်ထားကြောင်းနှင့် ဆိုင်ကယ်နှင့် သွားလျှင်ပင် တင်းကျပ်စွာ စစ်ဆေးနေသဖြင့် ကူညီကယ်ဆယ်ရေးကိစ္စများကို ခက်ခဲစွာ လုပ်ဆောင်နေရသည်ဟု မီဒီယာများက ဖော်ပြကြသည်။





## ကြိုတင်ကြံစည်ထားသော တိုက်ခိုက်မှု

တံတားဦးတွင်အခြေစိုက်သည့် အမှတ် (၆၂) တိုက်ခိုက်ရေးလေတပ်အုပ်စုသည် ဖားကန့်ရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်စခန်းကို တိုက်ခိုက်ရန်ပြင်ဆင်နေသည်ဟု လွှန်ခဲ့သည့် ရက်သတ္တပတ်က PDF ထိပ်တန်းအရင်းအမြစ်များမှတဆင့် KIA က သိရှိခဲ့သော်လည်း ယခုကဲ့သို အများပြည်သူများပါဝင်ပြီး ပျော်ပွဲရွှင်ပွဲပြုလုပ်သည့် အခမ်းအနားတခုကို ဗုံးကြဲတိုက်ခိုက်လိမ့်မည်ဟု မထင်၍ အလစ်အငိုက် အတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု သတင်းမီဒီယာများက ဖော်ပြကြသည်။ စစ်ဆင်ရေးဆောင်ရွက်ခဲ့သည့် လေတပ်အုပ်စုသည် ယက္ခ ဆိုသော အမည်ဝှက်သုံးစွဲသော အုပ်စုဖြစ်ကာ ဒုတိယဗိုလ်မှူးကြီးနှစ်ဦး၊ ဗိုလ်မှူး (၆) ဦး၊ ဗိုလ်ကြီးတစ်ဦးနှင့် ဗိုလ်အဆင့် (၂၉) ဦးပါဝင်သော အုပ်စုဖြစ်သည်ဟု သိရသည်။ ထိုလေတပ်အုပ်စုကို ဦးဆောင်သည့် ဒုဗိုလ်မှူးကြီးနှစ်ဦးမှာ ကိုယ်ပိုင်အမှတ် (လေ ၂၆၁၆) ဇော်မြင့်ထွန်းနှင့် ကိုယ်ပိုင်အမှတ် (လေ ၄၂၉၁) ကျော်မိုးအေးတို့ဖြစ်သည်ဟု Myanmar Now Media က ရရှိထားသော တပ်တွင်းလျှို့ဝှက်မှတ်တမ်းကို ကိုးကား၍ ဖော်ပြားသည်ကိုတွေ့ရသည်။

ထိုအတိုက်အခိုက်ခံရမှုတွင် ကချင်ပြည်နယ်တွင် လူသိများပြီး နာမည်ကြီး အဆိုတော် အော်ရာလီအပြင် ကချင်ဝါရင့်သရုပ်ဆောင် လထော်ဇော်ဒိန်၊ တေးသံရှင် ယော်လွင်နှင့် ကီးဘုတ်တီးခတ်သူ ကိုကင်းတို့သည်လည်း သေဆုံးရာတွင် ပါဝင်ခဲ့သည်။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် အနန့်ပါဒေသတွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကို မီဒီယာများတွင်ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များကို ပြန်လည်စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခုအဖြစ်အပျက်သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများကို ထိုက်သင့်သည့် အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီးလိုအပ်ပါသည်။



# နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု (၂)

## စစ်ရေးပစ်မှတ်မဟုတ်သော အနန့်ပါနားနေစခန်း

အနန့်ပါဒေသကို စစ်ကောင်စီဘက်က စစ်စခန်းတခုဖြစ်သည်ဟု စွပ်စွဲသော်လည်း စစ်စခန်းတခုမဟုတ်ဘဲ ခရီးသွားများ ခရီးတထောက် အနားယူရာ ဈေးဆိုင်တန်းစခန်းငယ် တခုသာဖြစ်သည်ဟု ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ အရာရှိ ဗိုလ်ချုပ်ဂွမ်မော် က သူ၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် Google Map နှင့် ဒေသခံများ၏ ပြောကြားချက်အရ အနန့်ပါ နားနေစခန်းသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်မဟာ (၉) သို့ သွားရောက်သည့် လမ်းပေါ်တွင် တည်ရှိပြီး လမ်းသွားလမ်းလာများ၏ နားနေရာ ဈေးဆိုင်တန်းတခုသာ ဖြစ်သည်ကို တွေ့ရှိရပြီး စစ်လက်နက်ပစ္စည်းများ၊ လက်နက်ခဲယမ်းများ အစရှိသည့် စစ်နှင့်သက်ဆိုင်သော ပစ္စည်းများ သိုမှီးထားခြင်းမရှိသည့် နေရာဖြစ်သည်ကိုလည်း တွေ့ရသည်။ သို့ရာတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA) တည်ထောင်သော (၆၂) နှစ်မြောက်အထိမ်းအမှတ်ပွဲ ကျင်းပနေသည့် အနန့်ပါနားနေစခန်းကို စစ်ကောင်စီ၏ လေကြောင်းမှ ဂျက်တိုက်လေယာဉ်များအသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အမှတ် (၉) တပ်မဟာမှ ထိပ်ပိုင်းအရာရှိ (၄) ဦး၊ အနုပညာရှင်များ။ စီးပွားရေးသမားများနှင့် အရပ်သားများ အပါအဝင် စုစုပေါင်း (၆၂) ဦး သေဆုံးခဲ့ရပြီး လူပေါင်း (၁၀၀) ကျော်ဒဏ်ရာရရှိခဲ့ရသည်။

## စစ်ရာဇဝတ်မှုမြောက်ကြောင်း သက်သေအထောက်ထားများ

တံတားဦးတွင်အခြေစိုက်သည့် အမှတ်(၆၂) တိုက်ခိုက်ရေးလေတပ်အုပ်စုသည် ဖားကန့်ရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်စခန်းကို တိုက်ခိုက်ရန်ပြင်ဆင်နေသည်ဟု လွန်ခဲ့ သည့် ရက်သတ္တပတ်က PDF ထိပ်တန်းအရင်းအမြစ်များမှတဆင့် KIA က သိရှိခဲ့သော်လည်း ယခုကဲ့သို့ အများပြည်သူများပါဝင်ပြီး ပျော်ပွဲရွှင်ပွဲပြုလုပ်သည့် အခန်းအနားတခုကို ဗုံးကြဲမည် မထင်၍ အလစ်ငိုက် အတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု သတင်းမီဒီယာများက ဖော်ပြကြသည်။ စစ်ဆင်ရေးဆောင်ရွက်ခဲ့သည့် လေတပ်အုပ်စုသည် ယက္ခ ဆိုသော အမည်ဝှက်သုံးစွဲသော အုပ်စုဖြစ်ကာ ဒုတိယဗိုလ်မှူးကြီးနှစ်ဦး၊ ဗိုလ်မှူး (၆) ဦး၊ ဗိုလ်ကြီးတစ်ဦး နှင့် ဗိုလ်အဆင့် (၂၉) ဦးပါဝင်သော အုပ်စုဖြစ်သည်ဟု သိရသည်။ ထိုလေတပ်အုပ်စုကို ဦးဆောင်သည့် ဒုဗိုလ်မှူးကြီးနှစ်ဦးမှာ ကိုယ်ပိုင်အမှတ် (လေ –၂၆၁၆) ဇော်မြင့်ထွန်းနှင့် ကိုယ်ပိုင်အမှတ် (လေ – ၄၂၉၁) ကျော်မိုးအေး တို့ဖြစ်သည်ဟု Myanmar Now Media က ရရှိထားသော တပ်တွင်းလျှို့ဝှက်မှတ်တမ်းကို ကိုးကား၍ ဖော်ပြားသည်ကိုတွေ့ရသည်။

ထိုဖြစ်စဉ်တွင် စစ်ကောင်စီသည် စစ်ဖြစ်ပွားနေခြင်းမရှိသည့် အခြေအနေတွင် အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခြင်း၊အရပ်သားပြည်သူများ သေဆုံး၊ဒဏ်ရာရမည်ကို သိလျက်နှင့် တိုက်ခိုက်ခြင်း၊ ခုခံနိုင်မှု ကင်းမဲ့နေသည့် မြို့၊ ရွာ၊ အိမ်၊ အဆောက်အဦများကို တိုက်ခိုက်ခြင်း၊ ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပါက စစ်ရာဇဝတ်မှုမြောက်ကြောင်း နိုင်ငံတကာသဘောတူညီမှု စာချုပ်တခုဖြစ်သော ရောမဥပဒေ (Rome Statute of 1998) တွင် ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဂျီနီဗာ သဘောတူညီချက်ကို ချိုးဖောက်ကာ ဆိုးဝါးသည့် စစ်ရာဇဝတ်မှုကို ပေါ်ပေါ်တင်တင် ကျူးလွန်လိုက်ခြင်းဖြစ်သည်။


ထို့ပြင် ဗုံးကြဲတိုက်ခိုက်သွားသည့် စစ်ကောင်စီသစ္စာခံများသည် ဗုံးကြဲပြီးနောက် တံတားဦး လေဆိပ်သို့အရောက်တွင် အောင်ပွဲခံခဲ့သေးသည်ဟု စစ်ကောင်စီ အတွင်းသတင်းရင်းမြစ်များမှ ပြန်လည် ပြန်လည်ကြားသိခဲ့ရသေးသည်။ ထိုသို့သော လုပ်ဆောင်မှုများသည် စစ်ကောင်စီအနေဖြင့် လူမဆန်သည့် စစ်ရာဇဝတ်မှုများကို ပေါ်ပေါ်တင်တင် ပြုမူနေသည်မှာ ထင်ရှားသလို လက်လွတ်စပယ် ကျူးလွန်လျက်ရှိနေသည်ကိုလည်း ပြဆိုသည့် ခိုင်မာသော သက်သေ အထောက်အထားလည်း ဖြစ်သည်။ စစ်ရာဇဝတ်မှုများကို ကျူးလွန်ရန်အတွက် မူဝါဒချမှတ်သူ၊ အမိန့်ပေးစေခိုင်းသူ၊ လက်တွေ့ကျူးလွန်သူ စသည့် အကြမ်းဖက်စစ်ကောင်စီမှ ရာထူး အဆင့်ဆင့်အလိုက်သည် နောင်တချိန်တွင် တရားစွဲဆိုကာ ထိုက်တန်သည့် ပြစ်ဒဏ်များ ကျခံစေရမည် ဖြစ်သည်။

## အမှန်တရားရှာဖွေဖော်ထုတ်ခြင်းနှင့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း

စစ်ကောင်စီ၏ အနန့်ပါနားနေစခန်းသို့ ဗုံးကြဲတိုက်ခိုက်မှုအတွက် အမှန်တရား ပေါ်ပေါက်ရေးမှာ အဓိကကျသော အချက်တခုလည်းဖြစ်သည်။ သို့မှသာ စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သူများကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိနိုင်ရေးဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့် ဗုံးကြဲတိုက်ခိုက်ခံရမှုတွင် သေဆုံးသွားသူများနှင့်၊ ဒဏ်ရာရရှိသွားသူများကို တိကျခိုင်မာသော မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကြိုးစားရမည်ဖြစ်သည်။ သို့ရာတွင် သေဆုံးသူများ၏ ရုပ်အလောင်းများသည် မည်သူမည်ဝါဖြစ်ကြောင်း သေချာစွာအတည်ပြုနိုင်ရန် ခက်ခဲသည့်အတွက်လည်း မှတ်တမ်းကောက်ယူရာတွင် အခက်အခဲစိန်ခေါ်မှုများလည်းရှိမည်ဖြစ်သည်။ ထို့ကြောင့် မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကချင်ဒေသခံများ၏ ပြောကြားသော သေဆုံးစာရင်း၊ ဒဏ်ရာရရှိသူစာရင်း ဗုံးကြဲခံရမှုတွင် အသက်သေဆုံးခြင်းမရှိဘဲ လွတ်မြောက်လာသူများပြောကြားသော သေဆုံးစာရင်း၊ ဒဏ်ရာရရှိသူစာရင်းနှင့် အခြား ထုတ်ဖော်ပြောကြားလာသူများ၏ သေဆုံးစာရင်းများကို တိုက်ဆိုင်စစ်ဆေး၍ မှတ်တမ်းကောက်ယူထားရမည်ဖြစ်သည်။

ဒဏ်ရာရသူများကို ဖားကန့်ဆေးရုံသို့ ပို့ဆောင်ဆေးကုသခြင်းမပြုနိုင်အောင် စစ်ကောင်စီမှ တားဆီးခဲ့သည့်ဖြစ်စဉ်အတွက် သက်သေအထောက်အထားများဖြစ်သည့် ဖားကန့်ဒေသ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၏ ပြောကြားချက်များ၊ ထုတ်ပြန်ချက်များအပြင် ထိုသို့ တားဆီးပိတ်ပင်မှုများ လုပ်ဆောင်ရန်အတွက် စစ်ကောင်စီ၏ တပ်တွင်း ထုတ်ပြန်သည့် အမိန့်ညွှန်ကြားလွှာများနှင့် တားဆီးမှုနှင့်သက်ဆိုင်သော ဒေသခံများ၏ သိရှိသလောက် ပြောကြားခဲ့သည့် ပြောကြားချက်အားလုံးကိုလည်း မှတ်တမ်းကောက်ယူထားရမည် ဖြစ်သည်။ ထိုသို့ မှတ်တမ်းကောက်ယူခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်များကို အာဏာရအစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့နှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သင့်သလို ထိုမှတ်တမ်းအထောက်အထားများကိုလည်း စနစ်ကျထိန်းသိမ်းထားဖို့လိုအပ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းပြုစုခြင်း (Human Rights Documentation) ဖြစ်ပြီး စစ်ရာဇဝတ်မှု ကျူးလွန်သူများကို နောင်တချိန် တရားစွဲဆိုရာတွင် အရေးပါသည့် သက်သေအထောက်ထားများလည်းဖြစ်လာမည်ဖြစ်သည်။

သတ်ဖြတ်ခဲ့မှုမှတ်တမ်းရှိသည့် နေ့ ရက်များ (၂၀၂၁ ဖေဖော်ဝါရီလ ၁ မှ ဇူလိုင်လ ၃၁ ရက်နေ့ အထိ)



[illegible]



စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၁ ဖေဖော်ဝါရီ ၁ မှ ဇူလိုင် ၃၁)

# နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု (၃)

## အသိအမှတ်ပြုထုတ်ပြန်ကြေညာချက်များ

အောက်တိုဘာ (၂၃) ရက်နေ့၊ ည (၉) နာရီခန့် အနန့်ပါဒေသတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/ KIA) တည်ထောင်သည့် (၆၂) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေပွဲကျင်းပနေစဉ် စစ်ကောင်စီ တံတားဦးလေတပ်စခန်းတွင် အခြေပြုသည့် အမှတ်(၆၂) တိုက်ခိုက်ရေးလေတပ်အုပ်စုမှ YAK – 130 ရှုရှားလုပ် တိုက်လေယာဉ်(၃)စင်းက အလစ်ငိုက်ဝင်ဗုံးကြဲတိုက်ခိုက်ရာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အမှတ်(၉) တပ်မဟာမှ ထိပ်ပိုင်းအရာရှိ (၄) ဦး၊ အနုပညာရှင်များ၊ စီးပွားရေးသမားများနှင့် အရပ်သားများ အပါအဝင် စုစုပေါင်း (၆၂) ဦးသေဆုံးခဲ့ရပြီး လူပေါင်းရာချီ ဒဏ်ရာရရှိခဲ့ရသည်။ ထို့အပြင် အနန့်ပါဒေသ အဝင်အထွက်လမ်းများကို စစ်ကောင်စီတပ်များက ပိတ်ဆို့ထားသောကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသခွင့်မရသည့်အတွက် သေဆုံးသူဦးရေသည် (၆၂) ဦးထက် ပိုတိုးလာနိုင်သည့် အခြေအနေဖြစ်သည်။

ထိုဖြစ်ရပ်အပေါ် အဖွဲ့အစည်းများက သေဆုံးသွားသူများနှင့် ဒဏ်ရာရသူများအတွက် ထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့ကြသည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ KACHIN ALLIANCE၊ မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့၊ Karenni National Progressive Party Head Quarters၊ မွန်ပြည်ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (MSICC)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ All Kachin Students' Federation (AKSF) ၊ ဗမာ့ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(BPLA)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရန်ကုန်အခြေစိုက်တက္ကသိုလ် ကျောင်းသားသမဂ္ဂများ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့အစည်းများမှ ကြေညာချက် အသီးသီးထုတ်ပြန်ကြေညာခဲ့ကြသည်။

ဝမ်းနည်းကြောင်းအသိအမှတ်ပြု ထုတ်ပြန်ချက်များထုတ်ပြန်ရာတွင် စုံလင်ကွဲပြားသော အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ခဲ့ကြသော်လည်း ဘုံတူညီသောအချက်မှာ သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်းအသိအမှတ်ပြုခြင်းနှင့် အဆိုပါ ဖြစ်စဉ်မှာ စစ်ကောင်စီက ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု ဖြစ်ကြောင်းကို ရေးသားထားချက်များမှာ တူညီသည်ကိုတွေ့ရသည်။

## အလံတဝက်ချခြင်းနှင့် လူမှုကွန်ရက်ပေါ်မှ အသိအမှတ်ပြုခြင်းများ

ကချင်ပြည်သူများ အစုလိုက်အပြုံလိုက် ဗုံးကြဲတိုက်ခိုက်ခံရသည့် ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် KIO အုပ်ချုပ်နယ်မြေများ၊ ဗဟိုဌာနချုပ်အစိုးရရုံးများနှင့် ပညာရေးကျောင်းများတွင် အလံကို တိုင်တဝက်ချလွှင့်ထူရန် KIOက ညွှန်ကြားခဲ့သည်။ ထို့ပြင် KIA ၏ ဗိုလ်ချုပ်ဂွမ်မော်က " KIO ဗဟိုကော်မတီသည် မြန်မာအစိုးရအဆက်ဆက်ကို ကူညီထောက်ခံသည့်သူများကိုပင်လျှင်ရန်ဘက်အဖြစ်မသတ်မှတ်ခဲ့ကြောင်း၊ ယခု အနန့်ပါ နားနေစခန်းသို့ လာရောက်ကြသော ပြည်သူများ ဒေသခံများအပေါ် စစ်ကောင်စီက ရန်သူသဖွယ်ပြုမူခဲ့ကြောင်းနှင့် အားလုံး၏ ဝမ်းနည်းကြေကွဲမှုနှင့် မျက်ရည်များသည် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမှုများ ဖြစ်လာမည် ဖြစ်ကြောင်း" သူ၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်ကိုတွေ့ရသည်။

ထို့ပြင် ထိုဖြစ်ရပ်အပေါ် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် လူမှုကွန်ရက်ပေါ်တွင် အနက်ရောင် ပရိုဖိုင်ပုံများနှင့် မြို့နေ အများပြည်သူအပေါင်းကလည်း အောက်တိုဘာ (၂၈) ရက်နေ့၊ ည (၈း၃၀) နာရီမှ (၈း၄၀) နာရီ အထိ (၁၀) မိနစ် မီးများပိတ်ကာ မီးသပိတ်အဖြစ် ဝမ်းနည်းကြောင်း အသိအမှတ်ပြုပေးခဲ့ကြသည်။ အနန့်ပါ နားနေစခန်းတွင်လည်း သေဆုံးသူများအတွက် မြေပုံများပြုလုပ်ပေးကာ ဆုတောင်းပွဲများ ပြုလုပ်ပေးခဲ့ကြသည်ကိုတွေ့ရသည်။ နောင်တချိန်တွင် အစိုးရအနေဖြင့် အဆိုပါဖြစ်စဉ်အတွက် မူဝါဒတခုချမှတ်ကာ ပြန်လည်ကုစားခြင်းနှင့် အသိအမှတ်ပြုမှု လုပ်ငန်းစဉ်များကို မဖြစ်မနေ ဆောင်ရွက်ပေးသင့်သည်။

ခမာနီအစိုးရ အုပ်ချုပ်သည့်ကာလ (၄) နှစ်နီးပါး အချိန်အတွင်း လူပေါင်း (၃)သန်းခန့်သေဆုံးခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံတွင် ၎င်းအစိုးရပြုတ်ကျပြီးနောက် အာဏာရလာသည့် အစိုးရက အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် နေရာ (၈၀) ခုခန့် ကို အောက်မေ့ဖွယ် အထိမ်းအမှတ်နေရာများအဖြစ် သတ်မှတ်ပေးခဲ့သည့် ဖြစ်စဉ်များ ရှိခဲ့သည်။





## ပြန်လည်ကုစားပေးခြင်း

သေဆုံးသွားသူများအတွက် အသိအမှတ်ပြုခြင်းများလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးသကဲ့သို့ ဒဏ်ရာရရှိသွားသူများ၊ သေဆုံးသွားသူများ၏မိသားစုဝင်များအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုများ လုပ်ဆောင်ပေးခြင်းနှင့်အတူ ပြန်လည်ကုစားပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း ပြုလုပ်ဆောင်ရွက်ပေးသင့်သည်။

ထိုကဲ့သို့သော အသိအမှတ်ပြုဆောင်ရွက်ပေးခြင်းများကို လက်ရှိအခြေအနေတွင် ဆောင်ရွက်နိုင်သည်များကို အာဏာရအစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့နှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်ကာ ပြုလုပ်ဆောင်ရွက်ပေးသင့်ပြီး နောင်တချိန်တွင် ပိုမိုထိရောက်သည့် လုပ်ငန်းစဉ်များလုပ်ဆောင်နိုင်ရန် မူဝါဒတခုချမှတ်ကာ ဆောင်ရွက်ထားသင့်သည်။

စစ်ပွဲအတွင်း၊ တိုက်ပွဲအတွင်းမဟုတ်ဘဲ စစ်ကောင်စီမှ ကျူးလွန်သည့် စစ်ရာဇဝတ်မှုကြောင့် ခုခံကာကွယ်နိုင်စွမ်းမရှိသော လူ့အသက် (၆၂) ဦး အစုလိုက်အပြုံလိုက် အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းသို့သော ဝမ်းနည်းစရာကောင်းသည့် ရာဇဝတ်မှုမျိုးထပ်မံမဖြစ်စေရန် ရည်ရွယ်၍ ထိုက်တန်သည့် ဆောင်ရွက်မှုတစ်ခုအဖြစ် အဆိုပါဖြစ်ရပ်ဖြစ်ပွားသည့်နေ့ရက်ကို အောက်မေ့ဖွယ်နေ့ရက်နှင့် အဆိုပါနေရာကို အောက်မေ့ဝမ်းနည်းဖွယ် အထိမ်းအမှတ် နေရာအဖြစ် သတ်မှတ်ဆောင်ရွက်ပေးသင့်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု ရှာဖွေခြင်း လုပ်ငန်းစဉ်တွင် အရေးပါသည့် အဆင့်တခုဖြစ်သော ပြန်လည်ကုစားပေးလျော်ခြင်း (Reparation) လုပ်ငန်းစဉ်တခုလည်းဖြစ်သည်။

# နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု (၄)

## စစ်ရေးပစ်မှတ်မဟုတ်သော အနန့်ပါ နားနေစခန်း

အနန့်ပါဒေသကို စစ်ကောင်စီဘက်က စစ်စခန်း တခုဖြစ်သည်ဟု စွပ်စွဲသော်လည်း စစ်စခန်းတခုမဟုတ်ဘဲ ခရီးသွားများ ခရီးတထောက်အနားယူရာ ဈေးဆိုင်တန်းစခန်းငယ် တခုသာဖြစ်သည်ဟု ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ ဗိုလ်ချုပ်ဂွမ်မော်က သူ၏ လူမှု ကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် Google Map နှင့် ဒေသခံများ၏ ပြောကြားချက်အရ အနန့်ပါနားနေစခန်းသည် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တပ်မဟာ (၉) သို့ သွားရောက်သည့် လမ်းပေါ်တွင် တည်ရှိပြီး လမ်းသွားလမ်းလာများ နားနေသော ဈေးဆိုင်တန်းတခုသာ ဖြစ်သည်ကိုလည်း တွေ့ရပြီး စစ်လက်နက်ပစ္စည်းများ၊ လက်နက်ခဲယမ်းများ အစရှိသည့် စစ်နှင့်သက်ဆိုင်သော ပစ္စည်းများသိုမှီးထားခြင်း မရှိသည့်နေရာဖြစ်သည်ကိုလည်း တွေ့ရသည်။ သို့ရာတွင် KIO/KIA တည်ထောင်သော (၆၂) နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပနေသည့် အနန့်ပါနားနေစခန်းကို စစ်ကောင်စီ၏ လေကြောင်းမှ ဂျက်တိုက်လေယာဉ်များ အသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှုကြောင့် KIA တပ်မဟာအမှတ်(၉) မှ ထိပ်ပိုင်းအရာရှိ (၄) ဦး၊ အနုပညာရှင်များ။ စီးပွားရေးသမားများနှင့် အရပ်သားများအပါအဝင် စုစုပေါင်း (၆၂) ဦး သေဆုံးခဲ့ရပြီး လူပေါင်း (၁၀၀) ကျော် ဒဏ်ရာရှိခဲ့ရသည်။

စစ်ကောင်စီ၏အနန့်ပါဗုံးကြဲတိုက်ခိုက်မှုအတွက်အမှန်တရားပေါ်ပေါက်ရေးမှာ အဓိကကျသော အချက်တခုဖြစ်သည်။ သို့မှသာ စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သူများကို တာဝန်ယူမှု၊တာဝန်ခံမှုရှိနိုင်ရေးဆောင်ရွက်ရာတွင်အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

## ရည်ရွယ်ချက်ရှိရှိဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း

တံတားဦးတွင်အခြေစိုက်သည့် အမှတ် (၆၂) တိုက်ခိုက်ရေးလေတပ်အုပ်စုသည် ဖားကန့်ရှိ KIA တပ်စခန်းကို တိုက်ခိုက်ရန်ပြင်ဆင်နေသည်ဟု လွန်ခဲ့သည့် ရက်သတ္တပတ်က PDFထိပ်တန်းအရင်းအမြစ်များမှတဆင့် KIA က သိရှိခဲ့သော်လည်း ယခုကဲ့သို အများပြည်သူများ ပါဝင်ပြီး ပျော်ပွဲရွှင်ပွဲပြုလုပ်သည့် အခမ်းအနားတခုကို ဗုံးကြဲတိုက်ခိုက်လိမ့်မည်ဟု မထင်၍ အလစ်ဝိုက် အတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု သတင်းမီဒီယာများက ဖော်ပြကြသည်။ စစ်ဆင်ရေးဆောင်ရွက်ခဲ့သည့် လေတပ်အုပ်စုသည် ယက္ခ ဆိုသော အမည်ဝှက်သုံးစွဲသော အုပ်စု ဖြစ်ကာ ဒုတိယဗိုလ်မှူးကြီးနှစ်ဦး၊ ဗိုလ်မှူး (၆) ဦး၊ ဗိုလ်ကြီးတဦးနှင့် ဗိုလ်အဆင့် (၂၉) ဦးပါဝင်သော အုပ်စု ဖြစ်သည်ဟု သိရသည်။ ထိုလေတပ်အုပ်စုကို ဦးဆောင်သည့် ဒုဗိုလ်မှူးကြီးနှစ်ဦးမှာ ကိုယ်ပိုင်အမှတ် (လေ ၂၆၁၆) ဇော်မြင့်ထွန်းနှင့် ကိုယ်ပိုင်အမှတ် (လေ ၄၂၉၁) ကျော်မိုးအေးတို့ဖြစ် သည်ဟု Myanmar Now Media က ရရှိထားသော တပ်တွင်းလျှို့ဝှက်မှတ်တမ်းကို ကိုးကား၍ ဖော်ပြထားသည်ကိုတွေ့ရသည်။ ထိုကြောင့် အနန့်ပါနားနေစခန်းအား ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းသည် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေသည်ဟု ကောက်ချက်ချနိုင်သည်။

## ဒဏ်ရာရသူများဆေးကုခွင့်မရအောင် ကန့်သတ်ခံရမှု

ဒဏ်ရာရသူများကို ဖားကန့်ဆေးရုံသို့ ပို့ဆောင်ဆေးကုသခြင်းမပြုနိုင်အောင် စစ်ကောင်စီ၏ တားဆီးခဲ့သည့်ဖြစ်စဉ်အတွက် အထောက်အထားများဖြစ်သည့် ဖားကန့်ဒေသ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေကြသူတို့၏ ပြောကြားချက်များ၊ တားဆီးရန်အတွက် စစ်ကောင်စီ၏ တပ်တွင်း ထုတ်ပြန်သည့် အမိန့်ညွှန်ကြားလွှာများနှင့် တားဆီးမှုနှင့် ပတ်သက်၍ ဒေသခံများ သိရှိသလောက် ပြောကြားခဲ့သည့် ပြောကြားချက်များကို ကိုးကားကာ သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။ ထိုသို့ဆေးကုခွင့်အားကန့်သတ်ခြင်းသည် လူသားဖြစ်တည်မှု၊ လူသားတစ်ဦး အဖြစ်ဆက်လက် အသက်ရှင်ရပ်တည်ခွင့်ကို ကန့်သတ်ခြင်းမြောက်သည့်အတွက် လူသားဖြစ်တည်မှုကို ကန့်သတ်သည့် ရာဇဝတ်မှု ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုကဲ့သို့သော စစ်ရာဇဝတ်မှုကို ပေါ်ပေါ်တင်တင် ကျူးလွန်သည့် စစ်ကောင်စီအား တရားစွဲ အရေးယူနိုင်ရေးသည် အရေးကြီးသော လုပ်ငန်းစဉ်တခုလည်းဖြစ်သည်။ ထိုဖြစ်ရပ်တွင် တိုက်ရိုက်ကျူးလွန်သူများ၊ အမိန့်ပေးစေခိုင်းသူများနှင့် မူဝါဒချမှတ်သူများ စသည့် (Level of Responsibilities) အလိုက် အဆင့်ဆင့်သည် တရားစွဲ အရေးယူခံကြရမည်ဖြစ်သည်။

## တရားစွဲဆိုအရေးယူခြင်း

နောင်တချိန်တွင် ပြည်တွင်းဥပဒေအရ ထိထိရောက်ရောက်အရေးယူနိုင်ရန်အတွက် လိုအပ်သော သက်သေခံပစ္စည်းများနှင့် အချက်အလက် မှတ်တမ်းများကို ပြည့်စုံစွာ ရှာဖွေထိန်းသိမ်းထားဖို့ လိုအပ်သည်။ ထို့ပြင် ယခုအချိန်တွင်လည်း အရေးယူနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်နေဖို့လိုအပ်သည်။ လက်ရှိအခြေအနေအရ စစ်ကောင်စီအား တရားစွဲဆိုနိုင်သည်မှာ အပြည်ပြည်ဆိုင်ရာတရားစွဲဆိုခြင်း (International Litigation) ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံများတွင် တရားစွဲဆိုထားနိုင်ဖို့လိုအပ်သည်။

ယနေ့အထိ စစ်ကောင်စီသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းအတွက် International Court of Justice (ICJ) တွင်သာမက အာဂျင်တီးနားနိုင်ငံနှင့် တူရကီနိုင်ငံများတွင်လည်း တရားစွဲဆို ခံထားရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတခုဖြစ်သည့် အင်ဒိုနီးရှားသည်လည်း အပြည်ပြည်ဆိုင်ရာ တရားစွဲဆိုခြင်းကို ခွင့်ပြုရန် ကြိုးစားနေသည့် နိုင်ငံတခုဖြစ်သည့်အတွက် အင်ဒိုနီးရှားကဲ့သို့သော အရှေ့တောင်အာရှ နိုင်ငံတခုတွင်လည်း အရေးယူတရားစွဲဆိုနိုင်ရန်အတွက် လက်ရှိအချိန်တွင် ကြိုတင်စီမံထားသင့်သည်။

ထိုသို့လုပ်ဆောင်နိုင်ရန် လက်တလောကာလ အခြေအနေအရ အာဏာရအစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့နှင့်အတူအရပ်ဘက်အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင် ဆောင်ရွက်ထားဖို့လိုအပ်သည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းကို အရေးယူအပြစ်ပေးခြင်း ဟု ခေါ်ဆိုနိုင်သကဲ့သို့ အသက်ဆုံးရှုံးသွားခဲ့ရသော စစ်ရာဇဝတ်မှု အကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှာဖွေပေးသော ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုရှာဖွေခြင်း (Criminal Justice) ဟု ခေါ်ဆိုနိုင်သည်။

# နိုင်ငံတော်က ဝမ်းနည်းသော နေ့စွဲတခုအဖြစ် တရားဝင်သတ်မှတ်ပေးသင့်သည့် ဖားကန့်တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှု (၅)

## နောက်ထပ်ကျူးလွန်ခြင်းမရှိစေရန်အတွက် အာမခံခြင်း

အသက်ဆုံးရှုံးသွားခဲ့ရသူ (၆၂) ဦးနှင့် လူဦးရေ (၁၀၀)ကျော်ခန့် ဒဏ်ရာရစေခဲ့သော စစ်ကောင်စီ၏ အနန့်ပါနားနေစခန်းကို လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ကဲ့သို့သော စစ်ရာဇဝတ်မှုများ နောက်ထပ် ထပ်မံမဖြစ်ပေါ်နိုင်စေရန်အတွက်မှာ မြန်မာစစ်တပ်ကို အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်ဆောင်ပေးနိုင်မှသာ ဖြစ်နိုင်ပေလိမ့်မည်ဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုကို အမျိုးအစား (၂) မျိုးဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်။ ၎င်းတို့မှာ စစ်တပ်၏ မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် အထက်အောက် အမိန့်ပေးညွှန်ကြားမှု အပြောင်းအလဲတို့ဖြစ်သည်။

## မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

မူဝါဒဆိုင်ရာပြုပြောင်းလဲမှု ပြုလုပ်ရာတွင် ပထမဆုံးလုပ်ဆောင်ရမည့် လုပ်ငန်းမှာ လက်ရှိတွင် စစ်တပ်အသုံးပြုနေသည့် ဥပဒေများကို ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ဆောင်ရန် ဖြစ်သည်။ လက်ရှိ စစ်တပ်အသုံးပြုနေသည့် မူဝါဒနှင့် အကျုံးဝင်သော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပေါင်း (၁၄) ခုရှိသည်ကို တွေ့ရသည်။ ယင်း (၁၄) ခုထဲမှ တခုဖြစ်သည့် တပ်မတော် အက်ဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်သည် မည်သို့သောသူကိုမဆို ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ပြီး နိုင်ငံသားမဖြစ်သူကိုပင်လျှင် ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူက တပ်မတော်တွင် စစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်သည် အထိ အလွန့်အကျွံ အာဏာပေးထားမှုများသည် စစ်အာဏာရှင်စနစ်ဖြစ်လာစေရန် ဥပဒေအရ တရားဝင်အားပေးထားသကဲ့သို့ဖြစ်နေသလို ၎င်း၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထားသည့် ဥပဒေများလည်း ပြဋ္ဌာန်းမထားသည်ကိုတွေ့ရသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်တွင် ဆန္ဒရှိသလောက် တာဝန်ထမ်းဆောင်ခြင်းကလည်း နိုင်ငံတော်တွင် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရန်အတွက် တွန်းအားဖြစ်နေစေသည်။

## အမိန့်ပေးညွှန်ကြားမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

အနန့်ပါ နားနေစခန်းကို လေကြောင်းမှ ဗုံးကြဲခြင်း စစ်ရာဇဝတ်မှုတွင် တာဝန်အရှိဆုံးသူမှာ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် မင်းအောင်လှိုင်ဖြစ်ကာ ၎င်း၏ နောက်တွင် လေတပ် စစ်ဦးစီးချုပ်နှင့် အဆင့်ဆင့်သော စစ်ကောင်စီအဆင့်မြင့်အရာရှိများဖြစ်ကြသည်။ ထိုအဆင့်မြင့်အရာရှိများမှသည် အမိန့်ပေးစေခိုင်းသူတို့နှင့် ကိုယ်ထိလက်ရောက်ကျူးလွန်သူတို့သည်လည်း တတွဲတည်း တာဝန်ယူ တာဝန်ခံကြရမည်ဖြစ်သည်။ စစ်တပ်၏အုပ်ချုပ်မှု ယန္တရားတွင် တင်းတင်းကြပ်ကြပ် ကျင့်သုံးလာခဲ့သော အာဏာရှင်ဆန်ဆန် လုပ်ပိုင်ခွင့်ရှိသူက အမိန့်ပေးစေခိုင်းသည့်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရေးသည်လည်း ထည့်သွင်းဆောင်ရွက်သင့်သည့် အချက်တခု ဖြစ်နေသည်။


ထို့ပြင် စစ်တပ်အရာရှိတို့သည် ခေတ်ကာလအဆက်ဆက်ကျူးလွန်လာခဲ့သောစစ်ရာဇဝတ်မှုများတွင် အပြစ်ပေးအရေးယူမခံရဘဲ လွတ်မြောက်နေခဲ့သည့်အတွက် လူ့အခွင့်အရေး စံချိန်စံညွှန်းများကို လိုက်နာခြင်းမရှိဘဲ လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို အလွယ်တကူပင် ကျူးလွန်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးအမိပ္ပာယ်ဖွင့်ဆိုချက်များသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး သိရှိ၊ နားလည်၊ ကျင့်သုံးနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်ရန်မှာ အထူးအရေးကြီးသည်။ လူ့အခွင့်အရေးစံချိန်စံညွှန်းများကို မသိ၍ ကျူးလွန်သည်ဖြစ်စေ၊ သိသိလျက်နှင့် ကျူးလွန်သည်ဖြစ်စေ လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်ကို စစ်တပ်က သိရှိ နားလည်ထားဖို့ လိုအပ်သည်။

## ကိုယ်ထိလက်ရောက်ကျူးလွန်သူများ၏ အရည်အသွေး

မြန်မာ့စစ်တပ်သည် လွတ်လပ်ရေးအတွက် အထူးအရေးကြီးသည့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးများတွင် ပါဝင်ခဲ့သော်လည်း၊ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းသည့် အချိန်မှစ၍ စစ်အာဏာရှင်ခေါင်းဆောင် တဦးဖြစ်လာသော ဦးနေဝင်းသည် စစ်တပ်၏ ဥပဒေ မူဝါဒများကို သူ့စိတ်တိုင်းကျ ပြောင်းလဲကာ စစ်တပ်အကြီးအကဲများကို အထူးအခွင့်အရေးများပေးခဲ့သောကြောင့် စစ်တပ်တွင် ပါဝင်လာသည့် အရာရှိအဆင့်ရှိသူများမှာ ၎င်းတို့၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးထက် ၎င်းတို့၏ အခွင့်အရေးရရှိနိုင်ရေးကိုသာ စိတ်ဝင်စားလာခဲ့ကြသည်။ ထို့ပြင် စစ်တပ်၏ အောက်ခြေတပ်သားများသည်လည်း နိုင်ငံရေးတွင် စစ်တပ်ကပါဝင်ရမည်ဆိုသည့် အသိနှင့် အမျိုး၊ ဘာသာ သာသနာအား စစ်တပ်ကသာ ကာကွယ်နိုင်မည်ဆိုသည့် ဆိုးရွားလွဲမှားလှသည့် သဘောတရားကို ရိုက်သွင်းခြင်း (Brain Watch) ခံထားရသူများဖြစ်သည်။

ထိုသူများမှာလည်း အတန်းပညာ၊ ဗဟုသုတအားနည်းသူများဖြစ်ပြီး ထိုသဘောတရားများမှာ အဆင့်မြင့်အရာရှိများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ထားသည့် ထွင်လုံးဖြစ်သည်ကို သိမြင်နိုင်ခြင်း မရှိကြချေ။ စစ်တပ်သည် တင်းကြပ်သည့် အထက်အောက် အမိန့်ပေးစေခိုင်းမှုအကာအကွယ်အောက်တွင် အဆင့်မြင့်အရာရှိကြီးများသည် အဆမတန် ချမ်းသာလာခဲ့ကြပြီး အောက်ခြေတပ်သားအဆင့်ဆင့်အလိုက်သည် အဆင့်မြင့် အရာရှိကြီးများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရသော ခါးပိုက်ဆောင် တပ်များဖြစ်လာကြသည်။ ထို့ကြောင့် အောက်ခြေတပ်သားများ၏ အတွေးအခေါ်၊ အယူအဆနှင့် ခံယူချက်များ ပြောင်းလဲရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။


ထို့ကြောင့် စစ်တပ်သည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများကို လိုက်နာစေရန်အတွက် လက်ရှိ ကျင့်သုံးနေသည့် မူဝါဒများသာမက၊ စစ်တပ်တခုလုံးကို ပြုပြင်ပြောင်းလဲခြင်း လုပ်ဆောင်နိုင်ဖို့ လိုအပ်သည်။ ထိုမှသာ အနန့်ပါခရီးစခန်းကဲ့သို့သော ဆိုးဝါးသည့် စစ်ရာဇဝတ်မှုမျိုးကို ထပ်မံမဖြစ်ပွားရန်အတွက် အာမခံချက်ရှိနိုင်မည်ဖြစ်သည်။ ထိုသို့ပြုပြင်ပြောင်းလဲရေးအဆင့်ဆင့် လုပ်ဆောင်ခြင်းကို အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းခြင်း (Institutional Reform) ဟု ခေါ်ဆိုနိုင်သည်။


ပြန်လည်စုံစမ်းစစ်ဆေးရမည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကို အရေအတွက် အများဆုံး
သတ်ဖြတ်ခဲ့မှုရှိသည့် နေ့ ရက်များ (၂၀၂၁ ဖေဖော်ဝါရီ ၁ မှ ၂၀၂၂ ဇန်နဝါရီ ၃၁အထိ)
JUSTICE FOR BURMA
စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၁ ဖေဖော်ဝါရီ ၁ မှ ၂၀၂၂ ဇန်နဝါရီ ၃၁)

**CASE STUDY-3**

# အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု

အခင်းဖြစ်ပွားခဲ့ရာ ရေဦးမြို့နယ်၊ မုန်တိုင်ပင်ကျေးရွာပြ မြေပုံ




## ဖြစ်ပွားရာဒေသ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မုန်တိုင်ပင်ရွာ

## ဖြစ်ပွားသည့်အချိန်

၂၀၂၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့၊ ညနေ (၃:၃၀) နာရီ

## နောက်ခံအခြေအနေ

စစ်ကောင်စီ၏ စစ်ကြောင်းများသည် ၎င်းတို့၏ လေတပ်အကူအညီကို ရယူကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခင်ဦး၊ ရေဦး၊ ယင်းမပင်၊ ဝက်လက်၊ အရာတော်၊ မင်းကင်း၊ ကနီနှင့် ပုလဲ တို့တွင် ထိုးစစ်များအပြင်းအထန်ပြုလုပ်နေသည်။ မေ (၉) ရက်နေ့တွင် ယင်းမပင်တွင် စစ်ကောင်စီစစ်ကြောင်း၏ နယ်မြေရှင်းလင်းမှုကြောင့် ထိုမြို့နယ်အတွင်းရှိ ရွာပေါင်း (၉) ရွာမှ ရွာသား (၂၀၀၀) ခန့် ထွက်ပြေးကြရပြီး အရာတော် မြို့နယ်၊ မလဲသာကျေးရွာတွင်လည်း စစ်ကောင်စီ၏ ရွာမီးရှို့မှုကြောင့် အိမ်ခြေ (၇၀၀) ကျော်မီးလောင်ခဲ့ရာ အရပ်သား (၂) ဦး မီးထဲပါသွားကာ တဦးမှာ စစ်ကောင်စီ၏ ပစ်သတ်ခြင်းခံခဲ့ရသည့် အခြေအနေဖြစ်သည်။

## ကျူးလွန်ခံရသူ

မုန်တိုင်ပင်ရွာမှ ရွာသားများ (၂၉) ဦး

## ကျူးလွန်သူ

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်
အခြေစိုက် ခမရ (၇၀၈)၊ တပ်ရင်းမှူး
ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင်။

ရန်ကုန်တိုင်းစစ်ဆေးရေးကွပ်ကဲမှု
ဌာနချုပ် အမှတ် (၄)
ဒုတိယဗိုလ်ချုပ်ကြီး ကြည်တိုက်။

# အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၁)

## ဖြစ်စဉ်အကျဉ်း

### စစ်ကောင်စီတပ်များ ရွာတွင်းသို့ ဝင်ရောက်လာခြင်းနှင့် ရွာသူရွာသားများအား ဖမ်းဆီးခြင်း

၂၀၂၂ခုနှစ်၊ မေလ (၁၀) ရက်နေ့ မနက် (၆) နာရီခန့်တွင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် အခြေစိုက် ခမရ (၇၀၈) မှ စစ်ကောင်စီတပ်သား (၁၅၀) ခန့် မုန်တိုင်ပင်ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ဝင်ရောက်လာခဲ့သောကြောင့် ရွာသားများ ထွက်ပြေးခဲ့ကြရပြီး ထွက်မပြေးနိုင်သည့်သူများက မိမိတို့နေအိမ်တွင် လည်းကောင်း၊ ရွာဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း သွားရောက် ပုန်းအောင်းနေခဲ့ရသည်။

ထို့နောက် စစ်ကောင်စီ တပ်သားများသည် မနက် (၉) နာရီခန့်တွင် ဘုန်းကြီးကျောင်းအတွင်းသို့ ဝင်ပေါက်သုံးခုမှ ဝင်ရောက်လာပြီးနောက် ကျောင်းအတွင်းပုန်းအောင်းနေသူများကို ထုတ်ပေးရန် ဘုန်းကြီးကို တောင်းဆိုသောကြောင့် ဘုန်းကြီးက ပုန်းအောင်းနေသူများကို ထုတ်ပေးခဲ့ရသည်။ ထိုသူများထဲမှာ အမျိုးသားများကို ကျေးရွာစာသင်ကျောင်းသို့ ခေါ်ဆောင်သွားခဲ့ပြီး ထို့နောက် လက်ပြန်ကြိုးတုတ်၊ အင်္ကျီများချွတ်ကာ ဘုန်းတော်ကြီးကျောင်းသို့ (၅) ယောက်တတွဲ ပြန်လည်ခေါ်ဆောင်ခဲ့သည်။

ထို့နောက် မနက် (၁၀) နာရီခန့်တွင် ဖမ်းဆီးလာသူများအား ရွာတွင် PDF ဘယ်လောက်ရှိသလဲ၊ ရွာတွင် သေနတ် ဘယ်နှလက်ရှိသလဲ စသည့် မေးခွန်းများမေးမြန်းကာ ဓားဖြင့် မွှန်း၊ သေနတ်ဒင်ဖြင့်ရိုက်ကာ စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးမှုကို ညနေ (၅) နာရီခန့်အချိန်အထိ ပြုလုပ်ခဲ့ကြသည်။ စစ်ကောင်စီတပ်များသည် ရွာသားများအား ဖမ်းဆီးခဲ့သည့် အချိန်မှစ၍ အစားရေစာလည်းမကျွေးခဲ့သည့်အပြင် အညစ်အကြေးစွန့်ရာနေရာကိုပင် မစီစဉ်ပေးခဲ့ကြောင်း လွတ်လပ်သောအာရှအသံ (Redio Free Asia (RFA)) တွင် ဖော်ပြထားသော သတင်းများမှ သိရှိရသည်။

## အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း

နောက်တရက် မေလ (၁၁) ရက်နေ့ မနက် (၆) နာရီခန့်တွင် ဖမ်းဆီးထားသူများထဲမှ အချို့ကို မျက်နှာတွင် အဝတ်စည်း လက်ပြန်ကြိုးတုပ်ကာ စစ်ကောင်စီတပ်၏ အထုပ်အပိုးများကို ထမ်းခိုင်း၍ ရွာထဲသို့ လှည့်ပတ်လျှောက်ခိုင်းပြီးနောက် ရွာအရှေ့ဘက်ရှိ မူးမြစ်ကမ်းပါးသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ဖမ်းဆီးထားသူများကို ဓားများဖြင့် ခုတ်ထစ်သတ်ဖြတ်ကာ သေဆုံးသွားသည့် ရုပ်အလောင်းများကို မီးရှို့လိုက်ကြသည်။

မနက်ပိုင်းသတ်ဖြတ်မှုများပြုလုပ်ပြီးနောက် မွန်းလွဲပိုင်း (၂) နာရီခွဲခန့်တွင် (ပြန်လည်လွတ်မြောက်လာသူ (၈) ဦးမှအပ) ဖမ်းဆီးထားသူများကို နှစ်ယောက်တတွဲ လက်ပြန်ကြိုးများ တုပ်နှောင်ကာ ဘုန်းကြီးကျောင်းဝင်းတွင်းမှ စေတီရှေ့တွင် ထိုင်ခိုင်းစေသည်။ ထို့နောက် စိတ်ကြွဆေးများသုံးထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် နေ့လယ် (၃) နာရီခွဲခန့်တွင် "အချိန်ကျပြီ.. ဖြုတ်လိုက်တော့" ဟုဆိုကာ ပုဆိုးစုတ်များဖြင့် မျက်နှာကို စည်းနှောင်ကာ သေနတ်များဖြင့် ပစ်သတ်ပြီး ရုပ်အလောင်းများကို မီးရှို့လက်စဖျောက်ခဲ့ကြသည်။ ထိုအဖြစ်အပျက်ကို ပြန်လည်လွတ်မြောက်လာသူများ၏ ပြောကြားချက်များ ကိုးကား၍ မီဒီယာများက ဖော်ပြထားမှုများမှ သိရှိရသည်။

## စစ်ကောင်စီတပ်ဖွဲ့များ ရွာအတွင်းမှ ပြန်လည်ထွက်ခွာခြင်း


စစ်ကောင်စီ တပ်သားများထဲမှ အရာရှိသူဖြစ်သူတဦးက အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပြီးနောက် ဘုန်းကြီးကျောင်းအတွင်းတွင် ဖမ်းဆီးခံထားရသူ (၈) ဦးဆီသို့ လာရောက်ခဲ့ပြီး နောင်တွင် ရုတ်ရုတ် ရုတ်ရုတ် အသံများကြားရပါက ပြေးကြရန် သတိပေး ပြောကြားပြီးနောက် နောက်တနေ့ နေ့လယ်(၂)နာရီခန့်တွင် စစ်ကောင်စီတပ်များ ဘုန်းကြီးကျောင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးနောက် နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ စစ်ကောင်စီတပ်များထွက်ခွာပြီးနောက် မီးလောင်နေသည့် အိမ်များကို မီးငြိမ်းသတ်နေသည့် ရွာသူ ရွာသားများသည် စစ်ကောင်စီသတ်ဖြတ် မီးရှို့ထားခဲ့သည့် အပိုင်းအပိုင်းအထစ်ထစ် ဓားဖြင့် ခုတ်ပိုင်းထားသော သူတို့ ရွာသားများ၏ ရုပ်အလောင်းများကို မြင်တွေ့ခဲ့ရသည်။

## နိုင်မာသည့် သက်သေအထောက်အထားများ

ဇွန်လ (၁၇) ရက်နေ့တွင် လွတ်လပ်သောအာရှအသံ (Redio Free Asia (RFA)) သတင်းမီဒီယာမှ "လူနှစ်ဆယ့်ခြောက်ယောက် သတ်ခဲ့တယ်" ခေါင်းစဉ်ဖြင့် လူသတ်ရသည်ကို ကျေကျေနပ်နပ် ပြောဆိုနေကြသော စစ်ကောင်စီတပ်သားများ၏ ဗွီဒီယိုဖိုင်တခုကို တင်ဆက်ခဲ့သည်။ အဆိုပါ ဗွီဒီယိုဖိုင်ကို အရာတော်မြို့နယ်တွင် စစ်ကောင်စီတပ်သားတဦး ကျကျန်ရစ်ခဲ့သည့် ဖုန်းအတွင်းမှ ရရှိခဲ့သည်။ (၁၀) မိနစ်ခွဲနီးပါး ကြာမြင့်သည့် ယင်းဗွီဒီယိုဖိုင်အတွင်းတွင် လက်နက်ကိုင် စစ်သားနှစ်ယောက်၊ လက်မောင်းတွင် တပ်ကြပ်တံဆိပ်ဖြင့် စစ်သားတယောက် စုစုပေါင်း သုံးယောက်တို့သည် လူတွေကို ဘယ်လိုဘယ်နည်း သတ်ဖြတ်ခဲ့သည်၊ ဘယ်နှဦးကို သတ်ဖြတ်ခဲ့သည် စသဖြင့် လူသတ်ခြင်းကိုနေ့စဉ်နေ့တိုင်းပြုမူနေကျကိစ္စတခုသကဲ့သို့ပြောဆိုနေကြသည်ကို တွေ့ရသည်။

"မယုံဘူးလား၊ မယုံရင်လာကြည့်၊ သတ်တဲ့နေရာမှာ ကျနော်က (Expert) ၊ ကျနော်က ငယ်ငယ်လေးကတည်းက သတ်တာကို ဝါသနာပါတာ သူများအသက်ကို၊ ကျနော့်အသားနာ မှာ တော့ အရမ်းကြောက်တယ်" စသည့် ဗွီဒီယိုဖိုင်အတွင်းမှ ပြောဆိုချက်များမှာ ထိုစစ်ကောင်စီ တပ်သားသည် ဆိုးဝါးရက်စက်သည့် လက်မရွံ့လူသတ်သမားဖြစ်ကြောင်း နိုင်မာသည့် သက်သေ အထောက်အထားဖြစ်သည်။

ထို့ပြင် လွတ်လပ်သောအာရှအသံ (Redio Free Asia (RFA)) သတင်းမီဒီယာ၏ ဖော်ပြချက်အရ ဖုန်းအတွင်းတွင် ၎င်းဗွီဒီယိုဖိုင်အပြင် ဓာတ်ပုံပေါင်း (၁၄၄) ပုံကိုလည်း ရရှိခဲ့သည်။ ထိုဓာတ်ပုံများမှာ အရပ်သား (၃၀) ခန့်ကို လက်ပြန်ကြိုးတုပ်ပြီး ဘုန်းကြီးကျောင်းတခုအတွင်း တွင် စုထိုင်ခိုင်းထားသည့်ပုံများ၊ မျက်လုံးများကို ပုဆိုးစဖြင့်စည်း၊ နောက်စေ့ကနေ ပစ်သတ်ခံထား ရပြီး သွေးအိုင်ထဲလဲနေသည့် အရပ်ဝတ်လူ (၅) ယောက် အလောင်းနံဘေးတွင် စစ်သားနှစ်ယောက် ရပ်ကြည့်နေသည့် ဓာတ်ပုံများလည်းပါဝင်သည်။




ခိုင်မာသည့် သက်သေအထောက်အထားများ




မီးရှို့ခံထားရသည့် ရုပ်အလောင်းများ

## ကျူးလွန်သူများ

ထင်ထင်ရှားရှားတွေ့ရသည့် လက်မောင်းတံဆိပ်များအရ စစ်ကောင်စီတပ်ဖွဲ့မှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် (နမခ) ၏ တံဆိပ်ဖြစ်နေသည်။ သေနတ်ဒင်တွင် ရေးသားထားသည့် အမှတ်အသားများအရ စစ်ကောင်စီ၏ ထိုတပ်ရင်းမှာ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် အခြေစိုက် အမှတ် (၄) စစ်ဆင်ရေးဌာနချုပ် လက်အောက်ခံ အမှတ် (၇၀၈) ခြေမြန်တပ်ရင်းဖြစ်သည်ဟု CDM ဗိုလ်ကြီးတဦး၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းမီဒီယာများက ဖော်ပြကြသည်။ အဆိုပါ ခမရ (၇၀၈) ၏ တပ်ရင်းမှူးမှာ ဒုတိယ ဗိုလ်မှူးကြီး ထွန်းလင်းအောင် ဟု သိရှိရပြီး၊ ရန်ကုန်တိုင်းစစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ် အမှတ် (၄) ဒုတိယဗိုလ်ချုပ်ကြီး ကြည်တိုက် လည်း ပါဝင်သည်ဟု သတင်းရင်းမြစ်အချို့က ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ထိုသို့ ဆိုးရွားရက်စက်သည့် မုန်တိုင်ပင်ရွာမှ စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက် လူသတ်မှုကို စစ်ကောင်စီဘက်က ယင်းကိစ္စနှင့် ပတ်သက်၍ မြေပြင်ကို စုံစမ်းမေးမြန်းပြီးမှသာ အကျိုးအကြောင်း ရှင်းပြနိုင်မည်ဟုသာ တုံ့ပြန်ခဲ့သည်။ စစ်ကောင်စီသည် ဆိုးရွားရက်စက်လှသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ယခင်ကာလများတွင် လူမျိုးစု ဒေသများတွင် ကျူးလွန်ခဲ့ပြီး ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက် နေ့ အာဏာသိမ်းမှု ဖြစ်စဉ်နောက်ပိုင်းတွင် ဗမာ (မြန်မာ) လူမျိုးအများစုနေထိုင်ကြသည့် အညာဒေသများအပါအဝင် တနိုင်ငံလုံး နေရာအနှံ့တွင် စစ်ရာဇဝတ်မှုများကို ပေါ်ပေါ်တင်တင် ကျူးလွန်လျက်ရှိသည်။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် အညာဒေသဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ မုန်တိုင်ပင်ရွာ တွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု ကို မီဒီယာများတွင်ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များကို ပြန်လည် စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခုအဖြစ်အပျက် သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများ ကို ထိုက်သင့်သည့် အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီးလိုအပ်ပါသည်။

## အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၂)

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ မုန်တိုင်ပင်ကျေးရွာ အစုလိုက်အပြုံလိုက် အသတ်ခံရမှုနှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် နေ့စဉ်တွေ့မြင် ဖတ်ရှုခဲ့ရသော်လည်း သတင်းမီဒီယာများ၏ ဖော်ထုတ်တင်ဆက်မှုကဲ့သို့ သတင်းအချက်အလက် ခိုင်လုံခဲ့ခြင်းမျိုး မရှိခဲ့ပေ။ သတင်းမီဒီယာများ၏ ဖော်ထုတ် တင်ဆက်မှုများသည် အသွင်ကူးပြောင်းရေးဆိုင်တရားမျှတမှု ရှာဖွေခြင်းလုပ်ငန်းစဉ် တခုဖြစ်သည့် အမှန်တရားရှာဖွေရေးလုပ်ငန်းစဉ်အတွက် အလွန်အထောက်အကူဖြစ်စေပြီး ရက်စက်၊ ဆိုးရွားစွာကျူးလွန်ခဲ့ကြသည့် ရာဇဝတ်မှုများ၏ အဖြစ်အပျက်၊ မည်သူက ကျူးလွန်ခဲ့သည် ဆိုသည့် အမှန်တရားကို ဖော်ထုတ်ခဲ့ပြီး ပြည်သူလူထုအကြားတွင် မုန်တိုင်ပင်ရွာအတွင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဖြစ်ပွားစေခဲ့သည့် အကြောင်းတရားများကို နားလည်ရန်ကူညီပေးနိုင်ခဲ့ပါသည်။



## အမှန်တရားပေါ်ပေါက်ဖို့ ဘာကြောင့်အရေးကြီးသလဲ

အမှန်တရားပေါ်ပေါက်ရေး လုပ်ငန်းစဉ်သည် အလွန်အရေးကြီးပြီး လူမှုအသိုက်အဝန်းအတွင်း အတိတ်ကာလမှ ချိုးဖောက် မှုများကို တိကျစွာ နားလည်သိရှိခြင်းမရှိပါက ထိုအဖြစ်အပျက်များ ထပ်မံမဖြစ်ပွားရန် အတွက် တားဆီးရန်လည်း ခက်ခဲပါသည်။ ထို့အပြင်

(၁) ခိုင်လုံတိကျသည့် သမိုင်းမှတ်တမ်းများကို တည်ဆောက်နိုင်ရန်။

(၂) ပြန်လည်ဖြစ်ပွားခြင်းမှ ကာကွယ်ပေးရန်။

(၃) နစ်နာခဲ့သူများ စိတ်ကျေနပ်မှု ရရှိစေရန်။

(၄) တာဝန်ယူ/တာဝန်ခံမှုကို ရှိစေရန်။

(၅) ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်။

(၆) ပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ရန်နှင့် တင်းမာမှုများလျော့ချရန်

စသည့်အချက်များအတွက်လည်း အထောက်အကူဖြစ်စေပါသည်။

အမှန်တရားပေါ်ပေါက်ဖို့ အရေးကြီးသကဲ့သို့ အမှန်တရားရပိုင်ခွင့် ( Rights to Truth) သည် ကျူးလွန်ခံခဲ့ရသူ မိသားစုဝင်များအတွက် အလွန်အရေးကြီးပါသည်။ အမှန်တရားရရှိခွင့် အခွင့်အရေးသဘောတရားသည် ဆယ်စုနှစ်များအတွင်း အရေးကြီးသောအကြောင်းအရာ ဖြစ်လာပြီး ဤသဘောတရားသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဥပဒေကို အခြေခံ ပေါ်ပေါက်လာခြင်းဖြစ်ပြီး အထူးသဖြင့် ကျူးလွန်ခံခဲ့ရသူ ဆွေမျိုးသားချင်းများ၏ ကံကြမ္မာကို မိသားစုဝင်များက သိရှိခွင့် ၊ အခွင့်အရေးနှင့် ပျောက်ဆုံးသွားသူများကို ရှာဖွေရန် အတွက် ရက်စက် ကြမ်းကြုတ်သည့် လုပ်ရပ်များတွင် ပါဝင်ခဲ့သည့်အဖွဲ့များ၏ တာဝန်ဝတ္တရားများအား ဖော်ပြထားသည်။ အမှန်တရား ရရှိခွင့်အခွင့်အရေးကို ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာမှုဥပဒေကို ပြင်းထန်စွာ ချိုးဖောက်မှုများ စသည့် အခြေအနေများတွင် အသုံးပြုကြသည်။ ထိုအခြေအနေများတွင် လူမသိသူမသိသတ်ဖြတ်ခံရမှုများ၊ အဓမ္မအစဖျောက်ခံရမှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများအတွက် ကျူးလွန်ခံရသူတို့၏ ဆွေမျိုးသားချင်းများသည် ၎င်းတို့ချစ်ခင်ရသူများ ကြုံတွေ့ခံစားခဲ့ရသည့်အဖြစ်အပျက် (အမှန်တရား)ကို သိရှိရန် ထိုက်တန်သည့်အတွက် ဤအခွင့်အရေးပေါ်လာခြင်းဖြစ်ပါသည်။

ထို့အပြင် အမှန်တရားရရှိခွင့် အခွင့်အရေးသည် အောက်ပါအချက်များကြောင့် လည်းအရေးကြီးပါသည်။

(၁) နိုင်ငံတခု၏ အတိတ်နှင့်ပတ်သက်၍ တိကျသော သမိုင်းမှတ်တမ်းကိုထုတ်ဖော်ပြုစုရန် ထောက်ပံ့ပေးခြင်း။

(၂) မရှင်းလင်းသော (ဝိုးတဝါး) ဖြစ်ရပ်များကို သေချာ ရှင်းလင်းပေးခြင်း။

(၃) အငြင်းပွားဖွယ်၊ နာကျင်စရာများနှင့် ပြည့်နေသည့် သမိုင်းကာလနှင့်ပတ်သက်၍ နှုတ်ပိတ်တိတ်ဆိတ်ခြင်းနှင့် ငြင်းပယ်ခြင်းကို ဖယ်ရှားပေးသည်။

(၄) အသိအမှတ်ပြုခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် သမိုင်းဆိုင်ရာ ထွက်ဆိုချက်များ

၏ ရင်းမြစ် (မည်သူ့၏ ထွက်ဆိုချက်ဖြစ်သည်) အကြောင်း အရာများကို ဖြေရှင်းပေးခြင်း။

(၅) အလားတူချိုးဖောက်မှုများ ထပ်မံ မဖြစ်ပွားအောင် တားဆီးရန် ကူညီခြင်းသည် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုတို့ရရှိရေးအတွက် ပထမအဆင့်ပင် ဖြစ်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အမှန်တရားရပိုင်ခွင့်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တခုကို အတည်ပြုခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်ခံရသူများ၏ အခွင့်အရေး၊ ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးနှင့် ကျူးလွန်ချိုးဖောက်ခံရမှုများနှင့်ပတ်သက်ပြီး အမှန်တကယ် ဖြစ်ပျက်ခဲ့သည်များအား သိနိုင်ရန် လူ့အဖွဲ့အစည်း၏ အခွင့်အရေးတို့ကို နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် အသိအမှတ်ပြုရန် မည်မျှ အရေးကြီးကြောင်းကို အလေးထား ဖော်ပြထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် ၆၅/၁၉၆ အရ မတ်လ ၂၄ ရက်နေ့ကို ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အမှန်တရားကို ရရှိရေးနှင့် ကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာနှင့် ဆိုင်သော အပြည်ပြည်ဆိုင်ရာနေ့အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ဤကြေညာချက်အား လူတိုင်းသိရှိနိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာအခမ်းအနားကို ၂၀၁၁ ခုနှစ် မတ်လ ၂၄ ရက်တွင် စတင်ကျင်းပခဲ့ပါသည်။

မုန်တိုင်ပင်ကျေးရွာတွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်တွင် အသက်ဆုံးရှုံးသွားခဲ့ရသူများ၊ ပျက်ဆီးဆုံးရှုံးသွားခဲ့ရသော အဆောက်အအုံများ၊ ဖမ်းဆီးခံရသူများ၊ ကျန်ရစ်ခဲ့သော မိသားစုဝင်များ စသည့် အချက်အလက်များကို ခိုင်မာတိကျစွာ ကောက်ယူထားရန်လိုအပ်သည်။ အဆိုပါ မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်များကို ဖမ်းဆီးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများ၊ အဆိုပါ အဖြစ်အပျက်ကို လက်တွေ့ကြုံခဲ့ရသည့် မုန်တိုင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သံဃာတော်များနှင့် မုန်တိုင်ပင်ကျေးရွာနေ ပြည်သူလူထုတို့ကို မေးမြန်းကာ တိကျခိုင်မာသော မှတ်တမ်းအချက်အလက်များကို စနစ်တကျ ကောက်ယူစုဆောင်းသိမ်းဆည်းထားရန်မှာ အထူးအရေးကြီးသည်။ ထိုဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ဟု ခေါ်ဆိုနိုင်သည်။

ထိုသို့သော တိကျခိုင်မာသော အချက်အလက်များသည် နောင်တချိန်တွင် တရားမျှတမှုနှင့် အမှန်တရားရှာဖွေရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရာတွင် အရေးပါသော သက်သေအထောက်အထားများ ဖြစ်လာမည်ဖြစ်သည်။

## အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၃)

**စစ်**ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ မုန်တိုင်ပင်ရွာမှ အစုလိုက်အပြုံလိုက် လူသတ်မှုနှင့် ပတ်သက်၍ Myanmar Now မီဒီယာ ၏ ကျေးရွာသားများနှင့် အမေး၊ အဖြေတွင် သေဆုံးခဲ့ရသူများအတွက် ဓလေ့ထုံးတမ်းအရ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများနှင့် မိသားစုဝင်များသည် နာကျင်ခံစားရပုံများအား ဖြေဆိုထားသည်ကို တွေ့ရှိရသည်။တော်လှန်ရေးကာလအပြီး ကျွန်ုပ်တို့နိုင်ငံ အသွင်ကူးပြောင်းသည့်အခါ (သို့မဟုတ်) ဒီမိုကရေစီ နိုင်ငံဖြစ်ထွန်းလာသည့်အခါ မုန်တိုင်ပင်ရွာမှ ခံစားနာကျင်ခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော်မှ ပြုလုပ်ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများစွာရှိပြီး ထိုအထဲတွင် ကျူးလွန်ခံခဲ့ရသူများအတွက် Reparation ဟုခေါ်သည့် ပြန်လည်ကုစားပေးရသည့် လုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်တခု ဖြစ်သည်။ လုပ်ဆောင်ရသည့်ရည်ရွယ်ချက်မှာ ပဋိပက္ခကြောင့် ပြိုကွဲခဲ့ရသော လူမှုအဆောက်အအုံကို ပြန်လည် တည်ဆောက်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

စစ်အာဏာရှင်အုပ်ချုပ်သည့် ကာလတွင် အရာပေါင်းများစွာ ဖျက်ဆီးခံခဲ့ရပြီး လူပေါင်းများစွာဆုံးခဲ့ရသည်။ အချို့မှာ ကိုယ်လက်အင်္ဂါချို့ယွင်းခဲ့ရပြီး အချို့မှာ စစ်အာဏာရှင်များ၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံခဲ့ရသည်။

နိုင်ငံပြည်လည်ထူထောင်သည့်အခါတွင် လူ့အသိုက်အဝန်းကို မည်ကဲ့သို့ ပြန်လည် တည်ဆောက်မည်၊ ကျူးလွန်ခံရသူတွေအတွက် မည်သို့ပြန်လည် ပျိုးထောင်ပေးကြမည်၊ ထိုကဲ့သို့အဖြစ်ဆိုးများထပ်မံ မဖြစ်ပွားစေရန် မည်သို့ဆောင်ရွက်မည် စသည့်မေးခွန်းများအား စဉ်းစားရန် လိုအပ်ပြီး မေးခွန်းများအတွက်လည်း လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ ပြန်လည်ကုစားမှု အစီအစဉ်များအားဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏တာဝန် ဝတ္တရားဖြစ်ပြီး၊ ကျူးလွန်ခံရသူများ၏ အခွင့်အရေးများအား ဖြည့်ဆည်းပေးခြင်းဖြင့် ပဋိပက္ခကြောင့် ပြိုကွဲခဲ့ရသော လူမှုအဆောက်အအုံကို ကုစားပေးသောကြောင့် ပြန်လည်ကုစားခြင်းများသည် အရေးကြီးပါသည်။

## ကျူးလွန်ခံခဲ့ရသူများ

ကျူးလွန်ခံရသူများဆိုသည်မှာ တဦးချင်း ဖြစ်စေ၊ လူအုပ်စုလိုက်ဖြစ်စေ ထိခိုက်ခံစားခဲ့ရသူများအား ရည်ညွှန်းပါသည်။ ကျူးလွန်ခံရသူများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအား လုံးဝချိုးဖောက်ခံရပြီး၊ စီးပွား ရေးလုပ်ငန်းများ ဆုံးရှုံးခြင်းများအပါအဝင် စိတ်ထိခိုက် ခံစားနေရပြီး ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်ခံစားခဲ့ရသူများ ဖြစ်သည်။ "ကျူးလွန်ခံရသူ" ဟူသောအသုံးအနှုန်းတွင် ကျူးလွန်ခံရသူ၏ မိသားစုဝင်များ (သို့မဟုတ်) ကျူးလွန် ခံရသူအား မှီခိုနေသူများနှင့် အကြမ်းဖက်မှုအား တားဆီး ရန် (သို့မဟုတ်) စိတ်သောက ရောက်နေသည့် ကျူးလွန်ခံ ရသူများအား ကူညီရန် ကြားဝင်ဆောင်ရွက်ပေးရင်း ထိခိုက်ခံစားခဲ့ရသည့် ပုဂ္ဂိုလ်များလည်း ပါဝင်ပါသည်။ ထို့အပြင် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူကြားတွင် မိသားစုဆက်ဆံရေးရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခံရမည် ဟုဖော်ပြထားပါ သည်။

## ကျူးလွန်ခံရသူများအား ကုသပေးခြင်း

ကျူးလွန်ခံရသူများအား လူသားချင်းစာနာမှုဖြင့် ဆက်ဆံပြီး သူတို့၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများ အား လေးစားရပါမည်။ ထို့အပြင် မိသားစုဝင်များ အပါအဝင် သူတို့၏လုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှု နှင့် သူတို့၏ ပုဂ္ဂလိကဘဝ စသည်တို့ ကောင်းမွန်လာ စေရေးအတွက် သင့်တော်သည့် အစီအမံများ ပြုလုပ်ရ မည် ဖြစ်သည်။ နိုင်ငံတခု၏ ပြည်တွင်းဥပဒေများတွင် အကြမ်းဖက်ဒဏ်ခံစားခဲ့ရသူ (သို့မဟုတ်) စိတ်ဝေဒနာ ခံစားနေရသည့် ကျူးလွန်ခံခဲ့ရသူများအား အထူးထည့် သွင်းစဉ်းစားရမည်ဖြစ်ပြီး ၎င်းတို့၏ စိတ်ဒဏ်ရာ ပြန်လည် ဖြစ်ပွားမှုကို ရှောင်ရှားရန် ဂရုစိုက်ရပါမည်။

## ကျူးလွန်ခံရသူများအတွက် ကုစားခွင့်များ

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ဆိုးရွားစွာ ချိုးဖောက် ခြင်းများအတွက် ကုစားမှုများတွင် နိုင်ငံတကာဥပဒေအရ ပေးအပ်ထားသည့် အောက်ပါ ကျူးလွန်ခံရသူများ၏ ရပိုင်ခွင့်များပါဝင်သည်။

(၁) တန်းတူညီမျှပြီး ထိရောက်သည့် တရားမျှတမှု ရရှိရေး

(၂) ထိခိုက်ခံစားခဲ့ရသူများအတွက်ပြည့်စုံ၊ လုံလောက် သည့် မြန်ဆန်၊ ထိရောက်သည့် ပြန်လည်ကုစား၊ ပေး လျော်ခြင်းများနှင့်

(၃) ဥပဒေချိုးဖောက်မှုများ၊ ပြန်လည်ကုစား၊ ပေး လျော်ခြင်းစသည့် ယန္တရားများနှင့်ပတ်သက်သည့် ဆက်စပ်သတင်းအချက်အလက်များအား ရယူနိုင်ခွင့် ရှိ ခြင်း တို့ဖြစ်ပါသည်။

## ပုံစံ အမျိုးမျိုး ရှိသည့် ပြန်လည်ကုစား၊ ပေးလျော်မှုပုံစံများ

ပြန်လည်ကုစား၊ ပေးလျော်မှုပုံစံများတွင် Material reparations ဟုခေါ်သည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကုစားမှုများနှင့် Symbolic reparations ဟုခေါ်သည့် သင်္ကေတဆိုင်ရာပြန်လည်ကုစားခြင်း ဟူ၍ ယေဘုယျ အားဖြင့် နှစ်မျိုးရှိပြီး အချို့နိုင်ငံများတွင် ထိုနှစ်မျိုးလုံးအား ပေါင်းစပ်ပြီး အကောင်အထည်ဖော်ခဲ့သည်များလည်းရှိပါ သည်။

Material reparations ဟုခေါ်သည့် ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ကုစားမှုများသည် ကျူးလွန်ခံရသူများအတွက် ခိုင်မာသည့်အကူအညီ ပေးရေးပုံစံများဖြစ်ပြီး အောက်ပါ တို့ပါဝင်နိုင်ပါသည်။

(၁) Compensation လျော်ကြေးပေးခြင်း – အများ အားဖြင့် ငွေကြေးပေးခြင်းဖြစ်ပြီး ထိခိုက်မှုများအတွက် နစ်နာကြေးပေးခြင်း၊

(၂) Rehabilitation ပြန်လည်ထူထောင်ခြင်း – ပညာရေးအတွက် အထူးဝန်ဆောင်မှု၊ အထူးတိုင်ပင် ဆွေးနွေးပေးခြင်း အပါအဝင် စိတ်ပိုင်းဆိုင်ရာကျန်းမာ ရေးနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး ဝန်ဆောင်မှုများ၊ ဥပဒေရေးရာ အကူအညီပေးခြင်း၊ အသေးစားချေးငွေများ ထုတ်ချေးခြင်း စီမံချက်များ ကဲ့သို့သော စီးပွားရေး အကူ အညီများ၊ တလုံးတခဲတည်း အလျော်ပေးခြင်း၊ သို့မဟုတ် လစဉ် ပင်စင်လစာများ ကဲ့သို့သော ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးမည့် ဝန်ဆောင် မှုများပေးခြင်း၊

(၃) Restitution မူလအခြေအနေသို့ရောက်အောင် ဆောင်ရွက်ခြင်း – ကျူးလွန်ခံရသူများ၏ (ချိုးဖောက်ခံရ မှုများမဖြစ်ပွားမီ) မူလအခြေအနေသို့ ဖြစ်နိုင်သမျှ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ခြင်း၊ ဥပမာအားဖြင့် မူလအလုပ်တာဝန်အား ပြန်လည်ပေးအပ်ခြင်း၊ နိုင်ငံသား ဖြစ်ခွင့် အပြည့်အဝပေးခြင်း၊ ခိုးယူခံရသည့်ပစ္စည်းများ အား ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပျက်စီးသွားသည့် ပစ္စည်းများအား ပြန်လည်ပြင်ဆင်ပေးခြင်း၊

(၄) Satisfaction သေဆုံးသွားသူများအား ကောင်းမွန်စွာ သဂြိုလ်ပေးခြင်း (မိသားစုများသည် သင့်တော်သော အခမ်းအနားများ ဆောင်ရွက်ပြုလုပ်နိုင် သည်)။

(၅) Guarantees of non-repetition နောက်တဖန် မဖြစ်ပွားစေရန်အတွက် အာမခံခြင်းတွင် အောက်ပါ အစီ အမံများပါဝင်ပြီး ထပ်မံမဖြစ်ပွားစေရန် တားဆီးပေးပါ သည်။

- စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များအား အရပ်သား ထိန်းချုပ်မှုအောက်တွင် ထိထိရောက်ရောက် ထားရှိရန် အာမခံခြင်း၊
- အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ ဆောင်ရွက် ချက်များအားလုံးသည် တရားဝင် လုပ်ထုံးလုပ်နည်း၊ တရားမျှတပြီး သမာသမတ်ကျသည့် နိုင်ငံတကာစံနှုန်း များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- အမှီအခိုကင်းသည့် တရားစီရင်မှု ဖြစ်ထွန်း အား ကောင်းအောင် ဆောင်ရွက်ခြင်း၊
- ဥပဒေရေးရာဝန်ထမ်းများ၊ဆေးဝါးနှင့်ကျန်းမာရေး စောင့်ရှောက်မှု အတတ်ပညာရှင်များ၊ သတင်းမီဒီယာ များနှင့် အခြားသက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအား ကာကွယ် စောင့်ရှောက်ခြင်း၊
- လူမှုပဋိပက္ခများအား တားဆီးရန်နှင့် ၎င်းတို့၏

ဖြေရှင်းပုံများအား စောင့်ကြည့်ရန်အတွက် လုပ်ငန်းစဉ် ယန္တရားများအား မြှင့်တင်ခြင်း၊

• နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအား ဆိုးရွားစွာ ချိုးဖောက်ရန်အတွက် ခွင့်ပြုထားသည့် သို့မဟုတ် အထောက်အပံ့ဖြစ်စေသော ဥပဒေများအား ပြုပြင်ပြောင်းလဲခြင်း စသည်ဖြင့် ပါဝင်ပါသည်။

**Symbolic reparations** သင်္ကေတဆိုင်ရာ ပြန်လည်ကုစားခြင်းများသည် ကျူးလွန်ခံရသူများအား စိတ်ကျေနပ်မှု ပေးနိုင်သော အစီအမံများဖြစ်ပြီး အနာဂတ်တွင် ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရန် ကြိုးပမ်းမှုအဖြစ်လည်း ရှုမြင်ကြသည်။ သင်္ကေတဆိုင်ရာပြန်လည်ကုစားခြင်းများတွင် အောက်ပါ လုပ်ဆောင်ချက်များ ပါဝင်ပါသည်။

(၁) ကျူးလွန်ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများက ကျူးလွန်ခံရသူများအား ဝန်ချတောင်းပန်ခြင်း၊

(၂) ကျူးလွန်ခံရသူများအတွက် ရည်စူးသည့် အထိမ်းအမှတ်အဆောက်အဦများ (သို့မဟုတ်) အခြား အသိအမှတ်ပြုသည့် ပုံစံများ၊

(၃) အောက်မေ့သတိရခြင်း အမျိုးသားအထိမ်းအမှတ်နေ့များကဲ့သို့သော အောက်မေ့ဘွယ် အခမ်းအနားများ ကျင်းပပေးခြင်း၊ အတိတ်က အဖြစ်အပျက်များတွင် အရေးပါခဲ့သည့် အများပြည်သူဆိုင်ရာ နေရာများနှင့် လမ်းများအား အမည်သစ်ပေးခြင်း၊ သို့မဟုတ် ယခင်က အစုအပြုံလိုက်သတ်ဖြတ်ခဲ့သည့်နေရာများနှင့် ထိန်းသိမ်းရေး စခန်းနေရာများအား အမှတ်အသားပြုခြင်း၊

(၄) အစပျောက်ဆုံးသူများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် သေဆုံးခဲ့သည့် ကျူးလွန်ခံရသူများ၏ ရုပ်အလောင်းများအား ပြန်လည်တူးဖော်ခြင်း စသည့် လုပ်ဆောင်မှုများ ပါဝင်ပါသည်။

ပဋိပက္ခကာလတခု သို့မဟုတ် အာဏာရှင်စနစ်တခု အဆုံးသတ်ပြီးနောက်တွင် လူပေါင်းများစွာသည် အတိတ်ကာလမှ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ဆက်လက်ခံစားရပါသည်။ သူတို့သည် ပဋိပက္ခအတွင်း ကြုံတွေ့ခံစားခဲ့ရသည့် ဒုက္ခဆင်းရဲများနှင့် သူတို့၏ စွန့်လွှတ်ဆောင်ရွက်ခဲ့မှုများအတွက် တရားဝင် အသိအမှတ်ပြုခံရရန်အတွက် စောင့်စားနေကြပါလိမ့်မည်။ ထိုကဲ့သို့ ကျူးလွန်ခံရသူများအား ပြန်လည်ကုစား၊ ပေးလျော်သည့် အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်းတခုလုံးအား ပြန်လည်နာလန်ထူလာစေရန် အထောက်အကူဖြစ်စေပါလိမ့်သည်။

မုန်တိုင်ပင်ကျေးရွာတွင် စစ်ကောင်စီ၏ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် အသက်ဆုံးရှုံးသွားခဲ့သူများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၊ ကျန်ရစ်ခဲ့သော မိသားစုဝင်များ၊ ပျက်ဆီးဆုံးရှုံးသွားခဲ့ရသော အဆောက်အဦများ စသည့် ဆုံးရှုံးနစ်နာခဲ့ရမှုများအတွက် ပြန်လည်ကုစားရေး လုပ်ငန်းများကို မည်သို့ဆောင်ရွက်ကြမည်ကို လက်ရှိကာလ အာဏာရအစိုးရဖြစ်သည့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့အနေဖြင့် စနစ်တကျပြင်ဆင်ထားရှိရန်လိုအပ်သည်။ အဆိုလုပ်ငန်းစဉ်များကို လက်ရှိကာလတွင် လုပ်ဆောင်၍ ရနိုင်သည်များ လုပ်ဆောင်ထားပြီး နောင်တချိန်တွင် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန် မူဝါဒတခု ချမှတ်ထားရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ထားမှသာ လူ့အခွင့်အရေး ချိုးဖောက်ခံရပြီး စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခြင်းများ အပါအဝင် စိတ်ထိခိုက်ခံစားနေရပြီး ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်ခံစားခဲ့ရသူများအတွက် စိတ်သက်သာရာ ရရှိနိုင်ပြီး လူမှုဘဝကို ပြန်လည်ထူထောင်ရာတွင် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

# အညာဒေသတွင် စစ်ကောင်စီကျူးလွန်ခဲ့သော ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု (၄)

## အညာဒေသအတွက် ဆိုးဝါးသော အတွေ့အကြုံသစ်

စစ်ကောင်စီ၏ ဆိုးဝါးရက်စက်စွာ ဖမ်းဆီး၊ ညှင်းပန်း၊ သတ်ဖြတ်၊ မီးရှို့ခံခဲ့ရသည့် မုန်တိုင်ပင်ရွာသားများနှင့် ပတ်သက်၍ အမှန်တရားရှာဖွေဖော်ထုတ်ခြင်း အရေးကြီးပုံနှင့် အမှန်တရားရှာဖွေဖော်ထုတ်ခြင်း၏ သဘောတရားများကို ရေဦးမြို့နယ်၊ မုန်တိုင်ပင်ရွာမှ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု (၂) တွင်ရေးသားတင်ပြခဲ့သည်။ ထိုသို့ အမှန်တရား ရှာဖွေဖော်ထုတ်ပြီးနောက် နောက်ထပ်အရေးပါသည့် အဆင့်တခုဖြစ်သည့် တရားစွဲဆို ခြင်းဆိုင်လုပ်ငန်းစဉ်များကို မည်သို့ လုပ်ဆောင်သင့်ကြောင်းနှင့် လက်ရှိနိုင်ငံရေးကာလ အခြေအနေတွင် မည်သို့လုပ်ဆောင်ထားနိုင်ကြောင်းနှင့် မည်သည်တို့သည် ရှောင်ရှား ထားရမည့် အချက်များဖြစ်ကြောင်းကို ဆက်လက်ရေးသားတင်ပြသွားပါမည်။

## ကျူးလွန်ခံရသူများအတွက် ကုစားခွင့်များ

“တရားစွဲဆိုခြင်း"ဟူသောဝေါဟာရကို ပုံမှန်အားဖြင့်လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အခြားရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူများ၏ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ရည်ညွှန်းပါသည်။ တရားစွဲဆိုမှုများသည် တဦးချင်း၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအပေါ် အဓိကထား လုပ်ဆောင်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် လူတဦးချင်းစီမှ သူတို့ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်ပြီး တာဝန်ခံမှုရှိလာစေရန် အဓိကလုပ်ဆောင်သည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် တရားစွဲအရာရှိများသည် ချိုးဖောက်မှုများအတွက် တာဝန်အရှိဆုံးဟု ယူဆခံရသူအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးတင်ခြင်းတို့အား အစဉ်အမြဲ ဦးစားပေး လုပ်ဆောင်သည်။ (ဥပမာ – ရာဇဝတ်မှုကို ကိုယ်ထိလက်ရောက်ကျူးလွန်သူများ၊ ထိုတပ်၏ တပ်မှူးများ၊ ပိုမိုအဆင့်မြင့်သည့် နိုင်ငံရေး (သို့မဟုတ်) စစ်ရေးဆိုင်ရာ အရာရှိကြီးများ၊ မူဝါဒချမှတ်သူများ သို့မဟုတ် လူ့အခွင့်ရေးချိုးဖောက်မှုများ ပါဝင်သည့် စီမံကိန်းများအား ရေးဆွဲခဲ့သူများ စသည်ဖြင့် ပါဝင်သည်။ တရားစွဲဆိုမှုများသည် ကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာပြန်လည်ထူထောင်နိုင်ရန် အကူအညီပေးပြီး အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရနေခြင်းအား တိုက်ဖျက်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးအပေါ် ပြည်သူလူထု၏ယုံကြည်မှုပြန်လည်ရရှိရန် အထောက်အကူပြုပေးနိုင်ပါသည်။

## တရားစွဲဆိုခြင်း၏ ရည်ရွယ်ချက်အကျယ်

တရားစွဲဆိုမှုများတွင် ရည်ရွယ်ချက်များစွာ ရှိသည်။ ၎င်းတို့မှာ –

- စစ်ရာဇဝတ်မှုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုအတွက်တာဝန်ရှိသူများကို အပြစ်ပေးခြင်းအားဖြင့် တရားမျှတမှုအတွက် ကျူးလွန်ခံရသူများ၏ တောင်းဆိုချက်များအား တုံ့ပြန်ဆောင်ရွက်ပေးရန်နှင့် ကျူးလွန်ခံရသူများ၏ နာကျင်ခဲ့ရမှုဒုက္ခအား အသိအမှတ်ပြုရန်။

- ကျူးလွန်ခံရသူများအား ပြန်လည်ကုစားပေးနိုင်ရန်အတွက် ဥပဒေပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများအား ဖြည့်ဆည်းပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်။

- ဥပဒေချိုးဖောက်မှုများနှင့် အပြစ်ပေးအရေးယူမှုများမှ ကင်းလွတ်ခွင့်များအား ရှုတ်ချရန်၊ တရားမျှတသော ဦးတည်ချက်ရှိသည့်လုပ်ငန်းစဉ်ကို ကြေညာပြီး ဥပဒေမဲ့ လုပ်ရပ်များအား ဟန့်တားရန်။

- အုပ်စုဖွဲ့ကျူးလွန်မှုအား ဆန့်ကျင်ပြီး တဦးချင်းစီ၏ တာဝန်ရှိမှုကို ဆုံးဖြတ်ရန် ။

- တိကျသော သမိုင်းမှတ်တမ်းတခုအားဖော်ထုတ် မှတ်တမ်းတင်ပြီး အတိတ်မှ ဖြစ်ခဲ့သည့် ဖြစ်ရပ်များနှင့် ထိုဖြစ်ရပ်များ၏ အကြောင်းအရင်းများအား ထုတ်ဖော် ပြောကြားရန်နှင့်

- လူမှုရေးဆိုင်ရာ တရားမျှတရေးနှင့် တရားဥပဒေစိုးမိုးမှုရေးတို့ဖြင့် အမှတ်အသားပြုထားသည့် နိုင်ငံတနိုင်ငံ၏ အခန်းကဏ္ဍအသစ်တခုကို ဖော်ပြဆောင်ရွက်ရန် စသဖြင့် ဖြစ်သည်။

## မုန်တိုင်းပင်ရွာသားများအတွက် ဘယ်လိုတရားစွဲဆိုမှုတွေ လုပ်ဆောင်နိုင်သလဲ


အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့်ဆိုသည်မှာ အဖွဲ့အစည်းတခု ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများသည် ၎င်း၏နိုင်ငံအတွင်း ဖြစ်ပွားခြင်းမရှိစေကာမူ၊ ကျူးလွန်သူသည် ၎င်း၏ နိုင်ငံသားဟုတ်သည်ဖြစ်စေ၊ နိုင်ငံသားမဟုတ်သည်ပင်ဖြစ်စေ ၎င်း၏နိုင်ငံတွင်း တရားရုံးများမှ တရားစွဲဆိုစီရင်ပိုင်ခွင့်ရှိသည့် ဥပဒေပိုင်းဆိုင်ရာနိယာမ တခု ဖြစ်သည်။ သို့ရာတွင် အပြည်ပြည် ဆိုင်ရာတရားစီရင်ခွင့်၏နိယာမအရအချို့သောရာဇဝတ်မှုများသည်အလွန်ဆိုးဝါးပြင်းထန်သဖြင့် နိုင်ငံတကာအသိုက်အဝိုင်းတခုလုံးအပေါ် ကျူးလွန်သောရာဇဝတ်မှုအဖြစ် မှတ်ယူသည်။ ထို့ကြောင့် လူသားအားလုံးနှင့်သက်ဆိုင်သည်ဟု မှတ်ယူသည်။ အချို့သော အခြေအနေများတွင် ဤတရားစွဲဆိုမှုများသည် တာဝန်ယူမှုကို မြှင့်တင်ရန်အတွက် တခုတည်းသောအခွင့်အလမ်းကို ပေးပါလိမ့်မည်။ ဥရောပရှိ နိုင်ငံအတော်များများသည် မိမိတို့၏ဇာတိနိုင်ငံများတွင် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသော နိုင်ငံခြားသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်အမှုများဖြင့် အမှုဖွင့်စွဲဆိုထားနိုင်သည်။ ကိစ္စအများစုတွင် အစိုးရရှေ့နေများ (သို့မဟုတ်) စုံစမ်းစစ်ဆေးရေး တရားသူကြီးများသည် စွပ်စွဲခံရသောချိုးဖောက် မှုများဖြစ်ပွားခဲ့သည့် နိုင်ငံများမှ လူ့အခွင့်အရေးအား လုပ်ဆောင်နေသည့် အရပ်ဘက်အဖွဲ့ အစည်းများနှင့် ကျူးလွန်ခံရသူများအတွက် အလုပ်လုပ်သည့် အဖွဲ့များ၏ အကူအညီဖြင့် (သို့မဟုတ်) ဖိအားများဖြင့် ရှေ့တိုးလုပ်ဆောင်ခဲ့ကြသည်။ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ဗြိတိန်၊ စပိန်၊ အာဂျင်တီးနားနှင့် ဩစတြေးလျ စသည့်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့်အား ကျင့်သုံး၍ တရားစွဲဆိုမှုများ လုပ်ဆောင်နေကြသည်။

လက်ရှိကာလတွင် အကြမ်းဖက်စစ်ကောင်စီသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်ခြင်းအတွက် International Court of Justice (ICJ) တွင်သာမက အာဂျင်တီးနား နိုင်ငံနှင့် တူရကီနိုင်ငံများတွင်လည်း တရားစွဲဆိုခြင်း ခံထားရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတခု ဖြစ်သည့် အင်ဒိုနီးရှားသည်လည်း အပြည်ပြည်ဆိုင်ရာ တရားစွဲဆိုခြင်းကို ခွင့်ပြုရန်ကြိုးစားနေ သည့် နိုင်ငံတခုဖြစ်သည့်အတွက် အင်ဒိုနီးရှားကဲ့သို့သော အရှေ့တောင်အာရှ နိုင်ငံတခုတွင်လည်း အရေးယူတရားစွဲဆိုနိုင်ရန်အတွက် လက်ရှိအချိန်တွင် ကြိုတင်စီမံထားသင့်သည်။ ထိုသို့သော နိုင်ငံတကာတရားစွဲဆိုမှုများနှင့် နောင်တချိန် ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုမှုများ လုပ်ဆောင်နိုင်ရန် လိုအပ်သော သက်သေအထောက်အထားများ အချက်အလက်မှတ်တမ်းများကို စနစ်တကျ စုစည်းထားရန် လိုအပ်ပါသည်။ မုန်တိုင်းပင်ကျေးရွာတွင် ဆိုးရွားရက်စက်သည့် အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုကျူးလွန်ခဲ့သူ အဆင့်ဆင့်အလိုက်ကို တရားစွဲဆိုအရေးယူအပြစ် ပေးခြင်းကို မဖြစ်မနေဆောင်ရွက်ပေးမှသာ ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှုကို ရရှိနိုင်မည်ဖြစ်သည်။

## CASE STUDY–4

# ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု

အခင်းဖြစ်ပွားခဲ့ရာ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာပြမြေပုံ




### ဖြစ်ပွားရာဒေသ

ကရင်နီပြည်နယ် (ကယားပြည်နယ်)၊
ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး

### ဖြစ်ပွားသည့်အချိန်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ (၂၄)ရက်

## နောက်ခံအခြေအနေ

ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF)၊ ကရင်နီတပ်မတော်(KA) တို့နှင့် စစ်ကောင်စီ၏ တပ်မ (၆၆) တို့ တိုက်ပွဲများဖြစ်ပွားနေသည်။

## ကျူးလွန်ခံရသူ

အသက် ၁၈ အောက် ကလေးငယ် ၃ ဦး၊
Save The Children ဝန်ထမ်း ၂ ဦး၊
ဒေသခံအရပ်သားပြည်သူ (၄၅) ဦး နှင့်
ကရင်နီနယ်ခြားစောင့်တပ်ဖွဲ့ဝင် ၄ ဦး
အပါအဝင် စုစုပေါင်း ၄၉ ဦး

## ကျူးလွန်သူ

စစ်ကောင်စီ တပ်မ (၆၆)၊ ခမရ (၁၀၈)

# ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၁)

## ဖြစ်စဉ်အကျဉ်း

ကရင်နီပြည်နယ်(ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ်၊ မိုဆိုရွာအနီးတွင် ဒီဇင်ဘာ (၂၅) ရက်၊ နံနက် (၆) နာရီခန့်က ကားများပေါ်တွင် မီးလောင်ထားသည့် ရုပ်အလောင်း (၃၀) ထက် မနည်းတွေ့ရှိခဲ့ရသည်ဟု ကရင်နီ အမျိုးသားများကာကွယ်ရေးတပ် (KNDF) ၏ သတင်းထုတ်ပြန်ချက်ကို ကိုးကားကာ သတင်းမီဒီယာများက သတင်းများတင်ဆက်ခဲ့ကြသည်။ တဆက်တည်းတွင် ထိုရုပ်အလောင်းများမှာ စစ်ဘေးရှောင်ပြည်သူများဖြစ်ကြကာ ယမန်နေ့ ဒီဇင်ဘာ (၂၄) ရက်နေ့က စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်သည်ဟုလည်း ထုတ်ပြန်သည်။

## မီးလောင်ထားသည့် ရုပ်အလောင်း (၃၀) ကျော်

မီးလောင်ထားသည့် ရုပ်အလောင်းများထဲတွင် မူကြိုအရွယ် ကလေးငယ်တဦး၏ လက်ချောင်းများကို တွေ့ရှိခဲ့ရကာ ယမန့်နေ့က အမျိုးသမီးတဦးနှင့် ကလေးငယ်တဦး စီးနင်းလာသည့် ကားကိုလည်း တွေ့ရှိခဲ့ရသည်ဟု ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ၏ ဆက်သွယ်မေးမြန်းထားမှုများကို ကိုးကား၍ သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

ထို့ပြင် မီးလောင်ခံထားရသည့် ကား (၇) စီးထဲမှ Honda CRV အမျိုးအစားကားတစီးလည်းပါဝင်ခဲ့ပြီး ထိုကားမှာ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတခုဖြစ်သည့် Save the Children မှ ဝန်ထမ်းနှစ်ဦးစီးနင်းလိုက်ပါလာသည့် ကားဖြစ်သည်ဟု အဆိုပါအဖွဲ့အစည်းမှ အတည်ပြုခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ရုပ်အလောင်း (၃၀) ကျော်တွင် ၎င်းတို့အဖွဲ့အစည်းမှ ဝန်ထမ်းများလည်းပါဝင်နိုင်သည်ဟု ၎င်းတို့က BBC မီဒီယာကို ပြောကြားခဲ့သည်ကိုလည်း တွေ့ရသည်။

ကရင်နီပြည်နယ်အတွင်း ဒေသခံများကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများ၏ စာရင်းကောက်ယူမှုအရ မိုဆို၊ ဖရူဆို၊ ဆိုလျာခူ၊ ဒေါခူလယ်စသည့်ရွာများမှ ရွာသားများသည်လည်း ပျောက်ဆုံးလျက်ရှိသည်ဟု ဆက်သွယ်မေးမြန်းထားမှုများမှ တွေ့ရှိရသည်။

## တစုတစည်းတည်းမီးအရှို့ခံထားရခြင်း

စစ်ကောင်စီတပ်များသည် ယာဉ်များပေါ်တွင် ရိက္ခာများတွေ့ရှိရသဖြင့် စစ်ဘေးရှောင်များဟုယူဆကာ ကားတစီးပေါ်တွင် အားလုံးစုပြုံတင်လိုက်ပြီးနောက် မီးရှို့လိုက်ကြခြင်းဖြစ်နိုင်သည်ဟု ကရင်နီ အမျိုးသားများကာကွယ်ရေးတပ် (KNDF) နှင့် ဆက်သွယ်မေးမြန်းထားမှုများမှ တွေ့ရသည်။

## စစ်ကောင်စီ၏ သတင်းထုတ်ပြန်မှု

စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်အရ မိုဆို ရွာအနီး ဒီးမော့ဆို – ကွိုင်ငံရွာဟောင်း – ဒေါ့ကယားခူ – မိုဆို မြေသားလမ်းအတိုင်းမောင်းနှင်လာသည့် ယာဉ်(၇) စီးအား စစ်ဆေးရန် ရပ်တန့်စေခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်အတွက် နှစ်ဖက် အပြန်အလှန် ပစ်ခတ်ခဲ့ရသည်ဟု ထုတ်ပြန်ခဲ့သည်။ ထိုသို့အပြန်အလှန်ပစ်ခတ်မှုကြောင့် ပစ်ခတ်မှုကြားရောက်ရှိနေသည့် ယာဉ်များမှာ လက်နက်ကြီး၊ လက်နက်ငယ်များထိခိုက် မီးလောင်ခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ထို့နောက် မီးများ ဆက်လက်လောင်ကျွမ်းနေရာ နီးစပ်ရာမြို့များမှ မီးသတ်သမားများကို အကူအညီတောင်းခံသော်လည်း CDM ပြုလုပ်နေသဖြင့် အင်အားမလုံလောက်သောကြောင့် လာရောက်မငြိမ်းသတ်နိုင် ဖြစ်ခဲ့ရသည်ဟု CDM မီးသတ်များကိုပါ တဆက်တစပ်တည်း အပြစ်တင် သတင်းထုတ်ပြန်ထားသည်ကိုတွေ့ရသည်။

## စစ်ကောင်စီ၏ သတင်းထုတ်ပြန်မှုအပေါ် သုံးသပ်ချက်

စစ်ကောင်စီ၏ထုတ်ပြန်ချက်တွင်လက်နက်ကိုင်များအပြန်အလှန်ပစ်ခတ်သဖြင့် အလယ်တွင် ပိတ်မိနေသည့် ခရီးသည်ကားများ၏ လောင်စာဆီတိုင်ကီများကို ထိမှန်ပေါက်ကွဲမှုများကြောင့် မီးလောင်သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဖော်ပြထားသော်လည်း ဓာတ်ပုံအထောက်အထားများအရ ခရီးသည်များသည် မိမိတို့၏ သက်ဆိုင်ရာကားများပေါ်တွင် သေဆုံးနေခြင်းမဟုတ်ဘဲ ခရီးသည်များကို တစုတစည်းတည်းဖြစ်သည်အထိ ဖမ်းဆီးချုပ်နှောင်ခဲ့ပြီးမှ လောင်စာဆီများလောင်းကာ ရည်ရွယ်ချက်ရှိရှိ မီးရှို့သတ်ဖြတ်ထားသည့် အထောက်အထားများကို တွေ့ရသည်။

စစ်ကောင်စီသည် သေဆုံးသူအရေအတွက်နှင့် သေဆုံးသူများထဲတွင် NGO ဝန်ထမ်းများ၊ အမျိုးသမီးများနှင့် ကလေးများပါဝင်သည်ကိုလည်း သတင်းထိန်ချန်ထားသည်ကိုတွေ့ရသည်။ ထို့ပြင် အပြန်အလှန်ပစ်ခတ်မှုဆိုရာတွင်လည်း ကားများပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုအပြင်၊ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး လက်နက်ငယ်များဖြင့်လည်း ပစ်ခတ်ခြင်းနှင့် တဆက်တစပ်တည်းတွင် စစ်ကောင်စီတပ်ဖွဲ့များက စစ်ဆေးရန် ရပ်တန့်စေခဲ့သည့် ကား(၇) စီးမှာလည်း အလယ်တွင် ပိတ်မိနေခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားရာ မည်သူနှင့် မည်သူအပြန်အလှန်ပစ်ခတ်နေသည်မှာ ရှင်းလင်းနေခြင်းမရှိဘဲ ရှေ့နောက်မညီမညွတ်ဖြစ်နေသည်ကိုတွေ့ရသည်။


## ရုပ်အလောင်းများမှ သိသာထင်ရှားသည့် အချက်များ

ဒီဇင်ဘာ (၂၈) ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့် ဆရာဝန်တဦး၏ တွေ့ရှိခဲ့သည့် အချက်အလက်များအရ စုစုပေါင်း အလောင်းများမှာ (၃၂) လောင်းဖြစ်ပြီး (၃၁) လောင်းမှာ ယောကျ်ား၊ မိန်းမ ခွဲခြားနိုင်ခဲ့သည်။ အလောင်းများကို DNA စစ်ဆေးရန်အတွက် (Auto Spy) များရယူခဲ့သလို သေဆုံးရသည့် အကြောင်းရင်းများကို သိရှိနိုင်ရန်အတွက်လည်း ရင်ခွဲစစ်ဆေးခဲ့သည်။

ထို့ပြင် အလောင်းအများစုသည် လက်ပြန်ကြိုးတုပ်ခံထားရခြင်း၊ ပါးစပ်ကိုအဝတ်စဖြင့် ပိတ်ဆို့ခံထားရခြင်း၊ ရင်ဘတ်တွင်း ထိုးသွင်းဒဏ်ရာဒဏ်ချက်များနှင့် ဆိုးဝါးစွာ မီးလောင်ခံထားရခြင်း စသည့်အချက်အလက်များအရ သေဆုံးသွားသူများမှာ အပြန်အလှန်ပစ်ခတ်မှု၊ လက်နက်ကြီးကျရောက်မှု စသည့် စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်များနှင့် လုံးဝကိုက်ညီမှုမရှိဘဲ သေဆုံးသွားသူများသည် စစ်ကောင်စီ၏ ယုတ်မာလှစွာသော ဖမ်းဆီးနှိပ်စက်မှုကို ခံရပြီးမှ ဆိုးဝါးစွာ မီးလောင်တိုက်သွင်းမှု ခံစားလိုက်ကြရသူများ ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေသည်။ အဆိုပါ အစုအလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်တွင် အသက် ၁၈ နှစ်အောက် ကလေးငယ် ၃ ဦး၊ Save The Children ဝန်ထမ်း ၂ဦး၊ ဒေသခံ အရပ်သားပြည်သူ ၄၅ ဦး နှင့် ကရင်နီနယ်ခြားစောင့်တပ်ဖွဲ့ဝင် ၄ဦး စုစုပေါင်း ၄၉ ဦး သတ်ဖြတ်မီးရှို့ခံခဲ့ရသည်။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် ကရင်နီပြည်နယ်(ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ်၊ မိုဆိုရွာအနီးတွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကို မီဒီယာများတွင် ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ပြန်ချက်များကို ပြန်လည် စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခုအဖြစ်အပျက်သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများကို ထိုက်သင့်သည့် အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီးလိုအပ်ပါသည်။

ပြန်လည်စုံစမ်းစစ်ဆေးရမည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကို အရေအတွက် အများဆုံး သတ်ဖြတ်ခဲ့မှုရှိသည့် နေ့ ရက်များ (၂၀၂၂ ဖေဖော်ဝါရီ ၁ မှ ဧပြီ ၃၀ အထိ)



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီသည် လက်နက်မဲ့ပြည်သူများ အပေါ် အကြမ်းဖက် သတ်ဖြတ်မှုများ နေ့စဉ်နီးပါး ကျူးလွန်ခဲ့သည်။ စစ်ကောင်စီ၏ အကြမ်းဖက် သတ်ဖြတ်မှုကြောင့် သေဆုံးသွားသူများ၏ ...



စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၂ ဖေဖော်ဝါရီ ၁ မှ ဧပြီ ၃၀ အထိ)

# ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၂)

## ဖရူဆိုနှင့်သက်ဆိုင်သည့် ထုတ်ပြန်ကြေညာချက်များ

ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး မြန်မာစစ်တပ်၏ လုပ်ရပ်သည် စစ်ရာဇဝတ်မှုဖြစ်၍ နိုင်ငံတကာအသိုင်းအဝိုင်းက စစ်ကောင်စီကို အမြန်ဆုံးအရေးယူပေးရန် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ရခိုင့်တပ်တော် (AA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MND-AA)နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)တို့ကလည်း ကြေညာချက်ထုတ်ပြန် တောင်းဆိုထားသည်။ ထို့အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အပါအဝင် အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများကလည်း ဖရူဆိုမြို့နယ် အစုပြုံလိုက် သတ်ဖြတ်ခံရမှုအပေါ် ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်များအသီးသီး ထုတ်ပြန်ခဲ့ကြသည်။

## သတင်းစာရှင်းလင်းပွဲမှ အချက်အလက်များ

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နှင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) တို့ပူးပေါင်းကာ ၂၀၂၂၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် စစ်ကောင်စီ၏ ဖရူဆို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတခုကို ပြုလုပ်ခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) တို့အပြင် အသတ်ခံရသူများ၏ မိသားစုဝင်များ၊ ကရင်နီပြည်ရဲဌာန၊ မျက်မြင်သက်သေနှင့် မီးရှို့ခံထားရသည့် ရုပ်အလောင်းများကို ခွဲစိတ်ပေးခဲ့ကြသည့် ဆရာဝန်များလည်း တက်ရောက်ခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲတွင် သေဆုံးသွားသူများသည် စစ်ကောင်စီစွပ်စွဲသကဲ့သို့ ကား (၇) စီးမှ သူများသည် စစ်ဆေးရန်တားဆီးသည်ကို ရပ်မပေးဘဲ လက်နက်ငယ်ဖြင့်ပစ်ခတ်ခြင်းနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် စစ်ကောင်စီတပ်များ နှစ်ဖက် ပစ်ခတ်နေစဉ် လက်နက်ကြီး၊လက်နက်ငယ်များက ကားများကိုထိမှန်ကာ မီးလောင်ကျွမ်းရခြင်းမဟုတ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့ကြသည်။

သေဆုံးသူများထဲမှ တဦးဖြစ်သူ ကိုဗျားရယ်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့်သက်ဆိုင်ခြင်းမရှိဘဲ တောင်ယာခုတ်သွားသူတဦးဖြစ်ပြီး သူ၏ ထော်လာဂျီကိုလည်း မီးလောင်ကျွမ်းထားသည့် ကားများအနီးတွင်တွေ့ရသည်ဟု ကိုဗျားရယ်၏ အမျိုးသမီးဖြစ်သူ၏ ပြောကြားချက်အရသိရသည်။ ထို့အတူ Save The Children မှ ဝန်ထမ်း (၂) ဦးသည်လည်းကောင်း၊ အခြားကားတစီးအတွင်းမှ အမျိုးသမီးတဦးနှင့် ကလေးငယ်တဦးမှာလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ဖြစ်စရာအကြောင်းမရှိကြောင်း ရှင်းလင်းချက်များအရ တွေ့ရှိရသည်။

## ဆေးဘက်ဆိုင်ရာ အချက်အလက်များ

သတင်းစာရှင်းလင်းပွဲသို့တက်ရောက်ရှင်းလင်းလာသည့် အလောင်းများကို ခွဲစိတ်စစ်ဆေးထားသော ဆရာဝန်များ၏ ရှင်းလင်းချက်များအရ အချို့အလောင်းများသည် လက်ပြန်ကြိုးတုပ်ခံထားရခြင်း၊ အဆုတ်အတွင်းသို့ ထိုးသွင်းဒဏ်ရာဒဏ်ချက်များ တွေ့ရှိရသည့်အတွက် ညှင်းပန်းနှိပ်စက်ပြီးမှ မီးရှို့သတ်ဖြတ်ခြင်း ဖြစ်နိုင်သည်ဟု ဆရာဝန်များ၏ ပြောကြားချက်များကို ကိုးကား၍ သတင်းမီဒီယာများက ဖော်ပြကြသည်။

ထို့ပြင် မီးရှို့ခံထားရသည့် အလောင်းများထဲတွင် အမျိုးသမီးနှင့် ကလေးအပြင် မသန်စွမ်းသူများလည်း ပါဝင်သည်ဟု မိသားစုဝင်များ၊ မျက်မြင်သက်သေနှင့် အလောင်းများကို ခွဲစိတ်ပေးခဲ့ကြသည့် ဆရာဝန်များကပါ တညီတညွတ်တည်း ပြောဆိုကြသည်ကိုတွေ့ရသည်။

## အမှန်တရားရှာဖွေဖော်ထုတ်ခြင်း နှင့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း

ဖရူဆို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသည် စစ်ကောင်စီက နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက်ပိုင်း အစုလိုက်အပြုံလိုက်သေဆုံးမှုများတွင် သေဆုံးသူများ၏ အချက်အလက်များကို အများဆုံးရယူနိုင်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုတခုဖြစ်သည်။ မီးအရှို့ခံထားရသော သေဆုံးသူများ၏ ရုပ်အလောင်းများကို ရင်ခွဲစစ်ဆေးမှုများမှလည်းကောင်း၊ မိသားစုဝင်များမှလည်းကောင်း၊ မျက်မြင်သက်သေများမှလည်းကောင်း အချက်အလက်များစွာရရှိထားသည်။ ထိုအချက်အလက်များကို လုံခြုံစွာစုဆောင်းထားနိုင်ရန်အရေးကြီးသကဲ့သို့ ထိုအချက်အလက်များရရှိစေရန် ကူညီပံ့ပိုးပေးခဲ့သော လူပုဂ္ဂိုလ်များ၏ လုံခြုံရေးကိုလည်း အထူးအလေးထား စောင့်ကြည့်ပေးနေရန်လိုအပ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် ထိုသို့အမှန်တရားရှာဖွေထားသည့် ဖရူဆို၊ မိုဆိုကျေးရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှ အချက်အလက်များကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ (IIMM) သို့ သက်သေ အထောက်အထားများအဖြစ်ပေးပို့သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ကြေညာထားသည်။ ထို့ပြင် စစ်ကောင်စီခေါင်းဆောင်များနှင့် အပေါင်းအပါများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုနိုင်ရန် စီစဉ်သွားမည်ဟုလည်း ကြေညာထားသည်။

သို့ရာတွင် အမှန်တရားရှာဖွေသည့် လုပ်ငန်းစဉ်များထဲမှ တခုဖြစ်သော အမှန်တရားရှာဖွေရေး ကော်မရှင်ကဲ့သို့ အစိုးရနှင့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းတရပ် မဖြစ်ပေါ်လာသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုသို့သော ကော်မရှင်တရပ်ပေါ်ပေါက်လာရန်အတွက် လက်ရှိပြည်သူလူထု ထောက်ခံမှုရရှိထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လွတ်မြောက်နယ်မြေများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပရှိ အရပ်ဘက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းလုပ်ဆောင်သင့်သည်။ သို့မှသာ ခိုင်လုံသော သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပြီး နောင်တချိန် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရုံးတင်စစ်ဆေးအပြစ်ပေးခြင်းနှင့် ကျူးလွန်ခံရသူများကို ပြန်လည်ကုစားပေးခြင်းတို့တွင် သက်သေအထောက်ထားများအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်သူလူထုအနေဖြင့် အချက်အလက်များရယူနိုင်သည့် မော်ကွန်းတိုက်လည်း ဖြစ်လာနိုင်သည်။ မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) သည် အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှုရှာဖွေရာတွင် အရေးကြီးသောလုပ်ငန်းစဉ်တခုလည်း ဖြစ်ပါသည်။

နွေဦးတော်လှန်ရေးဖြစ်စဉ်တွင် စစ်ကောင်စီက ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်သတ်ဖြတ်မှုများကို မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ကို စနစ်တကျ ပြုလုပ်ထားဖို့ လိုအပ်ပါသည်။ Asia Justice And Right (AJAR), Network for Human Right Documentation – Burma (ND Burma), Assistance Association for Political Prisoner (AAPP) တို့သည် အချက်အလက်စုဆောင်းခြင်းနှင့် ပတ်သက်၍ ကာလရှည်ကြာ လုပ်ဆောင်လာခဲ့သည့် အဖွဲ့အစည်းများဖြစ်ပြီး ယခုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

## ကရင်နီပြည်နယ် (ကယားပြည်နယ်)၊ ဖရူဆိုမြို့နယ် မိုဆိုရွာမှ စစ်ကောင်စီ၏ အဆင်ခြင်မဲ့ အစုလိုက် အပြုံလိုက် မီးရှို့သတ်ဖြတ်မှု (၃)

အမျိုးသားညီညွတ်ရေးအစိုးရသည် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာမှ စစ်ကောင်စီ၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုမှ အချက်အလက်များကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး အဖွဲ့ (IIMM) သို့ သက်သေအထောက်အထားများအဖြင့်ပေးပို့သွားမည်ဟု အမျိုးသားညီညွတ်ရေး အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ကြေညာထားသည်။ ထို့ပြင် စစ်ကောင်စီ ခေါင်းဆောင်များနှင့် အပေါင်းအပါများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုနိုင်ရန် စီစဉ်သွားမည်ဟုလည်း ကြေညာထား သည်။

### အမှန်တရား ရှာဖွေဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုမှုများအကြား အပြန်အလှန်ဆက်စပ်မှု

အမှန်တရား ရှာဖွေဖော်ထုတ်ခြင်း ကော်မရှင်ကဲ့သို့သော အချက်အလက်ရှာဖွေရန်အတွက် တာဝန်ရှိသည့် အဖွဲ့အစည်းတခုခုမှ စုဆောင်းထားသည့် သတင်းအချက်အလက်များသည် ထိုကောင်မရှင်ကဲ့သို့သော တာဝန်ရှိသည့် အဖွဲ့အစည်းမှ တာဝန်ထမ်းဆောင်ဆဲကာလအတွင်း၊ တာဝန်ပြီးဆုံးပြီးနောက် ချက်ချင်း ဆိုသလို (သို့မဟုတ်) နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် စုံစမ်းစစ်ဆေးမှုလုပ်နေသည့် အမှုများအတွက် အသုံးဝင်နေပါလိမ့်မည်။ ယေဘုယျအားဖြင့် အမှန်တရား ရှာဖွေဖော်ထုတ်သည့် အဖွဲ့အစည်း (သို့မဟုတ်) ကော်မရှင်သည် တရားစီရင်ရေး ဆောင်ရွက်ချက်ကို ဖြည့်စွက်လုပ်ကိုင်နေသည်ဟု ရှုမြင်သင့်သည်။ တရားစွဲဆိုမှုများ ချက်ချင်းပြုလုပ်နိုင်မည်ဟု မမျှော်လင့်ထားသည့်တိုင် အမှန်တရား ရှာဖွေဖော်ထုတ်သည့် အဖွဲ့အစည်းများ (သို့မဟုတ်) ကော်မရှင်များသည် နောင်တွင် တရားစွဲဆိုမှုများ ဖြစ်လာနိုင်ခြေရှိသည်များကို သတိပြု၍ ၎င်းတို့၏အလုပ်များအား ဆက်လက်လုပ်ဆောင်နေရန်အရေးကြီးသည်။ တရားစွဲဆိုမှုများ နောက်ဆုံးတွင် အမှန်တကယ် ဖြစ်လာခဲ့သည့်အခါ ထိုအဖွဲ့အစည်း (သို့မဟုတ်) ကော်မရှင်၏ အစီရင်ခံစာနှင့် ၎င်း၏အခြားမှတ်တမ်းများအား ကျောထောက်နောက်ခံပြုသည့် ပစ္စည်းများအဖြစ် (သို့မဟုတ်) မျက်မြင်သက်သေများ တင်ပြရန်အတွက် အားကိုးနိုင်သည်။ ထိုအစီရင်ခံစာသည် ကျူးလွန်သူများအား အတိအကျ မညွှန်ပြသည့်တိုင် ထိုအချက်အလက်များသည် ချိုးဖောက်မှုပုံစံကွဲများ၊ အဖွဲ့အစည်းဆိုင်ရာ ပါဝင်ပတ်သက်မှု (နှင့်/သို့မဟုတ်) ကွပ်ကဲမှုအဆင့်ဆင့်အား ရှင်းလင်းပြသခြင်းနှင့် နိုင်ငံရေး (သို့မဟုတ်) စစ်ဘက် အဖွဲ့အစည်းများ၏ ထိပ်ဆုံးမှတာဝန်ရှိသူများအား ဖော်ပြနိုင်ပါသည်။

## တရားစီရင်ရေး ယန္တရား

ပြီးခဲ့သည့် နှစ်များအတွင်း အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု၏ အစိတ်အပိုင်းဖြစ်သည့် တရားစွဲဆိုမှုတွင် အခြားအရာများဖြစ်သည့် အပြစ်ကျူးလွန်သူများအား တာဝန်ခံလာစေရန် အထောက်အကူပြုသည့် တရားရေးဆိုင်ရာဆောင်ရွက်ချက်များ (သို့မဟုတ်) ကနဦးဆောင်ရွက်ချက်များစသည့် အခြားပုံစံကွဲများ ပါဝင်သည်ကို နားလည်ခဲ့ကြပါသည်။ ယခုအချိန်တွင် နိုင်ငံများအား အချို့စာချုပ်များတွင် ပါဝင်သည့် ၎င်းတို့ကိုယ်တိုင်သဘောတူ ချုပ်ဆိုထားသည့် ဥပမာအားဖြင့် လူမျိုးတုံးသတ်ဖြတ်မှုနှင့် သက်ဆိုင်သည့် ရာဇဝတ်မှုအား ကာကွယ်ခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ အခြားသော ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော(သို့မဟုတ်) လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ပြုမူဆက်ဆံခြင်း၊ အပြစ်ပေးခြင်းများအား ဆန့်ကျင်သည့် စာချုပ်) စသည့် စာချုပ်များတွင် ဖော်ပြထားသည့် လူ့အခွင့်အရေးဆိုင်ရာ တာဝန်၊ ဝတ္တရားများအား ချိုးဖောက်သည့် နိုင်ငံများအား အပြစ်ပေးအရေးယူရန် တရားစွဲဆိုမှု ခေါင်းစဉ်အောက်တွင် ထည့်သွင်းသည်။

ထို့အပြင် ချိုးဖောက်မှုများ ဖြစ်ပွားပြီးသည်နှင့် ချက်ချင်း အခွင့်အရေးချိုးဖောက်သူများအား တရားစွဲရန် အမြဲတစေပြုလုပ်ရန် မဖြစ်နိုင်သောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးခြင်း၊ သက်သေအထောက်အထားများအား ထိန်းသိမ်းထားခြင်း၊ တရားစွဲဆိုရာတွင်အသုံးပြုနိုင်မည့် ကျူးလွန်သူ တဦးချင်းစီ၏ အမှုတွဲ မှတ်တမ်းဖိုင်များအား ပြင်ဆင်ခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်ယန္တရားများအား ဖန်တီးခဲ့ပါသည်။ အမှုတွဲ မှတ်တမ်းဖိုင်တစ်ခု ပြင်ဆင်ပြီးပါက ကျူးလွန်သူများထဲမှ တယောက်အား စစ်ဆေးရန် ဖြစ်နိုင်ချေရှိလျှင် မျှော်လင့်နိုင်သည်မှာ ၎င်း အမှုတွဲဖိုင်အား အစိုးရရှေ့နေနှင့် မျှဝေမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာဘက်မလိုက်သော လွတ်လပ်သည့် ယန္တရား (IIIM) နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) တို့သည် စုံစမ်းစစ်ဆေးရေးယန္တရားများအတွက် ဥပမာ နှစ်ခု ဖြစ်ပြီး ၎င်းတို့အား တရားစွဲဆိုမှု မဏ္ဍိုင်များအဖြစ် ယေဘုယျအားဖြင့် ယူဆထားကြသည်။

## နိုင်ငံတကာ တရားရုံးများ

နိုင်ငံတကာတရားရုံးများဆိုသည်မှာ အရေးပေါ်အခြေအနေအရ ဖွဲ့စည်းရသည့် အထူးတရားရုံး (သို့မဟုတ်) အမြဲတမ်းတရားရုံး စသည့် ပုံစံနှစ်ခုအနက်မှ တခုဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှု အစီရင်ခံစာများအား တုံ့ပြန်သည့်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် နိုင်ငံတကာအထူးရာဇဝတ်ခုံရုံး နှစ်ခုကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ယူဂိုစလားဗီးယားနိုင်ငံပြိုကွဲစဉ်အတွင်း ဥပဒေမဲ့ချိုးဖောက်မှုများအား ဖြေရှင်းရန်အတွက် (ICTY) နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို တည်ထောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ရဝမ်ဒါနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ၁၉၉၄ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုအတွက် တာဝန်ရှိသူများအား တရားစွဲဆိုနိုင်ရန်အတွက် ရဝမ်ဒါနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုခုံရုံး International Criminal Tribunal for Rwanda (ICTR) ကိုတည်ထောင်ခဲ့သည်။ ၎င်းယာယီ အထူးခုံရုံးများ၏ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများက ပိုမိုခိုင်မာသည့် အမြဲတမ်း ဖြေရှင်းပေးနိုင်မည့် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) ပေါ်ပေါက်ရေးအတွက် အခြေခံအုတ်မြစ် ချပေးခဲ့သည်။

## ပြည်တွင်းတရားရုံးများ

ပြည်တွင်းတရားရုံးများသည် နိုင်ငံတစ်ခု၏ ပြည်တွင်းတရားစီရင်ရေးစနစ်ဖြင့် ဖွဲ့စည်းထားသည်။ လူအများအပြားသည် အတိတ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားစွဲဆိုရန်အတွက် ပြည်တွင်းတရားရုံးများအား ဦးစားပေးရမည့်နေရာတစ်ခုအဖြစ် ရှုမြင်ကြသည်။ အကြောင်းအရင်းမှာ မိမိနိုင်ငံ၏ တရားစီရင်ရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအခြေအနေအတွင်း ဥပဒေပိုင်းဆိုင်ရာကျင့်သုံးခြင်းသည် သက်ဆိုင်ရာနိုင်ငံအတွက် ထိရောက်မှုရှိကြောင်း ပြသသောကြောင့်ဖြစ်သည်။ ဥပဒေချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည့် နိုင်ငံ၌ ရုံးတင်စစ်ဆေးခြင်းသည် နိုင်ငံတကာ (သို့မဟုတ်) ဖက်စပ်တရားရုံးများတွင် စစ်ဆေးခြင်းထက် ပိုမိုလွယ်ကူပြီး ထိရောက်မှုရှိစေနိုင်သည်။

## ရောနှော (သို့မဟုတ်) ဖက်စပ် တရားရုံးများ


နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစွဲဆိုမှုများအား ရာဇဝတ်မှုများ ဖြစ်ပွားသည့် လူ့အဖွဲ့အစည်းတွင် ဆောင်ရွက်သောအခါ သက်ရောက်မှု ပိုများပါသည်။ သို့သော်လည်း ပဋိပက္ခများ (သို့မဟုတ်) အသွင်ကူးပြောင်းရေးမှ ပေါ်ထွက်လာသော လူ့အဖွဲ့အစည်းများသည် ဤရာဇဝတ်မှုများအတွက် တရားစွဲဆို ရန်လိုအပ်သော နိုင်ငံရေးဆန္ဒများ (သို့မဟုတ်) အရင်းအမြစ်များမရှိခြင်းနှင့် တရားစီရင်ရေးစနစ်များသည်လည်း ကမောက်ကမ ဖြစ်နေတာမျိုးလည်း ရှိနိုင်ပါသည်။ ထိုပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့အခြားနေရာများမှ အလေ့အကျင့်ကောင်းများရရှိထားသည့် နိုင်ငံတကာအကူအညီ လိုအပ်နိုင်သည်။ ဥပမာ အားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းတရားစီရင်ရေးဆောင်ရွက်သူများ ပူးတွဲဆောင်ရွက်သည့် "ဖက်စပ်" တရားရုံးများ (သို့) ခုံရုံးများမှတဆင့်အကူအညီပေးခြင်းကို ဆိုလိုသည်။ ဥပမာ ပေးလို့ရနိုင်မည့် ဖက်စပ်တရားရုံးများမှာ ဆီယာရာလီယွန်နိုင်ငံဆိုင်ရာ အထူးတရားရုံး၊ အရှေ့တီမောနိုင်ငံ၏ ပြင်းထန်ဆိုးဝါးသော ရာဇဝတ်မှုများအတွက် အထူးကော်မရှင်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ အထူးတရားရုံးများ ဖြစ်သည်။

ထို့ကြောင့် ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာမှ စစ်ကောင်စီ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှ အချက်အလက်များသည် ကျူးလွန်သူများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်နှင့် အကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရရှိနိုင်ရန်အတွက် လက်ရှိ ပြည်သူလူထု၏ ထောက်ခံမှုရထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်ကာ တရားစွဲဆိုနိုင်ရန်အတွက် ဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

## CASE STUDY-5

# စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါ်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု

အခင်းဖြစ်ပွားခဲ့ရာ ယင်းမာပင်မြို့နယ်၊ ရင်ပေါ်တိုင်ကျေးရွာပြ မြေပုံ




## ဖြစ်ပွားရာဒေသ

စစ်ကိုင်းတိုင်းဒေသကြီး၊
ယင်းမာပင်မြို့နယ်၊ ရင်ပေါ်တိုင်ကျေးရွာ

## ဖြစ်ပွားသည့်အချိန်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ
၁၅ ရက်နေ့အထိ

## နောက်ခံအခြေအနေ

စစ်ကောင်စီတပ်များနှင့် ပျူစောထီးတပ်များသည် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အကြားရှိ ရွာများကို ချင်းကာကွယ်ရေးတပ် (CDF) များ ရောက်ရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်ကြောင်းထိုးနေသည်။

## ကျူးလွန်ခံရသူ

ရင်ပေါင်တိုင်ကျေးရွာ

ရွာသူ၊ ရွာသားများ (၁၉) ဦး

## ကျူးလွန်သူ

ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသော စစ်ကောင်စီတပ်များနှင့် ဒေသခံ ပျူစောထီးတပ်များ

# စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၁)

## ဖြစ်စဉ်အကျဉ်း

စစ်ကောင်စီတပ်များနှင့် ပျူစောထီးတပ်များသည် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အကြားရှိ ရွာများကို ချင်းကာကွယ်ရေးတပ် (CDF) များ ရောက်ရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်ကြောင်းထိုးကာ ရွာများကို မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြသည်။ ယင်းမာပင်မြို့နယ်အတွင်းရှိ ရင်ပေါင်တိုင်ရွာကို စစ်ကောင်စီက ဩဂုတ်လ ၁၁ ရက် နေ့မှ ၁၄ ရက်နေ့အထိ မြေပြင်ရော၊ ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီးနောက် ဩဂုတ်လ ၁၇ ရက်အထိ သေဆုံးသူ ၁၉ ဦးအထိ ရှိခဲ့သည်ဟု ဒေသခံများ၏ ပြောစကားကို ကိုးကားကာ သတင်းမီဒီယာများက ဖော်ပြကြသည်။ သေဆုံးသူများကို အတိအကျမသိရသော်လည်း ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် (၂) ဦးနှင့် ရွာသူ၊ ရွာသား (၁၀) ဦး ပါဝင်ပြီး ဒေသခံများနှင့် မီဒီယာများ၏ အင်တာဗျူးများအရ အသက် (၁၀) နှစ်မှ အသက် (၈၀) ကျော်အထိ ရွာသူ၊ ရွာသားများပါဝင်နေသည်ကိုတွေ့ရသည်။ ဩဂုတ်လ (၁၇) ရက်နေ့တွင် Myanmar Now မီဒီယာ၏ တင်ဆက်မှုအရ သေဆုံးသူများထဲတွင် အသက် (၁၀) နှစ်နှင့် (၁၇) နှစ်အရွယ် ကလေး နှစ်ဦးလည်း ပါဝင်သည်ဟု အတိအဖော်ပြထားသည်။ ထို့ပြင် စစ်ကောင်စီတပ်များ၏ စစ်ကြောင်းထိုးမှုကြောင့် ရင်ပေါင်တိုင်ရွာအနီးအနားမှ ကျေးရွာများဖြစ်သည့် ပုထိုးသာ၊ ရွာသစ်၊ ညောင်တန်း၊ အေးကုန်း၊ ကျေးစကျ၊ ဇီးရင်း၊ ကပွါးရပ်၊ ရွာနောင်၊ မုံသွင်၊ ချင်ပြစ်၊ ရှောက်ရင်းကုန်း စသည့် ကျေးရွာများမှ ဒေသခံ ထောင်ချီ သူတို့၏ ရွာများကို စွန့်ပစ်ကာ ထွက်ပြေးခဲ့ကြရသည်။

ဩဂုတ်လ (၁၅) ရက်နေ့ ကနဦးသတင်းများအရ စစ်ကောင်စီတပ်များသည် သေဆုံးသွားသူများထဲမှ အချို့ကို မီးရှို့ထားခဲ့ကြပြီး တပ်များထွက်ခွာသွားချိန်တွင် ကျေးရွာအတွင်း လူသေလောင်းများနှင့် တိရစ္ဆာန်အလောင်းများ ပြန့်ကျဲကျန်နေခဲ့သည်ဟု မီဒီယာများက ဖော်ပြကြသည်။ ထို့ပြင်စစ်ကောင်စီတပ်များသည် ဆိုင်ကယ်ဝပ်ရှော့များနှင့် ရွာအတွင်းရှိ ဈေးဆိုင်တန်းများကိုပါ မီးရှို့ဖျက်ဆီးခဲ့ကြသလို နေအိမ်များအတွင်းမှ အဖိုးတန်ပစ္စည်းများကိုပါယူဆောင် သွားခဲ့ကြပြီး စစ်ကောင်စီတပ်များ ထွက်ခွာသွားပြီးနောက် ရင်ပေါင်တိုင်ရွာသည် အမှိုက်ပုံတခုကဲ့သို့ ကျန်ရစ်ခဲ့သည်ဟု ဒေသခံများ၏ ပြောကြားချက်များကို ကိုးကားကာ မီဒီယာများက ဖော်ပြခဲ့ကြသည်။

## စကစ၏ တုံ့ပြန်မှုနှင့် စစ်ကြောင်း၏ စရိုက်လက္ခဏာ

စစ်ကောင်စီတပ်များ၏ ရင်ပေါင်တိုင်လူသတ်မှုနှင့် ပတ်သက်၍ စစ်ကောင်စီ၏ သတင်းမီဒီယာများက ၎င်းတို့၏ ရင်ပေါင်တိုင်ရွာ ဝင်ရောက်စီးနင်းမှုတွင် လက်နက်ခဲယမ်းအတော်များများ သိမ်းဆည်းရရှိခဲ့သည်ဟု ဓာတ်ပုံများဖြင့် ဖော်ပြခဲ့သည်ကိုလည်းတွေ့ရသည်။

စစ်ကောင်စီ၏ စစ်ကြောင်းမှာ မည်သည့်တပ်ရင်း၊ တပ်ဖွဲ့ဖြစ်သည်ကို မသိရသော်လည်း ဩဂုတ်လ (၁၁) ရက်နေ့က ရင်ပေါင်တိုင်ရွာကို လာရောက်ပစ်ခတ်ပြီးနောက် ရဟတ်ယာဉ်များဖြင့် ချပေးခဲ့သည့်တပ်ဖြစ်သည်ကိုမူ အတိအကျသိရသည်။ ထိုစစ်ကြောင်းသည် ရင်ပေါင်တိုင်ရွာတွင် (၃) ရက်ကြာ တပ်စွဲခဲ့ကာ ဖမ်းဆီး၊ သတ်ဖြတ်မှုများ ကျူးလွန်ပြီးနောက် မြောက်ယမားချောင်းဘေးရှိ ချင်ပြစ်ရွာ၊ ပိုးထိုးသာရွာများကိုလည်း ဝင်ရောက်ကာ အိမ်များနှင့် ဈေးဆိုင်များကိုလည်း မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့သည်။ ထိုသို့မီးရှို့ဖျက်ဆီးရာတွင် စစ်ကောင်စီတပ်များက စီးပွားရေးကောင်းမွန်သော အိမ်ကြီး၊ အိမ်ကောင်းများကို ရွေးချယ် မီးရှို့ဖျက်ဆီးကြသည်ဟု ဒေသခံများ၏ ပြောကြားချက်များကို ကိုးကားပြီး သတင်းမီဒီယာများက ဖော်ပြကြသည်။

## ဆက်လက်ရှာဖွေရမည့် သတင်းအချက်အလက်များ

ထိုစစ်ကြောင်းထိုး တိုက်ခိုက်မှုတွင် စစ်ကောင်စီတပ်များသည် MI 35 စစ်ရဟတ်ယာဉ် (၅)စင်းနှင့် ပျူစောထီးတပ်ဖွဲ့ဝင်များကိုပါ အသုံးပြုတိုက်ခိုက်ခဲ့သည်ကိုတွေ့ရသည်။ စစ်ကောင်စီတပ်များထွက်သွားချိန်တွင် ရွာသား (၂၃) ယောက်နှင့် စစ်ကြောင်းဖြတ်သွားရာ ရွာများဖြစ်သည့် မုံသွင်ရွာနှင့် အေးကုန်းရွာတို့မှ ရွာသားများကိုလည်း ဓားစားခံအဖြစ် ဖမ်းခေါ်သွားခဲ့ကာ ၎င်းတို့ထဲမှ မကျန်းမာသူ နှစ်ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း အခြားသောဖမ်းဆီးခံရသူများ၏ ကံကြမ္မာကိုမူ သတင်းမီဒီယာများက နောက်ဆက်တွဲသတင်းများအနေဖြင့် တင်ဆက်နိုင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရသည်။ ဩဂုတ်လ (၂၅)ရက်နေ့ အထိရရှိသော သတင်းများအရ ဖမ်းဆီးခေါ်ဆောင်သွားသူများ၏ မိသားစုဝင်များက ပြန်လွှတ်ပေးရန်တောင်းဆိုမှုများရှိခဲ့သော်လည်း စစ်ကောင်စီတပ်များက ပြန်လွှတ်ပေး၊ မပေးကိုမူ တိတိကျကျ မသိရှိခဲ့ရပေ။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် စစ်ကိုင်းတိုင်း၊ယင်းမာပင်မြို့နယ်၊ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုကို မီဒီယာများတွင်ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ပြန်ချက်များကို ပြန်လည် စုစည်း ဖော်ပြထားခြင်းဖြစ်သည်။ ယခုအဖြစ်အပျက်သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများကို ထိုက်သင့်သည့် အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီး လိုအပ်ပါသည်။

## စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၂)

### အမှန်တရားရှာဖွေဖော်ထုတ်ရေးနှင့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ရွာကို စစ်ကောင်စီက ဩဂုတ်လ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ မြေပြင်ရော၊ ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး ပြန်ထွက်သွားချိန်တွင် မီးအရှို့ခံထားရသော အလောင်းများ အပါအဝင် (၁၈) လောင်း (အချို့မီဒီယာများတွင် (၁၉) လောင်း) ကို တွေ့ရှိခဲ့ရသည်ဟု ဒေသခံများ၏ ပြောကြားချက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို ကိုးကား၍ သတင်းမီဒီယာများက တင်ဆက်ခဲ့ကြသည်။

ထိုအဖြစ်အပျက်တွင် အကျူးလွန်ခံရသူများသည် မည်သူများဖြစ်သည်၊ ကျူးလွန်သူများသည် မည်သူများဖြစ်သည်၊ အကျူးလွန်ခံရသူများ မည်ကဲ့သို့သေဆုံးသွားခဲ့ကြသည်၊ ကျူးလွန်ခံရသည့် အချိန်တွင် ဒေသအတွင်း မည်သို့အခြေအနေရှိနေသည်၊ ကျူးလွန်ခံရသည့်အချိန်၊ ကျူးလွန်ခံရသည့်နေရာ၊ ကျူးလွန်သည့် အကြောင်းအရင်းများကို အရေးကြီးသော သတင်းအချက်အလက်များအဖြစ် ကောက်ယူကာ၊ စုဆောင်းထားရှိရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အမှန်တရားရှာဖွေခြင်း (Truth Seeking) ၏ အရေးကြီးဆုံးလုပ်ငန်းစဉ်တခုဖြစ်သည့် မှတ်တမ်းကောက်ယူစုဆောင်းခြင်း (Documentation) ဖြစ်သည်။

သေဆုံးသူ ၁၈ ဦးအနက် မခိုင်ခိုင်ဝင်း (၁၂ နှစ်)၊ မအေးသူဇာနွယ် (၁၆ နှစ်)၊ ကိုသော်ဘုန်းနိုင် (၁၇ နှစ်)၊ ကိုငြိမ်းသူအောင် (၂၇ နှစ်)၊ ဦးဆောင်းဝင်းလတ် (၄၀ နှစ်)၊ ဦးပွကြီး (၄၂ နှစ် – စိတ်ကျန်းမာရေးမကောင်းသူ)၊ ဒေါ်ယဉ်မြင့် (၅၀ နှစ်)၊ ဦးမောင်မြင့် (၅၅ နှစ်)၊ ဒေါ်နွယ်နွယ်ဝင်း (၅၇ နှစ်)၊ ဒေါ်နီ (၆၇ နှစ်)၊ ဦးကျော်မွေး (၇၀ နှစ်)၊ ဦးကျော်စိန်ဝင်း (၇၅ နှစ်) နှင့် ဒေါ်ခင်မြ (၈၂ နှစ်) တို့ ၁၃ ဦးကို အတည်ပြုနိုင်ခဲ့ပြီး ကျန်

(၃) ဦးကို အတည်မပြုနိုင်သေးပါ။ သေဆုံးသူများထဲမှ ချင်းကာကွယ်ရေးတပ်ဖွဲ့ဝင် (၂) ဦးနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် (၁) ဦးတို့မှ အပ ကျန်သူများအားလုံးမှာ ဒေသခံ ပြည်သူများဖြစ်ကြသည်။

ထို့ပြင် စစ်တပ်၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရလူနာ (၁၅) ဦး ထိ ခဲ့ရှိပြီး (၅) ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ ရင်ပေါင်တိုင်ရွာ စီးနင်းခံရမှုတွင် ဆိုင်ကယ် ၆၅ စီး၊ ဆိုင်ကယ်နှင့် ကားဝပ်ရှော့ပြင်ဆိုင် ၁ ဆိုင်၊ ဆိုင်ခန်း ၆ ခန်းတို့ မီးရှို့ခံရပြီး အိမ်စီးကား ၄ စီး နှင့် ဘုန်းကြီးကျောင်းကား ၁ စီး ဖျက်ဆီးခံရကာ လက်နက်ကြီးကျည်ကျသဖြင့် နေအိမ် ၁၅ လုံး ပျက်စီးခဲ့ရသည်။

ရင်ပေါင်တိုင်ရွာ သေဆုံးသူများထဲမှ (၁၃) ဦးကို နာမည်အတည်တကျဖြင့် အတည်ပြုနိုင်ခဲ့သော်လည်း ကျန်ရှိနေသော အတည်မပြုနိုင်သေးသည့် (၃) ဦးအတွက် သတင်းအချက်လက်များကို ဆက်လက်ရှာဖွေရမည်ဖြစ်သည်။



## မည်သို့မည်ပုံသေဆုံးခဲ့သည်

ရင်ပေါင်တိုင်ရွာ အရပ်သားများသေဆုံးမှုသည် စစ်ကောင်စီတပ်ဖွဲ့ စစ်ကြောင်းထိုး ဝင်ရောက်သည့် ဩဂုတ်လ(၁၁) ရက်နေ့မှ (၁၄) ရက်နေ့အတွင်း လူ (၁၈) ဦးကို မည်သည့် အကြောင်းပြချက်မှ မပေးဘဲ လူအများမျက်ကွယ်တွင် ရည်ရွယ်ချက်ရှိရှိသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီတပ်များ၏ ထိုသတ်ဖြတ်မှုတွင် အရပ်သားပြည်သူများအား မသေဆုံးခင် ဖမ်းဆီးညှင်းပန်း နှိပ်စက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုကဲ့သို့သော စစ်ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုကျူးလွန်မှုများရှိနေနိုင်သည်။ ထို့ပြင် သေဆုံးသူများသည် ရွာအတွင်း လမ်းများပေါ်တွင်လည်းကောင်း၊ မြက်ခင်းပြင်များပေါ်တွင်လည်းကောင်း သေဆုံးခဲ့ရပြီး အချို့သေဆုံးသူများ၏ အလောင်းများမှာ မီးရှို့ခံခဲ့ကြရသောကြောင့် သေဆုံးသူများသည် လူ့ဂုဏ်သိက္ခာ ဆိုးရွားစွာချိုးဖောက်ခံခဲ့ရပြီး သေဆုံးခဲ့ရဟု ဆိုနိုင်သည်။

## ကျူးလွန်သူများကို အတိအကျမသိရသေး

ရင်ပေါင်တိုင်ရွာ အစုလိုက်အပြုံလိုက် လူသတ်မှုတွင် စစ်ကောင်စီတပ်ဖွဲ့များမှ မည်သည့် တပ်ရင်း၊ တပ်ဖွဲ့က ကျူးလွန်ခဲ့သည်ကို အမှန်တရားရှာဖွေဖော်ထုတ်ရေးနှင့် မှတ်တမ်းကောက်ယူစုဆောင်းရေးလုပ်ငန်းစဉ်အတွက် ဆက်လက်ရှာဖွေဖော်ထုတ်သွားရမည်ဖြစ်သည်။ မီဒီယာအချို့၏ဖော်ပြချက်အရ ထိုစစ်ကြောင်းထိုးမှုတွင် ဒေသခံ ပျူစောထီးအဖွဲ့များလည်း ပါဝင်သည်ဟု ဖော်ပြကြရာ မည်သည့်ဒေသက ပျူစောထီးအဖွဲ့ဝင်များဖြစ်သည်နှင့် မည်သူတို့ ဦးစီးသည့် ပျူစောထီးအဖွဲ့များဖြစ်သည်ကိုလည်း ဆက်လက်ဖော်ထုတ်သွားရမည်ဖြစ်သည်။

ရင်ပေါင်တိုင် အစုလိုက်အပြုံလိုက် လူသတ်မှု မြေပြင်အခြေအနေတွင် အရပ်သားများကို သတ်ဖြတ်၊ မီးရှို့ရန် ရည်ရွယ်ချက်ရှိရှိ အမိန့်ပေးစေခိုင်းသူနှင့် သတ်ဖြတ်၊ မီးရှို့သူများကို မသိနိုင်သေးသော်လည်း မိမိတို့၏ တပ်ဖွဲ့များကို ထင်သလို သတ်ဖြတ်ခွင့်ပေးထားသည့် မူဝါဒရေးရာနှင့် ညွှန်ကြားချက်များပေးရန် တာဝန်ယူထားသော စစ်ကောင်စီ၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအပါအဝင် မင်းအောင်လှိုင်ဦးဆောင်သည့် စစ်ကောင်စီအဖွဲ့ဝင်များ အားလုံးသည် ယခု အစုလိုက်အပြုံလိုက် လူသတ်မှုအတွက် နောင်တချိန်တွင် တာဝန်ယူဖြေရှင်းရမည်ဖြစ်သည်။

ထို့ကြောင့် ကျူးလွန်သူ၊ အကျူးလွန်ခံရသူ၊ ကျူးလွန်ပုံ၊ ဘာကြောင့် ကျူးလွန်သည်၊ ဘယ်လိုကျူးလွန်သည် စသည့်အချက်အလက်များကို ကောက်ယူစုဆောင်းရန်အတွက် လွတ်လပ်သော ကောင်မရှင်တခုကိုဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သည်။ထိုကော်မရှင်ကို ပြည်သူလူထုမှ ထောက်ခံအားပေးသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (ERO)၊ ဒေသအခြေဆိုက်ကာကွယ်ရေးတပ်ဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)တို့ ပူးပေါင်း၍ အချက်အလက်ကောက်ယူစုဆောင်းခြင်းနှင့် အမှန်တရားရှာဖွေပေးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

# စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၃)

## တရားမျှတမှုဖော်ဆောင်ရေး နှင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် ဓလေ့ကို တိုက်ဖျက်ရေး

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ရွာကို စစ်ကောင်စီက ဩဂုတ်လ ၁၁ ရက် နေ့မှ ၁၄ ရက်နေ့အထိ မြေပြင်ရော၊ ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး ပြန်ထွက်သွားချိန်တွင် မီးအရှို့ခံထားရသော အလောင်းများ အပါအဝင် (၁၈) လောင်း (အချို့ မီဒီယာများတွင် (၁၉) လောင်း) ကို တွေ့ရှိခဲ့ရသည်ဟု ရွာခံသူများ၏ ပြောကြားချက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို ကိုးကား၍ သတင်းမီဒီယာများက တင်ဆက်ခဲ့ကြသည်။

ထိုသို့ ရက်စက်စွာ အသတ်ခံရသူများအတွက် တရားမျှတမှုကို ပြန်လည်ရရှိရန်အတွက် ဆောင်ရွက်ရန်မှာ အရေးကြီးသော ကဏ္ဍတခုဖြစ်သည်။ အကျူးလွန်ခံရသူများအတွက် တရားမျှတမှုပြန်လည်ရရှိရန်အတွက် တခုတည်းသောနည်းလမ်းမှာ အပြစ်ကျူးလွန်သူများကို ပြန်လည်တရားစွဲဆိုခြင်းဖြစ်သည်။ ထိုသို့သော တရားစွဲဆိုခြင်းသည် ပြန်လည်ကလဲ့စားချေမှုမဟုတ်ဘဲ အကျူးလွန်ခံရသူများအတွက် ညီမျှသော တရားမျှတမှုကို ပြန်လည်ရှာဖွေပေးခြင်းဖြစ်သည်။ ထိုသို့တရားမျှတမှု ပြန်လည်မရှာဖွေပေးပါက တရားဥပဒေပြင်ပမှ ကလဲ့စားချေခြင်းများ များစွာ ဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုကို တိုက်ရိုက် အနှောင့်အယှက်ဖြစ်စေနိုင်သည်။

## တရားစွဲဆိုခြင်း

တရားစွဲဆိုခြင်းကို အထောက်အကူပြုနိုင်ရန်အတွက် အမှန်တရားရှာဖွေခြင်းကောင်မရှင်ဖွဲ့စည်းရေးသည် တရားစွဲဆိုခြင်းအတွက် အရေးကြီးဆုံးသော အခန်းကဏ္ဍတခုဖြစ်သည်။ တရားစွဲဆိုခြင်းကို ချက်ချင်းမပြုလုပ်နိုင်သေးသည့်တိုင် နောင်တွင် တရားစွဲဆိုခြင်းများပြုလုပ်နိုင်ရန်အတွက် ၎င်းတို့၏ အချက်လက်ကောက်ယူခြင်းနှင့် စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေရန် အရေးကြီးသည်။ သို့မှသာ တရားစွဲဆိုခြင်းများပြုလုပ်နိုင်လာသည့် အချိန်တွင် ကောင်မရှင်၏ အစီအရင်ခံစာနှင့် မှတ်တမ်းများသည့် တရားစွဲဆိုသည့် အမှုကို အထောက်အကူပြု ထောက်တိုင်များအနေဖြစ် သက်သေအထောက်အထားများကို ညွှန်ပြနိုင်မည်ဖြစ်သည်။

တရားစွဲဆိုခြင်း၏ ပထမဆုံးသောအရေးကြီးခြေလှမ်းမှာ အချိန်ကာလတခုအတွင်း ဖြစ်ပွားခဲ့သည့် ပြစ်မှုများတွင် ကျူးလွန်သူများနှင့် အကျူးလွန်ခံရသူများအတွက် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ကျူးလွန်သူများကို အရေးယူခြင်းဖြင့် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ထားသည့် အခြေခံမှုများကို နိုင်ငံတော် အခြေခံဥပဒေတွင် ရေးဆွဲ ပြဋ္ဌာန်းခြင်းဖြစ်သည်။ကျူးလွန်သူများကိုနိုင်ငံတကာဥပဒေများနှင့်အညီအရေးယူနိုင်ရန်အတွက် နိုင်ငံတကာပြစ်မှု ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် အရေးကြီးအချက်များကို ပြည်တွင်းဥပဒေ များတွင် တိုက်ရိုက်ထည့်သွင်းခြင်း (သို့မဟုတ်) ဥပဒေတရပ်အဖြစ် ပြဋ္ဌာန်းထားသင့်သည်။

## တရားစွဲဆိုခြင်း၏ အရေးကြီးသော အချက်အလက်

တရားစွဲဆိုခြင်းအတွက် အရေးကြီးသော အဓိကအချက်မှာ တိကျခိုင်မာသော သက်သေအထောက်အထားများဖြစ်သည်။ ကျူးလွန်ထားသည့်အမှုတွင် တရားဝင် သက်သေအထောက်အထား အလုံအလောက် ရှိပါက တရားရုံးသည် ရာဇဝတ်မှုတွင် ကျူးလွန်သည်ဟု သံသယရှိသူများကို အပြစ်ပေးရန်အတွက် ကူညီနိုင်သလို သက်သေ အထောက်အထား အလုံအလောက်မရှိပါက တရားရုံးသည် အပြစ်မရှိကြောင်း စီရင်ချက် ကို ပေးလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ရင်ပေါင်တိုင်ကျေးရွာမှ စစ်ကောင်စီတပ်များနှင့် ပျူစောထီးတပ်များ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည့် သူများ၏ တိကျခိုင်မာသော သက်သေအထောက်အထားများ ကောက်ယူရရှိရန် ယခုအချိန်ကတည်းက ပြင်ဆင် လုပ်ဆောင်ထားသင့်သည်။

## တရားစွဲဆိုခြင်း၏ ရည်ရွယ်ချက်

တရားစွဲဆိုခြင်း၏ အဓိက ရည်ရွယ်ချက်များမှာ –

- ကျူးလွန်သူများကိုအပြစ်ပေးခြင်းအားဖြင့်သော်လည်းကောင်း၊အကျူးလွန်ခံရသူများ၏ ဆင်းရဲဒုက္ခများကို အသိအမှတ်ပြုခြင်းဖြင့်သော်လည်းကောင်း တရားမျှတမှုအတွက် အရေးယူဆောင်ရွက်ရန်
- ကျူးလွန်ခံရသူများကို ဥပဒေပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများအား ဖြည့်ဆည်းပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရန်
- အပြစ်ပေးခံရခြင်းမှ အစဉ်ကင်းလွတ်နေသည့် အစဉ်အလာကို ရှုတ်ချရန်နှင့် တရားမျှတ၍ တိကျမှန်ကန်သော လုပ်ငန်းစဉ်တခုကို အာမခံချက်ပေးရန်
- ကျူးလွန်သူများမှာ စုပေါင်းအပြစ်ရှိသည်ဟု သုံးသပ်ခြင်းထက် တဦးတယောက်ချင်း၏ တာဝန်ရှိမှုကို ဆုံးဖြတ်ရန်
- တိကျသော သမိုင်းမှတ်တမ်းတခုကို ဖော်ထုတ်ပြုစုပြီး ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များ ၊ ဖြစ်ပေါ်လာသည့် အကြောင်းအရင်းများကို ဖော်ထုတ်ရန်
- လူမှုဆိုင်ရာ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးပေါ်ထွန်းလာသည့် နိုင်ငံတနိုင်ငံ၏ ဘဝစာမျက်နှာအသစ်ကိုရေးထိုးရန် စသည်တို့ဖြစ်သည်။

တရားစွဲဆိုခြင်းသည် လူ့အဖွဲ့အစည်းအတွင်းတွင် ရင်ဆိုင်နေရသည့် ပြဿနာများကို တရားမျှတပြီး ထိရောက်သောမူဝါဒများဖြင့် လက်တွေ့ကျသော အဖြေများကို ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုမှ ဖော်ထုတ်ပေးနိုင်သည်။ ရာဇဝတ်မှုများကျူးလွန်သည့် လူပုဂ္ဂိုလ်များနှင့် အုပ်စုများကို အပြစ်ပေးခြင်းသည် ထိုက်တန်သည့် ဆောင်ရွက်ချက်များဖြစ်သည်။ သို့သော် တရားစွဲဆိုခြင်းက လူ့အဖွဲ့အစည်းအတွင်းတွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာများနှင့် နိုင်ငံရေးပြဿနာများ ဖြေရှင်းရန်အတွက် အလုံးစုံအောင်မြင်နိုင်သည့် လုပ်ငန်းစဉ်တခု မဟုတ်သည်ကိုလည်း သတိပြုရမည် ဖြစ်သည်။

# စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ပျူစောထီးတပ်များ ပူးပေါင်းကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု (၄)

## ရင်ပေါင်တိုင်က သေဆုံးသူနှင့် ကျန်ရစ်သူတွေကို ဘယ်လို ပြန်လည်ကုစားပေးမလဲ

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ရွာကို စစ်ကောင်စီက ဩဂုတ်လ ၁၁ ရက် နေ့မှ ၁၄ ရက်နေ့အထိ မြေပြင်ရော၊ ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ပြီး ပြန်ထွက်သွားချိန်တွင် မီးအရှို့ခံထားရသော အလောင်းများ အပါအဝင် (၁၈) လောင်း (အချို့မီဒီယာများတွင် (၁၉) လောင်း၊) ကို တွေ့ရှိခဲ့ရသည်ဟု ရွာခံသူများ၏ ပြောကြားချက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို ကိုးကား၍ သတင်းမီဒီယာများက တင်ဆက်ခဲ့ကြသည်။

## ဘယ်သူတွေကို ပြန်လည်ကုစားပေးရမလဲ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေများကို ပြင်းထန်စွာချိုးဖောက်ခြင်းလုပ်ရပ်များ၊ ချန်လုပ်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာဆင်းရဲမှုများ၊ ရုပ်ပိုင်းဆိုင်ရာ လူမှုစီးပွားဆုံးရှုံးမှုများ (သို့မဟုတ်) အခြေခံအခွင့်အရေးများကို ကြီးကြီးမားမားထိခိုက်ဆုံးရှုံးခဲ့ကြရသည့် လူတဦးချင်း (သို့မဟုတ်) အစုအဖွဲ့ကို အကျူးလွန်ခံရသူများဟု သတ်မှတ်နိုင်သည်။ အကျူးလွန်ခံရသူများတွင် ၎င်းတို့၏ မိသားစုဝင်များအပြင် ချိုးဖောက်မှုဖြစ်စဉ်အခြေအနေအပေါ် မူတည်၍ အကျူးလွန်ခံရသူများကို မှီခိုနေရသူများနှင့် အကျူးလွန်ခံရသူများကို ကြားဝင်ဆောင်ရွက်ပေးရင်း ထိခိုက်ခံစားခဲ့ရသူများလည်း ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှု ဥပဒေများကို ပြင်းပြင်းထန်ထန်ချိုးဖောက်ပြီး အကျူးလွန်ခံရသူများသည် ပြန်လည်ကုစားပေးလျော်ရေးနှင့် ထိုက်တန်သူများဖြစ်သည်။ ရင်ပေါင်တိုင်ရွာမှ သေဆုံးသွားသူ (၁၈) ဦး၊ သူတို့၏ မိသားစုဝင်များနှင့်အတူ ထိတ်လန့်ဖွယ်ရာမြင်ကွင်းများကို မျက်ဝါးထင်ထင်ကြုံတွေ့ခဲ့ရသော ရင်ပေါင်တိုင်ရွာသားများသည် တရားဥပဒေအောက်တွင် မူလအခြေအနေအတိုင်း စိတ်အေးချမ်းစွာ ပြန်လည် နေထိုင်နိုင်ရန်အတွက် ပြန်လည်ကုစားမှု လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ထိုသူတို့သည် စစ်ကောင်စီတပ်များ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို အပြင်းထန်အချိုးဖောက်ခံခဲ့ရသူများဖြစ်သည်။ ထို့ကြောင့် မည်သူများကို အကျူးလွန်ခံရသူများဟု သတ်မှတ်ရန်အတွက် အကျူးလွန်ခံရသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပြန်လည်ကုစားရေးတွင် အဓိက အရေးကြီးသည့် အချက်တခုဖြစ်သည်။

## ပြန်လည်ကုစားမှု အခွင့်အရေးများ

ပြန်လည်ကုစားရေးတွင် ကျူးလွန်သူများအတွက် အခွင့်အရေးများမှာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာက ချမှတ်ထားသည့် ဥပဒေများအတိုင်း အကျုံးဝင်သည်။ အခြေခံအခွင့်အရေး များမှာ တန်းတူမျှတသော ထိရောက်သော တရားမျှတမှုရရှိနိုင်ခွင့်၊ ထိခိုက်မှုဝေဒနာခံစားခဲ့ရသူ များအတွက် ထိရောက်လုံလောက်သော ကုစားမှု ချက်ချင်းရပိုင်ခွင့်၊ ချိုးဖောက်မှုများနှင့် ကုစား ရေးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူနိုင်ခွင့်တို့ပါဝင်သည်။ ထိရောက်သော ကုစားခွင့်နှင့် လျော်ကြေးပေးရန်အတွက် တာဝန်များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု သဘောတူစာချုပ်များနှင့် သဘောတူညီချက်များတွင် တွေ့နိုင် သည်။

## ထိရောက်သော ပြန်လည်ကုစားမှုများ

ကုစားမှုသည် ထိရောက်သော ပြန်လည်ကုစားမှုများဖြစ်ရန်အတွက် အောက်ပါအချက် အလက်များသည် အရေးကြီးလည်း အချက်များဖြစ်သည်။

မည်သည့်နိုင်ငံရေးရပ်တည်ချက်၊ လူမျိုးစု (သို့မဟုတ်) အခြားဆက်နွယ်သူအားလုံး အခွင့်အရေး ရသင့်သည်။

ပြန်လည် ကုစားရေးတွင် ပြန်လည်အစားထိုးပေး အပ်ခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ မူဝါဒအနေဖြင့် ပြဋ္ဌာန်းသင့်သည်။

ဆုံးရှုံးနစ်နာသူ၏ ဆုံးရှုံးနစ်နာမှုများကို မည်သို့ မည်မျှ သတ်မှတ်မည်ကိုလည်း စဉ်းစား ထားသင့်သည်။

ကုစားမှုအစီအစဉ်များတွင် နစ်နာသူများအတွက် တရားမျှတမှုရရှိရန်အတွက် မလျော်ကန်၊ မတရား တဖက်သတ်အပယ်မခံရဘဲ ဆုံးရှုံးနစ်နာသူများအားလုံး ရရှိနိုင်ရေးအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားသင့်သည်။

အထက်ပါ အချက်များသည် ထိရောက်သော ပြန်လည်ကုစားမှုများကို ပုံဖော်နိုင်ရန် အတွက် ကြိုတင် စဉ်းစားထားသင့်သည့် အရေးကြီးသည့် အချက်များ ဖြစ် သည်။

အခြားတဖက်တွင်လည်း အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်များကြောင့် နစ်နာသူများ၏ နစ်နာသူများအတွက် အခွင့်အရေးဆုံးရှုံးမှုများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် မဆုံးရှုံးရန်လည်း အစိုးရက အာမခံပေးထားရမည်ဖြစ်သည်။

## ပြန်လည်ကုစားရေးနှင့် အစိုးရတာဝန်

ပြန်လည်ကုစားရေးသည် အစိုးရက တရားဝင် မူဝါဒများဖြင့် ပြုလုပ်ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်တခုဖြစ်သည်။ ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ အခြားအဖွဲ့ အစည်းများက ပြုလုပ် ဆောင်ရွက်ပေးခြင်းများကို ပြန်လည်ကုစားခြင်းဟု မခေါ်ဆိုနိုင်ပါ။

အသစ်ဖြစ်ပေါ်လာသည့် အစိုးရသည် ဥပဒေပြု ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများကို အသုံးပြုကာ ချိုးဖောက်မှုများကို တားဆီးရမည်။ ချိုးဖောက်မှုများအား ထိရောက်၊ မှန်ကန်၊ စေ့စပ်စွာဖြင့် သမာသမတ်ကျကျ စုံစမ်းစစ်ဆေးရန်နှင့်ကျူးလွန်သူများကို အရေးယူရမည်။

ချိုးဖောက်သူသည် မည်သည့်ပုဂ္ဂိုလ်ဖြစ်ပါစေ၊ အကျူးလွန်ခံရသူများအနေဖြင့် တရား မျှတမှုလက်လှမ်းမီနိုင်သည့် တန်းတူအခွင့်အရေးကို ဖော်ဆောင်ပေးရမည်။ နောက်ဆုံးအချက်မှာ အကျူးလွန်ခံရသူများကို ထိရောက် သည့် ကုစားရေးလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်သည်။

အစိုးရသည် ပြန်လည်ကုစားမှုများ ဆောင်ရွက်ရန်အတွက် ကော်မရှင်များ၊ ကော်မတီ များကို အသစ် သစ်သော ဥပဒေ၊ မူဝါဒများဖြင် သက်ဆိုင်ရာ လွှတ်တော်များတွင် ဥပဒေပြဋ္ဌာန်း ဖွဲ့စည်းနိုင်သည်။

## ကြားဖြတ်နှင့် အရေးပေါ်ပေးလျော်မှုများ

ပြန်လည်ကုစားရေး လုပ်ငန်းစဉ်ကို အဓိကအား ဖြင့် ကြားဖြတ်အရေးပေါ်ပေးလျော် ခြင်းနှင့် အပြီးသတ် ပေးလျော်ခြင်း စသည့် အဆင့်နှစ်ဆင့်ထားရှိသင့်သည်။

ကြားဖြတ်ပေးလျော်ခြင်းကို အစိုးရက နစ်နာသူများအတွက် သက်ဆိုင်ရာ လွှတ်တော် များတွင် ဥပဒေများ၊ မူဝါဒများ ချမှတ်ခြင်းမပြုမီ ပေးလျော်ခြင်းမျိုးဖြစ်ကာ အပြီးသတ်ပေး လျော်ခြင်းမှာ အစိုးရက သက်ဆိုင်ရာ လွှတ်တော်များတွင် ဥပဒေ၊ မူဝါဒများချမှတ်အပြီးတွင် ဖြစ်ပေါ်လာသည့် ကုစားရေး ကော်မရှင်များ၊ ကော်မတီများက ဆောင်ရွက်ပေးသည့် ကုစားမှု မျိုးဖြစ်သည်။ ကုစားမှုများ အားလုံးတွင် အရေးကြီးသည့် အဓိက အချက်တခုမှာ နစ်နာမှုခံစားခဲ့ရ သူများနှင့် အသက်ရှင် လွတ်မြောက်လာသူများသည် သူတို့၏ လူ့ဂုဏ်သိက္ခာကို ပြန်လည်ထိန်း သိမ်းနိုင်ရန်ဖြစ်သည်။


အထက်ပါကုစားမှုများအတွက် အဆုံးအဖြတ်များကို တရားရေးကဏ္ဍမှ တရားရုံးများ၏ ရာဇဝတ်မှု (သို့မဟုတ်) တရားမမှုများဖြင့် ဆုံးဖြတ်ချက်များအရ ပေးလျော်ခြင်းနှင့် အုပ်ချုပ်ရေး ကဏ္ဍမှ အစိုးရယန္တရားများက တရားရုံးများ၏ ဆုံးဖြတ်ချက်များအတိုင်း အလျော်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ပြုစုပျိုးထောင်ခြင်းများကို ပြုလုပ်နိုင်သည်။

## ကောင်းမွန်သော ပြန်လည်ကုစားမှု

ကောင်းမွန်သော ပြန်လည်ကုစားမှုဖြစ်စေနိုင်ရန်အတွက် လိုအပ်ချက်များမှာ လုံလောက်မှုနှင့် ထိရောက်မှုရှိရမည်။ လိုက်ဖက်မှုရှိ၍ တခုလုံးအသွင်ဆောင်ကာ နစ်နာခဲ့ရသူများအတွက် အပြောင်းအလဲကို ဖြစ်စေနိုင်ရမည်ဖြစ်သည်။ ကုစားမှုလုပ်ငန်းစဉ်များတွင်လည်း နစ်နာသူများကိုလည်း ပါဝင်ခွင့်ပေးရမည်။ အလျင်မြန်၊ အရေးပေါ်ဆောင်ရွက်နိုင်ရမည်။ ထိခိုက်နစ်နာမှုနှင့် ခွဲခြားဆက်ဆံရခြင်းများ မရှိစေရန်လည်း ဂရုပြုရမည်။ အထူးသဖြင့် ဘာသာရေး အရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ လိင်စိတ်ခံယူမှုကွဲပြားမှုအရဖြစ်စေ ခွဲခြားဆက်ဆံရခြင်းများ မရှိစေရန် သတိပြုဆောင်ရွက်သင့်သည်။ ထို့မှသာ နစ်နာခဲ့ရသူများအတွက် ကောင်းမွန်သည့် ပြန်လည်ကုစားမှုကို ရရှိခံစားနိုင်မည်ဖြစ်သည်။

ရင်ပေါင်တိုင်ရွာတွင် ဖြစ်ပွားခဲ့သော အစုအလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုတွင်သာမက နိုင်ငံအနှံ့ အကြမ်းဖက်စစ်ကောင်စီ ကျူးလွန်ခဲ့သော အဖြစ်အပျက်တိုင်းတွင် ထိခိုက်နစ်နာခဲ့ရသူများအတွက် ပြန်လည်ကုစားမှုလုပ်ငန်းများကို လက်ရှိကာလတွင် ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ထားရန်လိုအပ်ပြီး နောင်တချိန်တွင် ပိုမိုထိရောက်သော လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်နိုင်ရန် ဥပဒေ၊ မူဝါဒပိုင်းဆိုင်ရာများကိုလည်း ယခုကာလကတည်းက ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပါသည်။

ပြန်လည်စုံစမ်းစစ်ဆေးရမည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကို အရေအတွက် အများဆုံး သတ်ဖြတ်ခဲ့မှုရှိသည့် နေ့ရက်များ (၂၀၂၂ မေ ၁ မှ ဇူလိုင် ၃၁ အထိ)



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်မှစ၍ စစ်ကောင်စီသည် လက်နက်မဲ့ပြည်သူများ အပေါ် အကြမ်းဖက် သတ်ဖြတ်မှုများ နေ့စဉ်နီးပါးကျူးလွန်ခဲ့သည်။ စစ်ကောင်စီ၏ အကြမ်းဖက် သတ်ဖြတ်မှုကြောင့် သေဆုံးသွားသူများ၏ အရေအတွက် တိကျမှန်ကန်စွာ ကောက်ယူထားရန် လိုအပ်ပြီး သေဆုံးသွားသူများအပေါ် အသိအမှတ်ပြုမှု တရားမျှတမှုနှင့် ကျန်ရစ်ခဲ့သော မိသားစုဝင်များအတွက် ပြန်လည်ကုစားပေးမှုများကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက် သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသည့်ဖြစ်စဉ် အဆင့်တိုင်းတွင် ပါဝင်ခဲ့သူများကို နောင်တချိန်တွင် တရားစွဲဆိုရာ ထိုက်သင့်သည့် ပြစ်ဒဏ်များကို ကျခံစေရမည်ဖြစ်သည်။

*ယခု ဖော်ပြထားသော အချက်အလက်များသည် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များ အပေါ်အခြေခံ၍ ကောက်ယူထားသော ဖြစ်စဉ်များ ဖော်ပြထားခြင်းဖြစ်ပြီး ပိုမိုတိကျခိုင်မာသော အချက်အလက်များရရှိနိုင်ရန် လိုအပ်လျက်ရှိသည်*



စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၂ မေ ၁ မှ ဇူလိုင် ၃၁ အထိ)

## CASE STUDY–6

# စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ

အခင်းဖြစ်ပွားခဲ့ရာ ဂန့်ဂေါမြို့နယ်၊ ရွှေဘိုရွာ အနီးတဝိုက်ပြမြေပုံ




## ဖြစ်ပွားရာဒေသ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ရွှေဘိုကျေးရွာအုပ်စု၊ ရွှေဘိုရွာ၊ သင်တောရွာ၊ ကံတိုးရွာ (ရေသာရွာ)၊ ကုန်းရွာ

## ဖြစ်ပွားသည့်အချိန်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈၊

## နောက်ခံအခြေအနေ

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မကွေးနှင့် စစ်ကိုင်းသည် လက်နက်ကိုင်တော်လှန်ရေးနှင့် နှစ်ပေါင်းများစွာ အလှမ်းဝေးသည်။ သို့သော် လွန်ခဲ့သည့်နှစ်က အရပ်သားအစိုးရထံမှ အာဏာသိမ်းသည့် စစ်တပ်က ဆန္ဒပြလျှင်ပင် သေနတ်ဖြင့် ပစ်ချိန်တွင် နိုင်ငံအနှံ့ ခုခံမှုများပေါ်ပေါက်နေရာ ထိုဒေသများလည်း တက်ကြွစွာပါဝင်နေသည်။ စစ်ကိုင်းနှင့် မကွေးတွင် စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်းပါသုံး၍ ပစ်ခတ်နေပြီး ရွာများကို မီးရှို့၊ ဒေသခံများကို အစုအပြုံလိုက်သတ်ဖြတ်မှုများ မကြာခဏပြုလုပ်နေသည်။

## ကျူးလွန်ခံရသူ

ပြည်သူ ၁၁ ဦးထက်မနည်းသေဆုံး
ပြည်သူ ၂၂ ဦး၊ လူငယ် ၅ ဦး အပါအဝင်
စုစုပေါင်း ၁၀ ဦး

## ကျူးလွန်သူ

စစ်ကောင်စီတပ်ဖွဲ့နှင့် ပျူစောထီးအဖွဲ့

# စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၁)

## ဖြစ်စဉ်အကျဉ်း

စစ်ကောင်စီတပ်များသည် ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါ မြို့နယ်ရှိ ရွာ (၃) ရွာကို အင်အား (၁၀၀) ခန့်ဖြင့် နယ်မြေ ရှင်းလင်းရေးပြုလုပ်ရာ အရပ်သားပြည်သူ (၁၁)ဦး ထက် မနည်းသေဆုံးခဲ့သည်ဟု ဒေသခံ (၃) ဦး၏ ပြောကြား ချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြခဲ့ကြသည်။

စစ်ကောင်စီတပ်များသည် ဖေဖာ်ဝါရီလ ၂၈ ရက် နေ့ မနက် (၈) နာရီခန့်တွင် ကံတိုးရွာသို့ ရောက်ရှိလာ ခဲ့သည်။ ရွာတွင်နေထိုင်ကြသော ပြည်သူလူထုသည် စစ်ကောင်စီတပ်များကြောင့် ထွက်ပြေးခဲ့ကြရပြီး ပြေး လွှားချိန်တွင် စစ်ကောင်စီတပ်များ၏ ပစ်ခတ်မှုမှ ကျည် ထိမှန်ကာ အရပ်သား (၇) ဦးသေဆုံးသွားခဲ့ရသည်။ ထို့ နောက် စစ်ကောင်စီတပ်များသည် ကံတိုးရွာမှ တမိုင်ခန့် အကွာရှိ ရွှေဘိုရွာသို့ရောက်ရှိလာခဲ့ရာ ရွာအတွင်း ဖမ်းမိ သည့် အသက် (၂၀) ဝန်းကျင် လူငယ် (၅) ဦးကို အရှင် လတ်လတ်မီးရှို့သတ်ဖြတ်ခဲ့သည်ဟု သေဆုံးသွားသူများ ထဲမှ တဦး၏ မိခင်ဖြစ်သူက ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြကြသည်။ ထို (၅) ဦးထဲတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်တက်ရန် ပြင်ဆင်နေသည့် လူငယ်တဦးလည်း ပါဝင်သည်။ ထို့ပြင် ရွာအတွင်းပြေးလွှားနေသည့် ပြည်သူ (၃) ဦးမှာလည်း ကျည်ထိမှန်သေဆုံးခဲ့ရသည်။

ထို့နောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ရွှေဘိုရွာမှ သင်တောရွာသို့ရောက်ရှိလာပြီး ရွာကို မီးရှို့ သဖြင့် မပြေးနိုင်သော အိမ်အတွင်းပိတ်မိနေသည့် အမယ် အိုကြီးလင်မယားနှင့် အဘွားအိုတဦးလည်း မီးထဲတွင် သေဆုံးသွားခဲ့သည်ဟု ဒေသခံပြည်သူများ၏ ပြောကြား ချက်ကို ကိုးကားကာ မီဒီယာများက ဖော်ပြကြသည်။ စစ်ကောင်စီ၏ မီးရှို့မှုကြောင့် အိမ်ခြေ (၂၅၀) ခန့်ရှိသည့် ထိုရွာတွင် အိမ် (၁၀) လုံးသာကျန်တော့သည်ဟု သိရ သည်။

ထိုသို့ စစ်ကောင်စီ၏ မဆင်မခြင် လုပ်ရပ်ကြောင့် ထို ရွာ(၃) ရွာသည် နာရီပိုင်းအတွက် လူ့အသက် (၁၀)ဦး ကျော်သေဆုံးခဲ့ရကာ အိမ်(၁၀၀)ကျော်မီးအရှို့ခံခဲ့ရသည်။ သို့သော် ထိုသို့ လူသတ် မီးရှို့မှုများသည် သူတို့လက်ချက် မဟုတ်ကြောင်းနှင့် သေဆုံးသွားသူများသည်လည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များဖြစ်သည်ဟု စစ် ကောင်စီ၏ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ချုပ်ဇော်မင်း ထွန်းက စွပ်စွဲသည်။

ထို့ပြင် ရွာလှည့် လူသတ်မီးရှို့လာခဲ့သည့် စစ်ကောင်စီတပ်များသည် မတ်လ (၁) နေ့တွင် ကုန်းရွာ သို့ရောက်ရှိလာခဲ့ပြီးနောက် အသက် (၂၅) နှစ်အရွယ် ရွာခံပြည်သူ ကိုဇော်နိုင်အေးကို သေနတ်ဖြင့် ပစ်သတ် ခဲ့ပြီးနောက် ရွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံ ပြောကြားချက်များကို ကိုးကားက မီဒီယာများက ဖော်ပြ ကြသည်။ ထိုမီးရှို့ဖျက်ဆီးမှုကြောင့် လူနေအိမ် (၃၆) လုံး နှင့်အတူ စပါးကျီ၊ နွားစာတိုက်၊ မီးဖိုဆောင် စသည့် အဆောက်အအုံအသေး (၁၃၄) လုံး ပြာကျသွားသည်ဟု ကုန်းရွာသားများ၏ စာရင်းများအရ သိရသည်။

## အကျိုးဆက်

လူဦးရေ နှစ်ထောင်ခန့်ရှိသော ကုန်းရွာသည် စစ်ကောင်စီတပ်များ အခြေစိုက်ရာ မြောက်ခရမ်းရဲစခန်းမှ တမိုင်ဝန်းကျင်သာဝေးကွာပြီး သူတို့၏ လက်နက်ကြီးများကြောင့် ရွာလုံးကျွတ်ထွက်ပြေးခဲ့ကြရသည်။ စစ်ကောင်စီတပ်များက ထွက်ခွာသွားပြီးဖြစ်သော်လည်း မတ် (၃) ရက်နေ့အထိ ဘေးလွတ်ရာ တောထဲတွင် သွားရောက်ပုန်းအောင်နေရကာ နေအိမ်များဆီကို မပြန်နိုင်သေးဟု မီဒီယာတခုက ဖော်ပြသည်။

သတ်ဖြတ် မီးရှို့မှုများ ကျူးလွန်ခဲ့သည့် ထိုဖြစ်ရပ်တွင် စစ်ကောင်စီတပ်များအပြင် ပျူစောထီးများကပါ ပူးပေါင်းပါဝင်ခဲ့ပြီး ရွာများကို မီးရှို့မှုများပြုလုပ်ရာတွင် အိမ်အတွင်းရှိ အရပ်သားပိုင်ပစ္စည်းများကိုလည်း ပျူစောထီးများက ခိုးယူသွားကြသည်ဟု မီဒီယာများ၏ ဖော်ပြချက်များတွင်တွေ့ရသည်။

လက်ရှိတွင် ရွာလုံးကျွတ် မီးရှို့ခံရသည့်ကျေးရွာများမှ ပြည်သူများကို ယောဒေသလုံးဆိုင်ရာ စစ်ဘေးရှောင်များ ကူညီစောင့်ရှောက်ရေး ကော်မတီ(YRCIDP)က ကူညီစောင့်ရှောက်လျက်ရှိပြီး အသတ်ခံရသည့် ပြည်သူစာရင်းကိုလည်းပြုစုလျက်ရှိကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသ

မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသရှိ မကွေးနှင့် စစ်ကိုင်းသည် လက်နက်ကိုင်တော်လှန်ရေးနှင့် နှစ်ပေါင်းများစွာ အလှမ်းဝေးခဲ့ကြသည်။ သို့သော် ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အရပ်သားအစိုးရထံမှ အာဏာသိမ်းသည့် စစ်တပ်က ငြိမ်းချမ်းစွာ ဆန္ဒပြကြသောပြည်သူလူထုကို အကြမ်းဖက်ဖြိုခွင်းပြီး သေနတ်ဖြင့်ပစ်ခတ်ဖြိုခွင်းမှုများကို ပြုလုပ်ခဲ့ချိန်မှစ၍ နိုင်ငံအနှံ့ ခုခံမှုများပေါ်ပေါက်လာခဲ့ရာ ဗမာအများစုနေထိုင်ရာ ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း မကွေးတိုင်းတို့သည်လည်း တက်ကြွစွာပါဝင်လာခဲ့သည်။ ထိုဒေသများတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များပေါ်ပေါက်လာခဲ့ပြီး စစ်ကောင်စီတပ်များကို ခုခံခဲ့ကြပြီး စစ်ကိုင်းနှင့် မကွေးတွင် စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်းပါသုံး၍ ပစ်ခတ်မှုများပြုလုပ်နေပြီး ရွာများကို မီးရှို့၊ ဒေသခံများကို အစုအပြုံလိုက်သတ်ဖြတ်မှုများ မကြာခဏကျူးလွန်လျက်ရှိသည်။

ယခုဖော်ပြထားသော အဖြစ်အပျက်များသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာများတွင် စစ်ကောင်စီ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို မီဒီယာများတွင်ဖော်ပြချက်များ၊ အင်တာဗျူးများမှ ရရှိထားသော အချက်အလက်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ထုတ်ပြန်ချက်များကို ပြန်လည် စုစည်းဖော်ပြထားခြင်းဖြစ်သည်။ ယခု အဖြစ်အပျက်သည် စစ်ကောင်စီကျူးလွန်လျက်ရှိသော စစ်ရာဇဝတ်မှုများစွာထဲမှ တခုဖြစ်ပြီး အဆိုပါစစ်ရာဇဝတ်မှုများ ကိုထိုက်သင့်သည့်အပြစ်ဒဏ်များချမှတ်နိုင်ရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပြန်လည်ရှာဖွေပေးရန် အရေးတကြီးလိုအပ်ပါသည်။

# စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၂)

## မကွေးတိုင်းမှ ပြည်သူများအတွက် ပြန်ယူပေးရမည့် တရားမျှတမှု

စစ်ကောင်စီတပ်များသည် ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ ခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ ရွာ (၃) ရွာကို အင်အား (၁၀၀) ခန့်ဖြင့် နယ်မြေရှင်းလင်းရေးပြုလုပ်ရာ အရပ်သားပြည်သူ (၁၁)ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံ (၃) ဦး၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြခဲ့ကြသည်။

သေဆုံးသူများသည် မည်သူမည်ဝါများဖြစ်သည်ကို နိုင်ငံတော်အာဏာအား စစ်ကောင်စီ က အဓမ္မရယူထားသည့် အခြေအနေတွင် စုံစမ်း အတည်ပြုမှုများ မပြုလုပ်နိုင်သေးသော်လည်း နောင်တချိန်တွင် ထိုသူများသည် မည်သူမည်ဝါများဖြစ်သည်ကို အမှန်တရားရှာဖွေရေး ကော်မရှင် တခု ဖွဲ့စည်းကာ သေဆုံးသူများသည် မည်သူမည်ဝါများဖြစ်သည်၊ မည်သည့်နေရာတွင် သေဆုံး ခဲ့သည်၊ မည်သို့သေဆုံးခဲ့ရသည်၊ သေဆုံးမှုအတွက် မည်သူတို့တွင် တာဝန်ရှိသည်ကို စုံစမ်း ဖော်ထုတ်ကာ ပြည်တွင်းနှင့် နိုင်ငံတကာတရားရုံးများတွင် ကျူးလွန်သူများကို ကျူးလွန်သည့် ပြစ်မှုအလိုက်နှင့် တာဝန်အလိုက် ပြန်လည်တာဝန်ခံစေရမည်ဖြစ်သည်။ ထိုသို့ပြုလုပ် ဆောင်ရွက်ခြင်းသည် ကျူးလွန်သူများကို ပြန်လည်ကလဲ့စားချေခြင်းမျိုးမဟုတ်ဘဲ ကျူးလွန်ခံရ သူများအတွက် တရားမျှတမှုရရှိခွင့်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ယနေ့အခြေအနေတွင် စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်အပါအဝင် ၎င်းတို့ အပေါင်းအပါများကို ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုရန်အတွက် အခြေအနေ မပေးသေး သော်လည်း နိုင်ငံတကာတရားရုံးများတွင် စွဲဆိုနိုင်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ တရားစီရင် ပိုင်ခွင့်ဖြင့်လည်း တရားစွဲဆိုနိုင်သည်။

## နိုင်ငံတကာတရားရုံးများ

ပထမမျိုးဆက်နိုင်ငံတကာတရားရုံးများဟု ခေါ်ဆိုနိုင်သည့် တရားရုံးများကို ဒုတိယကမ္ဘာစစ်က တည်ထောင်၍ စစ်ရှုံးနိုင်ငံများဖြစ်သည့် ဂျာမနီနှင့် ဂျပန်တို့ကို တရားစီရင်ခဲ့သည့် နူရင်ဘတ်နှင့် တိုကျိုခုံရုံးတို့မှာ ထင်ရှားသည်။

ဒုတိယမျိုးဆက်နိုင်ငံတကာတရားရုံးများဟု ခေါ်ဆိုနိုင်သည်များမှာ အထူးယာယီတရားခုံရုံးများဖြစ်သည်။ ထိုတရားရုံးများမှ ပထမခုံရုံးမှာ ယူဂိုစလားဗီးယားနိုင်ငံတွင် ၁၉၉၁ ခုနှစ်ကတည်းက ကျူးလွန်ခဲ့သည့် လူသားချင်စာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ပြင်းထန်စွာချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကို တရားစီရင်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးများကို ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယခုံရုံးမှာ ရဝမ်ဒါနိုင်ငံတွင် ၁၉၉၄၊ ဇန်နဝါရီလ ၁ မှ ဒီဇင်ဘာ ၁၄ ရက်နေ့ကြား လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တရားစီရင်ရန် တည်ထောင်ထားသည်။

ဒုတိယမျိုးဆက်တရားရုံးများထဲမှ နိုင်ငံတကာတရားရုံးတခုမှာ အိုင်စီစီ ICC (ခေါ်) နိုင်ငံတကာ ရာဇဝတ်တရားရုံး (International Criminal Court) ဖြစ်သည်။ ထိုတရားရုံးတွင် လူတဦးအနေမဟုတ်ဘဲ နိုင်ငံတခုအနေဖြင့်သာ တရားစွဲဆိုနိုင်သည်။ တရားစွဲဆိုနိုင်သည့် အမှုများမှာ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှု၊ စစ်ပွဲအတွင်း ကျူးလွန်သည့် ရာဇဝတ်မှု၊ ကျူးကျော်ခြင်းဆိုင်ရာ ရာဇဝတ်မှုတို့ဖြစ်သည်။

ရွာများလုည့်ကာ မီးရှို့၊ သတ်ဖြတ်နေသည့် တာဝန်အရှိဆုံးသူ စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် အပေါင်းအပါများသည် ယနေ့ကျူးလွန်နေသည့် ပြစ်မှုများအတွက် ထိုတရားရုံးတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှု၊ စစ်ပွဲအတွင်းကျူးလွန်သောရာဇဝတ်မှုများဖြင့်ICCအဖွဲ့ဝင်မည်သည့်နိုင်ငံကမဆိုတရားစွဲဆိုနိုင်သည်။

တတိယမျိုးဆက်နိုင်ငံတကာတရားရုံးများစု ခေါ်ဆိုနိုင်သည့် တရားရုံးများမှာ ပေါင်းစပ်တရားရုံးများဖြစ်သည်။ ပေါင်းစပ်တရားရုံးများ၏ အဖွဲ့ဝင်တရားသူကြီးများမှာ မိမိတို့နိုင်ငံမှ တရားသူကြီးများအပြင် နိုင်ငံတကာမှ တရားသူကြီးများပါ ပါဝင်သည်။


## ICC မှ မြန်မာနိုင်ငံအမှု

ICC က စုံစမ်းစစ်ဆေးနေသည့် အမှုပေါင်း (၁၅) ခုထဲတွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူများကို တရားစွဲဆိုထားသည့် အမှုသည်လည်း တခုအပါအဝင်ဖြစ်သည်။ ထိုအမှုမှာ ဂမ်ဘီယာသမ္မတနိုင်ငံက တရားစွဲဆိုထားသည့် မြန်မာနိုင်ငံတွင်းနှင့် ဘင်္ဂလားနိုင်ငံတွင်းတွင် ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာများနှင့် ပတ်သက်သည့် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်သည်။ ICC ရှေ့နေချုပ်ရုံးက စုံစမ်းစစ်ဆေးခွင့်ရသည့် နယ်ပယ်မှာ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သော ရာဇဝတ်မှုများအပါအဝင် ၂၀၁၀၊ ဇွန်လ ၁ ရက် နေ့မှစ၍ဖြစ်ပေါ်လာသည့် ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အတွင်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများ အားလုံးကို စစ်ဆေးနိုင်သည်။ ထိုအမှုအတွက် ICC က ဒေါ်လာ ၂၈ သန်း အသုံးပြုခွင့်ရရှိထားသည်။

အာဏာသိမ်းပြီးချိန်မှ စတင်၍ နိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီမှ ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများ၊ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများကို ပြည်တွင်းတရားရုံးများတွင် စီရင်နိုင်သည့် အခြေအနေသို့ မရောက်ရှိသေးသည့် အချိန်တွင် နိုင်ငံတကာတရားရုံးများသို့ ချဉ်းကပ်ကာ ဦးစွာ တရားစွဲဆိုခြင်းများပြုလုပ်နိုင်ရန်  စနစ်တကျ ပြင်ဆင်ထားသင့်သည်။ ထိုသို့ တရားစွဲဆိုမှုများကို ပြုလုပ်နိုင်ရန် နိုင်ငံတကာ တရားရုံးများ၏ သမိုင်းကြောင်းများ လုပ်ထုံးလုပ်နည်းများကို လေ့လာထားရှိရန်လိုအပ်သည်။






ပြန်လည်စုံစမ်းစစ်ဆေးရမည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကို အရေအတွက် အများဆုံး
သတ်ဖြတ်ခဲ့မှုမ်ရှိသည့် နေ့ရက်များ (၂၀၂၂၊ ဩဂုတ် ၁ မှ အောက်တိုဘာ ၃၁ အထိ)
စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးခဲ့မှုများ
(၂၀၂၂၊ ဩဂုတ် ၁ မှ အောက်တိုဘာ ၃၁ အထိ)

# စစ်ကောင်စီကျူးလွန်သည့် မကွေးတိုင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၃)

## သေဆုံးသွားသူများကို ကုစားပေးခြင်း

စစ်ကောင်စီတပ်များသည် ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ ခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ ရွာ (၃) ရွာကို အင်အား (၁၀၀) ခန့်ဖြင့် နယ်မြေရှင်းလင်းရေးပြုလုပ်ရာ အရပ်သား အရပ်သားပြည်သူ (၁၁) ထက်မနည်းသေဆုံးခဲ့သည်ဟု ဒေသခံ (၃) ဦး၏ ပြောကြား ချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် စစ်ကောင်စီတပ်များ၏ စစ်ကြောင်း ရှင်းလင်းရာတွင် ဖြတ်သန်းသွားသည့် ရွာလေးရွာမှ လူနေအိမ် (၁၅၀) သည်လည်း စစ်ကောင်စီ တပ်များ၏ မီးရှို့ခြင်းခံခဲ့ရသည်။

ထိုသို့သေဆုံးသွားသူများနှင့် ပျက်စီးဆုံးရှုံးခံခဲ့ရသူများသည် ပြန်လည်ကုစား၊ ပေးလျော် ခြင်း အစီအမံများအား အကျိုးခံစားခွင့် ရှိပြီး ထိုသို့ခံစားခွင့်သည်ပင် ထိခိုက်နစ်နာသူများ၏ အခွင့်အရေးလည်းဖြစ်သည်။ ထိုအခွင့်အရေးများအား ဖြည့်ဆည်းပေးရမည့် တာဝန်မှာ ထိခိုက် နစ်နာအောင်လုပ်ခဲ့သည့် တာဝန်ရှိသူများ၊ နိုင်ငံတော်အစိုးရ၏ တာဝန်ဝတ္တရားပင်ဖြစ်ပြီး ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုတခု သို့မဟုတ် တခုထက်ပိုသော လူ့အခွင့် အရေးချိုး ဖောက်ကျူးလွန်မှုများအား ကြုံတွေ့ခံစားခဲ့ရသည့် ထိခိုက်နစ်နာခဲ့မှုများ၏ ဆင်းရဲ ဒုက္ခများကို ကုစားဆောင်ရွက်ပေးခြင်းဖြင့် ကျူးလွန်ခံရသူများ၏ အခွင့်အရေးများအား နိုင်ငံတော်က တရားဝင် အသိအမှတ်ပြုပေးခြင်းလည်းဖြစ်သည်။ ပြန်လည်ကုစားပေးလျော်ခြင်း ၏ ရည်ရွယ်ချက်များမှာ–

- မူလအခြေအနေသို့ ရောက်အောင်ဆောင်ရွက်ခြင်း၊ လျော်ကြေးငွေပေးခြင်းနှင့် ပြန်လည် ထူထောင်ပေးခြင်း စသည်တို့နှင့် သက်ဆိုင်သည့် အခွင့်အရေးများအား ဖြည့်ဆည်း ဆောင်ရွက် ပေးရန်၊
- ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုရန်၊

- နစ်နာခံစားရသူများ၏ ဂုဏ်သိက္ခာ ပြန်လည်ရရှိနိုင်ရန်
- ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရေး အတွက် အာမခံနိုင်ရန် တို့ဖြစ်သည်။

အချို့နိုင်ငံများ၌ ပြန်လည်ကုစားမှုများကို လူမှုအကူအညီပေးရေး လုပ်ငန်းများတွင် ထည့်သွင်း ဆောင်ရွက်ကြသော်လည်း ပြန်လည်ကုစားခြင်းများသည် လူမှုအကူအညီနှင့် မတူကြောင်း သိရှိထားရန် လိုအပ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီခြင်းနှင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီခြင်း တို့ကို ခွဲခြားရန် အရေးကြီးသည်။ ဤသို့ခွဲခြားထားပါမှ ကျူးလွန်ခံရသူများအတွက် ပြန်လည်ကုစားမှုများ ဆောင်ရွက်ပေးရန် နိုင်ငံတော်၏ ကြိုးပမ်းချက်များအား ပြသနိုင်မည်ဖြစ်ပြီး ကျူးလွန်ခံရသူများ၏ စိတ်ထဲတွင်လည်း သူတို့အား အသိအမှတ်ပြုသည်ဟု ခံစားမိစေရန် အကူအညီ ဖြစ်စေပါလိမ့်မည်။ အစိုးရသည် ပြန်လည်ကုစားရေးလုပ်ငန်းများအတွက် ထိရောက်သော ယန္တရားများကို ဖွဲ့စည်းပြီး ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ ထိခိုက်နာကျင်မှုများအတွက် တာဝန်ရှိသည့် သူများအား ပြန်လည်ကုစား၊လျော်ကြေးပေးရေးအတွက် စီရင်ချက်များ ချမှတ်ကျင့်သုံးရမည်။ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ ကျူးလွန်ခံရသူများအား မူလအခြေအနေသို့ ရောက်အောင် ဆောင်ရွက်ပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်အောင် ဆောင်ရွက်ခြင်းနှင့် နောက်တဖန် ထပ်မံမဖြစ်ပွားအောင် အာမခံခြင်း စသည်တို့ပါဝင်သော ထိရောက်မှုရှိပြီး ပြည့်စုံလုံလောက်သည့် ပြန်လည်ကုစားရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်သည်။

## မတူကွဲပြားသော ကျူးလွန်မှုများနှင့် စုံလင်ကွဲပြားသော ကုစားမှုများ

မတရားသတ်ဖြတ်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ မြေအသိမ်းခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ ညှင်းပမ်းနှိပ်စက်ခံရခြင်း စသည့် မတူကွဲပြားသည့် အကျူးလွန်ခံရသူများအတွက် တမျိုးတည်းသော ကုစားမှုသည် ထိရောက်သော ပြန်လည်ကုစားမှု မဖြစ်နိုင်ပေ။ ထို့ကြောင့် ထိရောက်သော ပြန်လည်ကုစားမှု ဖြစ်ရန်အတွက် တဦးချင်း အကျူးလွန်ခံရသူများနှင့် အစုအဖွဲ့အလိုက် အကျူးလွန်ခံရသူများဟု နှစ်မျိုးခွဲခြားနိုင်သည်။ ထို့နောက် အကျူးလွန်ခံခဲ့ရသည့် တဦးချင်းနှင့် အစုအဖွဲ့အလိုက်ကို ရုပ်ပိုင်းဆိုင်ရာ ကုစားမှုနှင့် စိတ်ကျေနပ်မှုရနိုင်လောက်သည်အထိ စိတ်ပိုင်းဆိုင်ရာကုစားမှုတို့ကို ဆောင်ရွက်နိုင်သည်။

## ရုပ်ပိုင်းဆိုင်ရာကုစားမှုနှင့် စိတ်ပိုင်းဆိုင်ရာကုစားမှု

ရုပ်ပိုင်းဆိုင်ရာကုစားမှုအတွက် အကျူးလွန်ခံရသည့် တဦးချင်းအတွက် တိုက်ရိုက်လျော်ကြေးပေးအပ်ခြင်း၊ အိမ်ဆုံးရှုံးသွားသူများအတွက် အိမ်များပြန်ပေးခြင်း၊ ပညာသင်ဆုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများပြုလုပ်ဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်ပြီး အစုအဖွဲ့ကျူးလွန်ခံရသူများအတွက် ရပ်ရွာအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာကုသရေးစင်တာများ ဆောက်လုပ်ပေးခြင်း၊ အသေးစားချေးငွေပေးသည့် အစီအစဉ်များ စသဖြင့် လုပ်ဆောင်ပေးနိုင်သည်။

စိတ်ပိုင်းဆိုင်ရာကုစားမှုအတွက်မူ တဦးချင်းအကျူးလွန်ခံရသူများအတွက် ကျူးလွန်သူများက တဦးချင်းကိုတရားဝင်တောင်းပန်စာပို့၍တောင်းပန်ခြင်း၊ ပျောက်ဆုံးနေသူများ (သို့မဟုတ်) သေဆုံးသွားသူများ၏ အလောင်းများ ပြန်လည်ရှာဖွေ မြှုပ်နှံပြီး သေဆုံး၊ ပျောက်ဆုံးသူများအတွက် ကဗျည်း မော်ကွန်းရေးထိုးခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်ပြီး အစုအဖွဲ့ အလိုက် အကျူးလွန်ခံရသူများအတွက် အစိုးရအကြီးအကဲက မိန့်ခွန်းပြောခြင်းဖြင့် (သို့မဟုတ်) ထုတ်ပြန်ချက်များဖြင့် တရားဝင် တောင်းပန်ခြင်း၊ အကျူးလွန်ခံရသူများကို ရည်ရွယ်၍ အထိမ်းအမှတ်နေရာများ ဆောက်လုပ်ပေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနေ့ ကဲ့သို့သော အစိုးရရုံးပိတ်ရက်များ သတ်မှတ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

ဂန့်ဂေါမြို့နယ်ရှိ ရွာ (၃) ရွာကို စစ်ကောင်စီ လက်ချက်ကြောင့် သေဆုံးသွားသူ တဦးချင်းနှင့် မီးအရှို့ခံလိုက်ရသည့် ရွာများသည်လည်း နောင်တချိန် ပြန်လည်ကုစားမှုနှင့် ထိုက်တန်သည့်သူများဖြစ်ပြီး မဖြစ်မနေ ပြန်လည်ဆောင်ရွက်ပေးရမည်လည်းဖြစ်သည်။ နောင်တချိန်တွင် ပြည်သူများ ထောက်ခံမှုကြောင့် ဖြစ်ပေါ်လာမည့် အစိုးရသည် ထိုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြန်လည်ကုစားမှုများကို အကျူးလွန်ခံရသူများအပေါ် ထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း နောင်တချိန်ဆောင်ရွက်မှုများတွင် ချောမွေ့လွယ်ကူစေရန်အတွက် ပြည်သူလူထု၏ထောက်ခံမှုကို ရရှိထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် အရပ်ဘက်အဖွဲ့အစည်းများက မူဝါဒများကို ကြိုတင်လုပ်ဆောင်ထားသင့်သည်။ ထို့မှသာ ပြန်လည်ကုစားရေး အစီအစဉ်များကို လက်တွေ့ဆောင်ရွက်ရသည့် အချိန်တွင် ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။

# စစ်ကောင်စီကျူးလွန်ခဲ့သည့် မကွေးတိုင်းအတွင်းမှ ရွာစဉ်လှည့် လူသတ်၊ မီးရှို့မှုများ (၄)

## အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

စစ်ကောင်စီတပ်များသည် ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ ရွာ (၃) ရွာကို အင်အား (၁၀၀) ခန့်ဖြင့် နယ်မြေရှင်းလင်းရေးပြုလုပ်ရာ အရပ်သား အရပ်သားပြည်သူ (၁၁)ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံ (၃) ဦး၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် စစ်ကောင်စီတပ်များ၏ စစ်ကြောင်းရှင်းလင်းရာတွင် ဖြတ်သန်းသွားသည့် ရွာလေးရွာမှ လူနေအိမ် (၁၅၀) ကိုလည်း စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထိုဖြစ်ရပ်သည် စစ်ကောင်စီစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုကို ပေါ်လွင်ထင်ရှားနေပြီး တာဝန်ရှိသူများသည် ပဋိပက္ခအလွန်ကာလတွင် စစ်ရာဇဝတ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု တို့ဖြင့် စုံစမ်းစစ်ဆေးခံရမည်ဖြစ်ကာ ထိုဖြစ်ရပ်များအတွက်လည်း တာဝန်ယူ၊ တာဝန်ခံရမည်ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်စေရန် အာမခံခြင်း

အထက်ဖော်ပြပါ အဖြစ်ကဲ့သို့သော ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အနာဂတ်ကာလတွင် ထပ်မံမဖြစ်ပွားရန်အတွက် အာမခံရမည်မှာ အစိုးရ၏ ဝတ္တရားအဖြစ် လုပ်ပိုင်ဆောင်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိသည်ကို သက်ဆိုင်ရာ ဥပဒေများဖြင့် ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခဲ့သော (သို့မဟုတ်) ချိုးဖောက်မှုကို ကာကွယ်ရန်အတွက် တာဝန်ပျက်ကွက်ခဲ့သည့် အင်စတီကျူးရှင်း/အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရက လုပ်ဆောင်ရမည့်အချက်များကိုလည်း ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရမည်ဖြစ်သည်။

လက်ရှိအခြေအနေ နိုင်ငံအတွင်း လက်နက်အုပ်မိုးကာ ပြည်သူလူထုကို အုပ်ချုပ်နေသည့် တပ်မတော် (ခေါ်) စစ်ကောင်စီ၏ ခါးပိုက်ဆောင်တပ်သည် နိုင်ငံတော်အာဏာကို လုယူခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီ (၁) မှစ၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခြင်းဖြင့်လည်းကောင်း၊ လူအများမသိနိုင် မမြင်နိုင်သည့် စစ်ကြောရေးစခန်းများတွင်လည်းကောင်း ဆက်တိုက်ကျူးလွန်လျက်ရှိသည်။ ထို့ကြောင့် အနာဂတ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ရန် မည်သည့်အဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ကို အသေအချာသိရှိ ဆုံးဖြတ်ရမည်မှာ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများထဲတွင် အရေးကြီးသော အချက်တချက်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးဆိုင်ရာအစိုးရနှင့် ဥပဒေပြုရေးကို ကိုင်တွယ်ဆောင်ရွက်သည့် လွှတ်တော်တို့သည် အမှန်တရားရှာဖွေရေးကော်မရှင် အကြံပြုချက်များကို အခြေခံကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

## ပြောင်းလဲရန်လိုအပ်သည့် ကဏ္ဍများ

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့်အခါ အဆိုပါကဏ္ဍများမှာ ပြုပြင်ပြောင်းလဲဖို့ လိုအပ်သော ကဏ္ဍများဖြစ်သည်။

- လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း (Security-sector Reform)
- တရားရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Judicial Reform)
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်း (Constitution & Criminal Reform)
- မီဒီယာနှင့် ပညာရေး ပြုပြင်ပြောင်းလဲခြင်း (Media & Education Reform) တို့ကို လုပ်ဆောင်ရမည်ဖြစ်သည်။

## မည်သည့်အဖွဲ့အစည်းက ပြုပြင်ရန်လိုအပ်သနည်း

ပဋိပက္ခလွန်ကာလ လူ့အဖွဲ့အစည်းအတွက် စနစ်ကျပြီး ဘက်လိုက်မှုကင်းသော အဖွဲ့အစည်းအဖြစ် ကြိုးစားနေသည့် နိုင်ငံတော်နှင့် လူမှုအဆောက်အအုံများအား သုံးသပ်ခြင်း၊ ပြန်လည်ပုံဖော်ခြင်း လုပ်ငန်းစဉ်သည် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ဖြစ်သည်။ လုပ်ငန်းစဉ်၏ လုပ်ပိုင်ခွင့်သည် ကျယ်ပြန့်ပြီး ထိုအထဲတွင် အခြေခံဥပဒေ၊ စစ်တပ်၊ ရဲ၊ တရားစီရင်ရေး၊ လွှတ်တော်၊ ပညာရေးစနစ်နှင့် မီဒီယာစသည်တို့ အားလုံးကို ပြုပြင်ပြောင်းလဲရန်လည်း ပါဝင်သည်။ ထိုအဖွဲ့အစည်းများအားလုံးသည် အလွဲသုံးစားမှုပြုခြင်း၊ တာဝန်မယူခြင်း၊ အဂတိလိုက်စားမှုများကို ကျူးလွန်ခဲ့သည့် အဖွဲ့အစည်းများဖြစ်နိုင်သည်။

ကျူးလွန်ခဲ့သည့် အဖွဲ့သည့် အဖွဲ့အစည်းများကို ဖော်ပြပါအတိုင်း ပြုပြင်ပြောင်းလဲရန်လိုအပ်သည်။

- ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ယူစေခြင်း
- ဒီမိုကရေစီနည်းအရ ၎င်းတို့ကို ထိန်းချုပ်ထားခြင်း
- တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံပြီး လူ့အခွင့်အရေးအား လေးစားလိုက်နာစေခြင်း
- ပြည်သူလူထုအမြင်တွင် တရားဝင်မှုရှိခြင်း

နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များမှ အခွင့်ထူးခံများ၏ အကျိုးအတွက်သာ ဆောင်ရွက်ပေးခြင်းမျိုး မပြုဘဲ လူ့အခွင့်အရေးဖောက်ဖျက်မှု အကျူးလွန်ခံရသူများ၊ ငွေကြေးအင်အားချို့တဲ့သူများနှင့် လူနည်းစုဝင်များ လူ့အဖွဲ့အစည်းအတွင်း မတူညီသော အုပ်စုများအားလုံးကိုလည်း ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။


ထို့ပြင် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်စေရန်အတွက် နိုင်ငံတော်၏ သက်ဆိုင်သော အင်စတီကျူးရှင်းများ/ အဖွဲ့အစည်းများသည် ကုလသမဂ္ဂက ထုတ်ပြန်ထားသည့် အခြေခံမှုများကို လေးစားလိုက်နာခြင်းဖြင့် ပြစ်ဒဏ်က ကင်းလွတ်နေသော ဓလေ့ကို ဆန့်ကျင်တိုက်ဖျက်သည့် ဆောင်ရွက်မှုများဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်မှုများကို ဆောင်ရွက်နိုင်သလို ပြန်လည်ကုစားရေးဆိုင်ရာ သဘောတူညီချက်၏ အခြေခံမှုများနှင့် လမ်းညွှန်ချက်များလည်း ချမှတ်နိုင်သည်။ နိုင်ငံတကာစာချုပ်များတွင် ဝင်ရောက်လက်မှတ်ရေးထိုးခြင်းများ (IICPR နိုင်ငံသား၊ နိုင်ငံရေး သဘောတူညီချက်၊ CAT ညှင်းပမ်းနှိပ်စက်မှုပပျောက်ရေး သဘောတူစာချုပ်၊ CERD လူမျိုးရေးခွဲခြား ဖိနှိပ်မှုမျိုးစုံပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၊ ICC နိုင်ငံတကာ ရာဇဝတ် တရားရုံးစာချုပ်) တွင် လက်မှတ်ရေးထိုးခြင်းများကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပြီးနောက် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ နောက်ဆုံးအဆင့်မှာ ဖယ်ရှားသန့်စင်ခြင်းဖြစ်သည်။ ပြည်သူရေးရာ အင်စတီကျူးရှင်းများ၏ အခြေခံအကျဆုံးအစိတ်အပိုင်းမှာ ဝန်ထမ်းများဖြစ်သည့်အတွက် ထိုဝန်ထမ်းများကို စိစစ်၍ သန့်စင်ရမည်ဖြစ်သည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ လုပ်ဆောင်နိုင်မှသာလျှင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## CASE STUDY-7

# အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ

အခင်းဖြစ်ပွားခဲ့ရာ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာပြ မြေပုံ




## ဖြစ်ပွားရာဒေသ

စစ်ကိုင်းတိုင်း၊ ကန့်ဘလူခရိုင်၊
ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ

## ဖြစ်ပွားသည့်အချိန်

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်၊
နံနက် (၇) နာရီ (၄၅) မိနစ်ခန့်

## နောက်ခံအခြေအနေ

၂၀၂၃ ခုနှစ် ၊ မတ်လတွင် ပဇီကြီးကျေးရွာအုပ်ချုပ်ရေးမှူး သေဆုံးထားသည်။

## ကျူးလွန်ခံရသူ

ပဇီကြီးကျေးရွာမှ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊
ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များ၊
အရပ်သားပြည်သူများနှင့် ကလေးများ

## ကျူးလွန်သူ

စစ်ကောင်စီတပ်ဖွဲ့ (လေတပ်)

# အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ (၁)

## ပစ်ခတ်မှု

၂၀၂၃ ခုနှစ် ၊ ဧပြီလ (၁၁) ရက်နေ့ မနက် (၇) နာရီခွဲခန့်အချိန် စစ်ကိုင်းတိုင်း၊ ကန့်ဘလူ မြို့နယ်၊ ပဇီကြီးကျေးရွာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဦးဆောင်မှုဖြင့် ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ရုံးဖွင့်ပွဲပြုလုပ်နေသည်ကို စစ်ကောင်စီ၏ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ လေကြောင်းဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်ဟု စစ်ကောင်စီကို ထောက်ခံရေးသားလေ့ရှိသည့် People Media က ၎င်းတို့၏ Telegram Channel တွင် ရေးသားဖော်ပြခဲ့ပြီး သေဆုံးသူများမှာ မည်သူများဖြစ်ကြောင်းနှင့် မည်မျှသေဆုံးခဲ့သည်ကိုမူ ဖော်ပြခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် သေဆုံးနေသောအလောင်းပုံများနှင့် တစစီပြန့်ကြဲနေသော ခန္ဓာကိုယ်အပိုင်းအစများကိုလည်း ဖော်ပြထားကာ “တပြိုင်နက် မသာချပွဲ” အမည်ဖြင့် လူအများ အစုလိုက်အပြုံလိုက် သေဆုံးနေမှုကို အားရဝမ်းသာသည့် အရေးအသားဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။



## ဘယ်သူတွေ သေဆုံးခဲ့ရသလဲ

ထိုနေ့တွင် လွတ်လပ်သောအာရှအသံ (RFA) သတင်းမီဒီယာ၏ ဖော်ပြချက်အရ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာသို့ ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးကြဲခဲ့ပြီး၊ MI 35 ရဟတ်ယာဉ်ဖြင့် ၁၅ မိနစ်ခန့်အကြာ ပစ်ခတ်ခဲ့ခြင်းကြောင့် သေဆုံးသူအရေအတွက်မှာ (ထိုနေ့မွန်းလွဲပိုင်းအချိန်အထိ) ခြေလက်အင်္ဂါအစုံအလင်ဖြင့် ကောက်ယူရရှိခဲ့သည့် အလောင်းအရေအတွက်မှာ (၅၃) လောင်းဖြစ်သည်ဟု ယင်းသတင်းဌာန၏ ဖော်ပြချက်တွင်တွေ့ရသည်။ ခြေလက်အင်္ဂါများအပိုင်းပိုင်းအစစဖြစ်နေသည့် အလောင်းများမှာလည်း မြေပြင်နှင့် ရွာလမ်းမပေါ်တွင်များတွင် ပြန့်ကြဲနေပြီး သေဆုံးသူမှာ (၁၀၀) ဦးအထိရှိနိုင်သည်ဟု ယင်းမီဒီယာက ကျန်ရစ်သူဒေသခံများ၏ ပြောကြားချက်များကို ကိုးကားဖော်ပြခဲ့သည်။

သို့ရာတွင် ဧပြီလ (၁၂) ရက်နေ့အထိအတည်ပြုချက်အရ သေဆုံးသူအားလုံးမှာ (၁၄၄) ဦးဖြစ်ပြီး ပဇီကြီးကျေးရွာမှ ကလေးငယ် (၂၃) ဦး၊ လူကြီး (၉၆) ဦး၊ လေးတွင်စဉ်ရွာမှ (၁၀) ဦး၊ ရွာသာယာရွာမှ (၁၄) ဦး၊ ထနောင်းကိုင်းကြီးရွာမှ (၁) ဦး စုစုပေါင်း (၁၄၄) ဦးသေဆုံးခဲ့သည်ကို ဧရာဝတီသတင်းဌာန၏ ဧပြီလ (၁၃) ရက်နေ့ သတင်းဖော်ပြချက်တွင်တွေ့ရသည်။ သေဆုံးသူများထဲတွင် ကလေးငယ်၊ ကိုယ်ဝန်ဆောင်အမျိုးသမီး (၂) ဦးအပါအဝင် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများမှာ အများစုဖြစ်ပြီး ဒဏ်ရာရ ကျန်ရစ်သူ (၂၀) ဦးထဲမှ (၃) ဦးမှာလည်း ထပ်မံသေဆုံးခဲ့ရသည်ဟု ယင်းမီဒီယာတွင်ဖော်ပြထားချက်ကို တွေ့ရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တွင် စုစုပေါင်း (၁၆၅) ဦး သေဆုံးခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီး (၂၇) ဦး၊ အသက် (၁၈) နှစ်အောက်ကလေး ကျား (၈) ဦး၊ မ (၁၁) ဦးပါဝင်သည်ဟု ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင်တွေ့ရှိရသည်။

ထို့ပြင် ကျန်ရစ်သူရွာသားများက ထိုနေ့ ညနေ (၅) နာရီ မိနစ် (၄၀) အချိန်တွင် သေဆုံးသူများ၏ ရုပ်အလောင်းများ လိုက်ကောက်ကာ သန့်ရှင်းရေးများဆောင်ရွက်နေစဉ် လေကြောင်းမှ ထပ်မံလာရောက်ပစ်ခတ်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဖော်ပြထားသည်ကိုလည်းတွေ့ရသည်။

## စကစ၏ ရှင်းလင်းချက်

ပဇီကြီးကျေးရွာ အစုလိုက်အပြုံလိုက် သေဆုံးသည့်အဖြစ်အပျက်သည် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်ခြင်းဖြစ်သည်ဟု စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့ပြီး ၎င်းက ဆက်လက်၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရုံးဖွင့်ပွဲကို တိုက်ခိုက်ခဲ့တိုက်ခိုက်ခဲ့ကြောင်းနှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) အမည်ခံအဖွဲ့ဝင်များ သေဆုံးသည်ဟုလည်း သတင်းရရှိထားကြောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကို ဆန့်ကျင်လုပ်ဆောင်နေသောအဖွဲ့များဖြစ်ကြောင်း၊ သေဆုံးသူများထဲတွင် ယူနီဖောင်းများနှင့်ပုံများပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပြီး အရပ်ဝတ်ဖြင့် သေဆုံးသွားသူများသည်လည်း PDF အမည်ခံ အရပ်ဝတ်များဖြစ်သည်ဟုလည်း စွပ်စွဲပြောဆိုသွားသည်ကို တွေ့ရသည်။

ထို့ပြင် စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်၍ မြေပြင်သတင်းများအရ စစ်ကောင်စီ၏ တိုက်ခိုက်မှုတခုတည်းကြောင့် သေဆုံးခြင်းမဟုတ်ဘဲ ထိုအနီးတဝိုက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်များအသုံးပြုနေသည့် ယမ်းများ၊ မိုင်းများ၊ ခဲယမ်းထားရှိသောနေရာရှိကြောင်း၊ ထိုနေရာတည့်တည့်ကို ၎င်းတို့၏ လက်နက်ထိမှန်၍ ပေါက်ကွဲသေဆုံးခြင်းဖြစ်သည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။ ထို့ပြင် ၎င်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ၏ အတင်းအကြပ်တအိမ်တယောက် အတင်း ဝန်းရံခိုင်းသည့် အခြေအနေများရှိသောကြောင့် ထိုပေါက်ကွဲမှုတွင် အရပ်သားများသေဆုံးမှုရှိနိုင်ကြောင်းကို ၎င်းတို့အား အစဉ်အမြဲထောက်ခံရေးသားနေသည့် People Media သို့ ဖြေကြားသွားခဲ့သည်ကိုတွေ့ရသည်။



## စကစ၏ လေကြောင်းတိုက်ခိုက်မှု
## စစ်ရာဇဝတ်မှု မြောက်၊ မမြောက်

ပဇီကြီးရွာကိစ္စအတွက် စစ်ကောင်စီ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်များတွင် သေဆုံးသူအရေအတွက်ကို ထည့်သွင်းဖြေကြားသွားခြင်းမရှိခဲ့သလို သေဆုံးသူများထဲတွင် ကလေး (၂၀) ကျော်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပါဝင်နေသည်တို့ကို ချန်လှပ်ထားခဲ့သည်။ အဆိုးရွားဆုံးသော ချန်လှပ်မှု တခုမှာ ၎င်းတို့၏ တိုက်ခိုက်မှုမှာ သာမန်တိုက်စစ်ဆင်ခြင်းဖြစ်သယောင်ယောင်ပြောဆိုသွားခဲ့ပြီး ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းအပြင် MI 35 ဖြင့်လည်း (၁၅) မိနစ်ခန့် အပြင်းအထန်ပစ်ခတ်ခဲ့သည့် အချက်ကို ချန်လှပ်ထားခဲ့ခြင်းလည်းဖြစ်သည်။

အရေးကြီးသည့် နောက်တချက်မှာ "ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ရုံးဖွင့်ပွဲ" ဟု ပြောဆိုသွားသည်ကို တွေ့ရသော်လည်း အဖြစ်မှန်မှာ "ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ရုံးဖွင့်ပွဲ"သာ ဖြစ်သောကြောင့် ၎င်းတို့၏ တိုက်ခိုက်မှုသည် လက်နက်ကိုင်တပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းရှိမနေသည်ကိုတွေ့နိုင်သည်။ ထို့ပြင် ပဇီကြီးရွာ ဖွင့်ပွဲတွင် အရပ်သားပြည်သူများ၊ ကလေးငယ်များ ရှိနေခြင်းကို ၎င်းတို့ကိုယ်တိုင်သိရှိထားကြောင်းကို People Media နှင့် အင်တာဗျူးတွင် ဝန်ခံပြောဆိုထားခြင်းကြောင့် ထို လေကြောင်းတိုက်ခိုက်မှုသည် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရသောကြောင့် ကုလသမဂ္ဂ နိုင်ငံတကာရာဇဝတ်မှုခုံရုံးကိုဖွဲ့စည်းခဲ့သည့် ရောမဥပဒေပုဒ်မ (၈) အပိုဒ် (ခ) ပိုဒ်ခွဲ (၅)"စစ်ရေးရည်ရွယ်ချက်အတွက် (တိုက်ခိုက်ရန်၊ကာကွယ်ရန်) ဆောက်လုပ်ထားခြင်းမဟုတ်သော၊ ခုခံကာကွယ်မှုကင်းမဲ့သည့် မြို့၊ ရွာ၊ အိမ်၊ အဆောက်အအုံများကို တိုက်ခိုက်ခြင်း သို့မဟုတ် ဗုံးကြဲခြင်း သို့မဟုတ် အခြားတနည်းနည်းဖြင့် တိုက်ခိုက်ခြင်းဟာ စစ်ရာဇဝတ်မှုမြောက်ကြောင်း" ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။ အပိုဒ် (ခ) ပိုဒ်ခွဲ (၁) အရလည်း "စစ်ပွဲမှာ တိုက်ရိုက်ပါဝင်တိုက်ခိုက်ခြင်းမရှိသော အရပ်သားတဦးချင်းကိုဖြစ်စေ၊ အရပ်သားပြည်သူလူထုကိုဖြစ်စေ တမင်ရည်ရွယ်တိုက်ခိုက်ခြင်း" ဟာလည်း စစ်ရာဇဝတ်မှုမြောက်တယ်လို့ ဆိုထားသည်ကို တွေ့ရှိရပြီး ဂျီနီဗာကွန်ဗန်းရှင်း ပုဒ်မ ၁၄၇ တွင်လည်း အလားတူ ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ထိုသို့သော အချက်အလက်များကြောင့် စစ်ကောင်စီ၏ ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်မှုကြောင့် လူဦးရေ (၁၀၀) ကျော် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့် အဖြစ်အပျက်သည် စစ်ရာဇဝတ်မှုမြောက်ကြောင်းကို အခိုင်အမာတွေ့ရှိရသည်။ ထို့ကြောင့် သေဆုံးသူများအတွက် တရားမျှတမှုကို ပြန်လည်ရှာဖွေပေးနိုင်ရန်အတွက် ဥပဒေကြောင်းအရ ဆောင်ရွက်နိုင်မှုများ၊ စိတ်ဒဏ်ရာဖြင့် ကျန်ရစ်ခဲ့ရသည့် သေဆုံးသူများ၏ မိသားစုဝင်များအတွက် ပြန်လည်ကုစားမှုများ၊ သေဆုံးသွားသူများအတွက် အသိအမှတ်ပြုမှုများဆောင်ရွက်နိုင်ပေးရန် မဖြစ်မနေလိုအပ်ပြီး ကျူးလွန်သူများကိုလည်း ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူမှုများကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ပါသည်။

## အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ (၂)

၂၀၂၃ ခုနှစ် ၊ ဧပြီလ (၁၁) ရက်နေ့ မနက်ပိုင်း (၇) နာရီခွဲခန့်အချိန် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဦးဆောင်မှုဖြင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးဖွင့်ပွဲပြုလုပ်နေသည်ကို စစ်ကောင်စီ၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က လေကြောင်းဖြင့်ပစ်ခတ်ရှင်းလင်းခဲ့သည်ဟုစစ်ကောင်စီကိုထောက်ခံရေးသားလေ့ရှိသည့် People Media က ၎င်းတို့၏ Telegram Channel က ဖော်ပြခဲ့ပြီး သေဆုံးသူများမှာ မည်သူများဖြစ်ကြောင်းနှင့် မည်မျှသေဆုံးခဲ့သည်ကိုမူ ဖော်ပြခဲ့ခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် သေဆုံးနေသောအလောင်းပုံများနှင့် တစစီပြန့်ကြဲနေသော ခန္ဓာကိုယ်အပိုင်းအစများကိုလည်း ဖော်ပြထားကာ “တစ်ပြိုင်နက် မသာချပွဲ” အမည်ဖြင့် လူအများ အစုလိုက်အပြုံလိုက် သေဆုံးနေမှုကို အားရဝမ်းသာသည့် အရေးအသားဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တွင်မူ စုစုပေါင်း (၁၆၅) ဦး သေဆုံးခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီး (၂၇) ဦး၊ အသက် (၁၈) နှစ်အောက်ကလေး ကျား (၈) ဦး၊ မ (၁၁) ဦးပါဝင်သည်ဟု ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင်တွေ့ရှိရသည်။

ဤသို့သော အရပ်သားပြည်သူများသေဆုံးမှုအား တရားမျှတမှုပြန်ရှာပေးနိုင်ရန်အတွက် သေဆုံးသွားသူများ၏ သတင်းအချက်အလက်များကို စုဆောင်းထားရှိရမည်ဖြစ်သည်။

## သတင်းအချက်စုဆောင်ရေးလုပ်ငန်းစဉ်ကို ဘယ်လိုလုပ်ဆောင်မလဲ

သတင်းအချက်လက်များစုဆောင်းခြင်း လုပ်ငန်းစဉ်တွင် မြေပြင်သို့သွားရောက်၍ သတင်းအချက်အလက်များရှာဖွေခြင်း၊ ၎င်းအချက်အလက်များကို အသုံးပြုခြင်း၊ အဖြစ်အပျက် စုဆောင်းခြင်း၊ရရှိလာသောအချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်း၊ထိုအချက်အလက်များအား မှတ်တမ်းပြုဟုခြင်းနှင့် သိမ်းဆည်းခြင်းတို့ပါဝင်သည်။

ပဇီကြီးရွာအဖြစ်အပျက်တွင် ဧပြီလ (၁၂) ရက်နေ့အထိအတည်ပြုချက်အရ သေဆုံးသူ များအားလုံးမှာ (၁၄၄) ဦးဖြစ်ပြီး ပဇီကြီးကျေးရွာမှ ကလေးငယ် (၂၃) ဦး၊ လူကြီး (၉၆) ဦး၊ လေးတွင်စဉ်ရွာမှ (၁၀) ဦး၊ ရွာသာယာရွာမှ (၁၄) ဦး၊ ထနောင်းကိုင်းကြီးရွာမှ (၁) ဦး စုစုပေါင်း (၁၄၄) ဦးသေဆုံးခဲ့သည်ကို ဧရာဝတီသတင်းဌာန၏ ဧပြီလ (၁၃) ရက်နေ့ သတင်းဖော်ပြချက် တွင်တွေ့ရသည်။ သေဆုံးသူများထဲတွင် ကလေးငယ်၊ ကိုယ်ဝန်ဆောင်အမျိုးသမီး (၂) ဦး အပါ အဝင် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများမှာ အများစုဖြစ်ပြီး ဒဏ်ရာရ ကျန်ရစ်သူ (၂၀) ဦး ထဲမှ (၃) ဦးမှာလည်း ထပ်မံသေဆုံးခဲ့ရသည်ဟု ယင်းမီဒီယာတွင်ဖော်ပြထားချက်ကို တွေ့ရသည်။ ထိုသူများမှာ မည်သူမည်ဝါများဖြစ်ကြောင်းကို အသေးစိတ်မှတ်တမ်းတင်ထားရှိသင့်သည်။

## အမှန်တရားရှာဖွေမှုအမျိုးအစားတွေ ဘယ်လောက်ရှိသလဲ

အမှန်တရားဖွေမှု အမျိုးအစား နှစ်ခုရှိသည်ဟု ဆိုနိုင်သည်။ ၎င်းတို့မှာ အစိုးရ၏ လုပ်ငန်းစဉ်ဖြင့် လုပ်ဆောင်ခြင်းနှင့် လူထုနည်း လုပ်ငန်းစဉ်ဖြင့် လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

အစိုးရနည်းဖြင့် လုပ်ဆောင်ခြင်းမှာ ရည်ရွယ်ချက်တစ်ခု၊ ကာလအပိုင်းအခြားတစ်ခု အတွက် ကော်မရှင်များဖွဲ့စည်းပေးခြင်းဖြစ်သည်။ ၎င်းတို့မှာ အမှန်တရားကော်မရှင်နှင့် စုံစမ်း စစ်ဆေးရေးကော်မရှင်တို့ ဖွဲ့စည်းပေးလိုက်ခြင်းဖြစ်သည်။

လူထုနည်းဖြင့် လုပ်ဆောင်ခြင်းမှာ လူထုနည်းဖြင့် အမှန်တရားရှာဖွေရေးကော်မရှင်များ ဖွဲ့စည်းကာ လူထုကိုယ်တိုင်ရွေးချယ်သည့်နည်းလမ်းများဖြင့် အမှန်တရားပေါ်ပေါက်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများကိုယ်တိုင် ပါဝင်စုဖွဲ့၍ တူရာအကြောင်းအရာများကို အမှန်တရားရရှိရန် အားထုတ်လုပ်ကိုင်ခြင်းတို့ဖြစ်သည်။

## အချက်အလက်ရရှိစေတဲ့ နည်းလမ်းတွေက ဘာတွေလဲ

ထိုသို့သော သတင်းအချက်အလက်များရရှိရန်အတွက် တွေ့ဆုံးမေးမြန်းခြင်းဖြင့်သော်လည်းကောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်လေ့လာခြင်းဖြင့်သော်လည်းကောင်း၊ အဖြစ်အပျက်၏ ရုပ်သံမှတ်တမ်းများနှင့် စာရွက်စာတမ်းများကို ရယူခြင်းဖြင့်သော်လည်းကောင်း၊ တာဝန်ရှိသူများက စစ်ဆေးထားသော သေဆုံးသွားသူများ၏ ဆေးမှတ်တမ်းနှင့် ဥပဒေဆိုင်ရာ တရားဝင်ဖြစ်သည့် မှတ်တမ်းများရယူခြင်းဖြင့်သော်လည်းကောင်း၊ သေဆုံးသူများ၏ ရုပ်ပိုင်းဆိုင်ရာသက်သေခံ အထောက်အထားများ ရယူခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

အဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ရှိသူများ (သို့မဟုတ်) နစ်နာသူများနှင့် ပတ်သက်ဆက်နွှယ်သူများကို မေးမြန်းရာတွင်လည်း မေးမြန်းမည့်မေးခွန်းများကို ကြိုတင်ပြင်ဆင်ခြင်း၊ ထိုသူများအား မေးမြန်းမည့် မိမိမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် အဘယ်ကြောင့် မေးမြန်းရသည်ကို ရှင်းပြခြင်း၊ မေးမြန်းရာမှ ရရှိလာသည့် အချက်အလက်များကို စုဆောင်းခြင်း၊ ထို့နောက် အင်တာဗျူးကို အဆုံးသတ်ခြင်းနှင့် ရရှိလာသည့် အချက်အလက်များသည် မည်၍ မည်မျှခိုင်မာမှုရှိသည်ကို သုံးသပ်မှုပြုလုပ်ခြင်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ကျူးလွန်သူနှင့် နစ်နာသူများမှာ မည်သူတွေလဲ၊ ကျူးလွန်သူများက မည်သို့မည်ပုံကျူးလွန်ခဲ့သလဲ၊ ၎င်းအဖြစ်အပျက် မဖြစ်ပွားချိန်မှာ ဘာတွေဖြစ်ခဲ့သလဲ၊ မည်သည့် ခုနှစ်၊ လ၊ ရက် မှာ ဖြစ်ပျက်ခဲ့သလဲ၊ ဖြစ်ပွားခဲ့သည့် တည်နေရာနှင့် အဘယ်ကြောင့် ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို တိကျသေချာစွာသိရှိရနိုင် မည်ဖြစ်သည်။

ထိုသို့အချက်အလက်များကို မှတ်တမ်းပြုစုရာတွင် လိုက်နာရမည့် အရေးကြီးသည့် အချက် (၃) ချက်မှာ မေးမြန်းသူက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်အပေါ် အားလုံးသိပြီးသား ဖြစ်သည်ဟု ယူဆထားခြင်း၊ ခန့်မှန်းထားခြင်း၊ ကြိုတင်ပြီး ယုံကြည်ထားခြင်းများမပြုလုပ်ဘဲ သေချာစွာမှတ်တမ်းတင်ပြီးမှသာလျှင် အတည်ပြုလက်ခံမှာ အလွန်အရေးကြီးသော အချက်အလက်များဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းကို အမှန်တရားရှာဖွေမှုဟု ခေါ်သည်။

## အမှန်တရားရှာဖွေခြင်းကော်မရှင်ဖွဲ့စည်းခြင်းတွင် ဘယ်အချက်တွေက အရေးကြီးသလဲ

ထိုသို့ အမှန်တရားရှာဖွေရေးကော်မရှင်များဖွဲ့စည်းရာ၌ အဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် နိုင်ငံတကာက လက်ခံနိုင်သူများ၊ လူမျိုးရေး၊ ဘာသာရေး၊ ကျား/မ ဆိုင်ရာကိစ္စများတွင် သင့်တင့်မျှတသော သဘောထားရှိသူများဖြစ်သင့်သည်။ စုံစမ်းစစ်ဆေးရာတွင် အကျုံးဝင်သည့် ကာလအပိုင်းအခြားသတ်မှတ်ချက်မှာလည်း အရေးကြီးသော အချက်တခုဖြစ်သည်။ သတ်မှတ်ရာတွင် လူအများစိတ်အတွင်း မဖျောက်ဖျက်နိုင်သေးသော ဖြစ်စဉ်များဖြစ်ခဲ့သည့် ကာလများကို မချန်ရစ်သင့်သလို ဘက်လိုက်မှုရှိသည်ဟူ၍ စွပ်စွဲခြင်းမရှိရန် ကာလကို တဆက်တစပ်တည်း သတ်မှတ်သင့်သည်။ စုံစမ်းရမည့်ကာလကိုလည်း ကော်မရှင်၏ ကာလအတွင်းထည့်သွင်းထားရမည်ဖြစ်သည်။ ကော်မရှင်၏ တာဝန်များသတ်မှတ်ရာတွင် သက်တမ်းသည် တိုတောင်းသောကာလဖြစ်သည့်အတွက် အစိတ်အပိုင်းအသီးသီးရှိနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများထဲတွင် လူ့အဖွဲ့အစည်းအတွက် အဆိုးဝါးဆုံးဖြစ်စေခဲ့သည့် အမှုများကို ဦးစားပေးအဆင့်များအလိုက် သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်သည်။ နောက်ဆုံးတချက်မှာ ကော်မရှင်တွင် တိကျပြတ်သားသော လုပ်ပိုင်ခွင့်အာဏာများရှိနေစေရန်ဖြစ်သည်။ နိုင်ငံတကာတွင် ကြုံတွေ့ခဲ့ရသည့် အမှန်တရားရှာဖွေရေးကော်မရှင်များ၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ ကျူးလွန်သူများက ပူးပေါင်းမဆောင်ရွက်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကော်မရှင်အား ရုံးတော်သို့လာရောက်ရန် တရားဝင်စာဆင့်ခေါ်ခွင့်နှင့် မလာရောက်ပါက အရေးယူအပြစ်နိုင်သော အာဏာကိုပါ ပေးထားသင့်ကြောင်း နိုင်ငံတကာက ထောက်ပြမှုများရှိခဲ့ကြသည်။

## အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ (၃)

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့၊ နံနက်ပိုင်း (၇) နာရီခွဲခန့်အချိန် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဦးဆောင်မှုဖြင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးဖွင့်ပွဲပြုလုပ်နေသည်ကို စစ်ကောင်စီ၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က လေကြောင်းဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်ဟု စစ်ကောင်စီကို ထောက်ခံရေးသားလေ့ရှိသည့် People Media က ၎င်းတို့၏ Telegram Channel က ဖော်ပြခဲ့ပြီး သေဆုံးသူများမှာ မည်သူများဖြစ်ကြောင်းနှင့် မည်မျှသေဆုံးခဲ့သည်ကိုမူ ဖော်ပြခဲ့ခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် သေဆုံးနေသောအလောင်းပုံများနှင့် တစစီပြန့်ကြဲနေသော ခန္ဓာကိုယ်အပိုင်းအစများကိုလည်း ဖော်ပြထားကာ "တစ်ပြိုင်နက် မသာချပွဲ" အမည်ဖြင့် လူအများ အစုလိုက်အပြုံလိုက် သေဆုံးနေမှုကို အားရဝမ်းသာသည့် အရေးအသားဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တွင်မူ စုစုပေါင်း (၁၆၅) ဦး သေဆုံးခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီး (၂၇) ဦး၊ အသက် (၁၈) နှစ်အောက်ကလေး ကျား (၈) ဦး၊ မ (၁၁) ဦးပါဝင်သည်ဟု ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင်တွေ့ရှိရသည်။

## စစ်ကောင်စီ၏ ပြန်လည်တုံ့ပြန်ချက်များ

ပဇီကြီးရွာကိစ္စအတွက် စစ်ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်များတွင် သေဆုံးသူအရေအတွက်ကို ထည့်သွင်းဖြေကြားသွားခြင်းမရှိသလို သေဆုံးသူများထဲတွင် ကလေး (၂၀) ကျော်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပါဝင်နေသည်တို့ကို ချန်လှပ်ထားခဲ့သည့်အပြင် အဆိုးရွားဆုံးသော ချန်လှပ်မှုတစ်ခုမှာ ၎င်းတို့၏ တိုက်ခိုက်မှုမှာ သာမန်တိုက်စစ်ဆင်ခြင်းဖြစ်သယောင်ယောင် ပြောဆိုသွားခဲ့ပြီး ကျုံ့ရစ်ခဲ့သည့် အဓိကကျသည့် အချက်မှာ ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းအပြင် MI 35 ဖြင့်လည်း (၁၅) မိနစ်ခန့် အပြင်းအထန်ပစ်ခတ်ခဲ့သည့်အချက်ဖြစ်သည်။

အရေးကြီးသည့် နောက်တစ်ချက်မှာ "ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရုံး ဖွင့်ပွဲ" ဟု သုံးနှုန်း ပြောဆိုသွားသည်ကိုတွေ့ရသော်လည်း အဖြစ်မှန်မှာ "ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံး ဖွင့်ပွဲ"သာ ဖြစ်သောကြောင့် ၎င်းတို့၏ တိုက်ခိုက်မှုသည် လက်နက်ကိုင်တပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း ရှိမနေကြောင်းကိုတွေ့နိုင်သည်။ ထို့ပြင် ပဇီကြီးရွာ ဖွင့်ပွဲတွင် အရပ်သားပြည်သူများ၊ ကလေးငယ် များရှိနေခြင်းကို ၎င်းတို့ကိုယ်တိုင်သိရှိထားကြောင်းကို People Media နှင့် အင်တာဗျူးတွင် ဝန်ခံပြောဆိုထားခြင်းကြောင့် ၎င်းတို့၏ အရပ်သားပြည်သူနှင့် ကလေးငယ်များရှိနေသည်ကို သတင်းများအရ သိရှိပါလျက် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရသောကြောင့် ကုလသမဂ္ဂ နိုင်ငံတကာရာဇဝတ်မှုခုံရုံးကိုဖွဲ့စည်းခဲ့သည့် ရောမဥပဒေပုဒ်မ (၈) အပိုဒ် (ခ) ပိုဒ်ခွဲ (၅) "စစ်ရေးရည်ရွယ်ချက်အတွက် (တိုက်ခိုက်ရန်၊ကာကွယ်ရန်) ဆောက်လုပ်ထားခြင်း မဟုတ် သော၊ ခုခံကာကွယ်မှုကင်းမဲ့သည့် မြို့၊ ရွာ၊ အိမ်၊ အဆောက်အအုံများကို တိုက်ခိုက်ခြင်း သို့မဟုတ် ဗုံးကြဲခြင်း သို့မဟုတ် အခြားတနည်းနည်းဖြင့်တိုက်ခိုက်ခြင်းဟာ စစ်ရာဇဝတ်မှုမြောက်ကြောင်း" ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။ အပိုဒ် (ခ) ပိုဒ်ခွဲ (၁) အရလည်း "စစ်ပွဲမှာတိုက်ရိုက်ပါဝင်တိုက် ခိုက်ခြင်းမရှိသော အရပ်သားတဦးချင်းကိုဖြစ်စေ၊ အရပ်သားပြည်သူလူထုကိုဖြစ်စေ တမင် ရည်ရွယ်တိုက်ခိုက်ခြင်း" ဟာလည်း စစ်ရာဇဝတ်မှုမြောက်တယ်လို့ ဆိုထားသည်ကိုတွေ့ရှိရပြီး ဂျီနီဗာကွန်ဗင်းရှင်း ပုဒ်မ ၁၄၇ တွင်လည်း အလားတူဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

ထိုသို့သောကျူးလွန်မှုများအတွက် ကျူးလွန်သူများသည် နောင်တချိန်တွင် နစ်နာ သူများ၏ တရားမျှတမှုများပြန်လည်ရရှိရန်အတွက် တာဝန်ယူ၊ တာဝန်ခံကြရမည် ဖြစ်သည်။

## တရားမျှတမှု ဘယ်နှမျိုးရှိလဲ

တရားမျှတမှုကို ရာဇဝတ်မှုဆိုင်ရာတရားမျှတမှု (Criminal Justice)၊ လူမှုဆိုင်ရာ တရားမျှတမှု (Social Justice)၊ အသွင်ကူးပြောင်းမှုဆိုင်ရာတရားမျှတမှု (Transitional Justice) ဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်သည်။

ရာဇဝတ်မှုဆိုင်ရာတွင် လူသတ်မှု၊ မူးယစ်ဆေး၊ မုဒိန်းမှု၊ ငွေတုလုပ်မှု၊ ခိုးပြမှုစသည် တို့ပါပြီး တရားမျှတမှုရရှိရန် ဖြေရှင်းပုံမှာ အချုပ်၊ တရားရုံး၊ သက်သေ၊ ရှေ့နေ၊ တရားသူကြီး၊ ထောင် စသည်တို့ဖြင့် ဖြေရှင်းကြသည်။ လူမှုဆိုင်ရာတွင် လူမှုအသိုင်းအဝန်းထဲရှိ လူသား အချင်းချင်းကြား တန်းတူညီမျှမှုများ မရှိခြင်းနှင့် ခွဲခြားဆက်ဆံမှုများ ရှိနေခြင်းတို့ဖြစ်ကာ တရားမျှတမှုရရန် ဖြေရှင်းပုံမှာ ထိုကိစ္စများပပျောက်သွားရန်အတွက် အစိုးရက လိုအပ်သလို ဥပဒေ/မူဝါဒများချမှတ်ခြင်း၊အရပ်ဘက်အဖွဲ့အစည်းများကအသိပညာပေးမှုများဆောင်ရွက်ခြင်း၊ ပရဟိတအဖွဲ့အစည်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ဖြေရှင်းနိုင်သည်။

အသွင်ကူးပြောင်းမှုဆိုင်ရာ ဆိုသည်မှာ အတိတ်ကာလက ကျူးလွန်ထားသည့် လူ့အခွင့် အရေးချိုးဖောက်မှုနှင့်သက်ဆိုင်သည့် ကိစ္စအဝဝပါဝင်ပြီး တရားမျှတမှုရရှိရန်အတွက် ဖြေရှင်း လုပ်ဆောင်ချက်မှာ တရားစွဲဆိုအပြစ်ပေးခြင်းနည်းလမ်းနှင့် တရားစွဲဆိုအပြစ်မပေးခြင်းနည်း လမ်းတို့ဖြင့် ဆောင်ရွက်နိုင်သည်။ မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုကိုမဆို ရာဇဝတ်မှုဟု သတ်မှတ်နိုင်ပြီး ရာဇဝတ်မှုအားလုံးသည် လူ့အခွင့်အရေးချိုးဖောက်မှုများ မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ စစ်ကောင်စီက ပဇီကြီးကျေးရွာတွင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှု အပေါ် နောင်တချိန်တွင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတရေးဖြင့် တရားမျှတမှုကို ပြန်လည်ရယူပေးရမည်ဖြစ်သည်။

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခြင်းများနှင့် တရားမျှတမှု

အသွင်ကူးပြောင်းမှုကာလသို့ရောက်ရှိသောအခါ အတိတ်ကာလက နစ်နာခဲ့သူများအတွက် တရားမျှတမှုကို အရင်ပြန်ရှာမည်လား၊ အခြေခံဥပဒေကိုရေးဆွဲပြီးမှ တရားမျှတမှုကို နစ်နာသူများအတွက် ရှာဖွေပေးမည်လား၊ ဒါမှမဟုတ် ၎င်းတို့နှစ်ခုကို တပြိုင်တည်း သွားမည်လား ဆိုသည်မှာ အသွင်ကူးပြောင်းမှုကာလကို ဖြတ်ကျော်ခဲ့ရသည့် နိုင်ငံများအတွက် ကြီးမားသော စိန်ခေါ်မှုများထဲမှ တခုဖြစ်သည်။ ထိုနည်းလမ်းသုံးခုတွင်လည်း အားသာချက်၊ အားနည်းချက် ကိုယ်စီရှိနေကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားမျှတမှုလုပ်ငန်းစဉ်ထက် ဦးစားပေးဖော်ဆောင်ခြင်းက နိုင်ငံရေးပါတီများအပါအဝင် အဖွဲ့အစည်းများအကြား အာဏာခွဲဝေမှုကို အထောက်အကူ ပံ့ပိုးနိုင်ခြင်း၊ အသွင်ကူးပြောင်းမှုဥပဒေမူဘောင်များ ချမှတ်ပေးနိုင်ခြင်း၊ လိုအပ်သော အင်စတီကျူးရှင်းကို အပြောင်းအလဲများပြုလုပ်ပေးခြင်းအားဖြင့် အသွင်ကူးပြောင်းမှုကို ခိုင်မာ အားကောင်းစေနိုင်သည်။ သတိပြုရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ မူဝါဒများကို တရားဝင်အသိအမှတ်ပြုမှု အားနည်းစွာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပါက တင်းမာမှုများမြင့်တက်လာစေကာ အကြမ်းဖက်လုပ်ရပ်များပေါ်ပေါက်လာနိုင်သည်။

တရားမျှတမှုကို အခြေခံဥပဒေတည်ဆောက်ရေးထက် ပိုဦးစားပေး ဖော်ဆောင်ခြင်းကလည်း အခြေခံဥပဒေတွင် အသွင်ကူးပြောင်းရေးကာလ တရားမျှမှုအတွက် ပိုမိုအဓိပ္ပာယ်ပြည့်ဝသော အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးနိုင်ရန်သည်။ အတိုင်ပင်ခံအခန်းကဏ္ဍအဖြစ် ပင်မအကြောင်းအရာဇာစ်မြစ်များကို အဓိကလေ့လာဖော်ထုတ်လေ့ရှိသော အမှန်တရားကော်မရှင်က ဖွဲ့စည်းပုံဥပဒေပြောင်းလဲရေးအတွက် အကြံပြုတိုက်တွန်းခြင်းများ ပြုလုပ်နိုင်သည်။ သို့ရာတွင် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ပြီးသည်အထိ အခြေခံဥပဒေတည်ဆောက်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားခြင်းမှာ အခြေခံဥပဒေပြောင်းလဲမှု အစီအစဉ်ကို နှစ်များစွာ နှောင့်နှေးစေနိုင်ပြီး အမှန်တရားကော်မရှင်၏ အဆိုပြုချက်များကို အစိုးရက အချိန်မရွေး ပယ်ချ (သို့မဟုတ်) လျစ်လျူရှုနိုင်သည်။

လုပ်ငန်းစဉ်နှစ်ရပ်ကို အပြိုင်အကောင်အထည်ဖော်ခြင်းတွင် လူထုနှင့်တွေ့ဆုံသဘောထားရယူခြင်း၊ လူထုနှင့် ထိတွေ့ခြင်းနည်းလမ်းများဖြင့် လုပ်ငန်းစဉ်နှစ်ရပ်ကို တခုနှင့်တခု အမှီသဟဲပြု၍ အားကောင်းသော စနစ်တခု ပေါ်ထွက်လာနိုင်သည်။ သို့ရာတွင် အချို့ကမ္ဘာ့ နိုင်ငံများတွင် လုပ်ငန်းစဉ်နှစ်ခု၏ ဘုံရည်ရွယ်ချက်ကို ထိခိုက်နိုင်သော မူဝါဒများ ချမှတ်ခဲ့ကြဖူးသည်။ ထိုအခါ တခုနှင့်တခု အပြန်အလှန်အားပြုစေသည့် အကျိုးကျေးဇူးများမခံစားရဘဲ လုပ်ငန်းစဉ်နှစ်ခုစလုံး၏ အကူးအပြောင်းဆိုင်ရာ အကျိုးသက်ရောက်မှု ပျက်ပြားစေနိုင်သည်။

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်

တရားမျှတမှု တရားစွဲဆိုသည့် နည်းဖြင့် ပြန်လည်ရှာဖွေရာတွင် ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာရှိတရားရုံးများတွင် တရားစွဲဆိုခြင်းဖြင့်သော်လည်းကောင်း ရှာဖွေနိုင်သည်။ အကြောင်းအကြောင်းသော အခြေအနေများကြောင့် ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုမှုပြုလုပ်နိုင်ခြင်းမရှိသည့် အခြေအနေတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အဖြစ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည်။

ကမ္ဘာတဝှမ်းတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ကို အသိအမှတ်ပြုထားသော နိုင်ငံအားလုံးပေါင်း (၁၆) နိုင်ငံတွင် တရားစွဲဆိုမှုကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ဖြင့် တရားစီရင်ခဲ့သော ပြစ်မှုများတွင် ဂျာမနီ နာဇီပါတီဝင်ဟောင်း အဒေါ့ဖ်အိုက်ခမန်နှင့် ချီလီစစ်ခေါင်းဆောင် ပီနိုရှေး အမှုတို့မှာထင်ရှားသော တရားစီရင်မှုများဖြစ်သည်။

နာဇီပါတီဝင်ဟောင်းတစ်ဦးဖြစ်သူ အဒေါ့ဖ်အိုက်ခမန်ကို အစ္စရေးထောက်လှမ်းရေးအဖွဲ့ (MOSSAD) က ၁၉၆၀ တွင် ဖမ်းဆီးရမိခဲ့ပြီး ၁၉၃၉၊ စက်တင်ဘာ (၁) မှ ၁၉၄၅၊ စက်တင်ဘာ (၂) အတွင်း ၎င်းကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့်သက်ဆိုင်သော ရာဇဝတ်မှု (၁၅) မှုဖြင့် စွဲချက်တင်ခံရကာ ၁၉၆၁ ခုနှစ်တွင် ဂျေရုဆလင်ခရိုင်တရားရုံး၏ အထူးခုံရုံး၌ စတင်စစ်ဆေးခဲ့သည်။ ထိုအမှုများမှာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် စစ်ရာဇဝတ်မှုများ၊ ဂျူးလူမျိုးများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများပါဝင်သည်။ ထိုနှစ် ဒီဇင်ဘာတွင် ဆွဲကြိုးချ သေဒဏ် ချမှတ်ခံရပြီး အိုက်ခမန်က အစ္စရေးတရားရုံးချုပ်သို့ အယူခံဝင်ခဲ့သော်လည်း ကြားနာမှုများအားလုံးဆောင်ရွက်မှုအပြီးတွင် ခရိုင်တရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုကာ ၁၉၆၂၊ ဇွန်လတွင် ၎င်းအား ကြိုးပေးကွပ်မျက်လိုက်သည်။

ချီလီစစ်ခေါင်းဆောင်ဟောင်း ပီနိုရှေးသည်လည်း လန်ဒန်သို့ ဆေးကုသရန်သွားရင်း ၁၉၉၈၊ အောက်တိုဘာလတွင် အဖမ်းခံခဲ့ရသည်။ ၎င်းအတွက် တိကျသောစွဲချက်များမှာ ချီလီနိုင်ငံတွင်၁၉၇၄၊စက်တင်ဘာ၁၁ရက်နေ့အာဏာသိမ်းပြီးနောက်စစ်တပ်အုပ်ချုပ်နေစဉ်ကာလအတွင်း ချီလီရှိ စပိန်နိုင်ငံသားများအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများသာမက လူသတ်မှု၊ နှိပ်စက်ညှင်းပန်းမှု၊ ချီလီနှင့် အခြားနိုင်ငံသားကို ဓားစာခံအဖြစ်ဖမ်းဆီးမှု၊ လူမျိုးတုံးသတ်ဖြတ်မှုတို့ဖြင့် စွဲချက်တင်ခံခဲ့ရသည်။ ဗြိတိသျှတရားရုံးများက တရားစွဲခြင်းအတွက် စပိန်နိုင်ငံသို့ ပြန်ပို့နိုင်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ကျန်းမာရေးမကောင်းသောကြောင့် ဖမ်းဆီးသည့်ရက် (၅၀၃) ရက်တွင် ပီနိုရှေးကို အိမ်ပြန်ခွင့်ပြုခဲ့ပြီး အမှုများရင်ဆိုင်ရင်း ၂၀၀၆ ခုနှစ်တွင် ချီလီတွင် ကွယ်လွန်သွားခဲ့သည်။

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်နှင့် မြန်မာနိုင်ငံ

အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့်ကို အသုံးပြုပြီး တရားစွဲဆိုထားသော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အမှု (၃) မှုရှိသည်။

ပထမဆုံးအမှုမှာ မြန်မာအာဏာပိုင်များသည် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ရိုဟင်ဂျာများကို စုရုံးနေထိုင်စေခြင်း၊ ချုပ်နှောင်ခြင်း၊ နိုင်ငံမှ ထွက်ပြေးစေခြင်း၊ သတ်ဖြတ်ခြင်း၊ သုတ်သင်ရန်ကြိုးစားခြင်း စသည့်စွဲချက်များဖြင့် အာဂျင်တီးနားတရားရုံးတစ်ခုတွင် စစ်ရာဇဝတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့်ရာဇဝတ်မှုတို့နှင့် (BROUK) အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းခင်တို့အဖွဲ့က တရားစွဲထားသည်။ တရားစွဲဆိုခံထားရသူများမှာ သမ္မတဟောင်းဦးသိန်းစိန်၊သမ္မတဟောင်းဦးထင်ကျော်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ယခု စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင် အပါအဝင် တာဝန်ရှိသူ (၈) ဦးဖြစ်သည်။

ဒုတိယအမှုမှာ မြန်မာနိုင်ငံတာဝန်ခံမှု ပရောဂျက် (Myanmar Accountability Project) အမည်ဖြင့် ၂၀၂၂၊ မတ် (၂၉) ရက်နေ့တွင် တူရကီနိုင်ငံ၊ အစ္စတန်ဘူရှိ အစိုးရရှေ့နေရုံးသို့ ရာဇဝတ်မှုအဖြစ်တရားစွဲဆိုခဲ့သည်။ နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် ရေကြည်အိုင် စစ်ကြောရေးစခန်း၏ လုပ်ဆောင်မှုများမှာ နှိပ်စက်ညှင်းပန်းမှုအပေါ် အဓိကထားလုပ်ဆောင်ခြင်းဖြစ်ပြီး စစ်အစိုးရ၏ပြုကျင့်မှုများသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်ကြောင်း သက်သေပြရန်အတွက်ဖြစ်သည်။ စွပ်စွဲခံထားရသူ (၂၃) ဦးတွင် စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်၊ စစ်ဘက်လုံခြုံရေးအကြီးအကဲ ရဲဝင်းဦးအပါအဝင် စစ်ကြောရေးစခန်းမှ ထွန်းထွန်းဖုံနှင့် ထွန်းနေလင်းတို့ ပါဝင်သည်။ မြန်မာစစ်အုပ်စုအဖွဲ့ဝင်များကို စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင်နိုင်ရန်အတွက် တူရကီအာဏာပိုင်များက ၂၀၂၂၊ ဇန် (၁) မှစတင်ကာ စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

တတိယနှင့်နောက်ဆုံးအမှုမှာ Fortify Right လူ့အခွင့်အရေးအဖွဲ့က မြန်မာစစ်ဗိုလ်ချုပ်များကို ဂျာမနီနိုင်ငံပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှုတိုင်ကြားချက်များဖြင့် ၂၀၂၃၊ ဇန်နဝါရီ (၁) က တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။ တရားစွဲဆိုမှုကိုတင်ပြရာတွင် သက်သေအထောက်အထား စာမျက်နှာ (၁၀၀၀) ကျော်ပါဝင်ပြီး လူသားဖြစ်တည်မှုဆိုင်ရာပြစ်မှုများကျူးလွန်မှု၊ စစ်ရာဇဝတ်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုများပါဝင်သည်။ တရားလိုအဖြစ် Fortify RIght အဖွဲ့အပြင် မြန်မာနိုင်ငံသား လူမျိုး (၇) မျိုးမှ (၁၆) ဦးပါဝင်သည်။ လူမျိုး (၇) မျိုးမှာ ရခိုင်၊ ချင်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ဗမာ၊ ရိုဟင်ဂျာတို့ဖြစ်ကာ ၂၀၁၆၊ ၂၀၁၇ နှစ်များတွင် ကျူးလွန်ခဲ့သည့် အမှုများအပြင် လက်ရှိ စစ်ကောင်စီ၏ ၂၀၂၁ နိုင်ငံအာဏာရယူပြီးနောက် ကျူးလွန်ခဲ့သည့် ပြစ်မှုများပါသော တိုင်ကြားထားသည့် အမှုဖြစ်သည်။

## အစုလိုက်အပြုံလိုက် သေဆုံးရသည်အထိ အင်အားကြီးလေကြောင်း အသုံးပြု သတ်ဖြတ်ခဲ့သော စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုအတွက် တရားမျှတမှု ဘယ်လိုပြန်ရှာမလဲ (၄)

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့၊ နံနက်ပိုင်း (၇) နာရီခွဲခန့်အချိန် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဦးဆောင်မှုဖြင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးဖွင့်ပွဲပြုလုပ်နေသည်ကို စစ်ကောင်စီ၏ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က လေကြောင်းဖြင့် ပစ်ခတ်ရှင်းလင်းခဲ့သည်ဟု စစ်ကောင်စီကို ထောက်ခံရေးသားလေ့ရှိသည့် People Media က ၎င်းတို့၏ Telegram Channel က ဖော်ပြခဲ့ပြီး သေဆုံးသူများမှာ မည်သူများဖြစ်ကြောင်းနှင့် မည်မျှသေဆုံးခဲ့သည်ကိုမူ ဖော်ပြခဲ့ခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် သေဆုံးနေသောအလောင်းပုံများနှင့် တစစီပြန့်ကြဲနေသော ခန္ဓာကိုယ်အပိုင်းအစများကိုလည်း ဖော်ပြထားကာ "တစ်ပြိုင်နက် မသာချပွဲ" အမည်ဖြင့် လူအများ အစုလိုက်အပြုံလိုက် သေဆုံးနေမှုကို အားရဝမ်းသာသည့် အရေးအသားဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်တွင်မူ စုစုပေါင်း (၁၆၅) ဦး သေဆုံးခဲ့ပြီး၊ သေဆုံးသူများတွင် အမျိုးသမီး (၂၇) ဦး၊ အသက် (၁၈) နှစ်အောက်ကလေး ကျား (၈) ဦး၊ မ (၁၁) ဦးပါဝင်သည်ဟု ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင်တွေ့ရှိရသည်။

ထိုဖြစ်ရပ်အတွက် ကျူးလွန်သူများသည် နောင်တချိန်တွင် ၎င်းတို့၏ ကျူးလွန်သူအဆင့်တိုင်း ရာထူးတာဝန်အလိုက် တာဝန်ခံကြရမည်ဖြစ်ပြီး အကျူးလွန်ခံခဲ့ရသည့် နစ်နာသူများအတွက်လည်း အစားထိုးပေးလျော်မှု (သို့မဟုတ်) ပြန်လည်ကုစားမှုများကို မလွဲမသွေပြုလုပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

## ပြန်လည်ကုစားခြင်း ဘာကြောင့် အရေးကြီးသလဲ

မြန်မာနိုင်ငံသည် တချိန်ချိန်တွင် စစ်အာဏာရှင်များ၏ လက်အောက်မှ လွတ်မြောက်မည်ဖြစ်ပါသည်။ စစ်အာဏာရှင်များ၏ လက်အောက်မှ လွတ်မြောက်သည့်အခါတွင် ပျက်စီးယိုယွင်းခဲ့ရသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာများအား ပြန်လည်တည်ဆောက်ရမည်ဖြစ်သကဲ့သို့ စစ်အာဏာရှင်များ၏ ရက်စက်ယုတ်မာမှုများကြောင့် အသက်သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များ၊ အိမ်၊မြေ၊လယ်ယာ စသည်တို့အား ဆုံးရှုံးခဲ့သူများ၊ ထောင်တွင်းအကျဉ်းကျခံခဲ့ရသူများ စသည့် အစိတ်စိတ်အမွှာမွှာ ဖြစ်ခဲ့ရသည့် လူ့အသိုက်အဝန်းကို ပြန်လည်တည်ဆောက်ရမည်ဖြစ်ပြီး

- ကျူးလွန်ခံရသူတွေကို ဘယ်လိုပြန်လည်ပျိုးထောင်ပေးကြမလဲ
- ယုံကြည်မှုတွေကို ဘယ်လိုပြန်တည်ဆောက်ရမလဲ
- ဒါတွေ နောက်ထပ်ဘယ်တော့မှ ထပ်မဖြစ်ဖို့ သေချာအောင် ဘယ်လိုလုပ်ကြမလဲ

ထိုအခြေအနေများအတွက် ပြန်လည်ကုစားမှု အစီအစဉ်များက နိုင်ငံတော်၏ တာဝန်ဝတ္တရားဖြစ်ပြီး အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းပင် ဖြစ်ပါသည်။

ချိုးဖောက်မှုများကြောင့် နစ်နာခဲ့ရသူများသည် ၎င်းတို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် အစိုးရက တာဝန်ယူဆောင်ရွက်သည့် ပြန်လည်ကုစားခြင်းဖြင့် ချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆိုးကျိုးများကို ကျော်လွှားရန် အကူအညီပေးခြင်းဖြစ်သည်။ ထိခိုက်ခံစားခဲ့ရသူများ၏ အနာဂတ်ကို ဦးတည်၍ ပိုမိုကောင်းမွန်သည့်ဘဝ ပြန်လည်တည်ဆောက်နိုင်ရန် ထူထောင်ပေးခြင်းဖြစ်ပြီး ချိုးဖောက်မှုများကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာကဲ့သို့ မမြင်နိုင်သည့် အရာများကိုလည်း ပြောင်းလဲသွားရန် ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

ပြန်လည်ကုစားခြင်းအတွက် ကနဦးဆောင်ရွက်ချက်မှာ ချိုးဖောက်မှုများကြောင့် ထိခိုက်နစ်နာခဲ့မှုများကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိခိုက်နစ်နာမှုများကို အမိကထားရှာဖွေဖော်ထုတ်နိုင်ရန်နှင့် ထိခိုက်နစ်နာသူများကို ပြန်လည်ကုစားပေးခြင်းများပြုလုပ်ပေးနိုင်ရန်အတွက် ဘုတ်အဖွဲ့တခုကို ဖွဲ့စည်းကာ သီးခြားတာဝန်များပေးသင့်သည်။

## ပြန်လည်ကုစားပေးရေးဘုတ်အဖွဲ့

အကျိုးခံစားခွင့်ရှိသူများ၏ စံသတ်မှတ်ချက်များ ရေးဆွဲရန်၊ လိုအပ်သောအချက်အလက်များအား စုဆောင်း ပြုစုရန်နှင့် အကျိုးခံစားခွင့်ရှိသူများအား ပြန်လည်ကုစားမှုဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြန်လည်ကုစားရေးအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန်အတွက် အထူးအဖွဲ့အစည်းတခုကို တည်ထောင်နိုင်သည်။ ပြန်လည်ကုစားရေးနှင့်သက်ဆိုင်သော ထိုသို့သော အထူးအဖွဲ့အစည်း (ဘုတ်အဖွဲ့) တခုကို တည်ထောင်လိုက်ခြင်းဖြင့် . . .

- ကျူးလွန်ခံရသူများအတွက် နိုင်ငံတော်၏ သန္နိဋ္ဌာန် ကိုပြသခြင်း

- ဆက်သွယ်ရမည့် အဖွဲ့အစည်းတခုတည်ရှိသောကြောင့် ပြန်လည်ကုစားခြင်းနှင့် ပတ်သက်သော အချက်အလက်များအား ရယူရန် ကျူးလွန်ခံရသူများအတွက် ပိုမိုလွယ်ကူစေခြင်း

- ပြန်လည်ကုစားမှုအတွက် ရည်စူးသတ်မှတ်ထားသော အရင်းအမြစ်များအားတိုင်းတာရာတွင် ပိုမိုလွယ်ကူစေခြင်းစသည့် အကျိုးတရားများ ရရှိမည်ဖြစ်သည်။

## လူ့အသိုင်းအဝိုင်းအတွက်ပြုလုပ်သည့် ပြန်လည်ကုစားမှုပုံစံ

ပြန်လည်ကုစားမှုကို ပထဝီနယ်မြေအပေါ် အခြေခံသည့် (မြို့နယ်၊ ကျေးရွာစသဖြင့်) လူ့အသိုင်းအဝိုင်းအလိုက်လည်း နစ်နာမှုများအတွက် ပြန်လည်ကုစားမှုများဆောင်ရွက်ပေးနိုင်သည်။ ဥပမာအားဖြင့် ထိုလူ့အသိုင်းအဝိုင်းအတွက် ကောင်းမွန်သော ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး စသဖြင့် တဦးချင်းစီအတွက် သီးသန့်ဆောင်ရွက်ပေးခြင်းမျိုးမဟုတ်ဘဲ ဆောင်ရွက်ပေးနိုင်သည်။ ပဇီကြီးကျေးရွာ အစုလိုက်အပြုံလိုက် အသတ်ခံရမှုကို နောင်တချိန်တွင် ပြန်လည်ကုစားမှုများဆောင်ရွက်ရာတွင် ပထဝီနယ်မြေအပေါ် အခြေခံပြီး ပြုလုပ်သော ကုစားမှုနည်းလမ်းကို အသုံးပြုနိုင်သည်။

လူ့အသိုင်းအဝိုင်းအလိုက် ပြန်လည်ကုစားမှုလုပ်ဆောင်မှုတွင် ပထဝီအနေအထားကိုအခြေခံ၍ ဆောင်ရွက်ခြင်းအပြင် ကျူးလွန်သူများက ပစ်မှတ်ထား ကျူးလွန်ဖောက်ဖျက်မှုခံခဲ့ရသည့် တူညီသော တိုင်းရင်းသားလူမျိုးအုပ်စုများ၊ တူညီသော ကိုးကွယ်ရာ ဘာသာရေးကို အခြေခံသည့် အုပ်စုများ၊ တူညီသော အလုပ်အကိုင်ရှိသည့် အုပ်စုများအလိုက်ကို အခြေခံ၍လည်း ကုစားပေးမှုကို လုပ်ဆောင်နိုင်သည်။ ကျူးလွန်ခံရမှုများတွင် သေဆုံးသွားသူများ၏ မိသားစုဝင်များ၊ အသက်မသေဘဲ ကျန်ရစ်ခဲ့သူများ၊ ကျူးလွန်မှုကြောင့် ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်သွားရသူများကိုလည်း အဓိက ဦးစားပေးအမျိုးအစားအဖြစ် ထည့်သွင်း၍ ကုစားမှုများဆောင်ရွက်နိုင်သည်။

## အသိုင်းအဝိုင်းအလိုက် ကုစားမှုပုံစံ၏ စိန်ခေါ်မှုနှင့် အကျိုးကျေးဇူး

ပထမဆုံးအချက်အနေဖြင့် မည်သူသည် အစုအဖွဲ့ဝင်ဖြစ်သည်ကို သတ်မှတ်ရန် ခက်ခဲနိုင်သလို ချိုးဖောက်ခံရမှုနှင့် နစ်နစ်မှုအမျိုးအစားများသည်လည်း ကွဲပြားနိုင်သည်။ ထို့ပြင် အရင်းအမြစ်က အကန့်အသတ်ရှိနေပြီး လူဦးရေက များလွန်းနေခြင်း၊ နေရပ်ကို စွန့်ခွာထွက်ပြေးသည့် အကြောင်းအရင်းများ၊ အစုဖွဲ့အလိုက် ပြန်လည်အခြေချမည့် နေရာသတ်မှတ်ရန်ခက်ခဲနိုင်ခြင်း၊ ထပ်ဆောင်းပံ့ပိုးထောက်ပံ့မှုများ လုပ်ဆောင်ရန်လိုအပ်လာခြင်း၊ စုပေါင်း/ လူ့အသိုင်းအဝိုင်းအလိုက် ဆိုသည်ကို တိတိကျကျသတ်မှတ်ရန် ခက်ခဲနိုင်ခြင်းတို့သည် စိန်ခေါ်မှုများဖြစ်လာနိုင်သည့် အချက်များဖြစ်သည်။

အကျိုးကျေးဇူးများမှာ လူ့အသိုင်းအဝိုင်းအတွင်း ပျက်စီးခဲ့သည့် အခြေခံအဆောက်အဦ၊ ကိုယ်ပိုင် အမှတ်အသားလက္ခဏာတို့အတွက် ပြန်လည်ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် တစ်ဦးချင်းကို ကုစားပေးခြင်းထက် ယုံကြည်မှုပိုမိုရရှိစေနိုင်သည်။ နစ်နာခဲ့သူများ၏ အဆင့်အတန်း၊ အခြေအနေအရ လူတစ်ဦးချင်းစီအလိုက် ပြန်လည်ကုစားရာတွင် ဖြစ်ပေါ်တတ်သည့် ပြဿနာများကိုလည်း ရှောင်လွှဲနိုင်သည်။

## UN/ NGO များ၏ လူသားချင်းစာနာထောက်ထားမှုတို့သည် ကုစားမှုတွင် အကျုံးဝင်ပါသလား

UN/ NGO များ၏ လူသားချင်းစာနာထောက်ထားမှုတို့သည် အထောက်အပံ့သဘောမျှသာဖြစ်ပြီး ပြန်လည်ကုစားပေးမှုတွင် အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ကုစားမှု (Reparation) ဆိုသည်မှာ အစိုးရက မူဝါဒတခုရေးဆွဲပြဋ္ဌာန်း၍ ဆောင်ရွက်ရမည့်၊ ကြားကာလတွင်ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းစဉ်တခုဖြစ်သောကြောင့် ဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်ခံလိုက်ရသည့် နစ်နာသည့် အမျိုးအစားများအပေါ်မူတည်၍ ထိခိုက်မှု၊ သက်ရောက်လာသည့် အကျိုးဆက်များပေါ်တွင် ဖြေရှင်းပေးခြင်း မျိုးဖြစ်သည်။

ပြန်လည်ကုစားခြင်းသည် ယခင်က မှားယွင်းစွာလုပ်ဆောင်ခဲ့မှုများအပေါ် ပြန်လည်ထူထောင်ပေးရန် တာဝန်ရှိသည့်အတွက် အစိုးရက အသိအမှတ်ပြုပြီး တာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ သတိပြုရန်မှာ အစိုးရက အသိအမှတ်မပြု၊ တောင်းပန်ခြင်း မရှိဘဲ ပြုလုပ်သောကုစားမှုသည် နစ်နာသူများကို လျော်ကြေးပေးပြီး အသံတိတ်နေစေရန် လာဘ်ပေးခြင်းမျိုးသာဖြစ်သည်။ ထို့ပြင် အစိုးရအနေဖြင့် နစ်နာသူများနှင့် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ပြီးမှ လုပ်ဆောင်သည့် ပြန်လည်ကုစားမှုလုပ်ငန်းများသည် မျှတမှုနှင့်၊ ထိတွေ့မှုအတွက် အကောင်းဆုံးအခွင့်အရေးဖြစ်သည်။ သတိပြုရမည့် နောက်ဆုံးအချက်မှာ ပြန်လည်ကုစားမှုကို အခြားသောပုံစံများဖြစ်သည့် အသိအမှတ်ပြုမှု၊ တရားမျှတမှုနှင့် နောက်တစ်ကြိမ်ထပ်မဖြစ်စေရန် တာဝန်ယူမှုတို့နှင့် ဆက်စပ်ပေးရမည်ဟု ကုလသမဂ္ဂ၏ ကုစားမှုနှင့် ပြန်လည်ကုစားမှု အခွင့်အရေးဆိုင်ရာ အခြေခံမူတွင် အကြံပြုထားသည်။

## CASE STUDY-8

# အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန် ကြိုးပေးသတ်ဖြတ်မှု

ကိုဂျင်မီနှင့် ကိုဇေယျာသော်တို့အပါအဝင် လေးဦးအား ကြိုးပေးသတ်ဖြတ်ခဲ့ရာ အင်းစိန်အကျဉ်းထောင်




## ဖြစ်ပွားရာဒေသ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ထောင်

## ဖြစ်ပွားသည့်အချိန်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့၊
နံနက် (၄) နာရီ (၁၅) မိနစ်

## နောက်ခံအခြေအနေ

စစ်ကောင်စီ၏ တပ်ဖွဲ့များက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြစစ်ဆင်ရေး ပျောက်ကြားတပ်ဖွဲ့များနှင့် မြေအောက်လှုပ်နေသည့် Gen Z လူငယ်များကို ဖမ်းဆီးစစ်ဆေးပြီး စစ်ကြောရေးပို့ခြင်း၊ စစ်ကြောရေးတွင် အလွန်အကျွံနှိပ်စက်ခြင်း၊ ထောင်ချခြင်း၊ ဆန္ဒပြသူများကို စစ်ကားဖြင့် တိုက်ကာ ဖြိုခွင်းခြင်း စသည်တို့ကို အပြင်းအထန်လုပ်ဆောင်နေသည့် ကာလဖြစ်သည်။

## ကျူးလွန်ခံရသူ

ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊
ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်

## ကျူးလွန်သူ

စစ်ကောင်စီမှ တာဝန်ရှိသူများ၊
စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီးဌာန ၊
ပြည်ထဲရေးဝန်ကြီး

# အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန် ကြိုးပေးသတ်ဖြတ်မှု (၁)

## ဖြစ်ပွားပုံအကျဉ်း

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ထုတ် စစ်ကောင်စီ၏ မြန်မာ့အလင်းသတင်းစာတွင် သေဒဏ်ကျခံထားရသည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့ လေးဦးကို ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Myanmar Now သတင်းထောက်၏ ရေးသားတင်ပြချက်များအရ ၎င်းသေဒဏ်ပေးမှုအား စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ကိုယ်တိုင် အနီးကပ်ကွပ်ကဲကာ ကြိုးပေးကွပ်မျက်ခဲ့သည်ကို တွေ့ရသည်။ စစ်ကောင်စီသည် သေဒဏ်ပေးမည်ကို ကြိုတင်သတင်းထုတ်ပြန်ခြင်းမရှိခဲ့သလို နိုင်ငံတကာနှင့် အာဆီယံတို့က ထိုနိုင်ငံရေးအကျဉ်းသားများအား သေဒဏ်မပေးရန် အထပ်ထပ်တောင်းဆိုနေသည့်ကြားက သေဒဏ်ပေးမှုကို တိတ်တဆိတ် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့ လေးဦးတို့သည့် စစ်ကောင်စီ၏ သေဒဏ်ပေးခြင်းကို ဇူလိုင်လ (၂၃) ရက်နေ့ နံနက် (၄) နာရီ (၁၅) မိနစ်တွင် ရင်ဆိုင်လိုက်ကြရသည်။ စစ်ကောင်စီသည် သေဒဏ်ကျခံပြီးသူတို့၏ ရုပ်အလောင်းများကို ချက်ချင်းသဂြိုဟ်ခဲ့ပြီး ထောင်သို့ အလောင်းလာရောက်တောင်းယူသော မိသားစုဝင်များကိုလည်း ဥပဒေအရဆောင်ရွက်သည်ဟုဆိုကာ အလောင်းများပြန်မပေးသလို ဘာသာရေးအရ ပြုလုပ်ဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက်ပင် သေဒဏ်ပေးသည့်နေ့ကို တိကျစွာ အသိပေးခြင်း မရှိခဲ့သည်ကိုတွေ့ရသည်။


သေဒဏ်ကျခံရမည့် အကျဉ်းသား(၄)ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီး

နေပြည်တော် ဇူလိုင် ၂၄



## စစ်ကောင်စီ၏ တုံ့ပြန်မှု

သေဒဏ်အပြစ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည့် စစ်ကောင်စီ သတင်းစာမှာပင် ဇူလိုင် (၂၆) ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကာ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သေဒဏ်စီရင်ခြင်းသည် ထိုက်သင့်သည့် ပြစ်ဒဏ်ပေးခြင်းသာဖြစ်ပြီး အလောင်းထုတ်ပေး မပေးမှာ ထောင်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟု ပြောကြားခဲ့သည်ကိုတွေ့ရသည်။ ၎င်းပြောကြားချက်သည် သေဒဏ်ပေးခြင်းကို ထောင်အာဏာပိုင်များက ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် အနီးကပ်ကြီးကြပ်စီရင်ခဲ့ခြင်းကြောင့် ထောင်အာဏာပိုင်များတွင် ဘာမျှလုပ်ပိုင်ခွင့်မရှိသည်မှာ သေချာနေသည်ကို တွေ့ရသည်။

## သေဒဏ်စီရင်ရက် အနုတ် တစ်ရက်၏ ညနေ

ထိုနေ့ ညနေ (၆) နာရီအချိန်တွင်ထောင်အာဏာပိုင်များသည် ကြိုးပေးခံလိုက်ရသည့်သူ လေးဦး၏ မိသားစုဝင်အချို့ကို ထောင်အတွင်းသို့ခေါ်ဆောင်ခဲ့ကာ နောက်တစ်နေ့မနက်တွင် ကြိုးပေးခံရတော့မည်ကို ယခုညနေအထိ ဘာမျှမသိရရှာသေးသော သူ လေးဦးနှင့် အွန်လိုင်းမှ တယောက် မိနစ် (၂၀) ခန့်စီ တွေ့ဆုံခွင့်ပေးခဲ့သည်။ ကိုဖြိုးဇေယျာသော်မိခင်၏ ပြောကြားချက်ကို ကိုးကားကာ မီဒီယာများ၏ဖော်ပြချက်များအရ သူမ၏သားဖြစ်သူမှာ ကျန်းကျန်းမာမာရှိနေပြီး နောက်တစ်ကြိမ်ထောင်ဝင်စာတွေ့ခွင့်ရပါက စာအုပ်အချို့နှင့် စာကြည့်မျက်မှန် မှာလိုက်ကြောင်းနှင့် ထောင်အရာရှိများကို ကြိုးပေးကွပ်မျက်ရန် ရှိမရှိမေးခွန်းကို တိတိကျကျဖြေကြားမှုမရှိဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဟုသာ ဖြေကြားသွားခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် ဖြိုးဇေယျာသော်၏ မိခင်ဖြစ်သူမှာ နောက်တကြိမ်တွေ့ရမည်အရေးအတွက် မျှော်လင့်ခဲ့ရသေးသည်။ သို့ရာတွင် သူမ သားဖြစ်သူမှာ ထိုနေ့ညအလွန် နောက်တနေ့မနက် နေမထွက်သေးသည့် အချိန်တွင်ပင် အစိုးရအဆက်ဆက် နှစ်ပေါင်း (၃၀) ကျော် မသုံးစွဲခဲ့ရသည့် ကြိုးစင်ပေါ်သို့ အတင်ခံလိုက်ရသည်။

၎င်းအဖြစ်အပျက်မှာ စစ်ကောင်စီသည် နိုင်ငံတော် အာဏာကိုရယူမှုအပြီး ဖမ်းဆီးမှုများ၊ ထောင်ချမှုများ၊ စစ်ကြောရေးစခန်းအတွင်း ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုများ ထက်ပို၍ ဥပဒေကို လိုသလိုရယူပုံဖော်ပြီး မြန်မာလူထုအားလုံးကို ၎င်းတို့အား ဆန့်ကျင်သူများအတွက် ကြိုးစင်ပေါ်တင် သေဒဏ်အပြစ်ပေးရန်အတွက် နည်းနည်းမှ နောက်တွန့်မည်မဟုတ်ကြောင်း ပြသမှုတခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

## နိုင်ငံတကာ တုံ့ပြန်မှုများ

သေဒဏ်အပြစ်ပေးလိုက်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် နောက်တရက်တွင်ပင် စစ်ကောင်စီ၏ ဥပဒေနှင့်မညီသော သေဒဏ်ပေးမှုကို အာဆီယံနိုင်ငံများထဲမှ စင်ကာပူ၊ မလေးရှား တို့အပါအဝင် တောင်ကိုးရီးယားနိုင်ငံတို့ကပါ စစ်ကောင်စီလုပ်ရပ်အားအပြစ်တင်ဝေဖန်ခဲ့ကြသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသူ ကမ္ဘောဒီယားနိုင်ငံက စစ်ကောင်စီ၏ ဒီမိုကရေစီ လှုပ်ရှားသူများကို ကြိုးပေးသည့် စစ်ကောင်စီလုပ်ရပ်မှာ ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး အာဆီယံ အဖွဲ့၏ ကြိုးပမ်းမှုအပေါ် ပုံ့ပိုးရာ မရောက်ဟု ပြောဆိုခဲ့သလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကလည်း ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုမြောက်နိုင်သည်ဟု သိပေးခဲ့သည်ကိုလည်း တွေ့ရ သည်။ သေဒဏ်ပေးခြင်းကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း ကန့်ကွက်ခဲ့သော်လည်း တရုတ်နိုင်ငံကမူ ၎င်းတို့၏ ပြည်တွင်းရေး ဝင်မစွက်မှုအတိုင်း ရပ်တည် မည်ဟု တုံ့ပြန်ခဲ့သည်။

## ပြည်သူများ၏ တုံ့ပြန်မှုများ

ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်တို့အပါအဝင် (၄) ဦးကို ကြိုးပေးကွပ်မျက်မှုနှင့် ပတ်သက်၍ ပြည်တွင်း တိုင်းရင်းသား လက်နက်ကိုင်များကလည်း ဝေဖန်ခဲ့ကြ ပြီး၊ တက်ကြွလှုပ်ရှားသူများက စစ်ကောင်စီသည် ဥပဒေမဲ့လုပ်ရပ်ကို လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ ကြသည်ကိုတွေ့ရသည်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း များကလည်း ဝမ်းနည်းကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကာ စစ်ကောင်စီ၏ လုပ်ရပ်သည် ပြည်သူ လူထုကို ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ ထို့ပြင် နိုင်ငံတကာရောက်မြန်မာပြည်သူများကလည်း သေဒဏ်ပေးကွပ်မျက်မှုကို ဆန့်ကျင်ကြောင်း သက်ဆိုင် ရာနိုင်ငံအလိုက် ဆန္ဒပြခဲ့ကြသော်လည်း အမျိုးသားရေး အစွန်းရောက် ယခင် မဘသ အဟောင်းများက အင်းစိန် မြို့နယ်ရှိ ကိုဂျင်မီအိမ်နှင့် ကျောက်တံတားမြို့နယ်ရှိ ကိုဖြိုးဇေယျာသော် အမေတို့ နေထိုင်ရာ တိုက်များရှေ့သို့ လာရောက်ကာ ယုတ်ရင်းကြမ်းတမ်းသော ဆဲဆိုခြင်းများ နှင့် လောက်လေးခွ၊ ခဲ တို့ဖြင့် ပစ်ကာ ကွပ်မျက်သေဒဏ် ပေးမှုကြောင့် စိတ်အားဖြင့် ငြိုးငယ်နေသော မိသားစုအား အနှောင့်အယှက်ပေးခဲ့ကြသည်ကို တွေ့ရသည်။

ဒီမိုကရေစီအရေး လှုပ်ရှားသူများဖြစ်သည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုသူရ ဇော်တို့ လေးဦးအား အကြမ်းဖက်သူများအဖြစ် စွပ်စွဲကာ စစ်ကောင်စီ၏ တရားမဲ့ကြိုးပေးမှုအတွက် နောင် တစ်ချိန်တွင် ကျူးလွန်သည့် စစ်ကောင်စီသည် ၎င်းတို့၏ အဆင်ခြင်မဲ့ လုပ်ရပ်အတွက် တာဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် သေဒဏ်ပေးမှုအပေါ် အမှန်တရား ရှာဖွေရေး ကော်မရှင်ဖွဲ့စည်းပုံနှင့် အလုပ်လုပ်ပုံများ၊ ထို ကော်မရှင် ၏ အချက်အလက်များ ကိုးကားကာ တရားစွဲ အရေးယူမှု ပြုလုပ်ခြင်းများ၊ ကျန်ရစ်သူများကျေနပ် လောက်အောင် ပြန်လည်ကုစားမှုများဆောင်ရွက်ခြင်းများနှင့် ထို့သို့သော ဖြစ်ရပ်မျိုး နောက်တစ်ခါ ထပ်မဖြစ်ရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းများကို နောက် စာမျက်နှာများတွင် ရေးသားတင်ပြသွားမည် ဖြစ်သည်။

# အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန် ကြိုးပေးသတ်ဖြတ်မှု (၂)

၂၀၂၂၊ ဇူလိုင်လ ၂၅ ရက်နေ့ထုတ် စစ်ကောင်စီ၏ မြန်မာ့အလင်းသတင်းစာတွင် သေဒဏ်ကျခံထားရသည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့ လေးဦးကို ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Myanmar Now သတင်းဌာန၏ ရေးသားတင်ပြချက်များအရ ၎င်းသေဒဏ်ပေးမှုအား စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ကိုယ်တိုင် အနီးကပ်ကွပ်ကဲကာ ကြိုးပေးကွပ်မျက်ခဲ့သည်ကို တွေ့ရသည်။ စစ်ကောင်စီသည် သေဒဏ်ပေးမည်ကို ကြိုတင်သတင်းထုတ်ပြန်ခြင်းမရှိခဲ့သလို နိုင်ငံတကာနှင့် အာဆီယံတို့မှ ထိုနိုင်ငံရေးအကျဉ်းသားများအား သေဒဏ်မပေးရန် အထပ်ထပ်တောင်းဆိုနေသည့် ကြားက သေဒဏ်ပေးမှုကို တိတ်တဆိတ်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့လေးဦးတို့သည့် စစ်ကောင်စီ၏ သေဒဏ်ပေးမှုကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့ နံနက် (၄) နာရီ (၁၅) မိနစ်တွင် ရင်ဆိုင်လိုက်ကြရသည်။ စစ်ကောင်စီသည် သေဒဏ်ကျခံပြီး သူတို့၏ ရုပ်အလောင်းများကို ချက်ချင်းသင်္ဂြိုဟ်ခဲ့ပြီး အကျဉ်းထောင်သို့ အလောင်းလာရောက်တောင်းယူသော မိသားစုဝင်များကိုလည်း ဥပဒေအရဆောင်ရွက်သည်ဟုဆိုကာ အလောင်းများပြန်မပေးသလို ဘာသာရေးအရ ပြုလုပ်ဆောင်ရွက်မှုများ ဆောင်ရွက်ရန်တွက်ပင် သေဒဏ်ပေးသည့်နေ့ကို တိကျစွာ အသိပေးခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။

ထို့သို့ ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဖြစ်နိုင်သည့် ထို ကြိုးပေး သေဒဏ်ပေးမှုအား အကျူးလွန်ခံရသူများ၏ တရားမျှတမှုပြန်လည်ရရှိရေးအတွက် အဖြစ်မှန်များ ပြုစုဆောင်ရွက်ရန်အတွက် အမှန်တရားကော်မရှင်ကိုဖွဲ့စည်း တာဝန်ပေးသင့်သည်။

## အမှန်တရားကော်မရှင် ဖွဲ့စည်းရခြင်း၏ အရေးကြီးသည့် အချက်တွေက ဘာတွေလဲ

ကြီးလေးသော ရာဇဝတ်မှုများ၏ မှန်ကန်သော အချက်အလက်များကို ရရှိရန်အတွက် အမှန်တရားကော်မရှင်ဖွဲ့စည်းခြင်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ အမှန်တရားကော်မရှင် ဆောင်ရွက်သည့် နည်းပရိယာယ်များမှာ

- လူထုထွက်ဆိုချက်များ
- အကျဉ်းချုပ် အစီရင်ခံစာ ရေးသားဖော်ပြခြင်း
- ကျူးလွန်ခံရသူများအတွက် အထိမ်းအမှတ်ပြုလုပ်ပေးခြင်း
- အချက်အလက် မှတ်တမ်းများကို သိမ်းဆည်းခြင်း
- သုသာန်တူးဖော်ခြင်းနှင့်
- မူဝါဒဆိုင်ရာအကြံပေးမှုများ ဖြင့် ဆောင်ရွက်နိုင်သည်။

လူထုထွက်ဆိုချက်မှာ ရာဇဝတ်မှုအပေါ် လူအများ၏ ခံစားရမှုများ၊ အတွေ့အကြုံများနှင့် ပညာရှင်တို့၏ အမြင်များကို သိရှိနိုင်ရန် လူထုကြားနာမှုများကို ပြုလုပ်ပေးနိုင်သည်။ ထို့နောက် လူထု၏ လူ့ကျင့်ဝတ်နှင့်သက်ဆိုင်သော စိတ်ဝင်စားဖွယ် ထွက်ဆိုချက်များနှင့် မူဝါဒချမှတ်သူများ၊ သုတေသနပြုသူများ၏ မှတ်တမ်းမှတ်ရာများကို အကျဉ်းချုပ်၍ အစီရင်ခံစာရေးသားတင်ပြရမည်ဖြစ်သည်။ အထိမ်းအမှတ်ပြုလုပ်ပေးခြင်းမှာ အကျူးလွန်ခံရသူများကို အစဉ်အမြဲသတိတရ ရှိနေစေရန်အတွက် အထိမ်းအမှတ်အဆောက်အဦများဆောက်လုပ်ပေးခြင်းနှင့် အောက်မေ့ဖွယ် နေ့များ သတ်မှတ်ပေးခြင်းတို့ဖြစ်သည်။ ကော်မရှင်သည် တရားမျှတမှုနှင့် အထိမ်းအမှတ်များ အတွက် မော်ကွန်းတိုက်တခုထားရှိရမည်ဖြစ်သည်။ ကော်မရှင်သည် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာ သော်တို့ အပါအဝင် (၄)ဦးတို့ကဲ့သို့ လူမသိသူမသိ သတ်ဖြတ်၊ မြေမြှုပ်ခံထားရသူများကို ကျူးလွန်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး မတရားမှုများအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ အရေးတကြီးလိုအပ်နေသော ပြုပြင်ပြောင်းလဲမှုများအတွက် ထိုဖြစ်ရပ်ဆိုး အဖန်တလဲလဲ မဖြစ်စေရန် ကော်မရှင်က မူဝါဒဆိုင်ရာ အကြံပေးမှုများ ပြုလုပ်ပေးနိုင်သည်။

## ကော်မရှင်များကို ဘယ်လိုဒီဇိုင်းနှင့် ဘယ်လိုနည်းနာတွေနဲ့ ဖွဲ့စည်းသင့်သလဲ

ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ခန့်အပ်ခြင်းတို့သည် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုရှိရမည်။ ကော်မရှင်သည် ကော်မရှင်၏မှတ်ချက်များ၊ အတည်ပြုချက်များ၏ သက်ရောက်မှုကို အကျယ်ပြန့်ဆုံးဖြစ်စေရန်နှင့် အချက်အလက်များစုဆောင်းနိုင်ရန်အတွက် လုပ်ပိုင်ခွင့် အာဏာရှိထားရမည်ဖြစ်သည်။ ကော်မရှင်တွင် မည်သည့်ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးမည်ကို ဆုံးဖြတ်နိုင်ရမည်။ နစ်နာသူကို ဗဟိုပြုသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ပြည်သူများအတွက် မည်သည့်နစ်နာခံစားရမှုကိုမဆို ကိုယ်တွယ်ဖြေရှင်းပေးဖို့ ထည့်သွင်းစဉ်းစားရမည်။ ကော်မရှင်သည် အကန့်အသတ်ရှိသောကာလအတွင်းသာ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းကို ရရှိထားသင့်ပြီး လက်တွေ့တကယ်ဖြစ်နိုင်သော အချိန်ဇယားတခု ထားရှိခြင်းနှင့် အချိန်ကာလတိုးမြှင့်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းစနစ်များ ပါဝင်မှုရှိသင့်သည်။ အောင်မြင်သော ကော်မရှင်အများစုတွင် ကျယ်ပြန့်သော အထောက်အကူပြုဝန်ထမ်းများရရှိထားကြသည်။ ထို့ကြောင့် လုံလောက်သော ရန်ပုံငွေရရှိထားရန်လိုအပ်ပြီး သို့မှသာ တင်ပြလာသောအမှုကိစ္စများကို စုံစမ်းစစ်ဆေးနိုင်စွမ်းရှိမည် ဖြစ်သည်။ ကော်မရှင်မင်းကြီးများကိုလည်း အစိုးရက ခန့်အပ်ခြင်းထက် ပြည်သူလူထု၏ စိတ်ဆန္ဒနှင့်ကိုက်ညီသော ကော်မရှင်နာများဖြစ်မှသာ ကော်မရှင်၏ လုပ်ရပ်များအပေါ် အများ၏ ယုံကြည်လက်ခံမှုကို ရရှိမည်ဖြစ်သည်။ မျက်မြင်သက်သေများ ထွက်ဆိုရာတွင် စိုးရိမ်ကြောက်ရွံ့မှုကိုကျော်လွှားနိုင်သည့် စုံစမ်းစစ်ဆေးခြင်းကို ပုဂ္ဂိုလ်ချင်းအရဆောင်ရွက်နိုင်ပြီး တရားမျှတမှုကို အာမခံနိုင်ခြင်းနှင့် အများပြည်သူသိခွင့်ရှိသည့် အချက်အလက်များဖြစ်ပါက ကော်မရှင်က အစီရင်ခံစာ ထုတ်ဝေကာ ထိုအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရမည်ဖြစ်သည်။ ကော်မရှင်တွေ့ရှိချက်များကို အမှန်အတိုင်း ထုတ်လွှင့်သော မီဒီယာများလည်း ရှိရန်လိုအပ်သည်။ ကော်မရှင်၏ နေ့စဉ်ဆောင်ရွက်ချက်များကို တနိုင်ငံလုံးနှင့် တကမ္ဘာလုံးက စောင့်ကြည့်နေမည် ဖြစ်သည့်အတွက် မီဒီယာများ၏ သတင်းတင်ဆက်မှုများသည် ဘက်လိုက်မှုကင်းနေဖို့လိုအပ်သည်။ နောက်ဆုံးဖြစ်သည့် အရေးကြီးသည့် အချက်တခုမှာ အစိုးရသည် စစ်တပ်အပေါ် ဩဇာသက်ရောက်နေရမည်ဖြစ်သည်။ ဩဇာသက်ရောက်အောင် မဆောင်ရွက်နိုင်ပါက စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများအပေါ် အရေးယူဆောင်ရွက်ရန် တင်ပြရန်အတွက် ကော်မရှင်အနေဖြင့် အခက်အခဲရှိမည်ဖြစ်သည်။ အတိတ်က လူ့အခွင့်အရေး ချိုးဖောက်မှုများကျူးလွန်ခဲ့သော မည်သည့်အဖွဲ့အစည်း မည်သူ့ကိုမဆို အရေးယူဆောင်ရွက်ရန်ပျက်ကွက်ပါက နစ်နာခဲ့ရသူများစိတ်ပျက်သွားနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် ခက်ခဲနိုင်သည်။

ကော်မရှင်၏ ရရှိထားသောအချက်အလက်များ (သို့မဟုတ်) သက်သေများ ခြိမ်းခြောက်ခံရခြင်း၊ ကော်မရှင်သက်တမ်း တိုလွန်းခြင်း (သို့မဟုတ်) ရှည်လွန်းခြင်း၊ ကော်မရှင်သည် နိုင်ငံရေးဆိုင်ရာ ကိရိယာအသုံးချခံရခြင်း၊ လုပ်ပိုင်ခွင့်ကန့်သတ်ခြင်းခံထားရခြင်း၊ ကျူးလွန်သူက တရားသဖြင့်စီရင်မှုကို ငြင်းပယ်နိုင်ခြင်း၊ ချိုးဖောက်သူနှင့် နစ်နာသူများကို လူသိရှင်ကြား ထုတ်ဖော်ရန်အတွက် ဖြစ်နိုင်၊ မဖြစ်နိုင်တို့မှာ ကော်မရှင်ဖွဲ့စည်းခြင်း၏ စိန်ခေါ်မှုများဖြစ်နိုင်သည်။

## ကော်မရှင်လုပ်ဆောင်ရမည့်အရာတွေက ဘာတွေလဲ

အမှန်တရားကော်မရှင်များ၏ အောင်မြင်မှုများသည် အများယုံကြည်နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ်တွင် မူတည်သည်။ ပြည်သူလူထု၏ သဘောထားအမြင်များသည် ကော်မရှင်အပေါ် အစိုးရ၏ သြဇာသက်ရောက်ခြင်း ရှိ၊ မရှိနှင့် ပြည်သူလူထု၏ ဖိအားပေးမှုအပေါ် မူတည်နေသည်။ ကော်မရှင်သည် ၎င်း၏ စုံစမ်းမှုများ၊ အရင်းအမြစ်များ၊ မဟာမိတ်ပြုခြင်းများ၊ မူဝါဒ အဆိုတင်သွင်းခြင်းများဆောင်ရွက်ရာတွင် လွတ်လပ်စွာ ကိုယ်ပိုင်လုပ်ပိုင်ခွင့် အပြည့်အဝရှိရမည်ဖြစ်သည်။

ကော်မရှင်များသည် ဆင်းရဲဒုက္ခရောက်သူ၊ မြေဇာပင်ဖြစ်ခဲ့ရသူများ၏ အခွင့်အရေးအတွက် ၎င်းတို့ကိုယ်စား ဝင်ရောက်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသာမက ၎င်းတို့အတွက် တရားစွဲဆိုခြင်းနှင့် ပြန်လည်ကုစားခြင်း စသော လိုအပ်ချက်များကိုအားလုံးကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်သည်။ အလွန်တရာရက်စက်လှသော အတိတ်က ဖြစ်ရပ်များအတွက် ရာဇဝတ်မှုကျူးလွန်သူများကို အပြစ်ပေးနိုင်ရန် ပြည့်စုံသည့် မူဝါဒမရှိခဲ့လျှင်၊ ဆင်းရဲဒုက္ခရောက်ရသူများကိုနှစ်သိမ့်ပေးနိုင်မှု မရှိခဲ့လျှင်၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ မရှိခဲ့လျှင်၊ မြေဇာပင်ဖြစ်ခဲ့ရသူများအနေဖြင့် စိတ်ပျက်အားလျော့ခြင်း၊ မချင့်မရဲဖြစ်ရခြင်းနှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်းနာကျည်းမှုများ ဖြစ်ပေါ်လာစေနိုင်မည်ဖြစ်သည်။

မြေဇာပင်ဖြစ်ရသူများမှာ များသောအားဖြင့် လူ့အသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းတွင်အခွင့်အရေးမရှိသူများဖြစ်လေ့ရှိသည်။ ဆင်းရဲဒုက္ခရောက်သူများကို ရင်ဖွင့်ပြောပြမှုများပြုလုပ်စေခြင်းဖြင့် အမှန်တရားရှာဖွေမှုသည် လူထုအားပညာပေးနိုင်သည့်အပြင် ပြဿနာများအပေါ်ပြည်သူတဦးပါဝင်မှုနှင့် အခွင့်အရေးကို သိမြင်လာစေနိုင်သည်။ ထို့ကြောင့် ကော်မရှင်သည်၎င်းတို့အတွက် ကောင်းကျိုးများရရှိရေး၊ အခွင့်အရေးများရရှိရေးနှင့် လိုအပ်ချက်များအားလုံးကိုအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အမှန်တရားပေါ်ပေါက်ရေးကော်မရှင်သည်မိမိ၏ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုကို အသုံးပြု၍ နစ်နာခဲ့ရသူများ၏ အခွင့်အရေးများနှင့်နိုင်ငံသားအချင်းချင်းကြား (သို့မဟုတ်) နိုင်ငံတော်နှင့် နိုင်ငံသားများကြားက စစ်မှန်သောပြန်လည်သင့်မြတ်ရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။

## ကော်မရှင်၏ သတိပြုသင့်သည့်အချက်တွေနဲ့ ကော်မရှင်ဖွဲ့စည်းခြင်းရဲ့ လက်ငင်းအကျိုးကျေးဇူးတွေက ဘာတွေလဲ

အမှန်တရားပေါ်ပေါက်ရေးကော်မရှင်များသည် ယခင်အစိုးရ၏ ထင်ရာစိုင်းမှုများ အမြဲခံစားရလေ့ရှိသူများ၏ သံသယမျက်လုံးဖြင့် အကြည့်ခံရခြင်း၊ ရာဇဝတ်မှုကျူးလွန်သူများ၏ ပြင်းထန်သော တိုက်ခိုက်မှုများခံရခြင်း၊ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးကျူးလွန်မှုများကို မသိလိုက်ရသူများ၏ မသိကျိုးကျွံပြုမှုများကို ရင်ဆိုင်ရလေ့ရှိသည်။

ကော်မရှင်အထူးသတိပြုသင့်သည့်အချက်များမှာ နစ်နာခဲ့သူများ၏ အခွင့်အရေးအတွက် ပြည့်စုံလုံလောက်သော ဖြေရှင်းမှုမရှိခြင်း၊ အမှန်တရားကို အသားပေးသော တရားမျှတမှုရရှိစေရန် နစ်နာသူတို့၏ တောင်းဆိုမှုများကို လျစ်လျူရှုခြင်းကဲ့သို့သော အတိုးအလျှော့များပြုလုပ်မိခြင်း၊ နစ်နာသူများကို လူမှုအသိုင်းအဝိုင်းမှကင်းကွာပြီး တသီးတသန့်ဖြစ်အောင်ပြုလုပ်မိခြင်း၊ တရားလို၊ ရှေ့နေ၊ တရားသူကြီး စသည့် ဥပဒေရေးရာ လုပ်ဖော်ကိုင်ဘက်များက ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ညှိနှိုင်းနေသူများ၏ လုပ်ငန်းများအတွင်း (သို့မဟုတ်) အသွင်ကူးပြောင်းပဋိညာဉ်အတွက် ဆောင်ရွက်နေသူများ အကြိုက်ကို လိုက်မိလိုက်ခြင်း စသည်တို့ဖြစ်သည်။

ကော်မရှင်အနေဖြင့် စိန်ခေါ်မှုများသော အခြေအနေမှာပင် လက်ငင်းအကျိုးရှိစေသော ဝါဒကိုဥပဒေသများနှင့်ပေါင်းစပ်ကာ လူ့အဖွဲ့အစည်းကို ပြောင်းလဲစေနိုင်သည်။ အတိတ်ကာလက ဖြစ်ပျက်ခဲ့သော ရာဇဝတ်မှုကြီးများကို အစိုးရက မျက်ကွယ်ပြုမှုနှင့် ဆင်းရဲဒုက္ခခံခဲ့ရသူများ၊ မြေဇာပင်ဖြစ်ခဲ့ရသူများအပေါ် တင်ရှိနေသော ကြောက်ရွံ့မှုများကို ဖယ်ရှားပေးခြင်းဖြင့် လူထုကို အသိပညာပေးနိုင်ခြင်း၊ အနိုင်ကျင့်ခံ၊ အနှိမ်ခံအနေဖြင့် နစ်နာသူအဖြစ်မှ နိုင်ငံသားတဦးအနေဖြင့် ပီပီပြင်ပြင် လွယ်လွယ်ကူကူ ကူးပြောင်းနိုင်ခြင်း၊ အမှန်တရားထုတ်ဖော်ခြင်း၏ စွမ်းအားဖြင့် ယခင်က နိုင်ငံ့အာဏာအသုံးပြုကာ ထင်ထင်ပေါ်ပေါ် အခွင့်ထူးခံအာဏာပိုင်များ၊ အကြမ်းဖက် လုပ်ငန်းလုပ်ဆောင်သူတို့၏ အာဏာယုတ်လျော့စေခြင်း၊ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရနှင့် ပြည်သူလူထုအား လှုံ့ဆော်အားပေးမှုများ ပြုလုပ်နိုင်ခြင်းတို့မှာ အမှန်တရား ကော်မရှင်ဖွဲ့စည်းခြင်း၏ လက်ငင်းရရှိမည့် အကျိုးကျေးဇူးများဖြစ်သည်။

## အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန် ကြိုးပေးသတ်ဖြတ်မှု (၃)

၂၀၂၂၊ ဇူလိုင်လ ၂၅ ရက်နေ့ထုတ် စစ်ကောင်စီ၏ မြန်မာ့အလင်းသတင်းစာတွင် သေဒဏ်ကျခံထားရသည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့ လေးဦးကို ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီး ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Myanmar Now သတင်းထောက် ၏ ရေးသားတင်ပြချက်များအရ ၎င်းသေဒဏ်ပေးမှုအား စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ကိုယ်တိုင် အနီးကပ်ကွပ်ကဲကာ ကြိုးပေးကွပ်မျက်ခဲ့သည်ကို တွေ့ရသည်။ စစ်ကောင်စီသည် သေဒဏ်ပေးမည်ကို ကြိုတင်သတင်းထုတ်ပြန်ခြင်းမရှိခဲ့သလို နိုင်ငံတကာနှင့် အာဆီယံတို့က ထိုနိုင်ငံရေးအကျဉ်းသားများအား သေဒဏ်မပေးရန် အထပ်ထပ်တောင်းဆိုနေသည့် ကြားက သေဒဏ်ပေးမှုကို တိတ်တဆိတ်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော် တို့ လေးဦးသည် စစ်ကောင်စီ၏ သေဒဏ်ပေးခြင်းကို ဇူလိုင်လ (၂၃) ရက်နေ့ နံနက် (၄) နာရီ (၁၅) မိနစ်တွင် ရင်ဆိုင်လိုက်ကြရသည်။ စစ်ကောင်စီသည် သေဒဏ်ကျခံပြီးသူတို့၏ ရုပ်အလောင်းများကို ချက်ချင်းသဂြိုဟ်ခဲ့ပြီး အကျဉ်းထောင်သို့ အလောင်းလာရောက်တောင်းယူသော မိသားစုဝင်များကိုလည်း ဥပဒေအရဆောင်ရွက်သည်ဟုဆိုကာ အလောင်းများပြန်မပေးသလို ဘာသာရေးအရ ပြုလုပ်ဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက်ပင် သေဒဏ်ပေးသည့်နေ့ကို တိကျစွာ အသိပေးခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။

ထိုသို့ မြန်မာနိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် အမျိုးသားရင်ကြားစေ့ရေးကို လျစ်လျူရှုပြီး သေဒဏ်စီရင်မှုနှင့် သေဒဏ်အစီအရင်ခံလိုက်ရသူ (၄) ဦးစလုံး၏ တရားမျှတမှုပြန်ရရန်အတွက် ကျူးလွန်သူ စစ်ကောင်စီသည် နောင်တချိန်တွင် တရားစွဲဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

## ဘယ်လိုတရားစွဲဆိုနိုင်သလဲ

ကျူးလွန်သူများအား တရားစွဲဆိုခြင်းသည် ကျူးလွန်သူများကို တုံ့ပြန်ကလဲ့စားချေချင်သည့် ရည်ရွယ်ချက်မပါဘဲ နစ်နာသူများအတွက် တရားမျှတမှုပြန်လည်ရှာဖွေခြင်းဖြစ်သည်ကို ရှေးဦးစွာနားလည်ထားရမည် ဖြစ်သည်။ ထိုကဲ့သို့သော တရားစွဲဆိုမှုများကို အမှန်တရားရှာဖွေရေးကော်မရှင်၏ စုဆောင်းရရှိထားသော ခိုင်မာသည့်အချက်အလက်များဖြင့် ပြည်တွင်း (သို့မဟုတ်) ပြည်ပ တရားရုံးများတွင် တရားစွဲဆိုနိုင်သည်။

အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သော နိုင်ငံများတွင် တရားစွဲဆိုခြင်းကို ပြည်တွင်း၌ လုပ်ဆောင်လေ့ရှိပြီး အသွင်ကူးပြောင်းရေးအတွက် အခြေအနေမပေးသေးသောနိုင်ငံများတွင်မူ ကျူးလွန်ခဲ့ရသူများ (သို့မဟုတ်) ကျူးလွန်ခံရသူများကိုယ်စား၊ ပြည်ပ (သို့မဟုတ်) နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်သည်။ နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုမှုများမှ ကျူးလွန်သူ၊တာဝန်ရှိသူ နိုင်ငံအစိုးရကို ICC၊ ICJ ကဲ့သို့သော တရားရုံးများတွင် အခြားနိုင်ငံတခုက တရားစွဲဆိုနိုင်သကဲ့သို့ ကျူးလွန်သူလူပုဂ္ဂိုလ်တဦးချင်းကိုလည်း အပြည်ပြည်ဆိုင်ရာတရားစီရင်ခွင့် (Universal Jurisdiction) ဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည်။

## နိုင်ငံတကာတရားရုံးများ၏ သမိုင်းအနည်းငယ်

နိုင်ငံတကာခုံရုံးများကို ပထမအစောပိုင်းကာလ၊ ဒုတိယအလယ်ပိုင်းကာလ၊ တတိယမျက်မှောက်ခေတ်ကာလ စသဖြင့် အချိန်ကာလအားဖြင့် (၃)ပိုင်းခွဲ၍လေ့လာနိုင်သည်။ နိုင်ငံတကာတရားရုံးများတွင် ဒုတိယကမ္ဘာစစ်အပြီးတွင် ထွက်ပေါ်လာခဲ့သော နူရင်ဘတ်စစ်ခုံရုံး (Nuremberg Tribunal) နှင့် တိုကျိုစစ်ခုံရုံး (Tokyo War Crimes Tribunal) တို့မှာ နိုင်ငံတကာ တရားရုံးများ၏ ပထမအစောပိုင်းကာလများတွင် ထင်ရှားခဲ့သော တရားရုံးများဖြစ်သည်။

နူရင်ဘတ်စစ်ခုံရုံးတွင် ငြိမ်းချမ်းရေးကိုဆန့်ကျင်သော ရာဇဝတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် နာဇီနိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များထဲမှ တာဝန်အရှိဆုံးသူ (၂၃) ဦးကို ရုံးတင်စစ်ဆေးခဲ့ပြီး (၁၂) ဦးကိုသေဒဏ်၊ (၁) ဦးကို တသက်တကျွန်း၊ (၇)ဦးကို (၁၀) နှစ်မှ (၂၀) နှစ်အတွင်း ထောင်ဒဏ်များချမှတ်ခဲ့ပြီး (၃) ဦးကို လွတ်မြောက်ခွင့်ပေးခဲ့သည်။

တိုကျိုစစ်ခုံရုံးတွင်လည်း ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံပါဝင်လာအောင် ကိုယ်တိုင်ကိုယ်ကျလှုံ့ဆော်ခြင်း၊ စစ်ပွဲများအတွင်း နိုင်ငံတကာစစ်ဥပဒေများကိုဆန့်ကျင်သည့် ရာဇဝတ်မှုများကျူးလွန်ခြင်း၊ စစ်ပွဲနှင့်မသက်ဆိုင်သော အရပ်သားများအပေါ် ရာဇဝတ်မှုကျူးလွန်ခြင်း စသဖြင့် (၃) ပိုင်းခွဲကာ ဂျပန်ဖက်ဆစ်ဝါဒီ (၂၈) ဦးကို ရုံးတင်စစ်ဆေးခဲ့ပြီး (၇) ဦးကိုသေဒဏ်၊ (၁၆) ဦးကို တသက်တကျွန်း၊ (၂) ဦးကို (၁၀) နှစ်မှ (၂၀) နှစ် ထောင်ဒဏ်များချမှတ်ပြီးနောက် ကျန် (၃) ဦးထဲမှ (၂) ဦးမှာ အမှုစစ်ဆေးနေစဉ်သေဆုံးခဲ့ပြီး (၁) ဦးမှာ ရူးသွပ်သွားခဲ့သည်။

## အထူးယာယီတရားရုံးများနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများ

ဒုတိယအလယ်ပိုင်းကာလထင်ရှားသော တရားရုံးများမှာ အထူးယာယီတရားခုံရုံး (Ad-hoc Tribunal) များ ဖြစ်သည်။ ၎င်းတရားရုံးများကို ၁၉၉၃ ယူဂိုလားဗီးယားနှင့် ၁၉၉၄ ရဝမ်ဒါ တရားစီရင်မှုတို့တွင်တွေ့ရသည်။ ယူဂိုစလားဗီးယားခုံရုံးကို အတိုကောက်အားဖြင့် ICTY၊ အရှည်အားဖြင့် (The International Criminal Tribunal for the former Yugoslavia) ဟုခေါ်ပြီး ခုံရုံးလုပ်ပိုင်ခွင့်မှာ ယူဂိုစလားဗီးယားတွင် ၁၉၉၁ ကတည်းက ကျူးလွန်ခဲ့သော နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ပြင်းထန်စွာချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား တရားစီရင်ဆောင်ကျဉ်းပေးရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ထိန်းသိမ်းရေးတွင် အထောက်အကူဖြစ်စေရန်အတွက်ဖြစ်သည်။

ထိုတရားရုံးကို ၁၉၉၃ မေလတွင် (UNSC Resolution,827) အရ တည်ထောင်ခဲ့ကာ နယ်သာလန်၊ ဟိဂ်မြို့တွင်တည်ရှိပြီး ၁၉၉၁ ကတည်းက ယူဂိုစလားဗီးယားပိုင်နက်အတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှု (၄) မျိုးကို တရားစီရင်ပိုင်ခွင့်ရှိသည်။ ထို (၄) မျိုးမှာ ဂျီနီဗာသဘော တူညီချက်ကို အကြီးအကျယ်ချိုးဖောက်ခြင်း၊ စစ်ပွဲဥပဒေ (သို့မဟုတ်) ဓလေ့ထုံးတမ်းများကိုချိုး ဖောက်ခြင်း၊ လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သော ရာဇဝတ်မှုများ ဖြစ်သည်။ စွဲချက်အတင်ခံခဲ့ရသူ (၁၆၁) ဦးအထိရှိခဲ့ပြီး အပြစ်ပေးခံရသူ (၉၀) ဦးရှိကာ (၁) ဦးမှာ တရားခွင်တွင် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့သည်။ ထိုတရားရုံးကို ၂၀၁၇၊ ဒီဇင်ဘာတွင် တရားဝင်ရပ်ဆိုင်းခဲ့သည်။

ရဝမ်ဒါအထူးယာယီတရားရုံးကို အတိုအားဖြင့် ICTR ၊ အရှည်အားဖြင့် ((The International Criminal Tribunal for Rwanda) ဟုခေါ်ပြီး ၁၉၉၄၊ ဇန်နဝါရီ (၁) မှ ၁၉၉၄၊ ဒီဇင်ဘာ (၃၁) ကြား ရဝမ်ဒါတွင် ကျူးလွန်သည့် (သို့မဟုတ်) အိမ်နီးချင်းပြည်နယ်ရှိ ရဝမ်ဒါ နိုင်ငံသား များအပေါ် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို တရားစီရင်ရန်ရည်ရွယ်၍ ၁၉၉၄ နိုဝင်ဘာတွင် တည်ထောင်ခဲ့သည်။

ထိုတရားရုံးသည် တန်ဇန်းနီးယားနိုင်ငံ၊ အရူရှာမြို့တွင်အခြေစိုက်ပြီး ပထမဆုံးအမှုကို ၁၉၉၇ တွင် စတင်စစ်ဆေးခဲ့သည်။ ထိုတရားရုံး၏ အပြစ်ပေးခံရသူ (၈၅) ဦး ရှိခဲ့ပြီး (၁၀) ဦးကို နိုင်ငံတော်တရားစီရင်မှုသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ ထူးခြားသောအပြစ်ပေးမှုအဖြစ် အပြစ်ပေးခံခဲ့ရသူများထဲတွင် မီဒီယာသမား (၃) ဦးပါဝင်ခဲ့ကာ (၂) ဦးကို တသက်တကျွန်းပြစ်ဒဏ် နှင့် ကျန် (၁) ဦးကို ထောင်ဒဏ် (၃၅) နှစ်ချမှတ်ခဲ့ပြီး အယူခံပြန်ဝင်ခဲ့ရာ (၃၀) နှစ်သို့ လျှော့ချပေး ခဲ့သည်။

ထို အထူးယာယီတရားရုံးများသည် ICC ကဲ့သို့သော နိုင်ငံတကာရာဇဝတ်တရားရုံးကဲ့သို့ သော တရားရုံးများအတွက် ရှေ့ပြေးတရားရုံးများဖြစ်လာခဲ့သည်။

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများနှင့် ICC

မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတကာရာဇဝတ်တရားရုံး ICC (International Criminal Court) ကဲ့သို့သော တနိုင်ငံက တနိုင်ငံသို့ တရားစွဲဆိုနိုင်သည့် တရားရုံးများအပြင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများတွင်လည်း ပုဂ္ဂိုလ်တဦးချင်း (သို့မဟုတ်) တဦးထက် ပိုသူများကိုလည်း တရားစွဲဆိုနိုင်သည့် တရားရုံးများရှိလာခဲ့သည်။

အကြောင်းအကြောင်းသော အခြေအနေများကြောင့် ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုမှုပြုလုပ်နိုင်ခြင်းမရှိသည့် အခြေအနေတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အဖြစ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည်။ ကမ္ဘာတဝန်းတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ကို အသိအမှတ်ပြုထားသော နိုင်ငံအားလုံးပေါင်း (၁၆) နိုင်ငံတွင် တရားစွဲဆိုမှုကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

ICC ပေါ်ပေါက်လာရန်အတွက် ၁၉၉၈ အီတလီနိုင်ငံ၊ ရောမတွင် တရားရုံးမူကြမ်းအတွက် အစည်းအဝေးကျင်းပခဲ့ရာ ထိုအစည်းအဝေးမှ ထွက်ပေါ်လာသော မူကြမ်းကို နိုင်ငံပေါင်း (၁၂၃) နိုင်ငံက ထောက်ခံ၊ (၇) နိုင်ငံက ကန့်ကွက်၊ (၂၁) နိုင်ငံက ကြားနေခဲ့ကြသည်။ ၁၉၉၈၊ ဇူလိုင်တွင် သဘောတူစာချုပ် (ရောမစာချုပ်) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂၊ ဧပြီတွင် နိုင်ငံပေါင်း (၆၆) နိုင်ငံက လက်မှတ်ရေးထိုးခဲ့ရာ ICC မှာ အသက်ဝင်လာခဲ့သည်။ ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် နယ်သာလန်နိုင်ငံ၊ ဟိဂ်မြို့တွင် တရားရုံးကို စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၂၃) နိုင်ငံရှိကာ တရားသူကြီး (၁၈) ဦးရှိသည်။

ICC တွင် တရားစွဲဆိုနိုင်သောပြစ်မှု (၄) မျိုးရှိသည်။ ၎င်းတို့မှာ လူမျိုးတုံးသတ်ဖြတ်မှု (Genocide)၊ လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှု (Crime against humanity)၊ စစ်ပွဲအတွင်းကျူးလွန်သော ရာဇဝတ်မှု (War Crime)နှင့် ကျူးကျော်ခြင်းဆိုင်ရာဇဝတ်မှုတို့ဖြစ်သည်။ ICC နှင့်သက်ဆိုင်သော သတိပြုရန်များမှာ ကုလသမဂ္ဂ၏ လက်အောက်မှ ကင်းလွတ်သည်။ ICC တွင် ၂၀၀၂ ခုနှစ်အရှေ့ပိုင်းက အမှုများကို စွဲဆိုခြင်းမပြုလုပ်နိုင်ပေ၊ ထို့ပြင် အသက် (၁၈) နှစ်အောက်ဖြစ်သူသည်လည်း ICC တွင် တရားစွဲဆိုခြင်းမပြုနိုင်ပေ။

## ICC၏ လုပ်ငန်းစဉ်အဆင့်ဆင့်

ICC တွင် အမှုဖွင့်ရန်အတွက် ICC တွင်လက်မှတ်ရေးထိုးထားသောနိုင်ငံတခုက သော်လည်းကောင်း၊ ICC အဖွဲ့ဝင်နိုင်ငံတခု၏ အချုပ်အခြာအာဏာနယ်နိမိတ်အတွင်း ရာဇဝတ်မှုကျူးလွန်လျှင်သော်လည်းကောင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများကိုယ်စား တာဝန်ရှိသူတဦးက တရားစွဲဆိုလျှင်သော်လည်းကောင်း၊ ကုလလုံခြုံရေးကောင်စီက လွှဲပြောင်းပေးအပ်လျှင်သော်လည်းကောင်း၊ အကြိုကြားနာမှု တရားရေးအဖွဲ့က လက်ခံသဘောတူသည့် တရားလိုရှေ့နေတဦးက ၎င်း၏ဆန္ဒအလျောက် အမှုဖွင့်တိုင်ကြားနိုင်သည်။

ICC သည်အမှုအားလက်ခံပြီးနောက် ကနဦးလေ့လာမှုများကိုဆောင်ရွက်သည်။ ထိုဆောင်ရွက်ချက်များမှာ အမှုသည် ICC ၏ တရားစီရင်ပိုင်ခွင့်အောက်တွင် အကျုံးဝင်သည့် သက်သေအထောက်အထားရှိ/မရှိ၊ စစ်မှန်သောရှေ့တိုးဆောင်ရွက်ချက်များရှိ/မရှိ၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုနှင့် အကျိုးစီးပွားရှိ/မရှိ တို့ကို တရားရုံးက လေ့လာဆုံးဖြတ်သည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်လိုအပ်ချက်များ မပြည့်မှီပါက (သို့မဟုတ်) ICC ၏ တရားစီရင်မှုအောက်တွင် အကျုံးဝင်ခြင်းမရှိပါက စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထိုသို့သောအခြေအနေတွင် အမှုစွဲသူများက သက်သေအထောက်အထားအသစ်များ ထပ်မံရှာဖွေ၍ စွဲချက်များပိုမိုခိုင်မာအောင် ပြုလုပ်နိုင်သည်။

သက်သေအထောက်အထားများစုဆောင်းခြင်းနှင့် သံသယရှိသူကို ဖော်ထုတ်ပြီးစီးပါက ဖမ်းဆီးမိန့်ထုတ်ပြန်ပေးရန် အမှုစွဲသူများက တရားသူကြီးများထံသို့ တင်ပြတောင်းခံရမည်ဖြစ်သည်။ သို့သော် ICC သည် ကိုယ်ပိုင်လုံခြုံရေးတပ်ဖွဲ့များ မရှိသောကြောင့် သံသယရှိသူကိုဖမ်းဆီးရန်နှင့် ICC ကိုလွှဲပြောင်းရန်တို့အတွက် အဖွဲ့ဝင်နိုင်ငံများကို မှီခိုနေရသည်။ သို့ရာတွင် သံသယရှိသူကို ဆင့်ခေါ်စာပေးပို့နိုင်ကာ လာရောက်အစစ်အဆေးခံရန်ဆန္ဒမရှိပါက ဖမ်းဆီးမိန့်ဝရမ်းတခု ထုတ်ပြန်နိုင်သည်။

ထို့နောက် ကနဦး လာရောက်အစစ်အဆေးခံထွက်ဆိုခြင်း၊ စွပ်စွဲမှုများကို ကြားနာအတည်ပြုခြင်း အစရှိသည့် အကြိုခုံရုံးအဆင့်ကို ဖြတ်သန်းပြီးနောက် တရားစွဲဆိုခြင်းအဆင့်အဖြစ် တရားသူကြီး (၃) ဦး၏ ရှေ့မှောက်၌ တရားစွဲဆိုသူများက စွပ်စွဲခံရသူသည် ကျိုးကြောင်းဆီလျော်သော သံသယကိုကျော်လွန်ကြောင်း အထောက်အထားများနှင့်တကွ သက်သေပြရမည်ဖြစ်သည်။ တရားသူကြီးများက သက်သေ အထောက်အထားများကို သုံးသပ်ပြီးနောက် ဆုံးဖြတ်ချက်တခုကို ချမှတ်နိုင်သည်။ ထိုဆုံးဖြတ်

ချက်သည် အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက ကျူးလွန်သူများကို ပြစ်ဒဏ်တခုကိုချမှတ်နိုင်ပြီး နစ်နာသူများအတွက် ပြန်လည်ကုစားရေးအစီအစဉ်များကို ဆောင်ရွက်ပေးရန်လည်း အမိန့်များ ချမှတ်နိုင်သည်။

တရားစွဲဆိုသူနှင့် ခုခံချေပသူနှစ်ဦးစလုံးတွင် အယူခံရန်အခွင့်အရေးနှင့် ပြန်လည်ကုစားမှု အစီအစဉ်များပေးရန် အမိန့်များလည်း တောင်းခံနိုင်သည်။ အယူခံလွှာကို ပြစ်ဒဏ်ချမှတ်ရာတွင် ပါဝင်ခြင်းမရှိသော တရားသူကြီး (၅) ဦးက ဆုံးဖြတ်ချက်ချမှတ်သည်။ အယူခံတရားရုံးက မူလဆုံးဖြတ်ချက်များကို အတည်ပြုရန်၊ ပြန်လည်ပြင်ဆင်ရန် (သို့မဟုတ်) ပယ်ဖျက်၍ ဆုံးဖြတ်ချက်အသစ်တို့ကို ချမှတ်နိုင်သည်။ အကယ်၍ အယူခံတရားရုံးက ပြန်လည်စစ်ဆေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းမရှိပါက ထိုဆုံးဖြတ်ချက်သည် နောက်ဆုံး ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ထို့နောက် ICC ၏ ပြစ်ဒဏ်ကို အရေးယူဆောင်ရွက်ရန် သဘောတူထားသော နိုင်ငံများတွင် ပြစ်ဒဏ်များကို ကျခံရမည်ဖြစ်သည်။

## ICC နှင့် မြန်မာနိုင်ငံအစိုးရ

၂၀၁၆ နှင့် ၂၀၁၇ ကာလများအတွင်း မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို ၂၀၁၉၊ ဇူလိုင်လတွင် အမှုဖွင့်ခဲ့ပြီးနောက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်ရန် ၂၀၁၉၊ နိုဝင်ဘာတွင် ခွင့်ပြုချက်ပေးခဲ့သည်။

ထိုစုံစမ်းစစ်ဆေးမှုသည် အနာဂတ်တွင် ဖြစ်ပွားသော ရာဇဝတ်မှုများအပါအဝင် ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အတွင်း တစိတ်တပိုင်းဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအားလုံးပါဝင်သလို ၂၀၁၆၊ အောက်တိုဘာ (၉) ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများသာမက ၂၀၁၀၊ ဇွန် (၁)ရက်နေ့မှစတင်ဖြစ်ပွားခဲ့သောရာဇဝတ်မှုများအားလုံးကို စုံစမ်းစစ်ဆေးနိုင်သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သော ထိုအမှုကို စုံစမ်းစစ်ဆေးရန်အတွက် ICC က ဒေါ်လာ ၂၈ သန်း ခွင့်ပြုထားသည်။

## အမျိုးသားရင်ကြားစေ့ရေးကို လုံးဝလျစ်လျူရှုခဲ့သော စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းက သမိုင်းဝင်သွားသည့် တကျော့ပြန် ကြိုးပေးသတ်ဖြတ်မှု (၄)

၂၀၂၂၊ ဇူလိုင်လ ၂၅ ရက်နေ့ထုတ် စစ်ကောင်စီ၏ မြန်မာ့အလင်းသတင်းစာတွင် သေဒဏ်ကျခံထားရသည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ လေးဦးကို ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီး ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Myanmar Now သတင်းထောက်၏ရေးသားတင်ပြချက်များအရ ၎င်းသေဒဏ်ပေးမှုအား စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ကိုယ်တိုင် အနီးကပ်ကွပ်ကဲကာ ကြိုးပေးကွပ်မျက်ခဲ့သည်ကို တွေ့ရသည်။ စစ်ကောင်စီသည် သေဒဏ်ပေးမည်ကို ကြိုတင်သတင်းထုတ်ပြန်ခြင်းမရှိခဲ့သလို နိုင်ငံတကာနှင့် အာဆီယံတို့က ထိုနိုင်ငံရေးအကျဉ်းသားများအား သေဒဏ်မပေးရန် အထပ်ထပ်တောင်းဆိုနေသည့်ကြားက သေဒဏ်ပေးမှုကို တိတ်တဆိတ် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ လေးဦးသည် စစ်ကောင်စီ၏ သေဒဏ်ပေးခြင်းကို ဇူလိုင်လ (၂၃) ရက်နေ့ နံနက် (၄) နာရီ (၁၅) မိနစ်တွင် ရင်ဆိုင်လိုက်ကြရသည်။ စစ်ကောင်စီသည် သေဒဏ်ကျခံပြီးသူတို့၏ ရုပ်အလောင်းများကို ချက်ချင်းသင်္ဂြိုဟ်ခဲ့ပြီး အကျဉ်းထောင်သို့ အလောင်းလာရောက်တောင်းယူသော မိသားစုဝင်များကိုလည်း ဥပဒေအရဆောင်ရွက်သည်ဟုဆိုကာ အလောင်းများပြန်မပေးသလို ဘာသာရေးအရ ပြုလုပ်ဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက်ပင် သေဒဏ်ပေးသည့်နေ့ကို တိကျစွာ အသိပေးခြင်း မရှိခဲ့သည်ကိုတွေ့ရသည်။

ထိုဖြစ်ရပ်က စစ်ကောင်စီသည် ဥပဒေကို လိုသလိုအဓိပ္ပာယ်ဖွင့်ဆိုကာ ၎င်းတို့အား မထောက်ခံသူများ၊ ဆန့်ကျင်သူများအား ကိုဂျင်မီနှင့် ကိုဖြိုးဇေယျာသော်တို့အတိုင်း စိတ်ကြိုက်စီရင်နိုင်သည်ဟု ပြည်သူလူထုကို ကြောက်စိတ်ဝင်စေရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းဖြစ်သည်မှာ အထင်အရှားဖြစ်သည်။ နောင်တချိန်တွင် ကြိုးပေးသေဒဏ်အကျခံလိုက်ရသည့်သူများအတွက် တရားမျှတမှုပြန်လည်ရှာဖွေပေးခြင်းနှင့် သက်ဆိုင်သည့်နစ်နာသူများအတွက် ပြန်လည်ကုစားပေးခြင်းများကိုလည်း လုပ်ဆောင်သင့်သလို ထိုအဖြစ်ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သော အဖြစ်အပျက်မျိုး နောက်တကြိမ် ထပ်မဖြစ်စေရန် အတွက် ကျူးလွန်သူ စစ်ကောင်စီနှင့် ၎င်းတို့ အမိန့်ပေးရာကို လုပ်ဆောင်နေသည့် စစ်တပ် အပါအဝင် လုံခြုံရေးနှင့်သက်ဆိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းဆိုတာ ဘာကြောင့်လိုအပ်တာလဲ

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကျူးလွန်သူများသည် နစ်နာသူများအပေါ် လုပ်ဆောင်ခဲ့သည့် အခွင့်အရေးချိုးဖောက်မှုများ နောက်တကျော့ထပ်မံမလုပ်ဆောင်ရန်နှင့် နစ်နာခဲ့သူများသည်လည်း ၎င်းတို့အချိုးဖောက်ခံခဲ့ရသည့် အခွင့်အရေးချိုးဖောက်မှုမျိုး ထပ်မံအကျူးလွန်ခံရခြင်း မရှိစေရန်အတွက်ဖြစ်သည်။ ထိုရည်ရွယ်ချက်ကို ပြီးမြောက်အောင်လုပ်ဆောင်ရန်အတွက် နိုင်ငံတော်က လုပ်ဆောင်ပေးရသည်။ နိုင်ငံတော်များသည် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာရန်၊ လူ့အခွင့်အရေးလေးစား လိုက်နာသည့် ယဉ်ကျေးမှုတည်တံ့စေရန်နှင့် အစိုးရနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအပေါ်တွင် ပြည်သူလူထု၏ ယုံကြည်မှုပြန်လည်ရရှိစေရန်အတွက် လိုအပ်သောအဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုများနှင့် အခြားအစီအမံများကို လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုများကို နစ်နာခဲ့သူများနှင့် အခြားကဏ္ဍများမှ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းပါဝင်ခြင်း အပါအဝင် ကျယ်ပြန့်သော လူထုညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များမှတဆင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုက အောက်ပါရည်ရွယ်ချက်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။

- အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ) က တရားဥပဒေစိုးမိုးရေးကို တသမတ်တည်း လိုက်နာဆောင်ရွက်ခြင်း
- လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို အထောက်အပံ့ပေးထားသော (သို့မဟုတ်) တရားဝင်ခွင့်ပြုထားသော ဥပဒေများကို ရုပ်သိမ်းခြင်းနှင့် ဒိမိုကရေစီအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များအား အကာအကွယ်ပေးသည့် အစီအမံများပါဝင်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို လေးစားလိုက်နာစေရေး သေချာစေရန် ဥပဒေပြုပြဋ္ဌာန်းခြင်း
- စစ်တပ်၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ထောက်လှမ်းရေးဝန်ဆောင်မှုများကို အရပ်ဘက်ကွပ်ကဲမှုအောက်တွင်ထားရှိခြင်းနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံအတွက် ဖွဲ့စည်းထားသော သမားရိုးကျမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို ဖျက်သိမ်းခြင်း
- လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသော ကလေးငယ်များအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစေခြင်း စသဖြင့် ရည်ရွယ်ချက်များကို မြှင့်တင်ပေးသင့်သည်။

ထို့ကြောင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေသော်လည်း အရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် မြန်မာစစ်တပ်၏ လက်ရှိသုံးစွဲနေသောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ တသွေးတသံတမိန့် ညွှန်ကြားမှုနည်းလမ်းများစသဖြင့် ပြောင်းလဲသင့်သည်များကို ပြောင်းလဲပစ်ရမည်ဖြစ်သည်။

## နောက်တကျော့ပြန် ထပ်မဖြစ်ရေးအာမခံချက်

နောက်တကျော့ပြန် ထပ်မဖြစ်ရေးအာမခံချက်ရရှိရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းသည် ပဋိပက္ခအလွန် လူ့အဖွဲ့အစည်းတွင် စနစ်ကျပြီး ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းများအဖြစ် ထမ်းဆောင်နိုင်ရန်ကြိုးပမ်းနေသည့် နိုင်ငံတော်နှင့် လူမှုအဆောက်အအုံများအား သုံးသပ်ခြင်းနှင့် ပြန်လည်ပုံဖော်ခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်၏ လုပ်ပိုင်ခွင့်သည် ကျယ်ပြန့်ပြီး ထိုအထဲတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ စစ်တပ်၊ ရဲ၊ တရားစီရင်ရေး၊ လွှတ်တော်၊ ပညာရေးစနစ်နှင့် မီဒီယာတို့ကို ပြုပြင်ပြောင်းလဲရန် ပါဝင်သည်။ ထို အဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ) သည် အလွဲသုံးစားပြုခြင်း၊ တာဝန်မယူခြင်း၊ အဂတိလိုက်စားမှုများကို ကျူးလွန်ခဲ့သော အဖွဲ့အစည်းများဖြစ်နိုင်သည်။

အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းကို လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ တရားရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများပြုပြင်ပြောင်းလဲခြင်း၊ ပညာရေးနှင့် မီဒီယာပြုပြင်ပြောင်းလဲခြင်း တို့ကိုဆောင်ရွက်နိုင်သည်။

ချိုးဖောက်မှုများထပ်မံမဖြစ်ပွားရန်အတွက် လူ့အသိုက်အဝန်းအတွက် ထိရောက်၍ တာဝန်ခံမှုရှိသော လုံခြုံရေးကိုပေးအပ်ရန်အတွက် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းသည် အသွင်ကူးပြောင်းမှုဖြစ်စဉ်များအတွက် အလွန်အရေးကြီးသည်။ ထိရောက်သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဖြစ်ရန်အတွက် အဓိကကျသော အစိတ်အပိုင်းများမှာ

- ယခင်က ဖိနှိပ်ခဲ့သော (သို့မဟုတ်) အာဏာရှင်အုပ်ချုပ်သူများကို ထောက်ပံ့ခဲ့သူများကို ဖယ်ထုတ်ခြင်း၊ သန့်စင်ခြင်း
- အနာဂတ်တွင်ပါဝင်လာမည့်သူများကို စိစစ်ပေးခြင်း
- ယခင်လက်နက်ကိုင်အဟောင်းများကို လက်နက်ဖျက်သိမ်းခြင်း၊ တပ်ဖွဲ့များဖျက်သိမ်းခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ပေါင်းစည်းပေးခြင်း
- လုံခြုံရေးတပ်သားများက ရှန့်ရှင်းကြမ်းတမ်းစွာ ပြုမူသည့်လုပ်ရပ်များကို ခွင့်ပြုပေးသော ဥပဒေများ၊ မူဝါဒများကို ပြင်ဆင်ခြင်း
- ဖယ်ကျဉ်ခံထားခဲ့ရသည့် အုပ်စုများကို လုံခြုံရေးကဏ္ဍတွင် ပါဝင်စေခြင်းနှင့်
- လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် တာဝန်ယူ၊ တာဝန်ခံမှုကို အာမခံနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့များကို အရပ်ဘက်စောင့်ကြည့်ကွပ်ကဲမှုအောက်တွင် ထားရှိခြင်း တို့ပါဝင်သည်။

အမှီအခိုသြဇာကင်းသည့် တရားရေးစနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေခြင်း အယူအဆ၏ အဓိကမဏ္ဍိုင်များထဲမှ တခုဖြစ်သည်။ တရားရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်းကို

- တရားရေးဝန်ထမ်းများ စိစစ်ခြင်း၊
- တရားရေးစနစ် အမှီအခိုကင်း လွတ်လပ်မှုကို အားကောင်းခိုင်မာစေခြင်း
- တရားရေးစွမ်းဆောင်ရည် လုပ်ပိုင်ခွင့်အာဏာကို အားကောင်းခိုင်မာစေခြင်း စသည့် အင်္ဂါရပ် (၃) ခုကို လိုအပ်သလိုချိန်ညှိ ဆောင်ရွက်နိုင်သည်။

တရားရေးဝန်ထမ်းများစိစစ်ခြင်းဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီကျွမ်းကျင်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျစံသတ်မှတ်ချက်များဖြစ်သည့် လုပ်ငန်းအတွေ့အကြုံ၊ နောက်ခံသမိုင်း၊ ပညာရေး၊ သမာဓိဂုဏ်သိက္ခာ စသည်တို့အပေါ်တွင် မူတည်ရွေးချယ်ခြင်း၊ ရာထူးသက်တမ်းအတွက် အာမခံချက်ပေးခြင်း (သို့မဟုတ်) ရာထူးနေရာတည်မြဲနေရန် အာမခံချက်ပေးခြင်း၊ လုံလောက်သော အကျိုးခံစားခွင့်လစာဖြင့် ကမ်းလှမ်းခြင်းနှင့် အနားယူ

ပြီးနောက် အခြေအနေများကို ခန့်မှန်းသိရှိနိုင်ခြင်း၊ ဝန်ထမ်းများအတွက် ပွင့်လင်းမြင်သာ၍ မျှတသော လုပ်ထုံးလုပ်နည်းနှင့်အညီ ညီမျှသင့်လျော်သော အရေးယူခြင်း၊ ရာထူးတိုးမြှင့်ခြင်းများ၊ အလုပ်မှထုတ်ပယ်ခြင်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

တရားရေးစွမ်းဆောင်ရည် (လုပ်ပိုင်ခွင့်အာဏာ) အားကောင်းခိုင်မာအောင် ဆောင်ရွက်ရာတွင် တရားသူကြီးများသည် သင့်လျော်သော သဘောထားနှင့် သမာဓိရှိမှုနှင့် ဘက်လိုက်မှုကင်းရမည်ဖြစ်သည်။ တရားသူကြီးများသည် ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းခွင်တွင် ကွဲပြားသောအမြင်များနှင့် အတွေ့အကြုံများကို ယူဆောင်လာပြီး ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသင့်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုသည် တည်ငြိမ်ရေး၊ ဒီမိုကရေစီအရေး၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာမှုတို့ကို အာမခံနိုင်ရန်အတွက် လူ့အသိုက်အဝန်းတခု၏ အခြေခံအဆောက်အဦများကို ပြင်ဆင်ခြင်းဖြစ်သည်။ ထိုပြင်ဆင်ပြုပြင်ပြောင်းလဲမှုများတွင် ခွဲခြားဖိနှိပ်သော ပြဋ္ဌာန်းချက်များကို ဖယ်ရှားခြင်း၊ အားလုံးအကျုံးဝင်မှုကို ထောက်ပံ့သည့် ယန္တရားများ ထည့်သွင်းခြင်း၊ ပြည်သူ့အခွင့်အရေးများ ရေးသားထည့်သွင်းခြင်း၊ လုံခြုံရေးကဏ္ဍကို စီမံကွပ်ကဲသည့် ပြဋ္ဌာန်းချက်များ ပြုပြင်ခြင်း၊ နိုင်ငံတော်အာဏာ ခွဲဝေခြင်း၊ စစ်ခုံရုံးများ၏ တရားစီရင်နိုင်မှု အတိုင်းအတာကို ကန့်သတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

နိုင်ငံတော်နှင့် အစိုးရမဟုတ်သောသူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန် လူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့် ပြည့်ဝကိုက်ညီသော ရာဇဝတ်မှုဥပဒေများကို ပြဋ္ဌာန်းရမည်ဖြစ်သည်။ ရာဇဝတ်မှုဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရာတွင် မတရားဖမ်းဆီးချုပ်နှောင်ခြင်းကို ပိတ်ပင်တားမြစ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်များဖယ်ရှားခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခံရသူများအနေဖြင့် ရှေ့နေများနှင့် ပုဂ္ဂလိကဆရာဝန်များ လက်လှမ်းမီရရှိခွင့်ကို အာမခံခြင်း၊ အနိုင်ထက်ပြုခြင်း (သို့မဟုတ်) ညှဉ်းပမ်းနှိပ်စက်သော နည်းလမ်းဖြင့် သက်သေအထောက်အထားနှင့် ဖြောင့်ချက်များရယူမှုကို တားမြစ်ခြင်း၊ ပြင်းထန်ဆိုးဝါးသော ရာဇဝတ်မှုများအတွက် စွပ်စွဲခံရသူသည် နှမ်းပါးပါက ဥပဒေရေးဆိုင်ရာ အကူအညီပေးခြင်းတို့ဖြင့် ရာဇဝတ်မှုဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်နိုင်သည်။

ပညာရေးသည် အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားအောင် အာမခံရာတွင် အဓိကအရေးကြီးသော သော့ချက်အဖြစ် ဆောင်ရွက်နိုင်သည်။ ပညာရေးသင်ရိုးညွှန်းတမ်းများဖြင့် အတိတ်အဖြစ်အပျက်များ၏ အမှန်တရားများကို မြှင့်တင်ပေးနိုင်ပြီး တည်တံ့သောငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်နိုင်သည်။ ပညာရေးသည် စံနှုန်းအသစ်များကို ပုံဖော်နိုင်သည့် ဖန်တီးနိုင်စွမ်းရှိ၍ အတိတ်အဖြစ်အပျက်များနှင့် ပတ်သက်၍ ခိုင်ခိုင်မာမာပြောဆိုနေမှုများအကြား ပြေလည်မှုရရှိစေနိုင်ပြီး မျိုးဆက်များအကြား လူ့အခွင့်အရေးကို လေးစားသောဓလေ့ကို ပျိုးထောင်ပေးခြင်းဖြင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်သည်။

အာဏာရှင်အစိုးရများ၏အမှတ်အသားတစ်ခုမှာ မီဒီယာများကို ထိန်းချုပ်ခြင်းနှင့် ထိန်းချုပ်၍မရပါက ဖိနှိပ်ခြင်းဖြစ်သည်။ အသွင်ကူးပြောင်းနေသောလူ့အသိုက်အဝန်းတွင် ၎င်း၏ အသွင်ကူးပြောင်းနေပြီဖြစ်ကြောင်း သွင်ပြင်လက္ခဏာများကို မီဒီယာများတွင် မီဒီယာများတွင် ထင်ဟပ်နေစေရန်နှင့် မီဒီယာများ၏ လွတ်လပ်ပွင့်လင်းမှုနှင့် သတင်းထောက် ဂျာနယ်လစ်များကို လုံလောက်စွာ ကာကွယ်ပေးနိုင်ရန် သေချာသော မီဒီယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အလွန်အရေးကြီးပါသည်။

## အသွင်ကူးပြောင်းမှုကာလ စိစစ်ခြင်းနှင့် သန့်စင်ခြင်း

အတိတ်က နစ်နာခဲ့သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြန်လည်အမှတ်ရစေမည်လား၊ မေ့ဖျောက်ပစ်လိုက်မလား၊ အတိတ်က လူ့အခွင့်အရေးချိုးဖောက်ခဲ့သူများကို အပြစ်ပေးမည်လား၊ မပေးမည်လား စသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ဆိုးဝါးခဲ့သော ဤသို့သော အဖြစ်အပျက်မျိုး နောက်တခါ ပြန်လည်မဖြစ်ပွားနိုင်ရန်အတွက် နိုင်ငံတော်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကို စိစစ်ခြင်းနှင့် သန့်စင်ခြင်းသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ နောက်ဆုံးအပိုင်းဖြစ်သည်။

ပြည်သူ့ရေးရာ အဖွဲ့အစည်း (အင်စတီကျူးရှင်း) တခု၏ အခြေခံကျသော အစိတ်အပိုင်းတခုမှာ ဝန်ထမ်းများဖြစ်ပြီး အစိုးရဌာအဖွဲ့အစည်းများသည် ဝန်ထမ်းများမှတဆင့် အလုပ်လုပ်ကာ ၎င်းအဖွဲ့အစည်းများကို ဝန်ထမ်းများက ကိုယ်စားပြုသဖြင့် ချွတ်ယွင်းချက်များနှင့် မတရားဖိနှိပ်မှုတို့သည် ဝန်ထမ်းများ၏ အမျိုးမျိုးသော ချို့တဲ့မှုများ၏ ရလဒ်များကြောင့် ဖြစ်တတ်သည်။ ထို့ကြောင့် ဝန်ထမ်းရေးရာပြုပြင်ပြောင်းလဲမှု ရေရှည်တည်တံ့သော အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အဓိကအစိတ်အပိုင်းတခုဖြစ်ကာ ထိုပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဉ်ကို စိစစ်ခြင်းနှင့် သန့်စင်ခြင်းဟူ၍ အပိုင်းနှစ်ခုခွဲခြားလေ့လာနိုင်သည်။

စိစစ်ခြင်းသည် အသွင်ကူးပြောင်းနေသည့် နိုင်ငံအတွင်း လူပုဂ္ဂိုလ်တဦးချင်းစီပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပြည်သူ့ရေးရာတာဝန်များအတွက် သင့်လျော်မှုကို ဆုံးဖြတ်ရန်အတွက် ဂုဏ်သိက္ခာသမာဓိရှိမှုကို လေ့လာအကဲဖြတ်ခြင်းဖြစ်သည်။ ဝန်ထမ်းတဦးသည် ငွေရေးကြေးရေးမှန်ကန်စွာ ဆောင်ရွက်မှုအပါအဝင် လူ့အခွင့်အရေးစံချိန်စံညွှန်းများကို ထိန်းသိမ်းလိုက်နာဆောင်ရွက်ခြင်းသည် ကျွမ်းကျင်၍ ပညာရှင် ပီသသော ပြုမူဆောင်ရွက်ချက်ကို ရည်ညွှန်းသည်။ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု (သို့မဟုတ်) နိုင်ငံတကာဥပဒေအရ ကြီးလေးသော ရာဇဝတ်မှုများသည် ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသော ပြည်သူ့ဝန်ထမ်းများ၏ အခြေခံသမာဓိဂုဏ်အားနည်းမှုကို ထုတ်ဖော်ပြသခြင်းဖြစ်ပြီး သူတို့အလုပ်အကျွေးပြုရမည့် နိုင်ငံသားများ၏ ယုံကြည်မှုကို ဖောက်ဖျက်ခြင်းဖြစ်သည်။ သမာဓိဂုဏ် အားနည်းသော လူပုဂ္ဂိုလ်များကို ဆက်လက်ခန့်အပ်ထားသော အစိုးရဌာန အဖွဲ့အစည်းများအပေါ် နိုင်ငံသားများနှင့် အထူးသဖြင့် မတရားဖိနှိပ်မှုများကို ကျူးလွန်ခံထားရသူများက ယုံကြည်အားကိုးမှု ရှိနိုင်မည်မဟုတ်ပါ။ စိစစ်ရေးသည် လူထုယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်နှင့် ပြည်သူ့ရေးရာဌာနအဖွဲ့အစည်းများ (အင်စတီကျူးရှင်း)များ ပြန်လည်တရားဝင်လာစေရန်အတွက် သမာဓိဂုဏ် ဆိုးရွားစွာချို့ယွင်းနေသော ပုဂ္ဂိုလ်များအား ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများမှ ဖယ်ထုတ်ရန်ရည်ရွယ်သည်။

သမာဓိဂုဏ်ကို လူပုဂ္ဂိုလ်တဦးတစ်ယောက်၏ အပြုအမူ ဆောင်ရွက်ပုံ အကျင့်စာရိတ္တဖြင့် တိုင်းတာသည်။ ထို့ကြောင့် စိစစ်ခြင်းလုပ်ငန်းများသည် တဦးချင်းစီ၏ အပြုအမူအားအကဲဖြတ်များအပေါ် အခြေခံသင့်သည်။ အဘယ်ကြောင့်ဆိုသော် အုပ်စုလိုက်ထုတ်ပယ်ခြင်းနှင့်အဖွဲ့အစည်း (သို့မဟုတ်) အဖွဲ့နှင့်ဆက်နွယ်မှုတခုတည်းအပေါ်တွင် အခြေခံသော အကြီးစားဖယ်ရှားမှုများသည် ပိုက်ကွန်ကို ကျယ်ပြန့်လွန်းစွာ ချမိခြင်းမျိုးဖြစ်နိုင်ပြီး အတိတ်က ကျူးလွန်မှုများအတွက် ပုဂ္ဂိုလ်တဦးချင်းစီအလိုက် တာဝန်မရှိသော သိက္ခာသမာဓိဂုဏ်နှင့် ပြည့်ဝသည့်ပြည်သူ့ဝန်ထမ်းများလည်း မပါသင့်ဘဲ ဖယ်ရှားခံရနိုင်သည်။ ပဋိပက္ခအလွန်ကာလ (သို့မဟုတ်) အာဏာရှင်ခေတ်အလွန်ကာလများတွင် လိုအပ်လျက်ရှိသော ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများကိုဖယ်ရှားမိခြင်းဖြစ်နိုင်ပြီး ဝန်ထမ်းများအကြား မကျေနပ်မှုများဖြစ်ပေါ်ကာ အသွင်ကူးပြောင်းရေးကိုလည်း ထိခိုက်ပျက်ပြားစေနိုင်သည်။

သန့်စင်ခြင်းဆိုသည်မှာ တစုံတခုကို စင်ကြယ်စေရန်ပြုလုပ်ခြင်းဖြစ်ပြီး ယင်းအသုံးအနှုန်းကို ရှေးရောမစကားလုံးဖြစ်သည့် (Lustratio) သန့်စင်ခြင်း ဓလေ့ထုံးတမ်းအခမ်းအနားမှဆင်းသက်လာခြင်းဖြစ်သည်။ အသွင်ကူးပြောင်းရေးလုပ်ဆောင်ခဲ့ကြသော အချို့နိုင်ငံများတွင်သန့်စင်ခြင်းကို ဥပဒေတရပ်အနေဖြင့် ပြဋ္ဌာန်းလုပ်ဆောင်ခဲ့ကြသည်။ သန့်စင်ရေးဥပဒေသည်အဆင့်မြင့်ရာထူးနေရာများကို ရယူခဲ့သော လူပုဂ္ဂိုလ်တဦးသည် အုပ်စိုးသူတို့၏ ဖိနှိပ်သောယန္တရားတွင် ပူးပေါင်းဆောင်ရွက်ခြင်း (သို့မဟုတ်) အလုပ်လုပ်ခဲ့ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို လည်ပတ်ဆောင်ရွက်သည့် အထူးပြည်သူ့ဝန်ထမ်းဥပဒေတခုဖြစ်သည်။ "အထူး" ဆိုသော ဝေါဟာရ၏ သဘောသဘာဝမှာ အသွင်ကူးပြောင်းရေး သွင်ပြင်လက္ခဏာကို ရည်ညွှန်းခြင်းဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တာဝန်ရှိသူများကို သတ်မှတ်ဖော်ထုတ်၊ ဖယ်ရှားရန်နှင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရန်အတွက် အကျင့်သိက္ခာသမာဓိနှင့် စွမ်းဆောင်ရည် (Integrity & Capacity) ရှိ၊ မရှိ စိစစ်သုံးသပ်ရန်ဖြစ်သည်။ ထိုသို့စိစစ်ခြင်းကို ဥပဒေပြင်ပနည်းလမ်း (Extra–legal Measures) များအသုံးပြုသည့် အာဏာလွန်ဆွဲ ဖြုတ်ထုတ်ခြင်းမျိုး မဟုတ်ဘဲ၊ လုပ်ထုံးလုပ်နည်း ရပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ လေးဦးတို့ကို သေဒဏ်စီရင်ခဲ့သည့် စစ်ကောင်စီ၏ တာဝန်ရှိသူ အဆင့်တိုင်းသည်လည်း နောင်တချိန် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်အခါတွင် စိစစ်ခြင်းနှင့် သန့်စင်ခြင်းနည်းလမ်းများကို အသုံးပြုကာ ကျူးလွန်သူ အဆင့်တိုင်းသည် ၎င်းတို့၏ ကျူးလွန်ခဲ့သည့် အဖြစ်အတွက် ပြန်လည် တာဝန်ခံရမည်ဖြစ်သည်။

# အကိုးအကားများ

## For Case Study –1

https://burmavj.net/articles/8982/?fbclid=IwAR0TwnsAD2JGgzNRNmC2TzfEsC926GSN
hXTI8qWfl9ZSTCqReePRVbrX1lE

https://www.facebook.com/thanlwintimes9/posts/pfbid0pCoiVH3ttVD2xgeRgQAX2Lo
socWJA7G9asdTSTqVjbheBrvDoV4jjWeH3qTsixQDl

https://burmavj.net/articles/8982/?fbclid=IwAR0TwnsAD2JGgzNRNmC2TzfEsC926GSN
hXTI8qWfl9ZSTCqReePRVbrX1lE

https://www.ludunwayoo.com/news-mm/2022/09/17/53321/

https://www.facebook.com/unicefmyanmar/posts/pfbid0TCtsT8FFi7Rmb2pZcJyR3Xf
2zeN73CNFDRsL5D9YK13K9qWqQjTorxZTjWi5cDMNl

https://www.facebook.com/SavetheChildreninMyanmar/posts/pfbid02Y6jMtduM7VsG
S65f36EvfQfUbpSEpuVqyKX8JVHJW8P33FxjK2q8PbjMuBrexV9Nl

https://myanmar-now.org/mm/news/12696

https://www.ludunwayoo.com/news-mm/2022/09/17/53321/

https://www.facebook.com/unicefmyanmar/posts/pfbid0TCtsT8FFi7Rmb2pZcJyR3Xf
2zeN73CNFDRsL5D9YK13K9qWqQjTorxZTjWi5cDMNl

https://www.facebook.com/SavetheChildreninMyanmar/posts/pfbid02Y6jMtduM7VsG
S65f36EvfQfUbpSEpuVqyKX8JVHJW8P33FxjK2q8PbjMuBrexV9Nl

## For Case Study – 2

https://myanmar-now.org/mm/news/13020

https://myanmar-now.org/mm/news/13005/

https://myanmar-now.org/mm/news/13023/

https://myanmar-now.org/mm/news/13028/

https://myanmar-now.org/mm/news/13045/

https://www.bbc.com/burmese/articles/cjme7yn29djo

https://www.rfa.org/burmese/multimedia/hpakant-airstrike-11242022071237.html

https://www.rfa.org/burmese/program_2/kachin-airstrike-10282022080722.html

https://burma.irrawaddy.com/news/2022/10/28/255609.html

https://burmese.kachinnews.com/2022/10/24/yl1-23/

https://burmese.kachinnews.com/2022/10/25/yl1-24/

https://burmese.voanews.com/a/ဖားကန့်-အနန့်ပါ-နေ့ဘူ-တပ်မဟာ၉-kia-pdf-လေကြောင်းတိုက်ခိုက်-ဖိုးကြဲ/6805978.html

## For Case Study – 3

https://www.rfa.org/burmese/news/sagaing-massacre-evidence2-06222022202548.html

https://www.rfa.org/burmese/news/sagaing-massacre-evidence-06172022161021.html

https://myanmar-now.org/mm/topics/3468/

https://www.youtube.com/watch?v=QZFGmIkKlcM

https://www.youtube.com/watch?v=dCoB9DNX8oc

## For Case Study – 4

https://myanmar-now.org/mm/news/9818

https://www.bbc.com/burmese/burma-59795323

https://www.myawady.net.mm/node/20693

https://www.facebook.com/watch/?ref=search&v=1174094963368887&external_log_id=afb16480-1cb3-4fde-9acb-296f38364375&q=ဖရူဆို

https://kicnews.org/2022/01/%E1%80%96%E1%82%90%E1%80%B0%E1%80%86%E1%80%AD%E1%80%AF-%E1%80%A1%E1%80%85%E1%80%AF%E1%81%BF%E1%80%95%E1%80%B3%E1%80%B6%E1%80%9C%E1%80%AD%E1%80%AF%E1%80%80%E1%80%B9-%E1%80%9E%E1%80%90%E1%80%B9%E1%80%BB/

## For Case Study – 5

https://www.rfa.org/burmese/news/19-ppl-death-in-yinpaungtaing-08172022042155.html

https://www.mizzimaburmese.com/article/113423

https://myanmar-now.net/mm/news/12339

https://www.bbc.com/burmese/media-62554672

https://mandalayfreepress.com/multimedia/5320

https://voiceofmyanmarnews.com/news/2022/08/24/%E1%80%9B%E1%80%84%E1%80%BA%E1%80%95%E1%%B1%E1%80%AB%E1%80%84%E1%80%BA%E1%80%90%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%80%E1%80%BB%E1%80%B1%E1%80%B8%E1%80%9B%E1%80%BD%E1%80%AC%E1%80%80-%E1%80%93/

https://burma.irrawaddy.com/news/2022/08/17/253930.html

https://burma.irrawaddy.com/news/2022/08/17/253930.html

https://burma.irrawaddy.com/news/2022/08/17/253930.html

## For Case Study – 6

https://www.youtube.com/watch?v=KLcqo7xaOsY

https://www.rfa.org/burmese/news/more-than-200-houses-were-set-on-fire-in-gantgaw-03032022051302.html

https://myanmar-now.org/mm/news/10608

## For Case Study – 7

https://t.me/peoplemedianews/30721

https://t.me/peoplemedianews/30746

https://t.me/peoplemedianews/30737

https://t.me/peoplemedianews/30727

https://t.me/peoplemedianews/30749

https://www.facebook.com/rfaburmese/posts/623202403045078/

https://www.facebook.com/theirrawaddyburmese/posts/pfbid0pjjwyiMd54NJzDBSwUGdxCXDxN9v91kJrViK7gBfmBX5wV1f2aCZk6ciXvjrqQgml

https://t.me/peoplemedianews/30766

https://www.facebook.com/theirrawaddyburmese/posts/pfbid0pjjwyiMd54NJzDBSwUGdxCXDxN9v91kJrViK7gBfmBX5wV1f2aCZk6ciXvjrqQgml

https://myanmar-now.org/mm/news/31743/

https://burmese.voanews.com/a/more-than-30-children-were-among-the-victims-of-the-pazigyi-village-attack/7047050.html

## For Case Study –8

https://myanmar-now.org/mm/news/12085/

https://burmese.voanews.com/a/myanmarasean-voaburmese-အာဆီယံ-သေဒဏ်စီရင်ချက်/6674040.html

https://iimm.un.org/my/မြန်မာစစ်တပ်က-ကြေညာသည့်/

https://myanmar-now.org/mm/news/12114/

https://burmese.voanews.com/a/သေဒဏ်စီရင်ချက်-တရုတ်သဘောထား-ပြည်တွင်းရေး ဝင်မစွက်မှု-chinamyanmar-voaburmese-asean/6675520.html

https://burmese.voanews.com/a/absdf-သေဒဏ်-ကိုဂျင်မီ-ဖြိုးဇေယျာသော်-ကိုလှမျိုးအောင်-ကိုအောင်သူရဇော်/6672722.html

https://www.bnionline.net/mm/news-92582

https://myanmar-now.org/mm/news/12085/

## မျက်နှာဖုံး အဓိပ္ပာယ်

ပဋိပက္ခများဖြစ်ပွားတိုင်း နစ်နာခံစားရသူ

အချို့မှာ အသက်ပေးခဲ့ရသည်

အချို့မှာ ဘဝပေးခဲ့ရသည်

အချို့မှာ ခန္ဓာကိုယ်အစိတ်အပိုင်းများပေးခဲ့ရသည်

ကျန်ရစ်သူ မိသားစုများနှင့် သေကွဲ၊ ရှင်ကွဲ ဝေးခဲ့ရသည်။

နစ်နာသူများနှင့် သူတို့နှင့် သက်ဆိုင်ခဲ့ရသူများသည်

တစစီကွဲကြေခဲ့ရသည့် ကြွေခွက်များပမာဖြစ်သည်။

မည်သို့သော ကုစားမှု၊ ပြန်လည်ပေးလျော်မှုများ လုပ်ဆောင်ပါစေ

နဂို ကြွေခွက်များအတိုင်း ပြန်လည်မရရှိနိုင်တော့ပါ။

AJAR
ASIA JUSTICE AND RIGHTS

TRANSITIONAL JUSTICE IN BURMA